
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၀၁၇၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၁၁၂၂၀၈၀၈

**ပုံနှိပ်ခြင်း** ။ **ပထမအကြိမ်၊ ဧကြိမ်း၊ ၂၀၀၈**

ထုတ်ဝေသူ

။

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပန်းချီ
ဝသုန်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

။

ဒေါ်မေသက်ခိုင်
(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

**တန်ဖိုး** ။ **၁၀၀၀ ကျပ်**

BURMESE CLASSIC .com

## နန်းကြော့သျှင်၏ ထွက်ပြီးစာအုပ်များ

၁။ နှံ့သာလိုက်ဂူ အာသာဝတီဒေဝီ
၂။ ဂမုန်းနက်ဗီညာဥ် လိပ်ပြာကောရီ
၃။ ဒေဝမိတြကျိန်စာ
၄။ အညတရတစ်ဦးရဲ့ သီရိသခ်ါဝတီ
၅။ အရည်းကြီးဘွန်ဖိုင်း
၆။ တော်ဝင်သချိုင်းသို့အဝင်
၇။ ဟိမဝန္တာမိစ္ဆာကောင်
၈။ ကြောင်မျက်ရှင်ဘုန်းပန်းခက်
၉။ တစ္ဆေမလေးများရဲ့ စံအိမ်တော်

### **ယာဉ**

၁၀။ ညနတ်သမီး ဂမုန်းကောရီ

### **ဆက်လက်ရန်**

၁၁။ ဂုန္နန်းရှင်သခင်မ
၁၂။ သိကြားမင်းစမ မောင်မယ
၁၃။ ကြာခြည်ဆောင် ရေလှိုင်း
၁၄။ ဝူမွှာန်နာဂ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com

ဂမုန်းပန်းတစ်ခက်မှ
လူယောင်ဆောင် ဖန်ဆင်းရောက်လာသူ
နတ်သမီးတမျှ လှပချစ်သူ
လပြည့်ညတစ်ညသာ
အချစ်ရေယဉ်ကြော မျောခဲ့ကြ
တစ်ဘဝလုံး ခွဲလမ်းရှုသွပ်စေခဲ့ပြီ။

ညဘက်ရောက်တိုင်း မိန်းမချောလေးအဖြစ်
ပြောင်းလဲသွားတတ်သည့်
ဂမုန်းတစ်မျိုးကြောင့်
ဒုက္ခတွေ့ရသည့် လူပျိုလေး၏
ထူးခြားဆန်းကြယ် ဇာတ်လမ်း . . .

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သူ့မျက်လုံးများက ရီဝေလျက်ရှိသလို မျက်ထောင့်များက နီလျက်ရှိသည်။ လူတစ်ရပ်ခန့်ရှိသည့် စိမ်းညို့နက်မှောင်နေသော ဂမုန်းပင်ကြီးအား မြင်ယောင်ကြည့်ရင်း လွမ်းဆွေးတသလျက်ရှိသည်။ လပြည့်ညများတွင်သာ ရောက်လာတတ်သော ညဇကာရီ လှရက်နိုင်လွန်းသည်။ စွဲမက်ဖွယ်ကောင်းသည်။ စိတ်သဘောထားလည်း နူးညံ့သည်။ သူဖြစ်စေလိုသော စိတ်ဆန္ဒများကို ပြီးမြောက်စေရန် စွမ်းဆောင်နိုင်သည်။ အချစ်ရေယဉ်ကြောတွင် မျောချင်တိုင်း မျောပါရင်း သူ့ရင်ခွင်ထဲသို့ ရောက်လာတတ်သည်။

ညဇကာရီနှင့် အတူရှိခဲ့သော လပြည့်ညများကို သူ တစ်သက်မေ့ရက်နိုင်စွမ်းမရှိ။ နံ့နက်မိုးသောက် အလင်းရောက်သည်နှင့် သူ့ရင်ခွင်ထဲမှ ညဇကာရီလေး ပျောက်ကွယ်သွားသည်။ ညဇကာရီ ချစ်ရမွှက်များ ပြင်းထန်သူ၊ အချစ်ဖြင့် ထုံမွှမ်းစေခဲ့သည်။ အချစ်ရနံ့ အငွေ့အသက် ချန်ထားခဲ့သည်။ အချစ်၏အထိအတွေ့ရမွှက်များဖြင့် ဖမ်းစားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခံစားနေရသော ဒုက္ခဝေဒနာ အချစ်ဒဏ်ရာက ပြင်းထန်လွန်းလှသည်။ သူ့ဘဝတစ်ခုလုံး စိုးမိုးထားနိုင်စွမ်းရှိသော ညဇကရီ။ တခြားကိစ္စတွေကို သူ ဘာမှမသိတော့။ စားစား၊ သွားသွား၊ လာလာ ညဇကရီကိုသာ စွဲလမ်းတမ်းတနေမိသည်။ တမ်းတစရာကောင်းအောင်လည်း ညဇကရီ၏ အပြုအစုအယုအယ၊ အကြင်နာများက သိမ်မွေ့နူးညံ့သည်။

နောက်တစ်ကြိမ် လပြည့်ညရောက်ရန် စောင့်မျှော်နေမိသည်။ လပြည့်ညရောက်လျှင် ဝတ္တရားမပျက် သူ့ထံသို့ ညဇကရီ ပုံမှန်အတိုင်း ရောက်လာတတ်သည်။ ညဇကရီသည် ဘယ်အရပ် ဘယ်ဒေသမှာ နေသည်မသိ။

ညဇကရီက စွဲလမ်း နှစ်သက်ဖွယ် ပါးချိုင့်လေးနှင့်သာ သူ့ကိုကြည့်နေတတ်သည်။ သူမအကြည့်၊ သူမမျက်ဝန်းများသည် ညို့အားပြင်းစွာ ရွှန်းစိုတောက်ပလဲ့လဲ့ ရမ္မက်သည်းထန် အခိုးအငွေ့များ ထွက်နေသကဲ့သို့ ထင်ရသည်။ အဆိုပါ အခိုးအငွေ့များကလည်း ထူးကဲသောရနံ့များနှင့် ကြိုင်လှိုင်ထုံသင်းပျံ့လျက်ရှိသည်။

နူးညံ့သိမ်မွေ့ညင်သာသော ဖော့ဖယောင်းလို ပျော့ပျောင်းသည့် ညဇကရီ၏ လက်ချောင်းလေးများနှင့် သူ့နှုတ်ခမ်းကို ဖိဖိဖွဖွလေး ပိတ်လိုက်သည်။ အထင်းသားပေါ်နေသော လည်တိုင်လေးကို ကယုကယင် ချစ်စဖွယ် တိမ်းငဲ့ခါယမ်းလိုက်သည်။ ပုလဲနှစ်လို ဖြူဖွေးသောသွားတန်းလေး ပေါ်လာသည်။



'ဒါတွေကို မောင်တော် သိဖို့ မလိုပါဘူးကွယ်၊ အရေးကြီးတာက နှမတော်လေးနဲ့ အတူတူနေဖို့ တစ်ညတာ စွဲစွဲလမ်းလမ်း ချစ်ကြဖို့ပဲ မဟုတ်လား'

မွှေးကြိုင်သော ပန်းရနံ့များနှင့်အတူ ညဇကရီ စကားပြောသံများက စမ်းရေစီးသံလို ငြိမ့်ညောင်းအေးမြလှသည်။ ညဇကရီသည် နတ်ပြည်မှကျလာသော နတ်သမီးတစ်ပါးပင် ဖြစ်ရမည်။ နတ်ဒေဝီလို အတွေ့အထိ၊ အနမ်းများက လူသားမိန်းကလေးများနှင့် တွေ့ထိဆက်ဆံရပုံမျိုး မဟုတ်။ တိမ်သားလွင်ပြင် မိုးကောင်းကင်ကြီးထဲတွင် ပန်းရထားစီးရသကဲ့သို့ တငြိမ့်ငြိမ့် တသိမ့်သိမ့်နှင့် ချိုစိမ့်နေသော အရသာထူးလှသည်။

ညဇကရီ၏ ဆင်ယင်မှုများကလည်း ထူးခြားလှသည်။ သူ့ထံသို့ရောက်လာတတ်သည့် ညများတွင် နန်းဆန်ဆန် ရှေးခေတ်ဟောင်း နန်းတွင်းသူများကဲ့သို့ ဝတ်စားထားသည်။

ပန်းရောင်ပဝါပါးပါးလေးကို ဆင်စွယ်နှစ်ကဲ့သို့ ဖြူဝင်းမို့သော ပခုံးစွန်းလေးပေါ်တွင် ခြုံထားသည်။ နက်မှောင်သော ဆံနွယ်များက ဖားလျားရှည်လျားစွာ ခြေဖနောင့်ကျော်သည်အထိ ပုံကျလျက်ရှိသည်။ ဆံနွယ်များကလည်း နွယ်ရှင်များကဲ့သို့ ယိမ်းနွဲ့လွင့်ပါးလျက်ရှိသည်။

ပြောင်လက်တောက်ပသော ပိုးချိတ်ထဘီလေးက နဂါးကြေးခွံများလို ရစ်ခွေလျက်ရှိသည်။ အနက်ရောင် ထိုင်

www.burmeseclassic.com



မသိမ်း ပိုးသားအင်္ကျီပါးပါးအောက်မှ နို့နှစ်ရောင် ခန္ဓာကိုယ်အလှများသည် အထင်းသား ပေါ်လွင်လျက်ရှိသည်။ ကျစ်လျစ်သေးသွယ်သောခါးမှာ ငါးရံ့သဏ္ဍာန် လွန့်လူးလျက်ရှိသည်။ စွင့်ကားသော တင်သားများက ချိတ်ထဘီလေးထဲမှ ရုန်းထွက်တော့မည့်ဟန် မှန်တိုင်းဆင်သော ပင်လယ်ရေလှိုင်းများသဖွယ် လှုပ်ရှားမှု ပြင်းထန်လွန်းသည်။

ဖြူဝင်းမွတ်သော မျက်နှာပြင်ပေါ်ရှိ နှာတံလေးမှာ သွယ်၍ ဖြောင့်စင်းလျက်ရှိသည်။ ကော့ညွတ်ကွေးသော မျက်တောင်များက နက်မှောင်စိုရွှန်းသော ညို့မျက်ဝန်းများကို မထိတထိ ဖုံးအုပ်ထားသည်။ ပါးပြင်မို့မို့လေးနှင့် ရယ်လိုက်လျှင် စံပယ်ပွင့်ကဲ့သို့ ပါးချိုင့်လေးများ ပွင့်ဖူးလာသည်။ သွားတန်းကလေးများကလည်း ပုလဲနှစ်လို ညီညာလှပသည်။ နှုတ်ခမ်းအစုံက ပန်းဝတ်ရည်များ စုဆောင်းထားသော နှင်းဆီများကဲ့သို့ စိုရွှန်းတောက်ပလျက်ရှိသည်။

ညဧကရီ၏ အလှတွင် ယစ်မူးမိသည်မှာလည်း အထူးအဆန်းမဟုတ်။ ထိုမျှ လှပသော၊ သိမ်မွေ့သော၊ ချောမောသော၊ အပြုအစု အယုအယကောင်းသော ညဧကရီ၏ အလှကွန်ရက်တွင် သူသည် တသိမ့်သိမ့် တငြိမ့်ငြိမ့် နစ်မွန်းမေ့မြောခဲ့ရသည်။ ယခုတော့ သူ့ရင်ခွင်ထဲမှ ညဧကရီလေး ပျောက်ကွယ်သွားသည်။

'ညဧကရီလေးရယ် အိမ်ပြန်လာပါတော့၊ မောင်တော်



ငူးငြိုး သေရပါတော့မယ် ညဧကရီရယ်'

သူသည် အရူးတစ်ယောက်လို ဟစ်အော်ခေါ်လိုက်သည်။ မနက်က လာပို့ထားသော ထမင်းဟင်းတွေကလည်း ဒီအတိုင်းပင်ရှိသည်။ သူ့စိတ်ထဲတွင် စားချင်သောက်ချင်စိတ်မရှိ။ သူတမ်းတမိသည်မှာ ညဧကရီ အချစ်၊ သူ့ရင်ခွင်ထဲရောက်လာသည့် ညဧကရီ အနမ်း၊ အချစ်ရူးကြီး ရူးရပြီ ညဧကရီရေ။

ဒေါသကြောင့် သူ့စိတ်များ မီးတောက်တစ်ခုလို ဝုန်းခနဲ ထကြွလာသည်။ ထမင်းဟင်းပန်းကန်များကို ဝုန်းခနဲ ကန်ကျောက်ပစ်လိုက်ရင်း အသံနက်ကြီးဖြင့် အော်ဟစ်လိုက်တော့သည်။

'ညဧကရီ မင်း ဘယ်ရောက်သွားတာလဲ၊ အမြန်ဆုံးပြန်လာပါ၊ ညဧကရီ၊ ညဧကရီရေ၊ မိနန်းရေ··· ညဧကရီလေးရေ၊ မိနန်းရေ'

✤ ✤ ✤

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သို့နာမည်က ရဲထွန်းအောင်။ အသက်က (၁၈)နှစ်ကျော်ရုံလေးသာရှိသေးသည်။ မိခင်ဖြစ်သူက ဆုံးခဲ့ပြီး ကြီးတော်ဖြစ်သူ ဒေါ်ဖွားမေက လူလားမြောက်အောင် ပြုစုစောင့်ရှောက်ကျွေးမွေးခဲ့ရသည်။ ဖခင်ဖြစ်သူ ဦးဖိုးမောင်တွင် နှမအပျိုကြီးက ဒေါ်ဖွားမေ တစ်ဦးတည်းသာ ရှိသည်။

ဦးဖိုးမောင်သည် လယ်ဧက နှစ်ရာခန့်ရှိပြီး နှစ်စဉ်စပါးတစ်ထောင်ခန့် ထွက်ရှိသဖြင့် ပစ္စည်းဉစ္စာ ကြွယ်ဝချမ်းသာသည်။ ကျွဲကောင်ရေ တစ်ရာကျော်မျှကိုလည်း ပိုင်ဆိုင်သည်။ ကောလိယရွာထဲတွင် ကြီးမားသော ပျဉ်ထောင်သွပ်မိုးလေးပင် နှစ်ထပ်ကျွန်းအိမ်ကြီးနှင့် တောသူဌေးတစ်ယောက်ဖြစ်သည်။ လယ်ကွင်းများတွင်သာ တဲကြီးထိုးပြီး တပည့်အလုပ်သမားများနှင့် နေထိုင်သည်။

ရဲထွန်းအောင်သည် အသက် (၆)နှစ်မှစ၍ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက်



ဒိုက်ဦးမြို့ပေါ်ရှိ အင်္ဂလိပ်စာသင်သောကျောင်းတွင် (၇)တန်းအထိ ပညာသင်ယူနေဆဲ မိခင်ဆုံးသွားသောကြောင့် ဖခင်ဦးဖိုးမောင်သည် တစ်ဦးတည်းသောသားလေးအား တစ်ရပ်တစ်ကျေးတွင် မထားလိုသောကြောင့် ရွာသို့ပြန်ခေါ်လိုက်သည်။

ခေတ်ကာလကလည်း မကောင်းပေ။ လွတ်လပ်ရေးရပြီးကာစဖြစ်၍ ရောင်စုံသောင်းကျန်းသူများနှင့် တောကြောင်စားပြရန်များကို ကြောက်နေရသောကာလဖြစ်သည်။ ရဲထွန်းအောင်တို့နေထိုင်ရာ ကောလိယရွာသူရွာသားများက စည်းလုံးသည်။ ညီညွတ်သည်။ ရပ်ရေးရွာရေးတွင် မဟုတ်မခံ။ တစ်ကျွန်းပြန်ညီအေး ရှိနေသောကြောင့်လည်း စားပြရန် ကင်းဝေးသောရွာလေးဖြစ်သည်။

ဦးဖိုးမောင်သည် မိခင်မရှိသော မိတဆိုး တစ်ဦးတည်းသော သားလေးအား လွန်စွာမှချစ်မြတ်နိုးခဲ့သည်။ အချိန်တန် အရွယ်ရောက်၍ လူပျိုပေါက်တစ်ယောက် ဖြစ်လာသည့်တိုင် လယ်ယာလုပ်ငန်းများတွင် မလုပ်စေဘဲ အလုကြည့်အရုပ်ကလေးပမာ မြှောက်စားထားခဲ့သည်။

ရဲထွန်းအောင်သည် တောသားဖြစ်သော်လည်း နှိုးတစ်ပင်သော်မှ ချည်တတ်သူမဟုတ်ပေ။ ဦးဖိုးမောင်သည် နွေမိုးဆောင်း သုံးရာသီစလုံးပင် အလုပ်သမားများ၊ ကျွဲနိုပ်များနှင့်အတူ လယ်တောထဲတွင်သာ အနေများခဲ့သည်။ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးငယ် ကိစ္စရှိမှသာ ရွာသို့ ပြန်ရောက်လာတတ်သည်။

ရဲထွန်းအောင်မှာ ကြီးတော် ဒေါ်ဖွားမေနှင့်သာ နေထိုင်ခဲ့ရသည်။ အရွယ်ကလည်း ငယ်၊ ကျောင်းမှထွက်လိုက်ရသော ရဲထွန်းအောင်မှာ ရွာတွင် လူပိုတစ်ယောက် ဖြစ်နေခဲ့သည်။

သူ့အလုပ်မှာ စားသောက်ပြီး ရွာထဲလျှောက်လည်၊ ညနေဘက် ခြင်းခတ်၊ အပျင်းပြေ စာဖတ်သော အလုပ်သာရှိသည်။ ကြာလာသော် ရဲထွန်းအောင်သည် ငြီးငွေ့လာသည်။ လက်ထဲတွင် သုံးနိုင်ဖြုန်းနိုင်သော ငွေစလေးများရှိပြန်၊ အချိန်တွေကလည်း မည်မည်ရရ လုပ်စရာအလုပ်မရှိ၍ အပျော်အပါးနှင့် လောင်းကစားဘက်သို့ စိတ်များ တိမ်းညွတ်သွားသည်။

ကောလိယရွာလေးသည် ရဲနွယ်ချောင်းဖျားပိုင်းတွင် တည်ရှိသောကြောင့် တောထွက်ကုန် သစ်ဝါးများ၊ လူသုံးကုန် ပစ္စည်းများ၊ စပါး အများအပြား ထွက်ရှိသည်။ ကုန်သည်၊ ဈေးသည်များ ငွေရှင်လျက် ရောင်းဝယ်ဖောက်ကား စည်ပင်သော ရွာလေးဖြစ်သည်။

အရောင်းအဝယ်ကောင်းသောကြောင့် ကုန်သည်များ ဝင်ထွက်သွားလာလျက်ရှိသည်။ ငွေရှင်သောကြောင့် ဒုစရိုက်လုပ်ငန်းများလည်း ပေါများလှသည်။ ရွာထဲတွင် ချက်အရက်ဆိုင်များ၊ ဖဲဝိုင်းများ၊ လောင်းကစားဝိုင်းများ၊ ကြေးစားမိန်းကလေးများလည်း ရှိနေပေသည်။ မြို့ကြီးများမှ အနီထောင်



ဆိုင်ဖွင့်သော တရုတ်ကြီးများပင် ရောက်လာကြသည်။

ကောလိယရွာ မြောက်ပိုင်းတွင် ဝါးပိုးဝါးရုံတောများ အထပ်ထပ် ပေါက်ရောက်လျက်ရှိသည်။ အဆိုပါ ဝါးရုံတော တစ်နေရာတွင် စုစုရုံးရုံး အော်ဟစ်နေသော လူများကို တွေ့လိုက်ရ၍ ရဲထွန်းအောင် စိတ်ဝင်စားသည်။ မြို့ကြီးများမှ တရုတ်ကြီးများ ရောက်လာပြီး အနီထောင် ကစားဝိုင်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဝါးရုံတောအစပ်မှနေ၍ ကစားဝိုင်းရှိရာသို့ ရဲထွန်းအောင် လျှောက်လာခဲ့သည်။ ရွာထဲမှ သူနှင့် ခင်မင်ရင်းနှီးသော တစ်ကျွန်းပြန်ညိုအေးကို တွေ့ရသည်။ အသားဖြူစပ်စပ်နှင့် ခန္ဓာကိုယ်သေးကွေးပြီး ပိန်ပိန်ညှောင်ညှောင် ဖိုးဖော်မျက်နှာမှာ ဆီးရွက်ခန့်လောက်ပင် ရှိလိမ့်မည်ထင်သည်။ ဒေါသကြောင့် မျက်နှာတစ်ခုလုံး ငရုတ်သီးစပ်သလို ရဲရဲနီလျက် ရှုးရှုးရှဲရှဲ ဖြစ်နေသည်။

အနီထောင်ထိုးရင်း ရှုံးနေပုံရသည်။ တစ်ကျွန်းပြန်ညိုအေးကတော့ နကိုပြူးနေသည့် မျက်လုံးကြီးများ ပြူးထွက်လာပြီး ငွေစများပုံထားသော အနီရောင် တာလပတ်စပေါ်သို့ ပြူးကြည့်လျက်ရှိသည်။

ရဲထွန်းအောင်သည် လူအုပ်ကြားမှ တိုးဝင်လိုက်ပြီး မြေနီရောင် တာလပတ်စအနီးသို့ တိုးကပ်ထိုင်ချလိုက်သည်။ အိတ်ထဲမှ တစ်ဆယ်တန်တစ်ရွက်နှင့် တစ်ကျပ်တန် ငါးရွက်

www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ယူလိုက်ပြီး အဖြူရောင်ကြက်ခြေခတ်မျဉ်းကြောင်း ရေးဆွဲထားရာ အကွက်တစ်ကွက်သို့ ချလိုက်ပြီး ထိုးလိုက်သည်။

'ရန်တစ်ဆယ်၊ သြ ငါးကျပ်'

ဒိုင်လုပ်သော ဝဝဖိုင့်ဖိုင့် တရုတ်ကြီးက သူ့အသံ ကြားလိုက်၍ မှေးနေသော မျက်လုံးကို ဖွင့်ပြီးကြည့်လိုက်သည်။ သူ့ဒွေးသားလေး မအူမလည် အမဲတစ်ကောင်အဖြစ် အထင်သေးစွာ ကြည့်လိုက်သည်။ သူ့ရှေ့ မျက်နှာချင်းဆိုင် အကွယ်တွင် ရာတန်၊ ငါးဆယ်တန်၊ နှစ်ဆယ်တန်၊ ငါးကျပ်တန်နှင့် တစ်ကျပ်တန် ငွေစက္ကူများသည် ဖွေးဖွေးလှုပ်အောင် ပုံကျလျက်ရှိနေသည်။

'ငွေလိုချင်ရင် ထိုးထားကြနော်၊ ကြွေမှန်နေတယ်'

အုပ်လှည့်သူ (အုပ်ဖတ်သူဟု ခေါ်ကြသည်)က ကြေးလေးတောင့် အုပ်လေးပေါ်တွင် သူ၏ လက်ညှိုးတောင့်တောင့်ကြီးနှင့် ထောက်ထားရင်း ပြောလိုက်သည်။ ရဲထွန်းအောင်သည် အနီထောင်လောင်းကစားဝိုင်းအား ယခင်က တွေ့မြင်ဖူးသော်လည်း ဝင်ရော က်ကစားခြင်း မပြုခဲ့ပေ။

ယနေ့မှ အပျင်းပြေသဘောမျိုး ဝင်ရောက်ပြီး အစမ်းသဘောမျိုး လောင်းကစားခြင်းဖြစ်သည်။ ပထမဆုံး လောင်းကစားဝိုင်းထဲသို့ ဝင်ရောက်ကစားဖူးခြင်းဖြစ်သောကြောင့် သူ့ရင် တထိတ်ထိတ်ခုန်နေသည်။



အုပ်လှည့်သူက ထပ်ပြီးပြောလိုက်သည်။ ထိုးသားများမှာလည်း ကြိတ်ကြိတ်တိုးလျက် ပွင့်လာမည့် အနီထောင်အုပ်အား စိတ်မောစွာ အသက်မရှူဝံ့ကြဘဲ စောင့်ကြည့်နေကြသည်။ ထိုးသားများ အိတ်ထဲမှ နောက်ထပ်ငွေစက္ကူများသည် မြေနီရောင်တာလပတ်ပေါ်သို့ ခုန်ပေါက်ဝဲပျံ ရောက်လာကြပြန်သည်။ ဖိုးဇော်သည် သူ့အိတ်ထဲမှ တစ်ကျပ်တန်လေး သုံးရွက်ကို အထပ်ထပ်ပွတ်ရင်း ထိုးလိုက်သည်။

ထိုးသားများ၏ မျက်နှာပေါ်တွင် လောဘရမ္မက်များကြောင့် ပြောင်လက်နေကြသည်။ ငွေအလျော်အစားလုပ်သော ပေါက်ဖော်တရုတ်ကြီးသည် အငြိမ့်မင်းသမီးများကိုင်သော ခေါက်ယပ်တောင်အား ဖြန့်လိုက်ပြီး တဖျတ်ဖျတ်ခတ်လျက်ရှိသည်။ ဖြူဖွေးသော သူ့နဖူးပြင်ပေါ်တွင် ချွေးများစို့လျက်ရှိသည်။

'ဖွင့်မယ် လက်ခယောင်'

ဒိုင်လုပ်သော တရုတ်ပေါက်ဖော်ကြီး၏ မပီကလာစကားသံ ထွက်လာသည်။

'သုံးချက်က ထောင်၊ ကျွဲတစ်ကောင်ကွနော်'

တစ်ကျွန်းပြန်ညိုအေးဆိုသူက ထအော်လိုက်ခြင်းဖြစ်သည်။ သူက အကွက်ဇယားသမား ဖြစ်ပုံရသည်။ သူ ဆိုလိုသည့် အဓိပ္ပာယ်မှာ အနီသည် တစ်နေရာ တစ်ကွက်တည်းတွင် သုံးခါဆက်တိုက်ကျခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ထောင်ဆို

www.burmeseclassic.com



သည်မှာ ငုပ်နေသော အကွက်နှင့် မျက်နှာချင်းဆိုင်တွင် အနီ ပေါ်ခြင်းကို ပြောခြင်းဖြစ်သည်။

'ထောင်ပါတယ်ကွာ၊ ကြွေမှန်နေတာပဲ'

ခန္ဓာကိုယ် ပိန်ပိန်သေးသေး၊ ပါးပါးလှပ်လှပ်၊ ဖြူဆုတ်ဆုတ်၊ မျက်လုံးပေကလပ် ပေကလပ်လုပ်ရင်း ဖိုးအော်ကပါ ဝင်ပြောလိုက်သည်။ တစ်ဝိုင်းလုံးရှိ ထိုးသားများက လည်း…

'ထောင်ရမယ်ကွာ၊ ထောင်ကို ထောင်ရမယ်'

ဟု ဝိုင်းအော်ပြောကြသည်။ အုပ်လှည့်သူက ကြေးလေးထောင့်အုတ်ပေါ်တွင် လက်ညှိုးနှင့် ထောက်ထားဆဲဖြစ်သည်။ ထိုးသားများအားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ ပွင့်လာမည့် အနီထောင်အုပ်ကိုသာ ရင်တမမနှင့် စူးစိုက်ကြည့်နေကြသည်။ တစ်ဝိုင်းလုံး တုတ်တုတ်မျှ မလှုပ်ရဲအောင် ငြိမ်သွားကြသည်။

ဒိုင်လုပ်သော တရုတ်ကြီးမှာလည်း ခေါက်ယပ်တောင်လေးအား တဖျတ်ဖျတ်ခတ်ရင်း မျက်နှာငယ်လျက်ရှိသည်။ ရင်ထဲမှာ ပူလောင်သည့် ဝေဒနာများကို ယပ်ခတ်ရင်း ဖြေသိမ့်နေဟန်ဖြစ်သည်။ ဒိုင်တရုတ်ကြီး စိုးရိမ်ပူပန်မည်ဆိုပါက စိုးရိမ်သောအနေအထား ဖြစ်သည်။ နဖူးပေါ်မှ စို့တက်လာသော ချွေးစက်များကို လက်နှင့်သပ်ချလိုက်သည်။

ယခုတစ်ချီတွင် ထိုးသားများအားလုံးက အနီထောင်



ဘက်တွင် စုပြုံပြီး ထိုးသားကြသည်။ ဒိုင်တရုတ်ကြီးမှာ မျက်နှာသေလေးနှင့် ကြည့်နေရင်း ကြောက်နေမိသည်။ အနီသာ ပေါ်သွားမည်ဆိုပါက တစ်ဝိုင်းလုံးကို လျော်ရမည်ဖြစ်သောကြောင့် ကြောက်စရာကောင်းလှသည်။ ဒီတစ်ချည် ထိုးသားများ ထိုးပုံမှာ တိုင်ပင်ထားသည့်အတိုင်း ဒိုင်ပြုတ်အောင် အပြုတ်နှံကြမည့်ပုံစံမျိုး ဖြစ်သည်။

လေးကြိုးလေးအိမ်သာရှိသော အထောင်အိမ် တစ်အိမ်ထဲတွင်သာ ထိုးသားများ ရာပေါင်းများစွာ၏ ငွေများက စုပုံလျက်ရှိသည်။ ဘေးအိမ်နှစ်အိမ်မှာ ငါးပြားတစ်စေ့မျှပင် မရှိပေ။

ရာပေါင်းများစွာသောငွေများနှင့်ဆန့်ကျင်လျက် ပထမငုပ်သည့်အိမ်တွင် ရဲထွန်းအောင် ထိုးထားသော ငွေဟစ်ဆယ့်ငါးကျပ်က မျက်နှာငယ်စွာ ရှိနေသည်။

လောင်းကစား ကျွမ်းကျင်သော ကစားသမားကြီးများ၏ ထုံးတမ်းစဉ်လာအရဆိုလျှင် ရဲထွန်းအောင် ထိုးထားခြင်းမှာ မလုပ်ထိုက်သော အလုပ်ကို ထိုးသားများနှင့် ဆန့်ကျင်ဘက်ပြု၍ ထိုးထားခြင်းဖြစ်သည်။ ရဲထွန်းအောင်က ဒိုင်ဘက်မှ ဖြစ်ပြီး ထိုးသားများအားလုံးက တစ်ဖက်ဖြစ်နေသည်။

ကစားသမားတို့မည်သည် ဒိုင်နှင့် ထိုးသားကို ရန်သူ ရန်ဘက်လို သဘောထားကြသည်။ အမှန်အားဖြင့် ငွေကြေးနှင့် လောင်းကစားခြင်းဖြစ်၍ စီးပွားရေးစစ်ထိုးပွဲသာ ဖြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့်လည်း ဒိုင်လုပ်သူများကို ရန်သူအဖြစ် သတ်မှတ်ထားကြသည်။

ထိုသို့ ရန်သူရန်ဘက်အမြင်နှင့် ကစားနေသောပွဲတွင် ရဲထွန်းအောင်သည် သတ်မှတ်ထားသော လမ်းစဉ်ကို ဆန့်ကျင်သွေဖည်လျက် ဒိုင်၏ဘက်မှလိုက်သူ၊ ဒိုင်၏ဘက်သား။ ယခုပုံစံအတိုင်းဆိုလျှင် ရန်သူအားပေးသူ ဖြစ်နေပေသည်။

သို့သော် ရဲထွန်းအောင်အား မကစားတတ်ဘဲ ယခုမှ ထင်ရာမြင်ရာ ဝင်ရောက်ကစားခြင်းဖြစ်သောကြောင့် အလေးအနက်မထားကြပေ။ ထိုးသားအားလုံးက ရဲထွန်းအောင်အပေါ် နားလည်သဘောပေါက်ထားကြသည်။

ယခုပွဲသည် ကြောက်စရာအကောင်းဆုံးပွဲဖြစ်သည်။ ထိုးသားများ စုပုံထိုးထားသောဘက်မှ အနီထောင်သာ ပေါ်လာပါက သောင်းနှင့်ချီပြီး လျော်ရပေတော့မည်။ လေးကောင်ဂျင် အနီထောင်ဝိုင်းများတွင် ထိုကဲ့သို့ ထိုးသားများသည် တစ်အိမ်တည်း စုပြုံထိုးထားခြင်းကို ဒိုင်လုပ်သူမှာ ကြောက်ရွံ့ကြပေသည်။

အိမ်စေ့ငွေထိုးထားပါက ဒိုင်အတွက် တစ်အိမ်တစ်ကွက် အလျော်အစားလုပ်ရန် သုံးအိမ်ရှိနေသဖြင့် အနိုင်ပေါ်နိုင်ပေသည်။ ယခုလို တစ်အိမ်တည်း စုပြုံထိုးထားသဖြင့် စားရလျှင်လည်း မြက်မြက်စားရ၍ လျော်ရလျှင်လည်း တစ်ချီတည်း နင့်နေအောင် လျော်ရပေတော့မည်။



ရဲထွန်းအောင်သည် ထိုးသားများနှင့် ဆန့်ကျင်ဘက်ပြုကာ ထိုးမိသောကြောင့် မှားများ မှားနေသလားဟု သံသယဝင်နေစဉ်မှာပင် အုပ်လှည့်သူသည် ကြေးအုပ်ကလေး၏ အဖုံးကို အပေါ်မှနေ၍ စွန်ငှက်သည် သားတစ်ချီသကဲ့သို့ ညှပ်ကိုင်လိုက်ပြီး တဖြည်းဖြည်းချင်း မြင့်တက်လာ...ကာ အဖုံးပွင့်သွားပေတော့သည်။

'ဟာ…'

ဟူသော အာမေဋိတ်သံသည် ဝါးရုံတောတစ်ခုလုံးပဲ့တင်ထပ်မျှ မချိတင်ကဲ ထွက်ပေါ်လာသည်။

'တော်တော်ယုတ်မာတဲ့ ကြွေကွာ၊ ငှ...တယ်'

ပြစ်တင်သံများ၊ ဆဲရေးသံများ၊ တက်ခေါက်သံများ ဆူညံစွာထွက်ပေါ်လာသည်။ ရဲထွန်းအောင်မှာ ဝမ်းသာလွန်းသောကြောင့် တစ်ကိုယ်လုံး ထူပူပြီး အသားများပင် တဆတ်ဆတ်တုန်လာသည်။ ဝမ်းမသာဘဲ ရှိမည်လား။ ရဲထွန်းအောင်ထိုးသော ငွေမှာ အရင်းတစ်ဆယ့်ငါးကျပ်သာ ဖြစ်သည်။ ဒိုင်မှ လျော်လိုက်သောငွေမှာ သုံးဆယ်ကျော်ဖြစ်နေပေသည်။ လောကကြီးတွင် ထို့ထက် မြတ်စွန်းသော ငွေရှာချောင်သော အလုပ်သည် ရှိမည်မထင်ပေ။

ဝဝဖိုင့်ဖိုင့် ဒိုင်ကိုင်သော တရုတ်ကြီးမှာ ပြုံးရွှင်သော မျက်နှာများနှင့် ပါးစပ်ကြီးကို ဖြဲလိုက်သည်။ စိုက်ထားသော ရွှေသားများ ဝင်းဝင်းလက်လက် ထွက်ပေါ်လာသည်။ မြေနီ

www.burmeseclassic.com



ရောင် တာလပတ်ပေါ်တွင်ရှိသော ငွေပုံကြီးအား သူ့ရှေ့သို့ သိမ်းကျုံးပြီးယူလိုက်သည်။ ရဲထွန်းအောင်အား အလျော်အစား လုပ်ပေးပြီးနောက် ကက်ပီတန် သံဘူးထဲမှ စီးကရက်များကို ထိုးသားများအား တစ်ယောက်တစ်လိပ်စီ ဝေငှပေးလိုက်သည်။

ထိုးသားများအားလုံး၏ မျက်နှာမှာ နေလောင်ထား သော ခရမ်းသီးပိန်ကဲ့သို့ ရှုံ့တွနေကြသည်။ မသက်မသာသော အမူအရာများနှင့် လှုပ်လှုပ်ရွရွ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေကြသည်။ ရဲထွန်း အောင်နှင့် ဒိုင်တရုတ်ကြီးကတော့ ပြုံးရွှင်လျက်ရှိနေကြသည်။ ရဲထွန်းအောင်သည် ကနေ့မှ အနီတောင်လောင်းကစားဝိုင်းကို ဝင်ရောက်ကစားဖူးခြင်း ဖြစ်သည်။ စစချင်း ကံကောင်းသည်။

လောင်းကစားသမားများ၏ ပြောနေကျစကားများဖြစ် သော ငုပ်သည်၊ ထောင်သည်၊ ပြန်ဖြေသည်၊ ဖြုံးသည်၊ စလွယ်ဝင်သည်ဆိုသော အနီတောင် ဝေါဟာရများကို တစ်ခု မှ နားလည်သူမဟုတ်ပေ။ သူ့စိတ်ထဲတွင် ထင်ရာမြင်ရာကိုသာ စွတ်ထိုးလိုက်ခြင်းဖြစ်သည်။

ကြက်ကန်းဆန်အိုးတိုးသလိုမျိုး ဖြစ်သွားသည်။ ထိုနေ့ အဖို့ ကံလိုက်သည်ဟု ပြောရမလား မသိပေ။ အနီတောင်သည် ရဲထွန်းအောင်အား မော်ဝင်သွားစေရန် အစပျိုးလိုက်သလို ဖြစ် သည်။ ရဲထွန်းအောင် ထိုးလိုက်သမျှ အလျော်ငွေများ များစွာ ရရှိသွားသည်။

ဝိုင်းသိမ်းလိုက်သောအခါ တစ်ဆယ့်ငါးကျပ်နှင့် စခဲ့



သော ရဲထွန်းအောင်သည် ငွေတစ်ထောင်ကျော်ကျော် အနိုင်ရရှိ ခဲ့လေသည်။ ကစားသမားမှန်သမျှ အရှုံးကြီးရှုံးပြီး လက်မှိုင်ချ ပြန်လာကြချိန်တွင် ရဲထွန်းအောင်မှာ ခေတ္တက သူဌေးဖြစ်နေ ပေတော့သည်။

ထိုညအဖို့ အိမ်မပြန်တော့ဘဲ အပျော်ကြီးပျော်ပစ်လိုက် မည်ဟု စိတ်ကူးလိုက်သည်။

ထိုစဉ် မကောင်းမှုဒုစရိုက်လုပ်ငန်းများကို ကျွမ်းကျင် သော ဆရာ့ဆရာကြီး ဖိုးခော်သည် ရဲထွန်းအောင်အနားသို့ ကပ်လာသည်။ သူနှင့်အတူ တစ်ကျွန်းပြန်ညိုအေးကပါ လိုက် လာသည်။

‘ဒီနေ့အဖို့ ညီလေးတစ်ယောက်တည်း ဝိုင်းသိမ်းလိုက် တာပဲ၊ သိပ်လှတယ်ကွာ၊ ငါ့ညီ ဘာဖြစ်ချင်သလဲ၊ ဘာဆန္ဒ ရှိသလဲ၊ အစ်ကိုကြီးတို့ ဘာကူညီပေးရမှာလဲ၊ မင်း ဖြစ်ချင် တာပြော၊ အကုန်ဖြစ်စေရမယ်ကွာ’

‘ကျွန်တော်ကလည်း ဒီညအဖို့ ဘယ်လိုပျော်ပါးရင် ကောင်းမလဲလို့ စဉ်းစားနေတာ’

‘ဒါဖြင့် ဒီလိုလုပ်ကွာ၊ ဒီနေ့ အနီတောင်ဝိုင်းမှာ ထောင်ကျော်နိုင်လာတဲ့ အထိမ်းအမှတ်အဖြစ် အောင်ပွဲခံကြရ အောင်၊ ဖိုးတုတ်ခေါက်ဆွဲဆိုင်ကို သွားကြမယ်၊ အဲဒီမှာ စား ရင်းသောက်ရင်းနဲ့ ဒီညအဖို့ ဘာလုပ်ရင်ကောင်းမလဲဆိုတာ စဉ်းစားကြတာပေါ့ကွာ’

www.burmeseclassic.com

www.burmeseclassic.com



အသားမည်းမည်း၊ မျက်လုံးပြူးပြူးနှင့် တစ်ကျွန်းပြန် ညီအေးက ဝင်ပြီးအကြံပေးသည်။

'ကောင်းတယ်၊ ညီအေး ပြောတဲ့အစီအစဉ် ကောင်းတယ်၊ သွားကြစို့'

ဝါးရုံတောထဲမှ ထွက်လိုက်ကြပြီး ရွာထဲသို့ ဦးတည်လိုက်သည်။ ယနေ့ညအဖို့ ရဲထွန်းအောင်သည် ဖိုးဇော်နှင့် တစ်ကျွန်းပြန်ညီအေးအား ဆရာတင်၍ သူတို့စီစဉ်သည့်အတိုင်း အပျော်ကြူးရန် လိုက်ပါလာခဲ့သည်။

✤ ✤ ✤

ရွာလယ်လမ်းမပေါ်သို့ ရောက်လာချိန်သည် အမှောင်ဖျိုးစအချိန်ဖြစ်သည်။

မှောင်လာပြီဖြစ်၍ အိမ်များမှ မီးခွက်ထွန်းထားကြသည်။ မှိန်တုတ်တုတ်မီးရောင်လေးများကို မြင်တွေ့ရသည်။ အတန်ကြာအောင် လျှောက်လာကြပြီးနောက် ဈေးအနီးရှိ 'ဖိုးတုတ်ခေါက်ဆွဲဆိုင်'ရှေ့သို့ ရောက်လာကြသည်။ တစ်ကျွန်းပြန်ညီအေးက ရဲထွန်းအောင်လက်ကိုဆွဲပြီး ဆိုင်ထဲသို့ဝင်လိုက်ကြသည်။

အောက်လင်းဓာတ်မီး ထွန်းထားသောကြောင့် ခေါက်ဆွဲဆိုင်လေးမှာ လင်းထင်းနေသည်။ စားပွဲဝိုင်းများတွင် အရက်သောက်နေသူတချို့လည်း ရှိသည်။ ကောင်တာတွင် ထိုင်နေသော ဆိုင်ရှင်မှာ တရုတ်ပေါက်ဖော်ကြီးတစ်ယောက် ဖြစ်သော်လည်း သူ့ကိုယ်သူ မြန်မာအမည် ဖိုးတုတ်ဟုပေးထားပြီး မြန်မာအမျိုးသမီး ထားရင်နှင့် ထားခင် အမည်ရှိ ညီအစ်မနှစ်ယောက်ကို တစ်ပြိုင်တည်းယူထားသူ ဖြစ်သည်။ ဆိုင်ရှေ့

www.burmeseclassic.com



အပေါက်ဝတွင်လည်း 'ဖိုးတုတ်ခေါက်ဆွဲဆိုင်' ဆိုသည့် စာလုံးကို မသေမသပ်၊ မလှမပ ရေးထားပြီး ချိတ်ထားသည်။

တရုတ်ပေါက်ဖော် ဖိုးတုတ်မှာ ကောင်တာပေါ်တွင် အင်္ကျီချွတ်ကြီးနှင့် ထိုင်လျက်ရှိသည်။ လေးထောင့်ကျကျ သူ့မျက်နှာပြင်တွင် ဝက်ခြံဖုများသည် ပျားတုတ်ထားသကဲ့သို့ အစီအရီ အပြုံလိုက်ထွက်နေသည်။

အပူပြင်းသောကြောင့် အမြဲတမ်း အင်္ကျီချွတ်ထားပြီး သူ့ခန္ဓာကိုယ်ပေါ်တွင် မိတ်ဖုများက ခြင်ကိုက်ဖုများကဲ့သို့ ရဲပအေါင်းထလျက်ရှိသည်။ ခေါက်ဆွဲဆိုင်ပိုင်ရှင် ပေါက်ဖော်ကြီး ဖိုးတုတ်သည် ငိုက်နေပုံရသည်။ သူ့မျက်လုံးများက မှေးစင်းနေပေသည်။

စားပွဲခုံများတွင် ဝင်ထိုင်လိုက်ပြီး ဖိုးဇော်က လှမ်းမှာလိုက်သည်။

'ဟေ့ကောင်… ပေါက်ဖော်၊ ချက်အရက်နှစ်လုံးပေးကွာ'

ဖိုးဇော်အသံကြောင့် ပေါက်ဖော်ကြီး ဖိုးတုတ်မှာ ငိုက်နေရာမှ လန့်သွားပုံရသည်။ မှေးစင်းရီဝေနေသော မျက်လုံးများကို မဖွင့်ချင်ဖွင့်ချင် ဖွင့်လိုက်ရင်း…

'ထားခင်… နံပါတ် (၂)၊ အရက် ၂ လုံး'

ဟု လှမ်းအော်လိုက်သည်။ ပေါက်ဖော်ကြီး ဖိုးတုတ်မှာ သူ့မိန်းမနှစ်ယောက် ရှိသည်ကိုလည်း အခြောက်တိုက်



ဘခင်မြင့် ကြွားချင်ပုံရသည်။ ဆိုင်ထဲသို့ဝင်လာပြီး အရက်သောက်သူများက အရက်မှာလျှင် အရက်တစ်လုံးမှာပါက ပထမ မယားဖြစ်သော အကြီးမ ထားရင် နံပါတ် (၁) အရက်တစ်လုံးဟု လှမ်းခေါ်ပြီး ထားရင်က အရက်လာချပေးသည်။

အရက်နှစ်လုံး မှာပါက ဒုတိယမယားဖြစ်သော အငယ်မ ထားခင်အား ထားခင် နံပါတ်(၂) အရက် ၂ လုံးဟု အော်ပြောတတ်ပြီး ထားခင်က အရက်လာချပေးသည်။ ပေါက်ဖော်ကြီးဖိုးတုတ်က မည်သို့ပင် ကြွားပါစေ အရက်သောက်သူများကလည်း ထိုကိစ္စကို ခေါင်းထဲထည့်ထားသူများ မဟုတ်ကြ။ သောက်ဖို့ စားဖို့သာ အာရုံရှိနေသူများ ဖြစ်သည်။

'ခင်ဗျားတို့နှစ်ယောက် သောက်ကြပါဗျာ၊ ကျွန်တော် ဘယ်လိုမှ အနံ့ခံလို့မရဘူး'

ထားခင် လာချပေးသော အရက်ပုလင်းကို ယူလိုက်ပြီး ဖိုးဇော်က ဖန်ခွက်ထဲသို့ အရက်များ ငှဲ့ထည့်လိုက်သည်။ ထို့နောက် အရက်ခွက်များအား ရဲထွန်းအောင်ရှေ့သို့ ချပေးလိုက်သည်။ ရဲထွန်းအောင်က အရက်ထည့်ထားသော အရက်ခွက်ကို တွန်းရွှေ့ရင်း ပြောလိုက်သည်။ တစ်ကျွန်းပြန်ညိုအေးက ရဲထွန်းအောင်မသိအောင် ဖိုးဇော်အား မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

'ဟေ့… ပေါက်ဖော်၊ သံပရာဆော်ဒါ တစ်ပုလင်းနဲ့ ဝက်အသည်းကင် တစ်ကျပ်ဖိုးပေးကွာ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျွန်းပြန်ညိုအေးအား သူ့ရှေ့တွင်ရှိသော အရက်ခွက်အား တစ်ချက်တည်း အကုန်မော့ချလိုက်ပြီး ဆိုင်ရှင်ပေါက်ဖော် ဖိုးတုတ်အား လှမ်းမှာလိုက်သည်။ ထားရင်က ဆော်ဒါတစ်ပုလင်းနှင့် ဝက်အသည်းကင်များကို စားပွဲပေါ်သို့ လာရောက်ချပေးသည်။

'ကဲ… ရဲထွန်းအောင်၊ ဟောဒီမှာကြည့်၊ သံပရာဆော်ဒါနဲ့ စပ်လိုက်ရင် အရက်နံ့က လုံးလုံးပျောက်သွားရော၊ မင်းလို မသောက်ဖူးသေးတဲ့ လူတွေအတွက် ဒီနည်းက အကောင်းဆုံးနဲ့ ပထမတန်းနည်းပဲ၊ ငါ့လူ… ရော့ကွာ… တစ်ကျိုက်လောက် ချကြည့်လိုက်ရင် ဘယ်လောက်အရသာရှိတယ်ဆိုတာ မင်း သိသွားမယ်'

'ကျွန်တော် မသောက်ချင်ပါဘူးဗျာ၊ ခင်ဗျားတို့ပဲ သောက်ပါ၊ ဒီည ဘယ်လောက်ကုန်ကုန် ကျွန်တော် ဒကာခံပါ့မယ်'

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ ဒကာတော်ရေမြေ့ရှင်က မသောက်မစားဘဲနေတော့ ငါတို့လည်း ဘယ်လိုလုပ်ပြီး ပျော်လို့ရမှာလဲ၊ ကစားဝိုင်းမှာ ဘယ်လောက်ပဲရှုံးရှုံး ငါတို့ မမှုဘူး၊ ပျော်မယ် ပါးမယ်ဆိုပြီး အတူတူထွက်လာကြတာ၊ မင်းက မသောက်မစားဘဲနေတော့ ငါတို့ ဘယ်လိုလုပ်ပြီး ပျော်ရတော့မှာလဲ'

စကားပြောကောင်းသော တစ်ကျွန်းပြန်ညိုအေးက



ရဲထွန်းအောင် ပုံစံကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေပုံရသည်။

ရဲထွန်းအောင် အရက်မသောက်တတ်သည်ကို သောက်တတ်ရန် နည်းမျိုးစုံနှင့် ကျူးသွင်းနေပေသည်။

'ငါ့ညီ စိတ်ထဲမှာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး စိတ်ရှင်သွားအောင် နည်းနည်းချကြည့်လိုက်'

ဖိုးဇော်က အရက်ခွက်ထဲသို့ သံပရာဆော်ဒါများများ စပ်၍ပေးလိုက်သည်။ ရဲထွန်းအောင်မှာ အရက်ခွက်ကိုင်ရင်း ကြက်သီးထနေသည်။ မဝံ့မရဲ ချီတုံချတုံ ဖြစ်နေသည်။

'ချလိုက်စမ်းပါ ငါ့လူရာ၊ ယောက်ျားပဲ၊ ဘာမှ ကြောက်စရာ မလိုဘူး၊ မင်း ကြားဖူးလား မသိဘူး၊ သောက်သောက်စားစား လူမင်းသားတဲ့၊ ဒီမှာ စားသောက်ပြီးရင် ဒီထက်ပျော်စရာကောင်းတဲ့ နေရာကို မင်း လိုက်ပို့မှာ၊ ဒီည မင်းကို နတ်သမီးလေးတစ်ယောက်နဲ့ တွေ့ပေးမယ်၊ နောက်တော့မှ အဲဒီနတ်သမီးလေးကို မတွေ့ရမနေနိုင်အောင် စွဲလမ်းနေမှာကို မြင်ယောင်မိသေးတယ်၊ နတ်သမီးနဲ့တွေ့ဖို့ နတ်ရေစင်သောက်ရတယ်ကွ၊ ဒါ အရက်မဟုတ်ဘူး၊ နတ်ရေစင်လို့ ခေါ်တယ်၊ တွေ့တယ် မဟုတ်ဘူး၊ နတ်ရေစင် စိမ်းစိမ်းလေး၊ ဘယ်လောက်လှလဲ'

အမျိုးမျိုးပြောပြ စည်းရုံးနေသောကြောင့် ရဲထွန်းအောင်သည် အရက်ခွက်ကို ကိုင်လိုက်သည်။ ခွက်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



သံပရာဆော်ဒါနှင့် ရောစပ်ထားသော စိမ်းဖန့်ဖန့် အရည်များကို နမ်းကြည့်လိုက်သည်။ အရက်နံ့ကား မနံတော့ပေ။

'ငါ့သြီကလည်းကွာ၊ ခွက်ကို သေချာနမ်းကြည့်နေသေးတယ်၊ ဒါ သေဆေးမဟုတ်ပါဘူးကွာ၊ ညီအေး ပြောသလို နတ်ရေစင်ကွ၊ ဟား… ဟား… တော်တော်ရယ်ရတဲ့ကောင်ပဲ'

ဖိုးဇော်က ရယ်မောရင်း မခံချိမခံသာ ပြောလိုက်သောကြောင့် ရဲထွန်းအောင်သည် ဖန်ခွက်ကို ပါးစပ်နှင့်တေ့၍ မော့ချလိုက်သည်။ ပါးစပ်ထဲတွင် ချိုမြမြနှင့် ရင်ထဲတွင် ပူရှိန်းရှိန်းဖြစ်သွားသည်။

'အရက်သောက်တာများ ဘာဆန်းလို့လဲကွာ၊ ကဲ… အခု ဘာဖြစ်သေးလဲ၊ ပြီးသွားတာပဲ မဟုတ်လား၊ ရော့… ဒါလေးပါ ကောက်ဝါးလိုက်ဦး'

ဖိုးဇော်က ဝက်အသည်းတစ်ဖတ်ကို လှမ်းပေးသောကြောင့် ရဲထွန်းအောင် ယူပြီးဝါးလိုက်သည်။ အရက်တစ်ခွက် ဝင်သွားပြီးနောက် စားလိုက်ရသော ဝက်အသည်းဖတ်မှာလည်း အရသာရှိလှပေသည်။ နောက်ထပ် ဖိုးဇော် စပ်ပေးသော အရက်ခွက်များကို တစ်ခွက်ပြီးတစ်ခွက် သောက်မိသည်။ ထိုနေ့ညမှစ၍ ရဲထွန်းအောင်သည် အနီထောင် ကစားဝိုင်းတွင် လောင်းကစားရန် စိတ်ဝင်စားသွားသလို အရက်သောက်ခြင်းကိုလည်း သဘောကျ နှစ်သက်သွားတော့သည်။ ခေါင်းထဲတွင်



ဒီဘီတီ ရီဝေဝေ အရသာလေးကလည်း ခံစားမှုအသစ်ဖြစ်၍ ထူးဆန်းနေပေသည်။

ရဲထွန်းအောင် ခေါင်းထဲတွင် အမူးဒီဂရီ တက်လာသလို တရိပ်ရိပ် မူးယစ်လာသည်။ စကားပြောရသည်မှာလည်း သွားသွက်အာသွက်နှင့် လွတ်လပ်ပေါ့ပါးလျက်ရှိသည်။

'ခင်ဗျားတို့ပြောတဲ့ နတ်ရေစင်တော့ သောက်ပြီးပြီ၊ ကောင်းလိုက်တဲ့ နတ်ရေစင်၊ ကျွန်တော့်စိတ်ထဲ ကောင်းကင်မှာ တိမ်တိုက်တွေ စီးနေရသလိုပဲ၊ ဘယ်မလဲဗျ ခင်ဗျားတို့ပြောတဲ့ နတ်သမီးတွေနေတဲ့ နတ်ပိမာန် မရောက်သေးဘူးလား'

'စိတ်ချ ရဲထွန်းအောင်၊ ဒီည မင်းကို ငါကိုယ်တိုင် ခံမြန်းတဲ့ ဖိုးဇော်နတ်နန်းကို ပို့ပေးမယ်'

ဖိုးဇော်နှင့် တစ်ကျွန်းပြန်ညီအေးတို့မှာလည်း အပျော်ကြီးပျော်ကာ မူးနေကြပြီဖြစ်သည်။

'နတ်သမီးတွေက အလကားတော့ မရဘူး၊ ငွေ ၅၀ လောက်ပေးမှ နတ်မိမယ်လေး ရောက်လာတတ်တာ'

'ငွေငါးဆယ်လောက်များ ပြောမနေပါနဲ့ဗျာ၊ ရဲထွန်းအောင်တို့က ဒီငွေလောက်တော့ ဧထဲတောင် လွှင့်ပစ်လို့ရတယ်၊ ကျွန်တော့်မှာ ငွေတစ်ထောင်ကျော် ပါတယ်၊ ဒီည ဘယ်လောက်ကုန်မလဲ၊ ကုန်ချင်သလောက် ကုန်စမ်း၊ ငွေတစ်ထောင်ဆိုတာ နောက်ထပ် ဆယ်ရက်သုံးလို့ မကုန်ဘူး'

'အေးပါကွာ… ငါ့သြီ စေတနာရှိမှန်း သိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သွားကြရအောင်၊ ဟော့… ပေါက်ဖော်၊ ခေါက်ဆွဲကြော်နှစ်ထုပ် ယူသွားမယ်၊ မြန်မြန်လုပ်၊ ဒီမှာ တွက်ကွာ၊ ဘယ်လောက်ကျလဲ'

ပေါက်ဖော်ကြီး ဖိုးတုတ်က ကျသင့်ငွေများ ရှင်းပေးခဲ့ပြီး ဆိုင်ထဲက သုံးယောက်သား ဒယိမ်းဒယိုင်နှင့် ထွက်လာကြသည်။ ရဲထွန်းအောင် စိတ်ထဲတွင်လည်း နတ်သမီးနှင့် တွေ့ရမည်ဆို၍ ကြည်နူးပျော်ရွှင်နေမိသည်။ ဖိုးဇော် နတ်နန်းမှ နတ်သမီးလေးဆိုတာ ဘယ်လိုနတ်သမီးမျိုးလဲ။

ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပနေမည်လား၊ နတ်ဝတ်တန်ဆာ အချွန်အတက်တွေနဲ့ ပြောင်ပြောင်လက်လက်အရောင်တွေ ထွက်နေမည်လား။ နတ်သမီးလေးက သူ့ကို ဘယ်လိုလုပ်မှာလဲ။ နတ်သမီးလေးကို အမြန်ဆုံး တွေ့ချင်မြင်ချင် စိတ်ဝင်စားသွားသည်။

ဖိုးဇော်နေထိုင်ရာ အိမ်သည် ရွာစွန်ရွာဖျားတွင်ရှိသည်။

ရွာစွန်ရွာဖျားဖြစ်၍ လူနေအိမ်ခြေများနှင့် အဆက်အစပ်မရှိ ဝေးကွာလှသည်။ လယ်ကွင်းများကို ဖြတ်ကျော်ပြီးနောက် သစ်ပင်တော ခုပ်များ အုပ်ဆိုင်းနေသည့် ခြံပျက်ကြီးများရှိရာ သစ်တောထဲတွင် ဖိုးဇော် အိမ်ရှိသည်။ ဖိုးဇော်မှာ တစ်ကိုယ်ရေ တစ်ကာယ တစ်ယောက်တည်းနေထိုင်သူ ဖြစ်သည်။ မနက်ပိုင်းတွင် ကားဂိတ်သို့ထွက်ကာ ဈေးဆိုင်များမှ ကုန်များကို ကားပေါ်အရောက် သယ်တင်ပေးခြင်း၊ ကားဆိုက်



ချိန်တွင်လည်း ဈေးဆိုင်များသို့ ကုန်ထမ်းပို့ခြင်းဖြင့် စားဝတ်နေရေးကို ဖန်တီးနေသူဖြစ်သည်။ သို့သော် ကုန်ထမ်းရသည့်ငွေများမှာလည်း ညနေဘက်တွင် ပေါက်ဖော်ကြီး ဖိုးတုတ်ဆိုင်၌ အရက်သောက်ရင်း ကုန်သွားတတ်သည်။ သူ အလုပ်လုပ်ရသည့်ငွေမှာ ပေါက်ဖော်ကြီးဖိုးတုတ် ခေါက်ဆွဲဆိုင်တွင် သမ်းဆုံးသွားပေတော့သည်။

လောင်းကစားဝိုင်းများရှိလျှင် လောင်းကစားဝိုင်းများသို့ ရောက်နေတတ်သလို အရပ်ပျက်မလေးများ၊ ကြေးစားမိန်းကလေးများနှင့် ယောကျ်ားများကို ဆက်သွယ်ပေးသော ပွဲစားအလုပ်ကိုလည်း လုပ်ကိုင်သည်။ ရွာစွန်ရွာဖျားရှိ သူ့အိမ်လေးမှာလည်း သူ့အလုပ်နှင့် သင့်တော်လိုက်ဖက်အောင် ဖန်တီးထားသကဲ့သို့ရှိသည်။

ဖိုးဇော် နေထိုင်ရာ တဲအိမ်လေးရှေ့သို့ ရောက်လာကြသည်။ အိမ်ရှေ့တံခါးများကို အားလုံးပိတ်ထားပြီး အတွင်းဘက်မှ ရေနံမီးခွက်ရောင် လက်လက်များ ထွက်နေသည်ကို မြင်တွေ့ရသည်။ ဖိုးဇော်က အိမ်ရှေ့ရှိ ကလားတံခါးအား လက်နှင့်ပုတ်ရင်း အသံပြုလိုက်သည်၊ အိမ်ထဲမှ မိန်းကလေးသံနှင့် လှမ်းမေးသံ ကြားရသည်။

'ဘယ်သူလဲ'

'မိနန်း… ငါပါ၊ ဖိုးဇော်'

ဖိုးဇော် အသံကြားလိုက်ရ၍ အိမ်ရှေ့ဝင်တံခါးချပ်

www.burmeseclassic.com

www.burmeseclassic.com



ဟသွားသည်။ တစ်ကျွန်းပြန်ညီအေးက ရဲထွန်းအောင်လက်ကို ဆွဲရင်း အိမ်ထဲသို့ဝင်လိုက်ကြသည်။ အိမ်ဟု ပြောသော်လည်း တဲအိမ်သာသာ အိမ်စုတ်လေးဖြစ်သည်။

'ဧည့်သည်ပါတယ် မိနန်း'

ဝါးကြမ်းများ ခင်းထားသော အိမ်အပေါ်ဆင့်သို့ တက်ထိုင်လိုက်ရင်း ဖိုးဇော် ပြောသည့် မိနန်းဆိုသည့် မိန်းကလေးအား ရဲထွန်းအောင် ကြည့်လိုက်သည်။ ရေနံမီးခွက် ရောင်အောက်မှာပင် ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ပြေပြစ်လှပပြီး အသားအရေ ဝင်းပသော မိန်းကလေးတစ်ဦး သည် ရဲထွန်းအောင်အား စူးစမ်းသလို စိုက်ကြည့်လိုက်သည်။

'အဲဒါ ငါ့ရဲ့ နတ်နန်းထဲက နတ်သမီးလေးပဲ၊ ဘယ် လိုလဲ၊ သဘောကျရဲ့လား၊ မင်း ဘာမှ ရှက်ကြောက်နေစရာ မလိုဘူး၊ ဒီညအဖို့ မိနန်းကပဲ မင်းကို ချစ်တတ်လာအောင် သင်ကြားပြသပေးလိမ့်မယ်၊ ပြီးတော့ မင်းကို နတ်ပြည်ရောက် အောင် ခေါ်သွားမှာ'

'မိနန်း ခေါက်ဆွဲတစ်ထုပ်နဲ့ အရက်တစ်လုံး ယူထား လိုက်'

ဖိုးဇော်က ပြောလိုက်သည်။ မိနန်းဆိုသည့် မိန်း ကလေးသည် ခေါက်ဆွဲထုပ်နှင့် အရက်ပုလင်းကို လာရောက် ယူလိုက်သည်။

'ကဲ··· ငါညီ၊ ဒီညအဖို့ မင်းတို့နှစ်ယောက်တည်း



လွတ်လွတ်လပ်လပ် ပျော်ကြပါးကြပေတော့၊ ငါနဲ့ ညီအေးက ဒီကိစ္စတော့ ဝါသနာမပါဘူး၊ နိုင်မျိုးထွန်းတို့တဲမှာ ဒီည ဖဲဝိုင်း ရှိတယ်၊ တို့နှစ်ယောက် ဖဲသွားရိုက်ကြမှာ၊ ငွေတစ်ရာလောက် ပေးလိုက်ပါဦးကွာ'

ရဲထွန်းအောင်ထံမှ ငွေတစ်ရာတောင်းပြီး ဖိုးဇော်နှင့် ဘစ်ကျွန်းပြန်ညီအေးသည် သစ်တောအုပ်အမှောင်ရိပ်ထဲသို့ ပျောက်ကွယ်သွားကြသည်။

တဲအိမ်ကလေးပေါ်တွင် ရဲထွန်းအောင်နှင့် မိနန်း နှစ်ဦး သာ ကျန်ရှိခဲ့သည်။ အရက်မူးတာက တခြား၊ မိန်းကလေး တစ်ယောက်နှင့် တဲအိမ်ထဲတွင် နှစ်ယောက်တည်း ရှိနေသော ကြောင့် ရဲထွန်းအောင် ရင်များ တဒိန်းဒိန်းခုန်လာသည်။

ရဲထွန်းအောင် ခေါင်းထဲတွင်လည်း သောက်ထား သည့် အရှိန်ကြောင့် မူးရိပ်မူးရိ ဖြစ်နေဆဲပင်။ ရေနံမီးခွက် အလင်းရောင်အောက်မှ မိနန်းဆိုသည့် မိန်းကလေးမှာလည်း ကြည့်ကြည့်နေရင်းမှာပင် ပို၍ ပို၍ ချောမောလှပလာသည်ဟု ထင်နေမိသည်။

မိနန်းသည် ရဲထွန်းအောင်အနီးသို့ ရဲရဲတင်းတင်းပင် တိုးကပ်ပြီး ထိုင်လိုက်သည်။ အပေါ်စားပေါင်ဒါနံ့လေးက ရဲထွန်းအောင် နှာခေါင်းထဲသို့ တသင်းသင်းတမြမြ တိုးဝင်လာ သည်။

'အစ်ကို ခေါက်ဆွဲစားဦးမလား'

www.burmeseclassic.com

www.burmeseclassic.com



'ဆိုင်မှာလည်း စားသောက်လာကြသေးတယ်၊ မဆာတော့ဘူး၊ မိနန်းဆာရင် စားလေ'

'ဒါဖြင့်လည်း အရက်သောက်ဖို့ မိနန်း ပြင်ပေးမယ်'

မိနန်းသည် အိပ်ခန်းတွင်းသို့ ဝင်သွားသည်။ မိနန်း၏ နောက်ပိုင်းအလှများကို ငေးကြည့်ရင်း ရဲထွန်းအောင် တံတွေးတစ်ချက် မျိုချလိုက်သည်။ မိနန်းက ဖန်ခွက် ပန်းကန်ပြားများကို ယူလာသည်။ ပန်းကန်ထဲသို့ ခေါက်ဆွဲကြော်များ ပြောင်းထည့်လိုက်ပြီး ရဲထွန်းအောင်ရှေ့သို့ ချပေးလိုက်သည်။

ရဲထွန်းအောင်အနီးသို့ ပူးပူးကပ်ကပ် လာထိုင်လိုက်သည်။ ဖန်ခွက်ထဲသို့လည်း အရက်များ ငှဲ့လိုက်ပြီး ကမ်းပေးသည်။

'အစ်ကို သောက်လေ'

မိနန်း လှမ်းပေးသော အရက်ခွက်မှာ ပေါက်ဖော်ကြီးဖိုးတုတ် ခေါက်ဆွဲဆိုင်တွင် သောက်ခဲ့ရသော သံပရာဆော်ဒါနှင့်ရောထားသော အရက်မဟုတ်ပေ။ အရက်ချည်းသက်သက်ဖြစ်၍ ဖန်ခွက်အား ပါးစပ်နှင့်တေ့လိုက်သည်နှင့် နှာခေါင်းထဲတွင် မီးခိုးဓော်လို စူးရှသောအနံ့က တိုးဝင်လာသည်။ ရဲထွန်းအောင်သည် ရှုံ့မဲ့ပြီး အရက်ခွက်ကို မော့ချလိုက်သည်။

'အစ်ကို အရက်သောက်တာလည်း ရှုံ့မဲ့နေတာပဲ၊ အဲဒီလို အရက်သောက်တာမျိုး မိနန်း တစ်ခါမှ မတွေ့ဖူးဘူး'

မိနန်းက မျက်စောင်းလေးခဲပြီး ကြာမှုပါပါ နှုတ်ခမ်း



လေးကို ရှုလိုက်သည်။ မိနန်း အမူအရာလေးမှာ စွဲမက်ချစ်မြတ်နိုးဖွယ် ကောင်းလှသည်။ ရဲထွန်းအောင်ဘေးနားတွင် ပူးကပ် တစောင်းထိုင်နေသောကြောင့် သူမ၏ ခန္ဓာကိုယ်အပေါ်ပိုင်းကောက်ကြောင်းများက တောင်ကုန်းမို့မို့လေးသဖွယ် ချွန်းထွက်နေသည်။

'ဒီအသားဖတ်လေးတွေ စားလိုက်ဦး အစ်ကို'

မိနန်းက ခေါက်ဆွဲကြော်ထဲတွင် ပါ[illegible]သော ဝက်သားဖတ်လေးများကို တမင်ရွေးဆယ်ပြီး ဇွန်းနှင့် ရဲထွန်းအောင်အား တယုတယ ခွံ့ကျွေးလိုက်သည်။ နောက်ထပ်လည်း ပုလင်းထဲမှ အရက်များကိုငှဲ့ပြီး အရက်ခွ[illegible]အား ပါးစပ်တွင် လာရောက်တေ့ပေးသည်။ မိနန်းက ပါးစပ်ဝတွင် လာတေ့ပေးသော အရက်ခွက်ကို မျက်စိမှိတ်ပြီး မျိုချလိုက်သည်။ လည်ချောင်းဝတွင် မီးစနှင့် ထိုးလိုက်သလို ပူခနဲဖြစ်ပြီး ရင်[illegible] တစ်လျှောက်လုံး ပူဆင်းသွားသည်။

ပူလောင်သော သေရည်များက ဝမ်းထဲသို့ရောက်သွားသည်နှင့် အမူးဒီဂရီများက ပို၍တက်လာသည်။ ခေါင်းထဲတွင် ရိပ်ခနဲ ရိပ်ခနဲဖြစ်လာသလို နားထင်စပ်ရှိ သွေးကြောများ တဒိတ်ဒိတ်ခုန်လာသည်။ မူးယစ်လာသည့် အရှိန်ကြောင့် အရက်အကြောက်တရား ကင်းမဲ့စွာဖြင့် ဖွံ့ထွားစိုပြည်သော မိနန်းကိုယ်လုံးလေးအား ရွေ့ခနဲပွေ့ပိုက်ပြီး အမွှေးနံ့သာများ လိမ်းခြယ်ထားသည့် မိနန်း ပါးပြင်အား [illegible]ပြန်ညာပြန်

www.burmeseclassic.com

www.burmeseclassic.com



နမ်းလိုက်မိတော့သည်။ နက်မှောင်သော မိနန်းဆံနွယ်များက သူ့ကိုယ်ပေါ်တွင် ပင့်ကူမွေးများ အိမ်ဖွဲ့ရက်သလို ရစ်နှောင်လွှင့်ဝဲကျလာသည်။

'အို… အစ်ကိုကလည်း အပြင်ဘက်ကြီးမှာ၊ အတွင်းခန်းထဲ သွားရအောင်'

မိနန်းက ရဲထွန်းအောင်အား ပွေ့ဖက်ဆွဲထူရင်း အတွင်းခန်းထဲသို့ ဆွဲခေါ်သွားသည်။ အိမ်အတွင်းခန်းထဲသို့ ရောက်သည်နှင့် ရေနံမီးခွက်လေးမှာ ဟုတ်ခနဲ ငြိမ်းသွားပေတော့သည်။ မိနန်း၏ ကိုယ်လုံးလေးမှာ နူးညံ့ပျော့ပျောင်းလှသည်။ မိနန်း၏ ရင်ငွေ့ကား တသိမ့်သိမ့် နွေးထွေးစေသည်။ မိနန်း၏ ခန္ဓာကိုယ်မှ သင်းပျံ့သောရနံ့လေးများက ထုံရီယစ်မူးစေသည်။

ထိုညအဖို့ ဖိုးဇော်နတ်နန်းမှ နတ်သမီးလေး မိနန်းသည် ရဲထွန်းအောင်အား တိမ်ကြိုတိမ်ကြား မိုးတိမ်သားပေါ်၌ တငြိမ့်ငြိမ့်လိုက်ပါစီးနင်းရင်း ခေါ်ဆောင်သွားပေတော့သည်။

✤ ✤ ✤

'ဟော့ကောင်… ရဲထွန်းအောင် ထတော့လေကွာ၊ ဘယ်အချိန်ရှိနေပြီလဲ၊ သူဌေးသားလေးကတော့ ညက နတ်သမီးနဲ့တွေ့ပြီး ဖိမ်ယစ်နေတော့တာပဲ'

ဆူဆူညံညံအသံများ ကြားလိုက်ရ၍ အိပ်ရာထဲမှ ခေါင်းထောင်ပြီး ရဲထွန်းအောင် ထကြည့်လိုက်သည်။ နေရောင်များက လင်းလင်းထင်းထင်း သူ့အခန်းထဲသို့ ဖြာကျလျက်ရှိသည်။ သူ့အိပ်ခန်းအပေါက်ဝရှေ့တွင် ရပ်နေသူက အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ် ဖိုးဇော်။ ဖိုးဇော် မျက်နှာမှာလည်း အရက်ဆိပ်များနှင့် ဝေ့ပျံ့နေသည်။ ညက နတ်ပြည်ခြောက်ထပ်ရောက်အောင် ပို့ဆောင်ပေးခဲ့သူ ဖိုးဇော်သည် ရဲထွန်းအောင်အနီးသို့ လျှောက်လာရင်း အသံတိုးတိုးနှင့် ကပ်၍ပြောလိုက်သည်။

'နေ့လယ် ၁၂ နာရီလောက်မှာ ဝိုင်းစမယ် ပြောတယ်၊ ထကွာ… သွားကြရအောင်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ညက ဘာတွေဖြစ်သွားမှန်း မသိဘူး၊ ခုထက်ထိ ခေါင်းထဲမှာ အုံပြီး ကိုက်ခဲနေတာပဲ'

ရဲထွန်းအောင်သည် အိပ်ရာထဲမှ မထချင် ထချင် လေးကန်ထိုင်းမှိုင်းစွာ ထလိုက်ပြီး ပြောလိုက်သည်။

'ဘာမှမဖြစ်ပါဘူးကွာ၊ အစဆိုတော့ ဒီလိုပဲ၊ နောက်ကျရင် ခေါင်းမကိုက်တော့ဘူး၊ ရေမိုးချိုးလိုက်ရင် လန်းသွားမှာပေါ့၊ သွားကြမယ်ကွာ၊ မင်းကြီးတော်ကြီးရှေ့မှာ ပြောလို့မကောင်းဘူး၊ ဈေးထိပ်က လက်ဖက်ရည်ဆိုင်ကနေ စောင့်နေမယ်၊ တော်ကြာ တစ်ကျွန်းပြန်ညီုအေးလည်း ရောက်လာမှာ၊ သိပ်ကြာမနေနဲ့၊ ကြားလား၊ ဟေ့ကောင်··· ငါ သွားပြီ'

ဖိုးဇော်က တိုးတိုးကပ်ကပ် မှာသွားပြီး အိမ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းသွားသည်။ ဖိုးဇော် နောက်ခိုင်းသွားပြီးနောက် ရဲထွန်းအောင်သည် မျက်နှာသစ်၊ ကိုယ်လက်သန့်စင် ရေချိုးလိုက်သည်။ ရေချိုးပြီး အဝတ်အစားလဲနေစဉ်မှာပင် ဒေါသထွက်နေသော မျက်နှာကြီးနှင့် ကြီးတော် ဒေါ်ဖွားမေသည် ခါးထောက်ပြီး အပေါက်ဝတွင် ရပ်လျက်ရှိသည်ကို မြင်လိုက်ရ၍ ရဲထွန်းအောင် လန့်သွားသည်။

'ဟဲ့ကောင်··· ရဲထွန်းအောင်၊ နင် ညက အရက်တွေသောက်လာတယ် မဟုတ်လား၊ အတာတ်ကောင်းတွေ တတ်နေပြီပေါ့၊ ဟုတ်လား'

ကြီးတော်ဖွားမေသည် စိတ်ဆိုးဒေါသထွက်နေပုံရ



သည်။ သုန်မှုန်နေသော မျက်နှာပေါ်တွင် ဒေါသငွေ့များ လွှမ်းထားသည်။

'ဟာ··· မဟုတ်တာဘဲ ကြီးတော်ရာ၊ ခါတိုင်းလိုပဲ သူငယ်ချင်းတွေနဲ့ လျှောက်လည်ပြီး ပြန်လာတာပါ'

'နင် ငါ့ကိုလိမ်ဖို့ လုပ်ညှိဖို့ မကြိုးစားနဲ့၊ ငယ်ငယ်လေးတည်းက အမေတစ်ယောက်လို နင့်ကို မွေးလာတာ၊ ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှခွေရှိတယ်ဆိုတာ ငါသိတယ်၊ ခါတိုင်းလို သူငယ်ချင်းတွေနဲ့ လျှောက်လည်တဲ့ကောင်က မနက်မိုးလင်းကာနီးမှ ဖိုးဇော်တို့ တစ်ကျွန်းပြန်ညီုအေးတို့ တွဲပြီးလာပို့တာ၊ လူမှန်းသူမှန်းမသိအောင် မူးနေတာ၊ ငါမသိဘူးမှတ်လို့လား၊ နင် အဲဒီကောင်တွေနဲ့ ကျပ်ကျပ်ပေါင်းနေ၊ ကြာရင် အရက်သမား လောင်းကစားဖြစ်သွားမယ်၊ ခုလည်း လာခေါ်နေပြန်ပြီ၊ ဒါက ဘယ်သွားမလို့လဲ'

'မသွားပါဘူး ကြီးတော်ရာ၊ လက်ဖက်ရည်သောက်ဖို့ ခေါ်တာပါ'

'အေး··· လက်ဖက်ရည်ဆိုင်ဆိုလည်း အဲဒီဆိုင် ရောက်အောင်သွား၊ လျှောက်ပြီး သဝေထိုးမနေနဲ့၊ ဒီထက်ပိုပြီး ခြေလှမ်းတွေ ပျက်လာရင်တော့ နင့်အဖေဆီ အကြောင်းကြားရမယ်၊ တော်ကြာမှ ငါက မဆုံးမလို့ဆိုပြီး ငါ့အပေါ်အပြစ်ရောက်လာဦးမယ်'

ကြီးတော်က တဖျစ်တောက်တောက်ပြောရင်း မာန်မဲ

www.burmeseclassic.com



ဆူပွက်လျက်ရှိသည်။ ကြီးတော် မျက်လုံးများကလည်း ဒေါသကြောင့် အရောင်များ တောက်ပလျက်ရှိသည်။ ခပ်တည်တည်ပြောနေသဖြင့် ရဲထွန်းအောင် လန့်လာမိသည်။ ငယ်ငယ်ကတည်းက ကြီးတော် ဆိုဆုံးမမှုအောက်တွင် နေထိုင်လာရသဖြင့် ကြီးတော်ကို ချစ်ကြောက်ရိုသေခဲ့ရသူဖြစ်သည်။ အဖေဆိုလျှင်ပို၍ပင် ကြောက်ရသည်။ အဖေအား အကြောင်းကြားပြောဆိုမည်ဆိုသောကြောင့် ရဲထွန်းအောင် ပိုကြောက်သွားသည်။

ဒီကိစ္စများကို အဖေသာ သိသွားမည်ဆိုပါက လုံး၀ခွင့်လွှတ်မည်မဟုတ်ပေ။ တစ်ဦးတည်းသောသားဖြစ်၍ အဖေက အလိုလိုက်ထားသည်။ ပင်ပင်ပန်းပန်း အလုပ်ဆို၍ ဘာတစ်ခုမျှ ခိုင်းစေခြင်းမရှိ။ ချစ်လွန်းမက ချစ်လွန်းအားကြီး၍ အလုပ်ပင်မလုပ်စေဘဲ အိမ်မှာပင် အိပ်ပြီးစား စားပြီးအိပ်နှင့် နေချင်သလိုနေစေရန် ခွင့်ပြုထားခြင်းဖြစ်သည်။ လောင်းကစားဝိုင်းများ အရက်သောက်ခြင်းများ၊ မကောင်းသော မိန်းကလေးများနှင့် ပျော်ပါးခြင်းများကို အဖေသာ သိသွားမည်ဆိုပါက အကြီးအကျယ် ဒေါသထွက်ပြီး ရင်ကျိုးရပေတော့မည်။ ရဲထွန်းအောင်သည် ညာ၍မရတော့မှန်းသိ၍ ကြီးတော်အား ဝန်ခံရင်း ကတိပေးလိုက်သည်။

'နေ့လယ်က ပျင်းတာနဲ့ အနီထောင်ဝိုင်း ရောက်သွားရင်း နည်းနည်းပါးပါး ဝင်ထိုးမိပါတယ် ကြီးတော်၊ အဲဒီမှာနိုးလာတော့ သူငယ်ချင်းတွေက အတင်းခေါ်ပြီး သောက်ကြ



ဘားကြနဲ့ သောက်မိပါတယ်၊ အဖေ့ဆီကိုတော့ အကြောင်းမကြားပါနဲ့ ကြီးတော်ရယ်၊ တိုင်လည်း မပြောပါနဲ့၊ နောက်ကိုကျွန်တော် အရက်လည်းမသောက်ပါဘူး၊ အနီထောင်ဝိုင်းသည်း မသွားတော့ပါဘူး'

ရဲထွန်းအောင်သည် မျက်နှာငယ်လေးနှင့် လက်နှစ်ဖက်ကို ပူး၍ရှိခိုးသလို ကြီးတော်အား တောင်းပန်လိုက်သည်။ ကြီးတော်ဖွားမေ မျက်နှာပေါ်တွင် ဒေါသရိပ်များကလည်း အရှိန်ပျော့ ပြေကျသွားသည်။ အမှန်အတိုင်း ဝန်ခံပြောဆိုလိုက်သဖြင့် သနားသွားပုံရသည်။

'ကောင်းပြီ... နင် နောက်ထပ် မသောက်ဘူးလို့ ကြီးတော်ကို ကတိပေးမလား'

ရဲထွန်းအောင်သည် ကြီးတော်မျက်နှာအား စူးစိုက်ကြည့်ရင်း...

'တကယ်ပါ ကြီးတော်၊ ကျွန်တော် ကတိပေးပါတယ်၊ မသောက်တော့ပါဘူး'

'အေး... ဒီတစ်ခါတော့ ငါ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ ဒီလိုပုံစံမျိုး ဖြစ်လာလို့ကတော့ နင့်အဖေ ရောက်လာပြီလို့သာ မှတ်ထားလို့ ..တော့၊ ခုန ကောင်တွေနဲ့ လုံး၀မပေါင်းနဲ့၊ ရပ်ကွက်ထဲမှာ ဒီကောင်တွေက ကောင်းတဲ့ကောင်တွေ မဟုတ်ဘူး၊ ဟို တစ်ကျွန်းပြန်ညိုအေးဆိုတဲ့ မုဆိုးကြီးကိုသီးသားက မိုက်ကျုတ်ကျုတ်နဲ့၊ လူသတ်မှုနဲ့ တစ်ကျွန်းကျ

www.burmeseclassic.com

www.burmeseclassic.com



သွားရာကနေ ပြန်လာတဲ့ကောင်၊ ဖိုးဇော်ဆိုတဲ့ကောင်ကလည်း လူပေလူတေ အရက်သမားပဲ၊ ဒီကောင်တွေက မိကောင်းဖခင် သားသမီးတွေကို လိုက်ပြီးဖျက်ဆီးနေကြတာ၊ ဒီမှာ ပဲပြုတ်နဲ့ ထမင်းကြမ်း မစားတော့ဘူးလား'

ကြီးတော်က ထမင်းစားပွဲပေါ်တွင် အဆင်သင့်ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို ကြည့်ပြီး ပြောလိုက်သည်။

'ကျွန်တော် မစားတော့ဘူး ကြီးတော်၊ ဈေးထိပ်က လက်ဖက်ရည်ဆိုင်မှာ အချိုရည်သွားသောက်မလို့'

ရဲထွန်းအောင်သည် ပြောပြောဆိုဆို အိမ်ပေါ်မှ အပြေးဆင်းလျက် ဖိုးဇော် စောင့်နေသော ဈေးထိပ်မှ လက်ဖက်ရည်ဆိုင်သို့ ဦးတည်ခြေလှမ်းလိုက်သည်။

✤ ✤ ✤

ရဲထွန်းအောင်သည် ဈေးထိပ်နားရှိ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်မည်အပြုတွင် ဆိုင်ထဲမှ ဖိုးဇော်က ထွက်လာသည်။

'ကြာလိုက်တာ ငါ့ညီရာ၊ ကြီးတော် ဖွားမေက မင်းကို တော်တော်ဆူနေတယ် ထင်တယ်'

'အေးဗျ… နောက်တစ်ခါဆို အဖေ့ဆီ အကြောင်းကြားပြီး တိုင်မယ်ပြောနေတယ်'

'ငါ့ညီအဖေက လယ်ထဲက ပြန်လာတာမှ မဟုတ်ဘဲ'

'ထားလိုက်ပါကွာ၊ မသိလောက်ပါဘူး၊ လာ… သွားရအောင်'

'ဘယ်သွားမှာလဲ ကိုဖိုးဇော်၊ လက်ဖက်ရည်မသောက်တော့ဘူးလား'

'ငါ့ညီပဲ ခုနက ခေါင်းတွေကိုက်နေတယ်ဆို၊ ခေါင်းကိုက်တာကို လက်ဖက်ရည်အချိုသောက်လို့ မရဘူး၊ ဖြေဆေးရှိတယ်၊ ဖြေဆေးသောက်မှ ခေါင်းကိုက်ပျောက်တာ'

www.burmeseclassic.com

www.burmeseclassic.com



ရဲထွန်းအောင်သည် ဖိုးဇော် ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့သည်။ ဖြေဆေးရှိသောဆိုင်သည် တခြားဆိုင် မဟုတ်ပေ။ မနေ့ညက အရက်သောက်ခဲ့သော ဖိုးတုတ် ခေါက်ဆွဲဆိုင်ပင် ဖြစ်သည်။ ဆိုင်ထဲရှိ စားပွဲတစ်လုံးပေါ်တွင် တစ်ကျွန်းပြန်ညီအေးက ရောက်နှင့်ပြီး သောက်နှင့်နေသည်။ ရဲထွန်းအောင်နှင့် ဖိုးဇော်တို့နှစ်ယောက် ဆိုင်ထဲသို့ဝင်လာသည်ကို မြင်သော ပေါက်ဖော်ကြီး ဖိုးတုတ်က ပြုံးပြုံးကြီးလုပ်ပြီး ကြိုတင်ပြီး မှာလိုက်သော အသံကို ကြားလိုက်ရသည်။

'ထားရင် နံပါတ်တစ် အရက်တစ်လုံး'

ထားရင် ရောက်လာပြီး နောက်ထပ် အရက်တစ်လုံး လာချပေးသည်။

'ကိုဖိုးဇော်တို့ ဘာအမြည်းမှာမလဲ'

'ထုံးစံအတိုင်းပေါ့ ထားရင်ရာ၊ ဝက် အသည်းကင်နဲ့ အခေါက်ကင် နှစ်ကျပ်ဖိုးစီချပေး'

အရက်နံ့များကြောင့် ရဲထွန်းအောင် နှာခေါင်းရှုံ့သွားသည်။ ရင်ထဲမှ လေချဉ်တက်လာပြီး ပျို့ချင်ချင်ဖြစ်သွားသည်။

'ဘယ်လိုလဲ ငါ့ညီ၊ ခေါင်းတွေအုံပြီး နေမထိထိုင်မသာဖြစ်နေတယ် မဟုတ်လား၊ အဲဒါ အရက်နာကျတယ်လို့ ခေါ်တယ်၊ ဘယ်လိုဆေးနဲ့မှ ကုလို့မရဘူး၊ အရက်နာကျတာကို အရက်နဲ့ပဲ ပြန်ကုရတယ်ကွ'

'ဟုတ်တယ်··· တစ်ခွက်သောက်ချလိုက်'



ကြီးတော်အား ကတိပေးထားပြီးဖြစ်၍ နောက်ထပ်သောက်ရန် မဝံ့မရဲဖြစ်နေသော ရဲထွန်းအောင်အား တစ်ကျွန်းပြန်ညီအေးက ထပ်သောက်ရန် တိုက်တွန်းလိုက်သည်။

'တစ်ခွက်လောက် ကြိတ်မှိတ်ပြီး သောက်ချလိုက်စမ်းပါကွာ၊ မင်း ခေါင်းထဲမှာ အုံပြီး ကိုက်ခဲနေတာတွေ ယူပစ်သလို ပျောက်သွားမယ်၊ စိတ်ထဲမှာ ပေါ့ပြီး လန်းဆန်းသွားမယ်၊ ကစားဝိုင်းမှာလည်း လန်းလန်းဆန်းဆန်းနဲ့ ကစားမှ နိုင်မှာ၊ စိတ်ထဲမှာ မကြည်မသာနဲ့ ကစားရရင် ဘယ်တော့မှ နိုင်မှာမဟုတ်ဘူး'

အခေါက်ကင်များကို တစိမ့်စိမ့်ဝါးရင်း ဖိုးဇော်က ဝင်ပြောသည်။

'ငါ့ညီ ကြီးတော်ကြီးပြောတာ မေ့ထားလိုက်စမ်းပါကွာ၊ ငါ့ညီက ကံကောင်းနေတဲ့သူဆိုတော့ ဒီနေ့ ထပ်ကစားလည်း နိုင်မှာပဲကွ၊ ချကွာ'

ဖိုးဇော် လှမ်းပေးသော အရက်ခွက်ကို ယူ၍ ရဲထွန်းအောင် မော့ချလိုက်သည်။ သူ့စိတ်ထဲတွင်လည်း အနိုင်ထောင်ဝိုင်းမှ ဒိုင်ကိုင်သည့် တရုတ်ကြီးရှေ့ရှိ ငွေပုံကြီးကို မြင်ယောင်နေမိသည်။ ရဲထွန်းအောင်သည် မနေ့က အနိုင်ရရှိထားသော ငွေများကို အိတ်ထဲမှထုတ်ပြီး ရေကြည့်လိုက်သည်။ အားလုံးပေါင်း ခြောက်ရာကျော်လောက် ရှိနေသည်။ ငွေ ၁၅ ကျပ်နှင့် တစ်ထောင်ကျော် နိုင်ခဲ့သလို ငွေ ၆၀၀ နှင့်သာဆိုလျှင် ဒိုင်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်သော တရုတ်ကြီး၏ ပါလာသမျှငွေကို အပြတ်ဆော်လိုက်မည်ဟု တွေးမိသည်။

ရဲထွန်းအောင်သည် အရက်နှစ်ခွက်လောက် သောက်ပြီးနောက် ခေါင်းထဲတွင် ပေါ့သွားသည်။ ခေါင်းအုံတာလည်း ပျောက်သွားသည်။ တစ်ကျွန်းပြန်ညီအေး ပြောသည့်အတိုင်း စိတ်ထဲတွင် ပေါ့ပေါ့ပါးပါးနှင့် ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။

'သောက်ပြီးရင်လည်း သွားကြရအောင်ဗျာ'

ရဲထွန်းအောင်ကပင် စတင်၍ စိတ်တက်ကြွစွာ ပြောလိုက်သည်။

အရက်ကုန်သွားသော ဖန်ခွက်ကို စားပွဲပေါ် ချသည်။ သူ့စိတ်ထဲတွင် ရွာမြောက်ပိုင်းရှိ ဝါးရုံတောထဲမှ အနီတောင်ဝိုင်းသို့သာ စိတ်စောနေမိပေသည်။

✣ ✣ ✣

သူတို့ ရောက်သွားချိန်သည် ဝိုင်းကောင်းနေပြီး လူစည်လျက်ရှိသည်။ ထိုစဉ် အနီတောင်ဝိုင်းမှ ထွက်လာသော ဝိုင်းကြမ်းပိုးလေး ညီပုက သုတ်သုတ် သုတ်သုတ်နှင့် လျှောက်လာသည်။ အနီးသို့ ရောက်သောအခါ ဖိုးဇော်က လှမ်းမေးလိုက်သည်။

'ဘယ်လိုလဲကွ ညီပု၊ အခြေအနေကောင်းရဲ့လား'

'ဟာ… ကိုဖိုးဇော်တို့ ရောက်လာတာနဲ့ ကွက်တိပဲ၊ ဒိုင်လျော်နေတယ်၊ ဟိုဘက်ရွာက ကိုနေမျိုးတို့ ထက်မိုးတို့ နိုင်နေလို့ ကျွန်တော့်ကို ခေါက်ဆွဲနဲ့ အရက်ဝယ်ခိုင်းလိုက်တယ်၊ ပေါက်ဖော်ကြီး မိုးတုတ်ဆိုင်သွားမလို့ ထွက်လာတာ'

အနီတောင်ဝိုင်းများတွင် ငွေနိုင်သောသူများ မှာကြားသည်ကို ဝယ်ပေးရင်း မုန့်ဖိုးပိုက်ဆံရသော ဝိုင်းကြမ်းပိုးလေး ညီပုသည် သူတို့အနီးမှ ရွာထဲဘက်ဆီသို့ သုတ်သုတ် ဖြတ်လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'လာကြဟေ့ မြန်မြန်လေး၊ ဆွမ်းကြီးလောင်းနေချိန် ပွဲတော်ကြီးမမီလိုက်ဘဲ ဖြစ်နေဦးမယ်၊ ဒါထက် ငါ့ညီအစ်ကိုကို ငွေငါးဆယ်လောက် ခဏလှည့်ကွာ'

ဝိုင်းထဲသို့မရောက်ခင်မှာပင် ကိုဖိုးဇော်သည် ရဲထွန်းအောင်ထံမှ ငွေချေးသည်။

ဖိုးဇော်တို့နှင့်အတူ သွားအတူ သောက်စားနေရသည်ကို ပျော်နေသော ရဲထွန်းအောင်ကလည်း ထိုမျှလောက် ငွေကြေးကို အမှုမထားတော့ပေ။

'ငွေငါးဆယ်လောက်များ ပြောစရာမလိုပါဘူး ကိုဖိုးဇော်ရာ၊ ကျွန်တော့်ဆီက ချေးစရာမလိုပါဘူး'

ရဲထွန်းအောင်သည် အိတ်ထဲတွင်ရှိသော ငွေစက္ကူတစ်ထပ်ကြီးထဲမှ ဆယ်တန်ငါးရွက်ကို ထုတ်ပေးလိုက်သည်။

'ငါ့လည်း လုပ်ပါဦးကွ'

ဘေးနားတွင်ရှိသော တစ်ကျွန်းပြန်ညိုအေးကပါ တောင်းလိုက်သည်။

'ဘယ်လောက်လဲ'

ရဲထွန်းအောင်က ညိုအေးက မျက်နှာကို မော့ကြည့်လိုက်သည်။

'အတူတူပဲကွာ၊ ဖိုးဇော်ကို ငါးဆယ်ထုတ်ပေးရင် ငါ့လည်း ငါးဆယ်ပေးပေါ့ကွာ'

'ကဲ… ရော့…'



ရဲထွန်းအောင်သည် ဖိုးဇော်နှင့် တစ်ကျွန်းပြန်ညိုအေးအား ရက်ရောစွာပေးလိုက်သည်။

ဝါးရုံပင်အောက်ရှိ အနီတောင်ဝိုင်းအနီးသို့ တိုးကပ်ပြီး ဝင်လိုက်ကြသည်။ ထိုသားများ၏ ပျော်ရွှင်ရယ်မောသံများကို ကြားနေရသည်။

'ဟေ့… ဖိုးဇော်တို့အုပ်စုက တယ်နောက်ကျတာပဲကွာ၊ ဒီမှာက သိရိမ္မာသောကမင်းကြီးက ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် လှူနေတာ၊ မင်းတို့ မသိလိုက်ကြဘူးလား'

အနိုင်ရ၍ ရွှင်မြူးနေသော ကိုနေမျိုးက လှမ်းပြော လိုက်သဖြင့် ထိုသားများအားလုံး သောသောညံသွားအောင် ဝိုင်းရယ်လိုက်ကြသည်။ ရဲထွန်းအောင်သည် အိတ်ထဲမှ ငွေတစ်ရာကို နှိုက်ယူလိုက်ပြီး ရန်ငါးဆယ်၊ အောငါးဆယ် ထိုးချလိုက်သည်။

အုပ်ဖတ်သူက ကြေးလေးထောင့်အုပ်လေးအား ဖြည်းညင်းစွာမ,ယူပြီး ဖွင့်လိုက်သည်။

'ဟေး… လက်ရှောင် ပေါက်ကောင်ပဲကွ'

တစ်ဝိုင်းလုံး ဝိုင်းပြီး အော်ဟစ်လိုက်ကြသည်။ ရဲထွန်းအောင် ထိုးသောအိမ်နှင့် ဘေးချင်းကပ်သော အိမ်ပေါ်တွင် အနီပေါ်လာ၍ ထိုသားများအားလုံး တိုက်ကြသည်။ ရဲထွန်းအောင်ထိုးသော ငွေတစ်ရာကို ဒိုင်က စားသွားသည်။ အနီ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဒိုင် တရုတ်ကြီးမှာ ရဲထွန်းအောင် ငွေတစ်ရာနှင့် တစ်အိမ်တည်းထိုးသူ နှစ်ရာကျော်လောက်သာ စားရသော်လည်း ငွေငါးထောင်ကျော်ခန့် လျော်လိုက်ရသဖြင့် မျက်စိမျက်နှာ ပျက်သွားသည်။

ဒိုင်ကိုင်သည့် တရုတ်ကြီးသုံးဦးမှာလည်း တရုတ်ဘာသာဖြင့် ကွိကွိကွကွ ပြောဆိုကြပြီး အမွေးတိုင်များ ထွန်းသူထွန်း၊ သူတို့နတ်အား ပသပြီး ဆက်ကစားကြသည်။ ရဲထွန်းအောင်သည် မနေ့က အနိုင်ရထားသော ငွေများမှာ လေး၊ ငါးလက်မျှ ချထိုးရင်း တက်တက်ပြောင်သွားသည်။ ဘာဆက်လုပ်ရမည်ကို စဉ်းစားရင်း အကြံအိုက်လျက်ရှိပြီး တခြားထိုးသားများ ထိုးသည်ကို ခေတ္တမျှငေးကြည့်နေမိလိုက်သည်။

ကြွေသုံးချက် ငုပ်သွားသည်။ ဖိုးဇော် တစ်ကျွန်းပြန်ညီုအေးနှင့် တခြားထိုးသားများသည် အထောင်အိမ်ဘက်သို့ စုပြုံပြီး ဝိုင်းထိုင်လိုက်ကြသည်။ စဉ်းစားနေရာမှ သူ၏ရှပ်အင်္ကျီတွင် တပ်ဆင်ထားသော ရွှေကြယ်သီးကို ဖြုတ်ယူလိုက်သည်။

ငုပ်နေသောအိမ်ပေါ်သို့ပစ်ချပြီး ဒိုင်ကိုင်သော တရုတ်ကြီးအား ပြောလိုက်သည်။

'ဒီမယ် ပေါက်ဖော်ကြီး၊ ရန်တစ်ရာ အောတစ်ရာ ထိုးတယ်'

ဒိုင်ကိုင်သော တရုတ်ကြီးနှင့် ထိုးသားများသည်



ရဲထွန်းအောင် အပြုအမူကြောင့် တစ်ဝိုင်းလုံးက ရဲထွန်းအောင်ဘက်လှည့်ပြီး ဝိုင်းကြည့်လိုက်ကြသည်။ သူ့ဘေးတွင်ရှိသော ဖိုးဇော်က လက်နှင့်အသာကုတ်ရင်း ပြောလိုက်သည်။

'ဘယ်လိုထိုးလိုက်တာလဲ ငါ့ညီရာ၊ ကြွေက မှန်နေတာပဲ၊ အကုန်လုံးနဲ့ ဆန့်ကျင်ပြီး ငါ့ညီက ဘာကြောင့် ကပ်ဖဲ့ထိုးရတာလဲ'

ဖိုးဇော် ပြောသည်ကို ရဲထွန်းအောင် ဂရုမစိုက်ပေ။ ပါလာသောငွေများ ကုန်သွားပြီဖြစ်၍ ရှုံးမဲ မဲလိုက်ခြင်းဖြစ်သည်။

အလိုအလျောက် စိတ်တိုဒေါသထွက်နေသည်။

'ကျွန်တော့်ဟာကျွန်တော် ထိုးတယ်ဗျာ၊ ကျွန်တော်ကြိုက်လို့ ကျွန်တော် ထိုးတာပဲ၊ ကြာတယ်ကွာ၊ အုပ်ဖတ်သူဖွင့်လေကွာ၊ ဖွင့်တော့'

ရဲထွန်းအောင်က ဒေါသနှင့် အော်ပြောလိုက်သည်။ ဒိုင်ကိုင်သော တရုတ်ကြီးမှာ ရဲထွန်းအောင် ပစ်ချပြီးထိုးလိုက်သော ရွှေကြယ်သီးအား ကောက်ယူပြီး ရွှေစစ် မစစ်ကို သေချာစွာစစ်ဆေးကြည့်ရှုလိုက်သည်။ ဒေါသဖြစ်နေသော ရဲထွန်းအောင်မှာ ပိုပြီးဒေါသထွက်သွားသည်။

'ဟော့… ပေါက်ဖော်၊ ရွှေ မမြင်ဖူးဘူးလား၊ ဒါရွှေအစစ်ကွ'

ရဲထွန်းအောင်က စိတ်တိုပြီး အော်ပြောလိုက်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒိုင်ကိုင်တရုတ်ကြီးမှာ ပြုံးနေသော မျက်နှာလေးနှင့် ရွှေကြယ်သီးအား ရဲထွန်းအောင်ထိုးသော အကွက်၌ ပြန်ချထားလိုက်သည်။

'စိမ်မိဆိုးပါနဲ့ ဆရာကြီးရယ်၊ စစ် မစစ် ချိုရသေးတယ်၊ စီလိုဘဲ အိမ်ရမ်းလိုခံလို့ မဖြစ်လှပါ'

ဟု မပီကလာ ပီကလာနှင့် ပြန်ပြောလိုက်သည်။

'ဟော့ကောင် ပေါက်ဖော်၊ အပိုတွေ ပြောမနေနဲ့၊ ဒါ ရွှေအစစ်ပဲ၊ ငါတို့က လိမ်ရမှာလား၊ ဖွင့်မှာသာ ဖွင့်'

တစ်ကျွန်းပြန်ညိုအေးကပါ ဝင်ပြောလိုက်သည်။ ရဲထွန်းအောင် မြင်ကွင်းများတွင် ငွေပုံကြီးမှာ ချာချာလည်လျက် ရှိသည်။

အနီထောင်အုပ်ကလေးအား စိုက်ကြည့်နေရင်း မျက်လုံးပြာလာသည်။ အုပ်လှည့်သူက ဖြည်းညင်းစွာဖွင့်လိုက်သည်။

ရဲထွန်းအောင် ရွှေကြယ်သီးထိုးထားသော အကွက်ကို ရှောင်၍ အထောင်အိမ်တွင် သွားပေါ်တော့သည်။

ထိုးသားများအားလုံးက အလျော်ရတော့မည်ဖြစ်၍ အားလုံးက ပျော်ရွှင်နေကြသော်လည်း ရဲထွန်းအောင် မပျော်တော့ပေ။ သူ့ခေါင်းထဲတွင် မိုက်ခနဲ မှောင်အတိကျသွားသည် ဟု ထင်လိုက်သည်။

တခြားသူများက သူ့အား လှောင်ပြောင်နေကြတာ



လားဟု ထင်မိသည်။ ဦးခေါင်းတစ်ခုလုံး မိုက်ခနဲ ဖြစ်နေရာမှ မီးထတောက်လှမတတ် ထူပူလာသည်။

ဒိုင်ကိုင်သော တရုတ်ကြီးမှာ ရဲထွန်းအောင်၏ ရွှေကြယ်သီးလေးကို လက်ထဲတွင် ဆကာဆကာလုပ်ရင်း သိမ်းယူသွားသည်။

ထိုးသားများ ဝိုင်းထိုးသောကြောင့် အနီထောင်ဝိုင်းအား ငွေတစ်သောင်းကျော် လျော်လိုက်သဖြင့် ဝိုင်းသိမ်းပစ်လိုက်သည်။

ဝိုင်းသိမ်းသွားပြီဖြစ်၍ ရဲထွန်းအောင် ဘာဆက်လုပ်ရမှန်း မသိတော့ပေ။ ကစားဝိုင်းသာ ဆက်ရှိမည်ဆိုပါက သူ့ရွှေကြယ်သီး ပါသွားသော်လည်း သူ့လက်တွင် ဝတ်ထားသော ရွှေလက်စွပ်ကို ချထိုးဖို့ စိတ်ကူးထားသည်။

ယခုမူ လက်စွပ်ချထိုးရန်လည်း မဖြစ်တော့။ ဝိုင်းက သိမ်းသွားပြီဖြစ်သည်။ ရွှေကြယ်သီး ဆုံးသွားပြီဖြစ်သည်။ အဖေနှင့် ကြီးတော်ကြီးသာ သိသွားမည်ဆိုပါက ဒုက္ခအကြီးအကျယ် ရောက်ရပေတော့မည်။ ရဲထွန်းအောင်သည် ဝိုင်းထဲမှ ဆတ်ခနဲထလိုက်ပြီး စိတ်ပျက်စွာ ပြန်လာခဲ့သည်။ သူ ဘာဆက်လုပ်မည်နည်း။

ဝါးရုံအုပ် သုံး၊ လေးရုံ ကျော်လာသောအခါ သူ့နောက်မှ လိုက်လာသော ဖိုးဇော်က သူ့ပခုံးကို လှမ်းပုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သိပ်လည်း စိတ်ပျက်မနေပါနဲ့ ငါ့ညီရာ၊ ဒီနေ့ ရှုံးသွားလည်း ပြီးသွားတာမှ မဟုတ်ဘဲ၊ နောက်ရက်တွေကျ နိုင်အောင် ပြန်ကစားလို့ရပါတယ်'

'ဘယ်လိုလုပ် နိုင်မှာလဲဗျာ၊ ခုပဲ ကျွန်တော့်ရွှေကြယ်သီးလေး ဆုံးသွားပြီ၊ အိမ်ကို ဘယ်လိုလုပ် ကျွန်တော် ပြန်ရတော့မှာလဲ'

'ကစားသမားဆိုတာ ဒီလိုပဲကွ၊ ရှုံးရင် ရှုံးမယ်၊ နိုင်ရင် နိုင်မယ်၊ ကြွေတစ်လက် ကြက်တစ်ခုပေါ့ကွာ၊ စိတ်ပျက်နေစရာ မလိုပါဘူး'

တစ်ကျွန်းပြန်ညိုအေးကပါ ဖြောင့်ဖြောင့်ဖျဖျ ဝင်ပြောသည်။

'စိတ်မပျက်လို့ ဖြစ်မလားဗျ၊ အခု ကျွန်တော့်ရွှေကြယ်သီးလေး ဆုံးပြီ'

ရဲထွန်းအောင်က ငိုသံပါကြီးနှင့် ပြောလိုက်သည်။ သူ့မျက်နှာမှာလည်း ပြုံတော့မည့်မိုးလို အုံ့မှိုင်းပြီး ငိုမဲ့မဲ့ဖြစ်နေသည်။

'ငါ့ညီ ရွှေကြယ်သီးလေးကို သိပ်နမြောနေတယ် မဟုတ်လား၊ ဘာမှ စိတ်ပျက်မနေပါနဲ့ကွာ၊ ရော့... ဒီမှာကြည့်၊ ဖိုးဇော်က သူ့အိတ်ကပ်ထဲမှ ရဲထွန်းအောင်၏ ရွှေကြယ်သီးလေးထုတ်ယူပြီး ပေးလိုက်သည်။ ရဲထွန်းအောင် အံ့သြဝမ်းသာသွားသည်။ မယုံကြည်နိုင်သလို ဖြစ်သွားပြီး ဖိုးဇော်



မျက်နှာအား တအံ့တသြကြည့်လိုက်သည်။ ဖိုးဇော်ကတော့ ပြုံးရွှင်စွာရယ်မောနေလေသည်။ ရဲထွန်းအောင် မငံ့မရဲဖြစ်နေပုံကို သိနေသည်။

ထို့ကြောင့်လည်း...

'ယူပါကွာ၊ ဒါ ငါ့ညီရဲ့ ရွှေကြယ်သီးပဲ'

ရဲထွန်းအောင်က တုန်ယင်နေသော လက်များနှင့် လှမ်းယူလိုက်သည်။

'ဒါက ဘယ်လိုဖြစ်လာတာလဲ'

'ငါတို့နှစ်ယောက်စလုံး တော်တော်နိုင်တယ်ကွ၊ ဒါကြောင့်မို့လို့ ငါ့ညီရွှေကြယ်သီးကို တစ်ကျွန်းပြန်ညိုအေးနဲ့ ငါ ပေါင်းပြီး တရုတ်ဒိုင်ဆီက ပြန်လာတာပဲ၊ အခု ငါ့ညီ ဘယ်သွားမှာလဲ'

'ဘာရယ် မဟုတ်ပါဘူးဗျာ၊ စိတ်ညစ်ညစ်နဲ့ ထွက်လာတာ၊ ဘယ်ကို ဦးတည်ရမှန်း မသိဘူး'

'ဘယ်ကိုမှ ဦးတည်မနေနဲ့၊ တုံးစံအတိုင်း ဖိုးတုတ်ခေါက်ဆွဲဆိုင် ချီတက်မယ်၊ ဒီနေ့ကတော့ ငါတို့နှစ်ယောက်အလှည့်ပဲ၊ မင်း ကျေးဇူးရှိတာပဲ၊ ငါတို့က တစ်လှည့်ပြန်ပြီး ပြုစုရမှာပေါ့'

ရဲထွန်းအောင် စိတ်ထဲတွင် ဖိုးဇော်နှင့် တစ်ကျွန်းပြန်ညိုအေးအား အထင်ကြီးလေးစားသွားသည်။ အရက်သမား၊ လောင်းကစားသမားများပင် ဖြစ်သော်လည်း သူ့မှာရှိသူများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ရဲထွန်းအောင်ထံမှ ချေးယူသွားငွေနှင့် ကစားရာမှ အနိုင်ရပြီး ရဲထွန်းအောင် ရှုံးသွားသော ရွှေကြယ်သီးလေးကို တရုတ်ဒိုင်များလက်ထဲမှ ပြန်လည်ရအောင် ယူပေးကြသည်။ ဖိုးဇော်နှင့် တစ်ကျွန်းပြန်ညိုအေးအား ယခင်ကထက်ပို၍ ခင်တွယ်မိပြီး ကြီးတော် ဒေါ်ဖွားမေအား အရက်မသောက်တော့ပါဟု ကတိပေးထားသည်ကိုလည်း မေ့ပျောက်သွားပေတော့သည်။

✤ ✤ ✤

'ဟော့ကောင်… ထစမ်း၊ ဘယ်အချိန်ရှိနေလို့ ဒီလောက်တောင် အိပ်နေရတာလဲ'

မိုးခြိမ်းသံကဲ့သို့ ဟိန်းထွက်သော အသံကြောင့် ရဲထွန်းအောင် လန့်သွားသည်။ ဒီအသံက အဖေ့အသံ။ အဖေ ဘယ်ဘုန်းက လယ်ထဲကနေ ရွာကိုပြန်ရောက်လာတာပါလိမ့်။ ယခုကဲ့သို့လည်း ဒေါသကြီးမားစွာနှင့် သူ့အား ပြောဆိုခဲ့ခြင်း မရှိဖူးခဲ့ပေ။ ရဲထွန်းအောင်သည် အိပ်ရာပေါ်မှ ကပျာကသီ ဘူးလဲထလိုက်သည်။ ညက အမူးလွန်သွားသည့် အရှိန်နှင့် အိပ်ပျော်နေရာမှ အဖေ့အသံကြောင့် အမူးပြေသွားသည်။

'မင်း အခု အပြင်ကိုထွက်လာခဲ့စမ်း'

ခြေသံပြင်းပြင်း နင်းထွက်သွားသော အဖေ့ခြေလှမ်းများကား တစ်အိမ်လုံး ဆူညံနေသလို နှစ်ထပ်အိမ်ကြီးပင် သိမ့်သိမ့်တုန်နေသည်ဟု ထင်ရသည်။ ရဲထွန်းအောင်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် အပြင်သို့ ကုပ်ချောင်းချောင်းလေး ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အတတ်ကောင်းတွေ တတ်နေတဲ့ကောင်၊ ငါ မရှိတုန်း ရွာထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေတော့တာပဲ၊ ကဲ… ပြောစမ်းပါဦး၊ မင်း အခု ဘာတွေလုပ်နေတာလဲ'

ရဲထွန်းအောင်သည် ဖခင်ဖြစ်သူ ဦးဖိုးမောင်ရှေ့တွင် ခေါင်းငိုက်စိုက်ချလျက် တစ်စုံတစ်ရာ ပြန်မပြောဘဲ ငြိမ်၍နေသည်။ သူ့ရင်ထဲတွင်လည်း မီးရထားအစင်းပေါင်းများစွာ ဖြတ်၍ ခုတ်မောင်းသွားသလို တဒိန်းဒိန်း ဆူညံကျယ်လောင်လျက်ရှိသည်။ ယခုချက်ချင်း အတောင်ပံများ ပေါက်လာပါက ငှက်တစ်ကောင်လို ဝှန်းခနဲ ထပျံသွားချင်သည်။

'ငါတို့အမျိုးထဲမှာ မင်းလို လောင်းကစားသမား၊ အရက်သမား တစ်ယောက်မှ မရှိဘူး၊ ဘယ့်နှယ်ကွာ… မင်းကျမှလာပြီး အမျိုးဂုဏ်သိက္ခာလည်း မထောက်၊ ဖအေမျက်နှာလည်း ပြန်မကြည့်၊ ကြီးတော်ကြီးတစ်ယောက်လုံး ရှိနေတာတောင် ရှိသေရကောင်းမှန်းမသိ၊ လုပ်ချင်တာ လျှောက်လုပ်နေရအောင် မင်းမှာ ဘာများပူပင်သောက ရောက်နေစရာရှိလို့လဲ'

ကြီးတော်ကြီး ဒေါ်ဖွားမေကလည်း အဖေ့အနီးတွင် ရှိနေသည်။ ကြီးတော် အကြောင်းကြားလိုက်၍ မမျှော်လင့်ဘဲ အဖေ ရောက်လာခြင်းဖြစ်သည်။

'ဟော့ကောင်… ပြောစမ်း၊ အခုမှ ကြက်လည်လိမ်သလို လုပ်မနေနဲ့၊ ငါ့မှာတော့ သားလေးတစ်ယောက်တည်း



ရှိတယ်ဆိုပြီး အလိုလိုက်ထားရတာ၊ မင်းက အဂ္ဂိလိုက်ထားလို့ အမိုက်စော်ကားတဲ့ကောင်၊ ဒီရွာထဲမှာ မင်းလိုကောင်မျိုး ဘယ်နှယောက်ရှိလဲ၊ မင်းကို လှစေပစေချင်လို့ ဆင်ပေးထားတဲ့ ရွှေကြယ်သီးတွေ လက်စွပ်တွေ အနီးထောင်ပိုင်းမှာ မင်းမို့လို့ ချထိုးရက်တယ်၊ ငါ အကုန်သိပြီးပြီ၊ ဘာမှ ညာနေလို့ မရဘူး'

အဖေက တောက်လျှောက် မနားတမ်းပြောနေတော့သည်။ ပြောနေရင်းမှလည်း ဝမ်းနည်းလာသည်။ ဦးဖိုးမောင်ထင်မှတ်မထားသော ဒုစရိုက်လုပ်ငန်းများကို အချစ်ဆုံးသားတော်မောင်က ကျူးလွန်ခဲ့ပြီဖြစ်သည်။ မျက်ရည်များ ရစ်ဝဲလာသော အဖေ့မျက်နှာကိုကြည့်၍ ရဲထွန်းအောင် ဝမ်းနည်းကြေကွဲသွားသည်။

ရင်ထဲမှာလည်း တလှပ်လှပ်ဖြစ်သလို ဆို့တက်လာသည်။

'ကျွန်တော် နောက် ဒါမျိုးတွေ မလုပ်တော့ပါဘူး အဖေရယ်'

'အေး… အေး… မင်းစကားနဲ့ မင်း ကတိတည်ပါစေကွာ၊ မမှားသောရှေ့နေ မသေသောဆေးသမားဆိုတဲ့ စကားလည်း ရှိတာပဲ၊ လူဆိုတာ အမှားတော့ ဘယ်ကင်းပါ့မလဲကွ၊ အမှားကို အမှားမှန်းသိပြီး ပြုပြင်တတ်ရင် လိမ္မာတာပဲ၊ ငါက ငါ့သားလေးတစ်ယောက်တည်းဆိုပြီး ငုံထားမတတ် ချစ်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ လူငယ်ဆိုတော့လည်း အပေါင်းအသင်းများတော့ မလုပ်သင့်တာ မဖြစ်သင့်တာတွေ ဖြစ်လာတာပေါ့၊ အခု မင်းနဲ့ပေါင်းနေတဲ့ ဖိုးဇော်တို့ တစ်ကျွန်းပြန်ညီအေးတို့ကို အပေါင်းအသင်းဆက်မလုပ်ပါနဲ့၊ ငါ့သားရယ်··· မင်းသိတဲ့အတိုင်း လယ်ထဲမှာက အလုပ်က များတယ်၊ အလုပ်သမားတွေနဲ့ ပစ်ထားလို့လည်း မရ၊ လိမ္မာပါ ငါ့သားရယ်'

မိဘမေတ္တာကား သီတာရေစင်လို အေးမြလှသည်။ ရဲထွန်းအောင်သည် နောင်တကြီးစွာ ရသွားသည်။

ယခင်ရက်များက အနီထောင်ဝိုင်းတွင် ကစားခဲ့ပုံ၊ ဖိုးဇော် နတ်နန်းမှ နတ်သမီးလေး မိနန်းနှင့် ပျော်ပါးခဲ့ပုံ ဒုစရိုက်ငရဲများအကြောင်းကို ပြန်လည်တွေးမိပြီး ကျောထဲဖွင်စိမ့်လာသည်။

'ကဲ··· ငါ လယ်ထဲပြန်သွားရဦးမယ်၊ အိမ်မှာနေလည်း ကြီးတော်ကြီးစကားကို နားထောင်ပါ၊ နောက်ထပ် အနီထောင် ကစားတယ်ကြားရင် အရက်သောက်တယ်ကြားရင် ငါ့အဆိုးမဆိုနဲ့၊ မင်းကို သားအဖြစ်က စွန့်လွှတ်ပြီး ငါ ပိုင်ဆိုင်တဲ့ဟာတွေ အမွေပစ္စည်းတွေ ဘာတစ်ခုမှ ရမှာမဟုတ်တော့ဘူး၊ ကြားလား၊ ဒါ မင်းကို နောက်ဆုံးသတိပေးစကားပဲ'

ဦးဖိုးမောင်သည် လယ်ထဲအတွက် လိုအပ်သောပစ္စည်းများကို လှည်းနှင့်တင်ဆောင်ပြီး ပြန်လည်ထွက်ခွာသွားသည်။



'ရဲထွန်းအောင် မင်းအဖေ ပြောသွားတာတွေကို ကြားတယ်နော်'

'ဟုတ်ကဲ့ပါ ကြီးတော်၊ ကိုဖိုးဇော်တို့ လာခေါ်ရင် ကျွန်တော် အဖေနဲ့ လယ်ထဲလိုက်သွားတယ် ပြောလိုက်ပါ'

ရဲထွန်းအောင်သည် အိပ်ခန်းတွင်းသို့ဝင်၍ စိတ်ပျက်ပင်ပန်းစွာ လှဲချလိုက်ရင်း အတွင်းခန်းထဲမှ မထွက်တော့ဘဲ အခန်းအောင်းနေလိုက်တော့သည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထဲတွင် လဲလျောင်းရင်း သူ့ဘဝ၊ သူ့အဖြစ်အပျက်များကို ပြန်တွေးမိသည်။ ထွေးမေမျက်နှာလေးက တရစ်ဝဲဝဲ ပေါ်လာသည်။

ဟုတ်သည်။

ထွေးမေနဲ့ မတွေ့တာတောင် လေး၊ ငါးရက်ခန့် ရှိသွားပြီ။

ခုရက်ပိုင်း အနီထောင်ပိုင်းနှင့် တရုတ်ပေါက်ဖော် ဖိုးတုတ်ဆိုင်များတွင်သာ အရက်သောက်ရင်း အချိန်ကုန်ခဲ့သည်။ ထွေးမေတစ်ယောက် သူ့ သတင်းဆိုးတွေ ကြားသိသွားလျှင်…

ရဲထွန်းအောင် စိတ်ညစ်သွားသလို တွေးမိ၍ ပူပန်သောကရောက်သွားသည်။

ကောလိယရွာလေးတွင်သာမက ရှာနီးချုပ်စပ်အထိ အချောဆုံး၊ အလှဆုံးဟု ထွေးမေ အလှဂုဏ်သတင်းမှာ ထင်ပေါ်ကျော်ကြားခဲ့သည်။



မိဘများကလည်း ကုန်စုံရောင်းဝယ်သော ဆိုင်ကြီးတစ်ဆိုင်ကို ပိုင်ဆိုင်ထားပြီး ငွေကြေးဥစ္စာ ပြည့်စုံသူများဖြစ်သည်။

လူငယ်တို့သဘာဝအရ ထွေးမေအပေါ် မေတ္တာရှိနေမှန်းကိုလည်း ထွေးမေ သိသည်။

ရဲထွန်းအောင်အပေါ်တွင်လည်း အရေးတယူ အလေးထားဆက်ဆံသည်။

ထွေးမေ မိဘများကလည်း ရဲထွန်းအောင်နှင့် လက်ထပ်မည်ဆိုက ငြင်းပယ်စရာမရှိ၊ သဘောတူလက်ခံနိုင်သည့် အနေအထားတွင်ရှိသည်။ စီးပွားရေးသမားပီပီ ဦးဖိုးမောင်၏ လယ်မြေများ၊ ကျွဲများ ချမ်းသာကြွယ်ဝမှုကို မက်မောကြသည်။

ရဲထွန်းအောင်က ထွေးမေအား နှစ်သက်မြတ်နိုးကြောင်း၊ လက်ထပ်ယူမည့်အကြောင်း ဖွင့်ပြောခဲ့ပြီးဖြစ်သော်လည်း ထွေးမေက အဖြေပြန်မပေးသေးပေ။ သူ မေတ္တာရှိကြောင်းပြောခဲ့စဉ်က ထွေးမေသည် စိတ်ဆိုးဟန်မပြဘဲ ယခင်ကထက်ပင် ရင်းရင်းနှီးနှီး ဆက်ဆံလာခဲ့သည်။

သို့သော် ဘာကြောင့် အဖြေပြန်မပေးသည်ကို ရဲထွန်းအောင် နားမလည်။ မိန်းကလေးတို့၏ မာယာကား သိရခက်လှပေသည်။

တောအရပ် တောဒေသဖြစ်၍ ရိုးသားခြင်း၊ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



အကိုင်ကောင်းခြင်း၊ စာရိတ္တကောင်းခြင်းကို တန်ဖိုးထားတတ်ကြသည်။

နေဥစ္စာငွေကြေး ချမ်းသာကြွယ်ဝသော်လည်း စာရိတ္တပျက်ယွင်းခြင်းရှိပါက မိန်းကလေးများနှင့် မိဘများကပါ နှစ်မြို့ခြင်းမရှိဘဲ ရှောင်ရှားကြသည်။ ယခုလည်း ရဲထွန်းအောင်သည် လောင်းကစားခြင်း၊ အရက်သောက်ခြင်းများကို သိရှိသွားပါက ထွေးမေသည် အဖြေမပေးသည့်ပြင် ပို၍ပင် ဝေးသထက်ဝေးသွားပေတော့သည်။

ထွေးမေနှင့် ဝေးလို့မဖြစ်။ ထွေးမေအလှများက စွဲလမ်းဖွယ် ဖြစ်သည်။ သူမအလှများကိုလည်း စာဖွဲ့၍ပင် မီနိုင်မည်မထင်ပေ။ အတွေးထဲသို့ ထွေးမေအလှများက ဝင်ရောက်စိုးမိုးလာသည်။

ထွေးမေ၏ အသားအရေမှာ ကြာဖြူပွင့်၏ ဝတ်မှုန်ကဲ့သို့ ဝါဖန့်ဖန့် နုဖပ်ဖပ်အဆင်းနှင့် စိုဝင်းနေသည်။ အကြောစိမ်းလေးများက ဝါနုသော အသားအရေပေါ်တွင် မြကြိုးနွယ်ခက်ကဲ့သို့ ဖြာယှက်လျက်ရှိသည်။

ရှည်လျားနက်မှောင်သော ဆံနွယ်များက ကျက်သရေတိုးစေသည်။ နဖူးပြင်လေးများက ညီညာပြေဆင်းသလို လည်တိုင်လေးက ကြော့ရှင်းလှသည်။ နက်မှောင်သွယ်တန်းနေသော မျက်ခုံးကလေးများက ကြည်လင်ဝိုင်းစက်သော အရောင်တောက်ပနေသည့်အလား စိုရွှန်းသော မျက်နက်ဝန်းများ၊ နှာတံ



စင်းစင်းလေး၊ ဆေးမဆိုးဘဲ သဘာဝကျအောင် သန္တာရောင်ပြေးနေသော နှုတ်ခမ်းများနှင့် လှချင်တိုင်းလှသော ထွေးမေ။

ထွေးမေ အလှများနှင့် အတွေးရေယဉ်ကြောတွင် နစ်မျောနေဆဲ ရဲထွန်းအောင်သည် မှေးခနဲ အိပ်ပျော်သွားသည်။ စွဲလမ်းဖွယ်ကောင်းသော ထွေးမေအလှများသည် အိပ်မက်ထဲအထိ လိုက်ပါလာခဲ့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

နေပြောက်ပင် မထိုးသော ဝါးရုံတောကြီးဖြစ်သည်။ အရိပ်အာဝါသကောင်းသောကြောင့် အေးချမ်းဖွယ်ကောင်းလှသည်။

သပိတ်လွယ်ငှက်ကလေးများ၏ တေးသီဆိုသံကို ကြားနေရသည်။ စိမ်းမြမြမြက်ခင်း အေးချမ်းသော ဝါးရုံတောများအောက်တွင် ရဲထွန်းအောင်နှင့် ထွေးမေ နှစ်ယောက်တည်းသာ ရှိသည်။

ရဲထွန်းအောင် ရင်ခွင်ထဲတွင် ထွေးမေသည် ရှက်ရွံ့စွာ ခေါင်းကလေးကို ငုံ့ထားသည်။

ထွေးမေထံမှ အဖြေကိုရ၍ ရဲထွန်းအောင်မှာ အပျော်ကြီးပျော်နေသလို နှစ်ယောက်တည်း တိတ်ဆိတ်စွာ ချိန်းတွေ့ကြသောကြောင့် နှစ်ဦးစလုံး နွေးထွေးနေကြသည်။ ရဲထွန်းအောင် အံ့သြတုန်လှုပ်သွားသည်။

မျက်နှာလေးကို သေချာ ကြည့်လိုက်သည်။ ထွေးမေ မဟုတ်။ မိနန်း ဖြစ်နေသည်။



မိနန်းအား ရင်ခွင်ထဲမှ ဆွဲဖယ်ရင်း တွန်းထုတ်ပစ်လိုက်သည်။ မိနန်းသည် မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း သိမ့်ခနဲ ရှိုက်ငိုလိုက်သည်။ မိနန်းခန္ဓာကိုယ်ပေါ်မှ အက်ိုျစများ ပြုတ်လျက် ဖရိုဖရဲဖြစ်နေသည်ကို မြင်တွေ့ရသည်။ မိနန်းသည် ရဲထွန်းအောင်အနီးမှ သုတ်ခနဲထလိုက်ပြီး အတင်းထွက်ပြေးသွားသည်။

'ဟေ့… မိနန်း၊ မပြေးနဲ့လေ၊ ဘာလို့ထွက်ပြေးရတာလဲ'

ရဲထွန်းအောင်က လှမ်းခေါ်ရင်း မိနန်း နောက်သို့ အပြေးလိုက်သည်။ မိနန်းသည် ကျောက်တောင်ကြီးတစ်ခုပေါ်သို့ အပြေးတက်သွားသည်။ တစ်ဖက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီး ရှိသည်။

မိနန်း ကျောက်တောင်စွန်းအဖျားပေါ်သို့ ရောက်ရှိသွားသည်။ နောက်မှအပြေးလိုက်သော ရဲထွန်းအောင်အား တစ်ချက်လှည့်ကြည့်လိုက်ပြီး နက်ရှိုင်းသော ချောက်ကမ်းပါးကြီးထဲသို့ ခုန်ချလိုက်သည်။

ရူးရူးဝါးဝါး အော်ဟစ်လိုက်သော မိန်းမအသံကို ကြားလိုက်ရပြီး အသည်းထဲတွင် အေးခနဲဖြစ်သွားသည်။ ရဲထွန်းအောင် မေးခနဲအိပ်ပျော်သွားရာ လန့်နိုးလာခြင်းဖြစ်သည်။

သူ့တစ်ကိုယ်လုံးတွင် ချွေးများ စို့ထွက်လျက်ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်မောဟိုက်လျက်ရှိသည်။ သောက်ရေတစ်ခွက်ကို အမြန်ယူပြီး သောက်ချလိုက်ရသည်။

ရဲထွန်းအောင်သည် အိပ်မက်ဆိုးတစ်ခုမှ လန့်နိုးလာခြင်း ဖြစ်သည်။ သူမက်သော အိပ်မက်မှာ ကြောက်မက်ဖွယ်ကောင်းလှသည်။ သတိရ၍ ပတ်ခန်းကျင်ကို ကြည့်လိုက်သောအခါ အမှောင်ထု ဖုံးလွှမ်းကာစ နေဝင်ချိန်ဖြစ်နေသည်။ ရဲထွန်းအောင်သည် ကမျာကယာ ရေမိုးချိုးပြီး ပိုးရုပ်လက်တိုနှင့် ငွေပြာရောင် ဘန်ကောက်လုံချည်ကို ကောက်ဝတ်လိုက်သည်။ အခန်းထဲမှ လက်ဆွဲမီးအိမ်ကို မှိန်ထားခဲ့ပြီး အခန်းအပြင်သို့ ထွက်လာသည်။

'ဒါက ဘယ်သွားမလို့လဲ'

ကြီးတော် ဒေါ်ဖွားမေက အိမ်ရှေ့ခန်းတွင် ထိုင်၍ ပုတီးစိပ်ရင်းမှ လှမ်းမေးလိုက်သည်။

'ထွေးမေတို့အိမ် ခဏသွားမလို့ ကြီးတော်'

'နင့်အဖေ ပြောထားတာ မှတ်မိတယ်နော်၊ သောက်လား စားလားတွေ လုပ်မလာနဲ့၊ ဒီတစ်ခါ နင့်အဖေသိရင်တော့ သားအဖြစ်က စွန့်လွှတ်မှာ၊ နင် ခွေးဖြစ်လိမ့်မယ်၊ ကျပ်ကျပ်သတိထား'

'ကျွန်တော် ဘာမှမလုပ်ပါဘူး ကြီးတော်'

'ညနက်အောင်မနေနဲ့၊ စောစောပြန်လာခဲ့၊ ကြားလား'

'ဟုတ်ကဲ့'



ရဲထွန်းအောင်သည် ပြောပြောဆိုဆို အိမ်ပေါ်မှ အပြေးဆင်းလာခဲ့သည်။ စောစောက ခဏလေးမှေးခနဲဖြစ်သွားပြီး မက်သော အိပ်မက်က မကောင်း။ စိတ်ထဲမှာ လေးနေသည်။ အိပ်မက်က အိပ်မက်ဆိုးဖြစ်သည်။ ထွေးမေနှင့် နှစ်ကိုယ်တူချစ်ရည်တူမှုနေရာမှ မိန်းဖြစ်သွားပြီး မိန်းသည် ထွက်ပြေးရင်း ချောက်ထဲကျသွားသည့် အိပ်မက်ဆိုးဖြစ်သည်။ အိပ်မက်ဆိုသည်မှာ နိမိတ်ဖတ်ခြင်းပေလား။

ယခုမှ ထွေးမေ မျက်နှာလေးကို မြင်ချင် တွေ့ချင်စိတ် စောနေမိသည်။

ရင်တထိတ်ထိတ်နှင့် လျှောက်လာရင်း ထွေးမေတို့အိမ်ရှိရာ ရွာလယ်ပိုင်းသို့ ရောက်လာသည်။ ထွေးမေတို့အိမ်မှာ အိမ်နှင့်တွဲဖွင့်ထားသော ကုန်စုံဆိုင်ကြီးတစ်ဆိုင် ဖြစ်သည်။ အောက်လင်းဓာတ်မီး ထွန်းထားသဖြင့် လင်းထင်းလျက်ရှိသည်။ ဈေးဆိုင်ပေါ်တွင် ရဲထွန်းအောင် တွေ့လိုမြင်လိုသော ထွေးမေသည် အလှပန်းလေးတစ်ပွင့် ပွင့်နေသကဲ့သို့ ပုံ့ပုံ့ကလေး ထိုင်နေသည်။ ရဲထွန်းအောင်သည် အိမ်ပေါ်သို့တက်လိုက်ပြီး ထွေးမေ အနီးတွင် ထိုင်လိုက်သည်။

'ထွေးမေ တစ်ယောက်တည်းလား၊ အိမ်သားတွေရော ဘယ်သွားကုန်ကြသလဲ'

'အဖေနဲ့ အမေက ဒိုက်ဦးက ဆွေ့သည်တွေရောက်နေတယ်ဆိုလို့ နှစ်အိမ်ကျော်က ဦးစိုးညွန့်တို့အိမ်မှာ သွားတွေ့

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ မမကတော့ မီးဖိုချောင်ထဲမှာ အိုးတွေ ယန်းကန်တွေ သိမ်းနေတယ်'

ရဲထွန်းအောင် မေးလိုက်သည့် အမေးကို ထွေးမေက စိတ်ရှည်လက်ရှည် ပြန်ပြောပြသည့်အတွက် စိတ်ထဲတွင် ပေါ့သွားသည်။ ထွေးမေဆက်ဆံရေးက ဟိုတုန်းကလိုပဲ သူ့အပေါ် တရင်းတနှီးရှိသည်။ ခင်ခင်မင်မင် ရှိနေဆဲပင်။ ယခုလည်း နှစ်ယောက်တည်း တွေ့ခွင့်ကြုံပြီဖြစ်သောကြောင့် ရဲထွန်းအောင် ပျော်ရွှင်ကြည်နူးသွားသည်။

'နေဝင်ကာနီးမှ ဘယ်ကနေ လှည့်ဝင်လာတာလဲ'

ဝင်းပနုမွတ်နေသော ထွေးမေ မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်နေရာမှ ရဲထွန်းအောင် သတိပြန်ဝင်သွားသည်။

'ထွေးမေဆီကိုပဲ တမင်လာခဲ့တာ၊ ညနေက မှေးခနဲ အိပ်ပျော်သွားရင်း အိပ်မက်ထဲမှာ ထွေးမေနဲ့ တွေ့ရတယ်၊ ထွေးမေက ကိုယ့်အိပ်မက်ထဲအထိ စိုးမိုးထားတယ်၊ အိပ်ရာက ဖျတ်ခနဲနိုးနိုးချင်း ထွေးမေကို သတိရတာနဲ့ ထွက်လာခဲ့တာ'

'ကိုအောင်က ပြောရောမယ်'

'ပြောရမှာပေါ့ ထွေးမေရယ်၊ ကို ပြောထားတာ စဉ်းစားပြီးပြီလား၊ ထွေးမေဆီက အဖြေရဖို့ ဘယ်လောက်ထိ စောင့်နေရဦးမှာလဲ၊ ကို စိတ်မောလှတယ် ထွေးမေရယ်'

'ကျွန်မ စဉ်းစားနေတုန်းပဲလို့ ပြောထားတာပဲ'



'စဉ်းစားတာတော့ စဉ်းစားပေါ့ ထွေးမေရယ်၊ တစ်ခုခုတော့ တုံ့ပြန်ဖို့လိုတာပေါ့'

'ဟုတ်တယ် ကိုအောင်၊ အဖြေပေးတော့မယ့်ဆဲဆဲမှာ ကိုအောင့်သတင်းတွေ ကြားရလို့ ထပ်ပြီးစဉ်းစားနေရတာ'

ထွေးမေ စကားကို ကြားလိုက်ရသောကြောင့် ရဲထွန်းအောင်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ အမှားများကျူးလွန်ထားသူတစ်ယောက်ဖြစ်၍ ရင်ထဲတွင် နင့်ခနဲဖြစ်သွားသည်။ ဒုစရိုက်အမှုများကို မပြုလုပ်ခဲ့မိပါက ယခုအချိန်တွင် ထွေးမေ၏ ချစ်တုံ့ပြန်စကားကို ဝမ်းသာစွာ ကြားရမည်ဖြစ်သည်။ ကိုယ့်မိုက်ပြစ်အတွက် နောင်တရသွားသည်။

'နောက်ကို ဒီလိုအဖြစ်မျိုးတွေ မဖြစ်စေရပါဘူး ထွေးမေရယ်၊ အဖေရော ကြီးတော်ရော ဆူလိုက်တာ ရစရာမရှိတော့ဘူး၊ အခုလိုဖြစ်ရတာလည်း အမှန်ကတော့...'

ရဲထွန်းအောင် စကားမဆုံးမီမှာပင် နောက်ဖေးမီးဖိုဆောင်ဘက်မှ လျှောက်လာသော ခြေသံကြားလိုက်ရ၍ လှည့်ကြည့်မိလိုက်သည်။ ထွေးမေ မမဖြစ်သူ မမြမေ။ မမြမေသည် ရဲထွန်းအောင်ကို မြင်လိုက်ရသောအခါ ရွှံ့ရှာမုန်းတီးစွာဖြင့် ကြည့်လိုက်သည်။

'မောင်ရဲထွန်းအောင်က အချိန်မတော်မှ ဘာလာလုပ်တာလဲ၊ ပစ္စည်းအပေါင်ထားချင်လို့လား'

မမြမေ ပြောစကားကြောင့် ရဲထွန်းအောင် ခံပြင်းသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ လောင်းကစားသမားတစ်ဦးဖြစ်နေ၍ ငွေလိုသောကြောင့် ပစ္စည်းလာပေါင်ခြင်းဖြစ်ရမည်ဟု တမင်သက်သက်ချိုးနှိမ်ပြီး တစ်ဖက်သတ် စော်ကားလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရဲထွန်းအောင်အား အကျင့်စာရိတ္တ ပျက်ယွင်းသူအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်သည်။ သို့သော် ထွေးမေရှေ့တွင် ဖြစ်နေ၍ ရဲထွန်းအောင် သည်းခံပြီး မျိုသိပ်လိုက်သည်။ ဒေါသအလျောက် ပြန်မပြောမိရန် စိတ်ကိုလျှော့ချလိုက်ရသည်။

'ဗျာ… ပစ္စည်းအပေါင်ထားဖို့လာတာ မဟုတ်ပါဘူး၊ ဒါမျိုးတွေလည်း ကျွန်တော် မလုပ်ပါဘူး၊ ထွေးမေဆီ သက်သက်လာတာပါ'

'အေးကွယ်… တို့အိမ်က ဈေးရောင်းတဲ့အိမ်ဆိုတော့ အကျင့်စာရိတ္တကောင်းတဲ့သူတွေပဲ လက်ခံတယ်၊ စာရိတ္တမကောင်းတဲ့သူတွေအဖို့ အခုလို ညအချိန်မှာ လာဖို့မကောင်းဘူး'

'ဩော်… မမကလည်း ဘာတွေလျှောက်ပြောနေတာလဲ'

ထွေးမေက အားနာစွာဖြင့် ဝင်ရောက်ဟန့်တားလိုက်သည်။

'ဘာတွေလျှောက်ပြောရမှာလဲအေ့၊ အချိန်မတော် အချိန်တော် အရက်သမားတွေ၊ လောင်းကစားသမားတွေ အိမ်လာတာ ဘယ်ကောင်းပါ့မလဲ'



မမြမေက မဲ့ကာရွဲ့ကာနှင့် ခပ်ပြတ်ပြတ်ပြောဆိုပြီး ပညာသားပါပါနှင့် လွှတ်သောကြောင့် ရဲထွန်းအောင်သည် ထွေးမေအား မချင့်မရဲနှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။ မမြမေဆိုသည့် ထွေးမေမမဖြစ်သူကို သူ ကြည့်မရ။ သူ့အပေါ် ချိုးနှိမ်ပြီး ဆက်ဆံပြောဆိုလိုက်သောကြောင့် ဒေါသပြင်းစွာ ထွက်မိသည်။

ရွာလယ်လမ်းမပေါ်တွင် ရဲထွန်းအောင်သည် စိတ်ပျက်လက်ပျက်နှင့် လျှောက်လာခဲ့မိသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

ထွေးမေတို့ အိမ်မှ ပြန်ထွက်လာချိန်မှာ အမှောင်ရိပ်များ သန်းနေသည်။

ဦးတည်ချက်မရှိ စိတ်ပျက်လက်ပျက်နှင့် ခေါင်းငိုက်စိုက်လျှောက်လာသော ရဲထွန်းအောင်သည် ဈေးဘက်သို့သွားသည့်လမ်းချိုးအကွေ့သို့ ရောက်လာသည်။ ထိုစဉ် အမှောင်ရိပ်ထဲမှ လူတစ်ယောက် ထွက်လာပြီး သူ့နောက်မှ ပခုံးကိုလှမ်းပုတ်လိုက်သည်။ အမှတ်တမဲ့ဖြစ်၍ ရဲထွန်းအောင် လန့်သွားသည်။ တစ်စုံတစ်ယောက်က ရန်ပြုလာသည်အထင်နှင့် ဖျတ်ခနဲလှည့်လိုက်ပြီး ပြန်လည်တိုက်ခိုက်ရန် ရင်ဆိုင်လိုက်သည်။

'ငါပါကွ… မင်း တစ်နေ့လုံး ဘယ်ပျောက်နေတာလဲ၊ ဖိုးဇော်နဲ့ တွေ့တော့လည်း မင်းကိုမတွေ့ဘူးလို့ ပြောတယ်'

အမှောင်ရိပ်ထဲမှထွက်လာသူမှာ တစ်ကျွန်းပြန်ညိုအေးဖြစ်သည်။ သူ့ပုံစံကိုကြည့်ရသည်မှာ ရွှင်လန်းလျက် ပျော်နေပုံရသည်။



'မနက်က အမေရောက်လာတာနဲ့ အထုခံလိုက်ရဘယ်၊ လယ်ထဲကိုလိုက်ခဲ့ဆိုပြီး ခေါ်သွားတာနဲ့ လိုက်သွားတာ'

တစ်ကျွန်းပြန်ညိုအေးနှင့် တွေ့လိုက်ရသောကြောင့် ရဲထွန်းအောင် လန့်သွားသည်။ အဆင်ပြေအောင် ညာပြီးပြောလိုက်သည်။

ဖိုးဇော် တစ်ကျွန်းပြန်ညိုအေးတို့နှင့် ပေါင်းမိသောကြောင့် ဒုက္ခရောက်ရသည်။ ထွေးမေ မမဖြစ်သူ မမြမေ၏ စော်ကားခြင်းကို ခံရသည်။

တရားခံမှာ သူတို့နှစ်ယောက်ကြောင့်သာ ဖြစ်သည်။ ထို့ကြောင့်လည်း တစ်ကျွန်းပြန်ညိုအေးကို သူ ရှောင်ဖယ်ဖယ်လုပ်နေမိသည်။

'ဒီနေ့ကွာ ပျော်လိုက်တဲ့ဒိုင် ဝက်ဝက်ကွဲတာပဲ၊ ငါ ငါးရာလောက်နိုင်လာတယ်၊ မင်း ဘာလုပ်ချင်သလဲ၊ ပြော'

'ဘာမှမလုပ်ချင်ပါဘူး ကိုညိုအေးရာ၊ အခု ကျွန်တော်စိတ်ညစ်နေတယ်'

'ဘာတွေ ညစ်နေတာလဲ'

'အခုပဲ ထွေးမေတို့ အိမ်ဘက်က ပြန်လာတာ၊ မမြမေ ကျွန်တော့အပေါ် ဆက်ဆံတာ တော်တော်စော်ကားလွန်းတယ်'

'ဘယ်လိုဖြစ်တာလဲကွာ၊ ကဲ… အေးအေးဆေးဆေး စကားပြောရအောင် လိုက်ခဲ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'မလိုက်တော့ပါဘူးဗျာ'

'ဘယ်ဟုတ်မလဲကွ၊ မင်းက ငါတို့ရဲ့ ကျေးဇူးရှင်ပဲ၊ မင်းပေးခဲ့တဲ့ငွေနဲ့ မ,တည်ပြီးကစားလို့ ငါတို့ ဆက်တိုက်အနိုင်ရတာ၊ မင်းကျေးဇူး ရှိတာပေါ့ကွာ၊ ကျေးဇူးရှင်လေးဆိုတော့ ကျေးဇူးဆပ်ရမှာပေါ့၊ ပြီးတော့ အခု မင်း ဘာတွေဖြစ်လာလဲ၊ ငါက ဘာကူညီပေးရမလဲ၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့ကွာ'

တစ်ကျွန်းပြန်ညိုအေးက ရဲထွန်းအောင်အား အတင်းဆွဲခေါ်သည်။ ရဲထွန်းအောင်က ဇွတ်ငြင်းသော်လည်း ငြင်းမရ။ လောလောဆယ်ဆယ်တွင် စိတ်က ညစ်နေသည်။ မမြမေ ပြောစကားများက နားထဲကမထွက်။ ပြန်ပြောဖို့ဆိုသည်ကလည်း ကိုယ့်ဘက်က သူတို့ပြောသည့်အတိုင်း မှားခဲ့သူဖြစ်နေသည်။

တစ်ခုခုတော့ ပြန်ပြီးလက်စားချေမှ ဖြစ်မည်။ အတွေ့အကြုံရင့်ကျက်သော တစ်ကျွန်းပြန်ညိုအေးနှင့် တိုင်ပင်ရလျှင် ကောင်းမည်လား။

တစ်ကျွန်းပြန်ညိုအေးဆိုသည့်အတိုင်း ကျွန်းမှ မသေဘဲ ပြန်လာသူ ဘဝစုံသည်။

အတွေ့အကြုံစုံသည်။ အလုပ်မျိုးစုံ လုပ်ကိုင်သူဖြစ်သည်။

ထိုနေ့ညက တစ်ကျွန်းပြန်ညိုအေး ခေါ်ရာလိုက်ခဲ့ပြီး



ဆုံးစံအတိုင်း ပေါက်ဖော်ကြီးဖိုးတုတ်၏ ဖိုးတုတ်ခေါက်ဆွဲဆိုင်သို့ ရောက်ရှိသွားပြန်သည်။

'ကဲ... ဘာမှညစ်မနေနဲ့၊ မင်း ဖြစ်ခဲ့တာတွေ အေးအေးဆေးဆေး ပြောချကွာ'

တစ်ကျွန်းပြန်ညိုအေးက သံပရာဆီဒါနှင့် ချက်အရက်ရောထားသော ဖန်ခွက်အား ရဲထွန်းအောင်ရှေ့သို့ ထိုးပေးလိုက်ပြီး ပြောလိုက်သည်။

ရဲထွန်းအောင်သည်လည်း စိတ်ကညစ်နေ၍ လောလောဆယ်ဆယ် ဘာမှမစဉ်းစားတော့ဘဲ တစ်ကျွန်းပြန်ညိုအေး ပေးသည့် အရက်ခွက်ကို လှမ်းယူရင်း မော့ချလိုက်သည်။

'ယောက်ျားပဲကွာ၊ သွေးကြောင်မနေစမ်းပါနဲ့၊ ဒီမယ် ရဲထွန်းအောင်၊ မင်း မှတ်ထား၊ မသောက်မစားလူ့ငနွား မယားအိမ်ကဆဲလတ္တံ့၊ သောက်သောက်စားစား လူမင်းသား၊ မယားအိမ်က ဖူးလတ္တံ့တဲ့၊ ငါတို့က လူမင်းသားတွေလေကွာ၊ အဲ... ဒါပေမဲ့ မယားမရှိတာတော့ ခက်တယ်'

'ကျွန်တော့်မှာလည်း မယားမှမရှိတာ၊ လူပျိုနနထွတ်ထွတ်လေးဆိုတော့ ဘယ်က မယားက လာဖူးမှာလဲဗျာ'

အရက်ခွက်များ သုံး၊ လေးခွက် ဝင်သွားပြီဖြစ်၍ ရဲထွန်းအောင် စိတ်များ ရွှင်ပျလာသည်။

'မင်းလားကွ လူပျိုနနထွတ်ထွတ်၊ ဟား... ဟား'

'မယားမရှိရင် ရှာပေါ့ကွာ၊ ငါကတော့ ရှာရဲဘူး

www.burmeseclassic.com

www.burmeseclassic.com



ရဲထွန်းအောင်၊ သားကျွေးမှု မယားကျွေးမှုက တယ်ဒုက္ခကြီးတာပဲ၊ ငါ့မိန်းမ သေပြီးတည်းက တစ်ကိုယ်တည်း မုဆိုးဖိုကြီး လုပ်လာတာ၊ ဒါတောင် သားသမီးမရှိလို့ တော်သေးတယ်၊ ဒီမှာ တွေ့လား၊ ဒါမှ ကိုယ့်မယားအစစ်ကွ'

တစ်ကျွန်းပြန်ညီအေးသည် ပြောပြောဆိုဆို အရက်ခွက်ကို ကိုင်မြှောက်ပြီး မော့ချလိုက်သည်။

'ဟေ့ ... ပေါက်ဖော်ဖိုးတုတ်၊ နောက်တစ်လုံး အခေါက်ကင်ပါ တစ်ပွဲပေးကွာ'

ပေါက်ဖော်ကြီးထံမှ အသံထွက်လာသည်။

'ထားရင် နံပါတ်တစ်... အရက်တစ်လုံးနဲ့ အခေါက်ကင်တစ်ပွဲ'

မကြာမီမှာပင် ထားရင်က အရက်တစ်လုံးနှင့် အခေါက်ကင်တစ်ပွဲ လာချပေးသည်။

'စားကွာ ရဲထွန်းအောင်၊ ကျေးဇူးရှင်လေး၊ မင်းကျေးဇူးတွေကြောင့် အခုလို ပျော်ပျော်ပါးပါး သောက်စားလို့ရတာ'

'အင်း... ကျွန်တော်လည်း အခုမှ နေသာထိုင်သာရှိသွားတယ်၊ စောစောကဆိုရင် စိတ်ထဲမှာ မခံချိမခံသာနဲ့ အတော်ဒေါသထွက်နေတာ'

'ဒါထက် စောစောက ဒီဆိုင်မလာခင် လမ်းမှာ မင်းပြောပါတယ်၊ မင်းကောင်မလေး ထွေးမေတို့ အိမ်ဘက်က



ပြန်လာတာဆို၊ မမြမေက ဘာပြောလိုက်လို့လဲ'

'ကျွန်တော့်ကို အရက်သမား၊ လောင်းကစားသမားလို့ ပြောလိုက်တာ၊ တော်တော် စိတ်ထဲအခံရခက်လို့ပါ'

'ဘာကွ... ဒီကောင်မ မြမေက ဒီလိုပဲ ပြောသလား၊ ထွီ... ရုပ်က နှစ်ပြားမတန်တဲ့ရုပ်နဲ့၊ ဒီမယ် ရဲထွန်းအောင်၊ အရက်သမား လောင်းကစားသမားဆိုတာ ဘယ်ဆင်းရဲသားဆီကမှ အမြတ်ကြီးမစားဘူး၊ ဘယ်သူ့ကိုမှလည်း မတရားမလုပ်ဘူး၊ ကိုယ့်လုပ်စာနဲ့ကိုယ် လောင်းတယ်၊ သောက်တယ်၊ ဘာဖြစ်လဲ၊ မြမေတို့ကျ ဒီလိုမဟုတ်ဘူး၊ ကုန်ပစ္စည်းတွေပေါ် မတရား အမြတ်တင်ရောင်းတယ်၊ ငွေတိုးချေးတယ်၊ အပေါင်ခံတယ်၊ ဒီဘဝကသေရင် ငရဲခံရမယ့်ကောင်မတွေ'

တစ်ကျွန်းပြန်ညီအေးက မဟုတ်လျှင် မခံတတ်သူ၊ မတရားတာမြင်လျှင် လက်ပိုက်ကြည့်နေသူမဟုတ်။ မမြမေ ဘဝရပ်တည်မှုအား အချက်ကျကျနှင့် ပိုင်ပိုင်နိုင်နိုင် ပြောလိုက်သောကြောင့် ရဲထွန်းအောင် ပြုံးလိုက်သည်။ ဝက်ခေါက်ကင်အား တစိမ့်စိမ့်ယူစားရင်း တစ်ကျွန်းပြန်ညီအေး ပြောစကားများကို နားထောင်နေမိသည်။

'မင်းကို သေချာမေးရဦးမယ်'

'ဘာများလဲ ကိုညီအေး'

တစ်ကျွန်းပြန်ညီအေးက ရဲထွန်းအောင် မျက်နှာကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုကွာ… မင်း မြမေညီမ ထွေးမေကို တကယ်ချစ်တာလား'

'ဘယ့်နှယ်ပြောပါလိမ့် ကိုညိုအေးရာ၊ ကိုညိုအေးလည်း သိသားပဲ၊ ကျွန်တော်တို့ ကောလိယရွာအပြင် ရွာနီးချုပ်စပ်က ရွာတွေမှာရော ထွေးမေလောက် ချောတဲ့လှတဲ့သူ တစ်ယောက်မှမရှိဘူးလေ'

'သြော်… မင်းက ချောတာ လှတာလောက်ပဲ သိတာကိုး၊ ဒီမယ် ရဲထွန်းအောင်၊ ထွေးမေဟာ တကယ်တော့ ဘာလဲ'

'ဘာကို ဘာလဲဗျ'

ရဲထွန်းအောင်က တစ်ကျွန်းပြန်ညိုအေးကို နားမလည်သဖြင့် ခပ်ကြောင်ကြောင်ပြန်ကြည့်ရင်း မေးလိုက်သည်။

'ဘာရမလဲကွ၊ ထွေးမေဆိုတာ မိန်းမပဲမဟုတ်လား'

'ဟုတ်တယ်လေ မိန်းမပဲ၊ အဲဒါ ဘာဖြစ်လို့လဲ'

'ဒီလိုလေကွာ… ထွေးမေလည်း မိန်းမဖြစ်သလို မိနှန်းကလည်း မိန်းမပဲမဟုတ်လား၊ ထွေးမေ ချောသလို မိနှန်းလည်း လှတာပါပဲကွာ၊ ဒါပေမဲ့ ထွေးမေက မိဘပိုက်ဆံရှိလို့ ဂုဏ်ရှိတယ်၊ မိနှန်းကျတော့ ဆင်းရဲလို့ ဂုဏ်မရှိဘူး၊ ဒါပဲကွာ တာပဲ၊ ထွေးမေနဲ့ အဆင်မပြေလည်း မိနှန်းတစ်ယောက်လုံး ရှိပါသေးတယ်'

'ဟာဗျာ… ကျွန်တော်က မိနှန်းလို အရုပ်ပျက်မလေး



တစ်ယောက်ကို တင့်တောင်းတင့်တယ်နဲ့ ရှုသိရှင်ကြားလက်ထပ်ယူလို့ ဖြစ်နိုင်ပါ့မလားဗျ'

'သြော်… ရဲထွန်းအောင်ရယ်၊ မင်း ငါပြောတာ သဘောမပေါက်ဘူး၊ တော်တော်အ တော်တော်ဝေးတာပဲ၊ မင်းကို မိနှန်းနဲ့ လက်ထပ်ယူဖို့ပြောတာ မဟုတ်ဘူး၊ သစ်မရခင် စပ်ကြားမှာ ဝါးနဲ့ကွပ်ရတယ်ဆိုတဲ့စကား မင်း ကြားဖူးတယ် မဟုတ်လား၊ ထွေးမေနဲ့ အဆင်မပြေခင် အခိုက်အတန့်လေးမှာ ထွေးမေလည်း မိန်းမ၊ မိနှန်းလည်း မိန်းမ၊ ထွေးမေအစား မိနှန်းနဲ့ ပျော်ပျော်နေလိုက်တော့ရော မရဘူးလား၊ ဒါကိုပြောတာ'

ရဲထွန်းအောင်သည် တစ်ကျွန်းပြန်ညိုအေး၏ ... ပေးစကားကို ကြားလိုက်ရသောအခါ လွန်စွာ ... ကျသွားသည်။ ကိုညိုအေးတို့က သူ့ထက် အ... အရွယ်ကြီးသလို အတွေ့အကြုံများသူ၊ ဘဝစုံသူဖြစ်... အကျိုးအကြောင်းနှင့် စကားပြောကောင်းသူ ဖြစ်...သည်။

အမှန်တော့လည်း ယခုအချိန်တွင် ထွေးမေ အချစ်ကို ရယူရန် အလှမ်းဝေးနေသည့်အချိန် ဖြစ်သည်။ အချစ်ကြောင့် စိတ်ညစ်ပြီး အချစ်ပင်လယ်ကြောတွင် တစ်ယောက်တည်း မျောနေရသကဲ့သို့ ဖြစ်သည်။ အချစ်ပင်လယ်ဆိုသည်မှာ တစ်ယောက်တည်းမျောဖို့ မဟုတ်။ မိတ္တယ်စရာ အဖော်ရှိမှ မျောလို့ ကောင်းမည်။

www.burmeseclassic.com



မိနန်းသည် မိုတွယ်စရာအဖော်၊ အချစ်ပင်လယ်ကြောတွင် မိနန်းနှင့် ပျော်ပျော်ကြီးမျောလို့ရသည်။ လွတ်လွတ်လပ်လပ်ကြီး ချစ်ခွင့်ရသည်။ တစ်ကျွန်းပြန်ညီအေး ပြောသည့်စကားများကို ရဲထွန်းအောင် နားလည်သဘောပေါက်သွားသည်။

'ကိုညီအေး… ကျွန်တော် ဒီည မိနန်းနဲ့ တွေ့ချင်တယ်ဗျာ၊ အဲဒီ နတ်မိမယ်လေးကို ဘယ်မှာသွားရှာရမလဲ'

ရဲထွန်းအောင်က ဆန္ဒပြင်းပြစွာ အလောတကြီးမေးလိုက်သော်လည်း တစ်ကျွန်းပြန်ညီအေးက အေးအေးဆေးဆေးပင် ပြုံးရွှင်သောမျက်နှာနှင့် စိုက်ကြည့်လိုက်သည်။ ထို့နောက် ...ပြန်မပြောသေးဘဲ အရက်ခွက်ကို မော့သောက်လိုက်သည်။

'လုပ်ပါဗျ… ဒီည နတ်မိမယ်လေး မိနန်းကို တွေ့ရအောင် စီစဉ်ပေးဗျာ'

'စီစဉ်ပေးတာက ရပါတယ်၊ ဒါပေမဲ့ နည်းနည်းစွန့်စားခန်းလေးလုပ်ဖို့တော့ လိုတယ်'

'ဒါဖြင့်လည်း ခုသွားကြမယ်ဗျာ'

ရဲထွန်းအောင်က ပြောပြောဆိုဆို ထိုင်နေရာမှ ထရပ်လိုက်သည်။

'မင်းကလည်း ပြောမိကာမှ မှားပြီလားမသိဘူး၊ ခုဆိုခု ချက်ချင်းပဲ၊ ဒီမှာ လက်ကျန်လေးတွေ အပြတ်ဖြတ်ရဦးမယ်၊



အချစ်ဆိုတာ ဝုန်းဒိုင်း...လို့ ရတာမဟုတ်ဘူး၊ အချိန်ယူရတယ်၊ စဉ်းစားရတယ်၊ မိန်းမတွေရဲ့အထာကို ကျွမ်းဖို့လိုတယ်၊ မိနန်းတို့လို မိန်းကလေးတွေက ငွေပေးပြီး ပျော်ပါးဆက်ဆံဖို့ ဆိုပေမယ့် သူ့အကြောင်းနဲ့သူ အခက်အခဲလေးတွေ ရှိတတ်တယ်

အလောတကြီး ထလိုက်သော ရဲထွန်းအောင်သည် အနည်းငယ်ရှက်သွားပြီး ကိုယ်ရှိန်သတ်ကာ ပြန်ထိုင်လိုက်ရသည်။ လက်ကျန်အရက်များကို ခွက်ထဲထည့်သောက်ရင်း မိနန်းအကြောင်းကို ရဲထွန်းအောင် စဉ်းစားနေမိသည်။

မိနန်း တကယ်တော့ မိနန်းသည် ထွေးမေလို့ ချောမောလှပသော မိန်းကလေးတစ်ဦးဖြစ်သည်။ ထွေးမေက သွယ်သွယ်လျလျ အသားအရေဝင်းပပနှင့် ယဉ်သည်။ မိနန်းကျတော့ သည်လိုမဟုတ်။ ဖြူဖြူတုတ်တုတ်ကလေးနှင့် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်လှပသည်။ ပွင့်လင်းရဲတင်းစွာ အရိုင်းဆန်သည်။

ထွေးမေက ပဒ္ဒည်းဥစွာ ငွေကြေးနေ ချမ်းသာကြွယ်ဝသည်။ မိနန်းသည်လည်း ထွေးမေလို့ ပဒ္ဒည်းဥစွာ ကြွယ်ဝချမ်းသာလျှင် ယောကျ်ားလေးများက လိုလိုလားလား မက်မက်မောမော လက်ထပ်ပေါင်းသင်းလိုကြပေလိမ့်မည်။

ယခုတော့ ဆင်းရဲနွမ်းပါးသော ဘဝထဲတွင် မိနန်းအလှသည် တောက်ပခြင်းမရှိဘဲ ယောကျ်ားတကာတို့၏ ပျော်

www.burmeseclassic.com

www.burmeseclassic.com



ပါးစရာဘဝ၊ ညနတ်မိမယ်လေးအဖြစ် အသုံးတော်ခံနေရခြင်း ဖြစ်သည်။

ရဲထွန်းအောင်သည် တွေးကြည့်မိလိုက်မှ မိနန်း ဘဝလေးကို သနားကြင်နာသွားသည်။ အမှန်တော့လည်း ရဲထွန်းအောင်၏ လူပျိုဘဝ စတင်မြူပ်နှံခဲ့ရာ အချစ်ရေယဉ်ကြောတွင် ကောင်းစွာကူးခတ်နိုင်ရန် မိနန်းက စတင်သင်ပြပေးခဲ့သူသာ ဖြစ်သည်။ မိနန်း၏ အပြောအဆို၊ အမူအရာ၊ မိနန်း၏ ရင်ခုန်သံကို ကြားနေရသည်ထင်သည်။

ရဲထွန်းအောင်အနေနှင့် မိနန်းအား အတည်တကျ လက်ထပ်ပေါင်းသင်းနေနိုင်ရန် စိတ်မကူးဝံ့သော်လည်း မိနန်းကို စွဲလမ်းခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။ မိနန်း၏ အပြုအစု အယုအယများ၊ မိနန်း၏ ရင်ခုန်သံများ၊ မိနန်း၏ ရင်ခွေးနွေးလေးများသည် ရဲထွန်းအောင် ဘဝတစ်သက် မမေ့ရက်နိုင်စွမ်း မရှိ။ မိနန်းသည် ရဲထွန်းအောင်၏ အချစ်ဦးဖြစ်သည်။ တွေးရင်း တွေးရင်း မိနန်းကို တွေ့လိုစိတ်က ပို၍ပြင်းပြလေသည်။ လက်ကျန်ခွက်ထဲမှ အရက်ခွက်ကို ကုန်အောင်မော့သောက်ပစ်လိုက်ပြီး…

'ကိုညိုအေး ခင်ဗျား ခွက်ထဲက လက်ကျန်တွေ မြန်မြန်ရှင်းဗျာ၊ သွားကြရအောင်'

တစ်ကျွန်းပြန်ညိုအေး၏ ပြူးကျယ်သော မျက်လုံးများက နီရဲလျက် ပို၍ပြူးထွက်သွားသည်။ ညိုအေးက အရက်ခွက်



ကို မော့သောက်လိုက်ပြီး တဟားဟားနှင့် သဘောကျစွာ ရယ်မောလိုက်သည်။

'ကဲ… သွားကြစို့'

တစ်ကျွန်းပြန်ညိုအေးက ပေါက်ဖော်ကြီး ဖိုးတုတ် ထိုင်နေသော ကောင်တာတွင် ငွေများရှင်းပေးခဲ့ပြီး ဖိုးတုတ်ခေါက်ဆွဲဆိုင်ထဲမှ ထွက်လာကြသည်။ ဆိုင်အပြင်ဘက်သို့ ရောက်လျှင် တစ်ကျွန်းပြန်ညိုအေးက ရဲထွန်းအောင်နားကပ်၍ အရေးတကြီး သတိပေးစကားကို ပြောလိုက်သည်။

'ညနေက ဖိုးဖော်နဲ့ ဓားတောင်ကို တွေ့လိုက်တယ်၊ ဒီည ဓားတောင်ဆီမှာ မိနန်းရှိမှာ ကျိန်းသေတယ်၊ နည်းနည်းသွေးပူလေ့ကျင့်ခန်း လုပ်ရလိမ့်မယ်၊ အဲဒီကို သွားကြတာပေါ့ကွာ'

✤ ✤ ✤

www.burmeseclassic.com

တစ်ကျွန်းပြန်ညိုအေးနှင့် ရဲထွန်းအောင်တို့သည် ကောလိယရွာအပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။ ရီဝေဝေ အရက်မူးလာသလို အပျော်ကြူးရှန် စိတ်ကူးများနှင့်သာ ခြေလှမ်းသွက်နေသော ရဲထွန်းအောင်သည် အဖေပြောစကား၊ ကြီးတော်အမှာစကားကို လုံးဝသတိမရတော့ပေ။

လမိုက်ညဖြစ်၍ မှောင်မည်းနေသည်။ နှင်းစက်များကလည်း တပေါက်ပေါက်ကျလျက်ရှိသည်။ လမ်းမပေါ်ရှိ မြက်ဖျားပေါ်တွင် နှင်းရည်စက်များနှင့် စိုစွတ်နေပေသည်။ ရွာပြင်တွင် တောတန်းလေးတစ်ခု ရှိသည်။ တောတန်းလေးအစွန်ရှိ တဲအိမ်ရှေ့တွင် နှစ်ဦးစလုံး ရပ်လိုက်ကြသည်။

တဲအိမ်လေးအတွင်းမှ တလက်လက် မီးရောင်လေးများသည် ထရံကြို ထရံကြား အပေါက်ကလေးများမှ အပြင်ဘက်သို့ ခေါင်းပြူထွက်လာကြသည်။ အမှောင်ထုအား ကြောက်ရွံ့နေပုံရသည်။ အိမ်ထဲမှ မိနန်း၏ ရယ်သံလွင်လွင်လေးကို ကြားလိုက်ရသဖြင့် ရဲထွန်းအောင် ရင်များ တသိတ်



ထိတ်ခုန်လာသလို တခြားသူ့ရင်ခွင်ထဲ ရောက်နေသော မိနန်းအား မနာလိုဒေါသ ဖြစ်သွားမိသည်။

တစ်ကျွန်းပြန်ညိုအေးသည် ကဲလားတံခါးပေါက်အား တဒုန်းဒုန်းထုလိုက်သည်။

'ဟေ့… အပြင်က ဘယ်ကကောင်တွေလဲကွ'

ခက်ထန်မာကျောသော ယောကျာ်းသံက ဟိန်းထွက်လာသလို ဝုန်းခနဲ တံခါးပွင့်သွားသည်။ တစ်ကျွန်းပြန်ညိုအေးနှင့် ရဲထွန်းအောင်တို့ နှစ်ယောက်သား အိမ်ထဲသို့ ဝင်လိုက်ကြသည်။ ရေနံမီးခွက် အလင်းရောင်အောက်တွင် ကပိုကရိုလှနေသော မိနန်းသည် ဝိုင်းစက်သော မျက်လုံးလေးများနှင့် အထိတ်တလန့် ဖြစ်နေပုံရသည်။

'ငါ ဘယ်သူလဲဆိုတာ မင်းသိရဲ့လား'

မိနန်းနှင့်အတူရှိနေသော ဗလကောင်းကောင်း မျက်နှာပေါက်ဆိုးဆိုးနှင့်လူက ထပ်မေးလိုက်သည်။

'ဖိုးဇော် ပြောလို့ သိပြီးသားပါ၊ မားတင်ဆိုတာ မင်းကိုး၊ နာမည်သာ ကြီးနေတာ၊ တကယ်တွေ့တော့လည်း ဘာမှမဟုတ်ပါဘူး'

'အလို့… အတော်လာတဲ့ကောင်ပါလား'

မားတင်က မထေ့တထေ့ ပြုံးလိုက်သည်။

'မိနန်းကို ငါခေါ်လာတယ်ဆိုတာရော မင်းတို့ သိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှသိစရာမလိုဘူး၊ တကယ်တမ်း မင်းသိထားရာမှ မင်းခေါ်လာတဲ့ မိန်းကို ငါတို့လက်ထဲ ထည့်လိုက်ဖို့ပဲ'

'မင်းလက်ထဲထည့်လိုက်ရအောင် မင်းက ဘာ့ကောင်လဲ၊ ဓားတောင်အကြောင်းကို ကောင်းကောင်းမသိသေးဘူးထင်တယ်'

ဓားတောင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း အံကြိတ်လိုက်သဖြင့် မေးကြောကြီးများ ထောင်တက်လာသည်။ တစ်ကျွန်းပြန်ညှိုအေးကလည်း ကောလိယရွာတွင် နာမည်တစ်လုံးနှင့် နေသူဖြစ်သည်။ သူ့အနေနှင့် ဓားတောင်လိုလူမျိုးကို မှုစရာမလိုပေ။ တစ်ရွာလုံးက တစ်ကျွန်းပြန်ညှိုအေးဆိုလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြသည်။ တစ်ကျွန်းပြန်ညှိုအေးက လက်မြန်သည်။ မဟုတ်မခံ သတ္တိရှိသည်။

ဓားပြတိုက်၊ လုယက်ခိုးယူခြင်း မရှိသော်လည်း မတရားစော်ကားသော လူတစ်ယောက်အား ရဲတင်းနှင့် ခုတ်သတ်ခဲ့သောကြောင့် တစ်ကျွန်းသို့ပင် ရောက်ခဲ့ဖူးသည်။ တခြားရပ်ရွာများမှ မိုလ်ကျလာသော လူမိုက်များကိုလည်း ပြောင်ပြောင်တင်းတင်း စိန်ခေါ်ရိုက်နှက်ခဲ့ဖူးသည်။ ထို့ကြောင့်လည်း ရွာမှလူများက ရွံ့ကြောက်သဘောမျိုးမဟုတ်ဘဲ ချစ်ကြောက်ခဲ့သူ ဖြစ်သည်။ ရပ်ရေးရွာရေးတွင်လည်း ရှေ့ဆုံးမှ ခုခံကာကွယ်ပေးသူဖြစ်သည်။

ယခုလည်း တခြားရပ်ရွာမှ ဓားတောင်ဆိုသူနှင့် တစ်



ကျွန်းပြန်ညှိုအေးတို့ တွေ့ကြပြီဖြစ်သည်။ ရဲထွန်းအောင်ကသည်း ကြောက်ရွံ့တတ်သူ မဟုတ်။ ဓားတောင်၏ လှုပ်ရှားမှုကို သတိထားပြီး စောင့်ကြည့်နေသည်။ ဓားတောင်က ဝုန်းခနဲထရပ်လိုက်သည်။

'မင်းတို့ ခုချက်ချင်း ဒီအိမ်ပေါ်က ဆင်းသွားရင်ကောင်းမယ်'

'မဆင်းတော့ မင်းက ဘာလုပ်ချင်လဲ'

တစ်ကျွန်းပြန်ညှိုအေးက မခန့်လေးစား ပြန်ပြောလိုက်ရင် လျှင်မြန်ဖျတ်လတ်စွာ ခုန်ဝင်လိုက်ပြီး ဓားတောင် မျက်ခွက်ဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ မထင်မှတ်သည့်တိုက်ကွက်ကြောင့် ဓားတောင်မှာ ဘိုင်းခနဲ လဲကျသွားသည်။ သို့သော် ချက်ချင်းပင် အားယူပြန်ထလာပြီး ခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ မီးရောင်ထဲတွင် ဓားမြှောင်က လက်ခနဲဖြစ်သွားသည်။

တစ်ကျွန်းပြန်ညှိုအေး မျက်နှာပေါ်သို့ ဝိုက်၍ကျလာသော ဓားမြှောင်ချက်များအား ခေါင်းကိုတိမ်းပြီး ငုံ့ရှောင်လိုက်သည်။ နှစ်ယောက်စလုံးမှာလည်း အရပ်အမောင်း မတိမ်းမယိမ်း၊ ဗလချင်းကလည်း ညီမျှနေသောကြောင့် သူတစ်ပြန်ငါတစ်လှည့် ထိုးသတ်လျက်ရှိသည်။ အထူးသဖြင့် တစ်ကျွန်းပြန်ညှိုအေးသည် ဓားတောင်၏ ဝှေ့ဝိုက်ဝင်လာသော ဓားချက်များကို မထိအောင် ရှောင်နေရသောကြောင့် ပြန်လည်ထိုး

www.burmeseclassic.com



သတ်ခွင့်မရဘဲ ဖြစ်နေသည်။ လက်နက်ရှိသူနှင့် လက်နက်မဲ့သူ ထိုးသတ်ပွဲဖြစ်သည်။

တစ်ကျွန်းပြန်ညိုအေးက နောက်သို့ဆုတ်လိုက်သလို မားတောင်ကလည်း လက်ကိုမြှောက်ရင်း တအားထိုးစိုက်ရန် ဟန်ပြင်လိုက်သည်။ ရဲထွန်းအောင်က လျင်မြန်စွာဖြင့် မားတောင် မြှောက်ထားသော လက်ကို ခြေနှင့်တအားကန်ထည့်လိုက်ရာ မားမြှောင်မှာ လွင့်စဉ်ထွက်သွားသည်။ မားတောင်က ချက်ချင်းပင် ရဲထွန်းအောင်ဘက်သို့လှည့်၍ ခုန်အုပ်လိုက်သည်။ ရဲထွန်းအောင် ကိုယ်ပေါ်တွင် ခွစီးပြီး လည်မျိုကို ညှစ်ထားသည်။

ထိုစဉ် တစ်ကျွန်းပြန်ညိုအေးသည် ကဲလားထောက်ထားသော ဝါးလုံးကို လျင်မြန်စွာဆွဲယူလိုက်ပြီး မားတောင် ဦးခေါင်းကို ရိုက်ချလိုက်သည်။ သွေးများ ဖြာထွက်သွားပြီး မားတောင်သည် ရဲထွန်းအောင် ကိုယ်ပေါ်မှ ငိုက်ကျသွားသည်။

'ဘယ်လိုလဲ… နာမည်ကြီးတဲ့ မားတောင်၊ ညိုအေး အကြောင်း သိပြီမဟုတ်လား'

'အေး… မင်း မသိသေးရင် မှတ်ထားလိုက်ဦး၊ ငါ့နာမည်က တစ်ကျွန်းပြန်ညိုအေး၊ ဟောဒီ ကောလိယတစ်ရွာလုံးသိတယ်'

မားတောင်မှာ ဦးခေါင်းကို လက်နှင့်အုပ်ထားရင်း မျက်နှာမှာ ရှုံ့မဲ့နေသည်။ နှုတ်မှလည်း တကျွတ်ကျွတ်စုတ်သပ်ရင်း ဦးခေါင်းကွဲသွားသောကြောင့် မချိမဆံ့ ဝေဒနာခံစားနေပုံရသည်။ အုပ်ထားသော လက်ချောင်းများကြားမှ သွေးများစီးကျလာသည်။



မိနန်းက 'အောင်မယ်လေး…'ဟု အလန့်တကြားအော်လိုက်ပြီး မားတောင်အဖြစ်ကို မကြည့်ရဲဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်ထားလိုက်သည်။ နောက်စေ့တွင် သွေးစက်လက်နှင့် မားတောင်က လူးလဲထလိုက်သည်။

'ညိုအေး မင်းတို့နဲ့ ငါ တစ်နေ့ ပြန်တွေ့ကြသေးတာပေါ့ကွာ၊ ဟင်း… ဟင်း…'

မားတောင်သည် တစ်ကျွန်းပြန်ညိုအေးနှင့် ရဲထွန်းအောင်အား မီးထွက်လုမတတ် မျက်လုံးနှင့်ကြည့်ရင်း အငြိုးထား ကြိမ်းမောင်း၍ အိမ်ပေါ်မှ ဒယိမ်းဒယိုင်ဆင်းသွားသည်။ မဆင်းသွားလို့ကလည်း မဖြစ်။ သူ့ခေါင်းတွင် တစ်ကျွန်းပြန်ညိုအေး ရိုက်ထည့်လိုက်သော ဒဏ်ရာက ပြင်းသည်။ ခေါင်းထဲတွင် တဆစ်ဆစ်နှင့် မချိမဆံ့ ခံရခက်စွာ မူးဝေလာသည်။

ဆေးအမြန်ကုမှ ဖြစ်ပေတော့မည်။ မားတောင် အိမ်ပေါ်မှဆင်းသွားပြီးနောက် အိမ်ခန်းထောင့်ကွေးတွင် တုန်တုန်ယင်ယင် ကြောက်ရွံ့စွာ ပုနေသော မိနန်းအား တစ်ကျွန်းပြန်ညိုအေးက လှမ်းခေါ်လိုက်သည်။

'မိနန်း လာဦး၊ ဘာမှကြောက်မနေနဲ့၊ သူနဲ့လိုက်သွားတော့'

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျွန်းပြန်ညိုအေးက မိနန်းလက်ကိုဆွဲရင်း ရဲထွန်းအောင်အနီးသို့ တွန်းပို့လိုက်သည်။

'အစ်ကိုညိုအေး သူက ဘယ်သူလဲ'

မိနန်းသည် တစ်ကြိမ်တစ်ခါသာ ဆက်ဆံဖူးသော ရဲထွန်းအောင်အား မမှတ်မိ၍ မေးလိုက်သည်။

'နှင့်အချစ်တော် ရဲထွန်းအောင်လေ၊ မမှတ်မိတော့ဘူးလား'

'ဩော်… ဟိုတစ်ခါတုန်းက ကိုဖိုးဇော်အိမ်မှာတွေ့တဲ့ အစ်ကိုကိုး'

'သွားလေ… သူ့ဆီကို'

တစ်ကျွန်းပြန်ညိုအေးက လှမ်းပြောလိုက်သည်။ မိနန်းသည် ရဲထွန်းအောင်အနီးသို့ ကပ်လာပြီး လှမ်းဖက်လိုက်သည်။

'အစ်ကိုရဲထွန်းအောင်တို့များ အခုမှ ပေါ်လာတော့တယ်'

'အခုမှပေါ်လာတယ် လုပ်မနေနဲ့၊ ဒီမှာက စိတ်ချရတာ မဟုတ်ဘူး၊ တော်ကြာ ဓားငတင် ပြန်ရောက်ချင် ရောက်လာမှာ၊ မိနန်း ရဲထွန်းအောင်ကို ဖိုးဇော်တို့အိမ် ခေါ်သွားပေတော့'

'ကိုညိုအေးကရော'

'မင်းတွေ့ချင်တဲ့ နတ်မိမယ်လေးဆီ ငါ အရောက်ပို့ပြီးပြီလေ၊ ငါ့တာဝန်ကျေပြီပေါ့၊ မင်းတို့ သွားနှင့်၊ ဖိုးတုတ်



ဆိုင်မှာ စားစရာ သောက်စရာတွေနဲ့ အရက်ဝင်ယူလိုက်ဦးမယ်၊ ပြီးမှ ငါ လိုက်ခဲ့မယ်'

ရဲထွန်းအောင်နှင့် မိနန်းသည် တဲအိမ်ပေါ်မှဆင်းလာပြီး ဖိုးဇော် အိမ်ရှိရာသို့ ထွက်လာခဲ့ကြသည်။ ရဲထွန်းအောင်က မိနန်းအား ပွေ့ဖက်ပြီး လျှောက်လာသည်။ မိနန်းကလည်း ရဲထွန်းအောင်ခါးကို သူမ၏ ဖြူသွယ်သော လက်ကလေးများနှင့် မြွေတစ်ကောင်လို ရစ်ပတ် တင်းတင်းပြန်ဖက်ထားသည်။ မိနန်းကိုယ်မှ အပေါစားပေါင်ဒါနံ့လေးသည် ညမွှေးပန်းများကဲ့သို့ ရူးရှစ်ွာမွှေးပျံ့လျက်ရှိသည်။

'ခုနက တော်တော်ကြောက်သွားတာ၊ အစတည်းက အဲဒီ ဓားငတင်လူကြီးနောက်ကို မလိုက်ချင်ဘူး၊ ဒီလူကြီးနဲ့တွေ့ရင် သူက မတရားကြမ်းတာ၊ လူကို လူလို ဆက်ဆံတာမဟုတ်ဘူး အစ်ကိုရဲ့၊ သိလား'

မိနန်းက ရဲထွန်းအောင်အား အားကိုးတကြီးပြုရန် ချွဲချွဲနွဲ့နွဲ့ ပြောလိုက်သည်။

'အစ်ကိုကလည်း မိနန်းကို တွေ့ချင်နေတာ ကြာပြီ'

'တွေ့ချင်တာများ အစ်ကိုရယ်၊ ကိုဖိုးဇော်နဲ့ မှာလိုက်ရင် တွေ့လို့ရရဲ့သားနဲ့၊ သွားပါ… ပျောက်နေတာကြာပြီး မိနန်းနဲ့တွေ့ကာမှ အပိုတွေလာပြောနေတယ်'

'အပိုတွေပြောတာ မဟုတ်ပါဘူး မိနန်းရယ်၊ ဟိုတစ်ခါ တွေ့ပြီးတည်းက မိနန်းကို တစ်သက်လုံးစွဲလမ်းနေတာ'

www.burmeseclassic.com

www.burmeseclassic.com



'မိနန်းကလည်း အစ်ကိုကို သတိရနေပါတယ်နော်၊ အစ်ကို ဘယ်တော့များခေါ်မလဲလို့ မိနန်းကလည်း မျှော်နေပါသတဲ့ရှင်'

မိနန်းသည် ရဲထွန်းအောင်အား ချစ်စဖွယ် တီတီတာတာစကားများ ပြောရင်း လျှောက်လာခဲ့ကြသည်။ ရဲထွန်းအောင်သည်လည်း မိနန်း၏ နွေးထွေးသောကိုယ်လေးနှင့် ထိတွေ့နေရသောကြောင့် သူ့ဘဝတစ်ခုလုံးပင် မေ့လျော့သွားပြန်သည်။ နတ်မိမယ်လေး မိနန်းသည် ရဲထွန်းအောင် အသုံးတော်ခံ ပြုစုယုယမည့် ညမင်းသမီးလေးတစ်ပါးပင် ဖြစ်ပေတော့သည်။ ညမင်းသမီးလေး မိနန်းရယ် ဒီတစ်ညတော့ ချစ်ချင်သလောက်သာ ကြမ်းကြမ်းရမ်းရမ်း ချစ်လိုက်ပါတော့လားကွယ်။

✤ ✤ ✤

ရဲထွန်းအောင်သည် သုံးရက်ခန့် ဖိုးဇော် အိမ်တွင် သောင်တင်နေခဲ့သည်။

ဖိုးဇော်ကလည်း အနီထောင်ဝိုင်းများတွင် ဆက်တိုက်နိုင်နေသောကြောင့် ငွေစကြေးစကလည်း ထိုရက်ပိုင်းတွင် ရွှင်နေသည်။ တစ်ကျွန်းပြန်ညိုအေးလည်း ရောက်လာတတ်သည်။ သူတို့သုံးယောက်စလုံး အတွဲညီညီ သောက်လိုက်၊ စားလိုက်၊ အနီထောင်ထိုးလိုက် နိုင်လိုက်နှင့် အပျော်ကြီးပျော်နေကြသောရက်များ ဖြစ်သည်။

ငွေရှိသောကြောင့်လည်း ဖြစ်လိုရာ ဖြစ်ချင်တာတွေ ဖန်တီးကြသည်။ အထူးသဖြင့် ရဲထွန်းအောင်အတွက် နတ်မိမယ်လေး မိနန်းကလည်း ညဘက်ဆို ရောက်လာတတ်သည်။ တစ်ကျွန်းပြန်ညိုအေးနှင့် ဖိုးဇော်မှာ မိန်းမကိစ္စတော့ ကင်းရှင်းသည်။ လောင်းကစားခြင်း၊ အရက်သောက်စားခြင်းကိုသာ ဝါသနာကြီးသောသူများဖြစ်၍ လောင်းကစားဝိုင်းဖြစ်လျှင်

www.burmeseclassic.com



ဝိုင်းသွားကြ၊ ဝိုင်းမဖြစ်လျှင် အရက်သောက်ကြနှင့် အချိန်ကုန်နေကြသည်။ မိနန်း ရောက်လာလျှင် ရဲထွန်းအောင်နှင့်သာ လွှတ်ပေးထားကြသည်။

ရဲထွန်းအောင်သည်လည်း သုံးရက်ခန့် အိမ်မပြန်ဖြစ်၍ အိမ်မပြန်ရဲတော့သလို ကြီးတော် ဒေါ်ဖွားမေနှင့်လည်း မျက်နှာချင်းမဆိုင်ဝံ့တော့ပေ။

ဖခင်ဖြစ်သူ ဦးဖိုးမောင်မှာလည်း သူ့သား၏ ပေတေလေလွင့် ပျက်စီးနေသည့် သတင်းဆိုးများကို ကြားသိလိုက်ပြီး နောက်ဆုံးသတိပေးထားသည့်အတိုင်း အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်တော့သည်။

ထိုသတင်းကို ဦးဖိုးမောင်တပည့်က စိတ်မကောင်းစွာဖြင့် လာပြောသည်။

ဦးဖိုးမောင်အနေနှင့် တစ်ဦးတည်းသော သားလေးအား ခြေမွေးမီးမလောင် လက်မွေးမီးမလောင် မင်းသားလေးလို အချစ်ပိုခဲ့သည်။ ပိုးမွေးသလို တယုတယ မွေးခဲ့သည်။ မိခင်မဲ့သူဖြစ်၍ အသနားပိုခဲ့သည်။ အလိုလိုက်ခဲ့သည်။ သားဖြစ်သူ ရဲထွန်းအောင်က မိုက်တွင်းနက်သူ သားအဖြစ်မှ စွန့်လွှတ်လိုက်ခြင်းသည်ပင် စိတ်သက်သာရာရဖွယ်မရှိ။

ဝမ်းနည်းကြေကွဲသော နှလုံးသားများနှင့် မိုက်မဲသောသားအား နောင်ကြဉ်စေရန် သား့အဖြစ် စွန့်လွှတ်လိုက်သည်ဟု လိမ္မာသတင်းလွှင့်လိုက်ခြင်းကို တစ်ဖက်လှည့်နှင့် သိစေလို



၍ အကြောင်းကြားခိုင်းခြင်းသာ ဖြစ်သည်။ မိုက်၍၊ ဆိုး၍ အားရလျှင် အိမ်ပြန်ခေါ်မည်ဟု တွေးထားသည်။

ရဲထွန်းအောင်သည် ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားနေခဲ့ရာမှ ဆင်းရဲဒုက္ခရောက်စွာ နေနိုင်မည့်သူတစ်ယောက် မဟုတ်ပေ။

ဒုက္ခရောက်လွန်းမကရောက်၍ ဆင်းရဲဒဏ်ကို မခံနိုင်ပါက ဦးဖိုးမောင်ထံ ပြန်ရောက်လာရမည်ဟု တွေးထင်ထားသည်။

ဘယ်လောက် ပေတေနေမလဲ။ ဘယ်လောက်ဆိုးမလဲ။

ပေချင်သလောက်သာ ပေတေ၊ ဆိုးချင်သလောက်သာ ဆိုးစမ်းဟု စောင့်ကြည့်နေပုံရသည်။ နောက်ဆုံး ဒုက္ခအပြီးရောက်မှ ဖခင်မေတ္တာ စေတနာကို နားလည်လာရင်း အိမ်ပြန်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။ ဖခင်ဖြစ်သူ၏ စိတ်ရင်းအမှန်ကို ရဲထွန်းအောင် မသိပေ။

ရဲထွန်းအောင်သည်လည်း ဖြစ်ချင်ရာဖြစ်စေတော့ဟု စိတ်ကိုပိုင်းဖြတ်ပြီး ပျော်သလိုသာ နေထိုင်ခဲ့သည်။ ယခုအချိန်တွင် ဖခင်ဖြစ်သူက သားအဖြစ်မှ စွန့်လွှတ်ထားသည်။ ရပ်ထဲရွာထဲတွင်လည်း လူအများ၏ ကဲ့ရဲ့ခြင်း၊ အထင်သေးခြင်းကိုလည်း ခံနေရသည်။

ထွေးမေတို့အသိုင်းအဝိုင်းဆိုသည်မှာလည်း ပို၍ပင်

www.burmeseclassic.com



စက်ဆုပ်ရွံရှာလာကြသည်။ ရဲထွန်းအောင်ဆိုသည့် အမည်ကိုပင် မကြားချင်တော့။ ထွေးမေနှင့်လည်း ဝေးသထက်သာ ဝေးရပေတော့မည်။

ယခင်က မင်းသားလေးတစ်ယောက်လို ကြော့မော့ပြီး တောက်တောက်ပြောင်ပြောင် ဝတ်စားနေထိုင်ခဲ့သော ရဲထွန်းအောင်မှာ ပေပေတေတေ ဖြစ်သလိုနေထိုင်သောကြောင့် တစ်နေ့တခြား လူရုပ်ပင်မပေါက်တော့ဘဲ စုတ်ပြတ်လာသည်။ အသားအရေမှာလည်း ပိန်ချုံးမွဲခြောက်လာသည်။ အဝတ်အစားမှာလည်း နွမ်းရိစုတ်ပြတ်နေခဲ့ပြီ။ ဖိုးဇော်အိမ်တွင် ခိုကပ်နေထိုင်ရင်း အရက်ကိုသာ အဖော်ပြုနေခဲ့သည်။

ထွေးမေကိုတော့ မမေ့နိုင်သေးပေ။ တစ်ညနေတွင် သူ မျှော်လင့်မထားသော ထွေးမေထံမှ လူကြုံနှင့် စာတစ်စောင် ရောက်လာသည်။ ရဲထွန်းအောင် ဖွင့်ဖောက်ပြီး ဖတ်ကြည့်လိုက်သည်။

*ကိုရဲထွန်းအောင်*

*ဒီလိုပဲ ပေတေပြီးနေတော့မှာလား။ အရင်ရက်က မမြမေ ရင့်ရင့်သီးသီး ပြောလိုက်တာကိုလည်း ကျွန်မ တောင်းပန်ပါတယ်။ အဲဒီလိုပြောလိုက်လို့ တမင်အရွဲ့တိုက်ပြီး ဆက်မိုက်မနေပါနဲ့။ ထွေးမေကို တကယ်မြတ်နိုးရင် ကောင်းကောင်းမွန်မွန် နေစေချင်ပါတယ်။ မိဘဆိုတာကလည်း စိတ်ဆိုးတုန်းမို့ ပြောတာဖြစ်မှာပါ။*



*တကယ်တော့ ဦးလေးဦးဖိုးမောင်ဟာ သားအဖြစ်က စွန့်လွှတ်လိုက်တယ်ပြောပေမယ့် တကယ်မပြတ်နိုင်ပါဘူး။ အရင်လို လိမ်လိမ်မာမာနေရင် ဦးလေးကလည်း ပြန်လက်ခံ ထားမှာပါ။ ရှင်သာ ကောင်းကောင်းမွန်မွန်နေလိုက်ကြရင် ထွေးမေ မမကလည်း ဘာမှ ထပ်ပြီးပြောမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့အထင်ကြီးလာအောင် နေပြမှ ဖြစ်မယ်။ ဒီအတိုင်းသာ ဆက်မိုက်သွားဦးမယ်ဆိုရင်တော့ ထွေးမေ အချစ်နဲ့မေတ္တာ ဘယ်လိုမှ မျှော်လင့်မထားပါနဲ့တော့။*

*မမေ့နိုင်တဲ့*

*ထွေးမေ*

ထွေးမေ ရေးပေးသောစာကို မထင်မှတ်ဘဲ ဖတ်လိုက်ရသဖြင့် ရဲထွန်းအောင် တုန်လှုပ်သွားသည်။ ထွေးမေနှင့် သူ ကွာသွားခဲ့ပြီဟု သူ ထင်ထားခဲ့သည်။ ယခု ထွေးမေက သူ့အပေါ် သံယောဇဉ်ရှိ၍သာ ဒီစာကို ရေးပေးလိုက်ခြင်းဖြစ်မည်။

ထွေးမေကို တမ်းတမ်းတတ သတိရသွားမိသည်။ ရဲထွန်းအောင်သည် ဖိုးဇော်အိမ်မှ ထွက်လာခဲ့သည်။

ရွာလယ်လမ်းမပေါ်တွင် လရောင်ခြည်က မှုန်တိမှုန်ဝါး ကျရောက်လျက်ရှိသည်။ ထွေးမေ မျက်နှာလေးကို မြင်တွေ့လိုသောကြောင့် မယောင်မလည် ထွေးမေတို့အိမ်ဘက်သို့ လျှောက်လာမိသည်။ ယခင်ကဆိုလျှင် အိမ်ရှေ့၌ ဈေးရောင်း

www.burmeseclassic.com

www.burmeseclassic.com



နေသော ထွေးမေကို တွေ့ရတတ်သည်။ ယနေ့သည်အဖို့ ထွေးမေကို မမြင်မိပေ။ ထွေးမေ အစ်မဖြစ်သူ မမြမေနှင့် သူမိခင်ကြီးသာ ဈေးဆိုင်တွင် ဈေးရောင်းနေကြသည်။ ဈေးဝယ်သူများလည်း ရှိနေသည်။

ရဲထွန်းအောင် တွေ့လိုမြင်လိုသော ထွေးမေကို မမြင်တွေ့ရသောကြောင့် သူ့ရင်ထဲတွင် ပို၍လှစ်ဟာသွားသည်ဟု ထင်မိလိုက်သည်။ အတန်ကြာအောင် မှောင်ရိပ်အကွယ်မှ စောင့်ကြည့်နေမိသော်လည်း ထွေးမေကို မမြင်မိပေ။ စိတ်ပျက်ပျက်နှင့် လှည့်ပြန်မည်အပြုတွင် အိမ်ခြေရင်းဘက်ရှိ ကွက်လပ်လေးတွင် လူရိပ်တစ်ခုကို အမှတ်မထင် ရိပ်ခနဲမြင်မိလိုက်သည်။

လရောင်လေးများကလည်း သစ်ရိပ်ကြို သစ်ရိပ်ကြားမှ မှုန်တိမှုန်ဝါး ကျရောက်လျက်ရှိသည်။ လူရိပ်မြင်သည့်နေရာအနီးသို့ ရဲထွန်းအောင် တိုးကပ်ပြီး လျှောက်လာမိသည်။ သေချာစွာကြည့်လိုက်မိရာမှ ဝမ်းသာသွားသည်။ ထွေးမေသည် မြေကွက်လပ်လေးတွင် လက်ကလေးနှစ်ဖက်အား နောက်ဘက်တွင်ယှက်၍ အေးဆေးစွာ လမ်းလျှောက်နေသည်။ ရဲထွန်းအောင်သည် ခြံစည်းရိုးနားသို့ ကပ်သွားပြီး ခြံထဲသို့ ဝင်ရန် နည်းလမ်းရှာကြည့်သည်။

အဆင်သင့်သည်ဟု ပြောရပေမည်။ ပေါက်နေသော ခြံစည်းရိုးပေါက်တစ်ခုကို သွားတွေ့ပြီး ထိုနေရာမှပင် အသံမကြားအောင် တိတ်တိတ်ကလေး ခြေကိုဖော့၍ ဝင်လာခဲ့သည်။ ထွေးမေ လမ်းလျှောက်နေသော နေရာအနီးမှ စံပယ်ချုံဘေးတွင်အသာကပ်ဝပ်လိုက်ပြီး ထွေးမေအလှကို ငေးကြည့်မိသည်။ သူ့စိတ်များကို ထိန်းချုပ်ထား၍ မရတော့ပေ။ စံပယ်ချုံထဲမှ အသာထွက်လိုက်ပြီး အသံခပ်အုပ်အုပ်နှင့် ခေါ်လိုက်သည်။

'ထွေးမေ'

ရုတ်တရက် သူ့နာမည်ကို ခေါ်သံကြားလိုက်ရ၍ ထွေးမေ လန့်သွားပုံရသည်။ လှည့်ကြည့်လိုက်သည်။ ရဲထွန်းအောင်အား မထင်မှတ်ဘဲ မြင်တွေ့လိုက်ရသောကြောင့် အံ့အားသင့်ပြီး ငေးကြောင်ကြည့်နေမိသည်။

'ကိုယ်ပါ ထွေးမေ၊ ထွေးမေကို သိပ်ချစ်တဲ့ ကိုယ်ပါ၊ ထွေးမေ ပေးလိုက်တဲ့စာကိုရပြီး ဘယ်လိုမှ နေမရတာကြောင့် ဒီကိုထွက်လာတာ၊ ထွေးမေ မျက်နှာလေးကိုပဲ မြင်မှ မြင်ရပါစေတော့ဆိုပြီး အရဲစွန့်လာကြည့်တာပါ'

'ကိုအောင် မှားတယ်၊ ဘာပြုလို့ မကောင်းတဲ့ကိစ္စတွေကို ဆက်လုပ်နေရတာလဲ'

ထွေးမေသည် တွေ့တွေ့ချင်းမှာပင် ကရုဏာဒေါသနှင့် ပြစ်တင်ပြောဆိုလျက်ရှိသည်။

'ထွေးမေဆီကသာ ကိုယ့်ကိုချစ်ပါတယ်လို့ ပြောလိုက်၊ ထွေးမေ ဖြစ်စေချင်တဲ့အတိုင်း ကိုယ် နေပြမယ်

www.burmeseclassic.com



ထွေးမေဆီက ပြတ်ပြတ်သားသား အဖြေတစ်ခုကို သိချင်နေတာ'

'ထွေးမေ ကိုအောင်ကို မမုန်းပါဘူး'

ရဲထွန်းအောင် ဝမ်းသာသွားသည်။ ကပျာကယာ အမြန်ပြန်မေးလိုက်သည်။

'မမုန်းပါဘူးဆိုတော့ ချစ်တယ်ပေါ့'

ရဲထွန်းအောင်သည် ပြောပြောဆိုဆို ထွေးမေအနီးသို့ တိုးကပ်သွားသည်။ ယခင်တုန်းကလို အပြုအမူမျိုး မဟုတ်တော့။ ထွေးမေကလည်း အံ့သြနေသည်။ ယခင်ကဆိုလျှင် ထွေးမေနှင့်တွေ့လျှင် မဝံ့မရဲ ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရသည်။ မိနှိန်းနှင့် ညပေါင်းများစွာ အတူနေခဲ့ဖူးပြီဖြစ်၍ မိန်းကလေးများကို ရဲရဲတင်းတင်းပင် ဆက်ဆံတတ်လာသည်။ ထွေးမေ ကိုယ်လုံးလေးအား အတင်းဖက်ထားသည်။

'အသက်ရှုကျပ်လိုက်တာ ကိုအောင်ရယ်၊ ဖယ်ပါ'

ထွေးမေက ရုန်းကန်ရင်း နောက်ဆုတ်လိုက်သည်။

'ကိုအောင် ဒီလိုမလုပ်နဲ့လေ၊ ကိုအောင်ကို ကျွန်မ မချစ်ဝံ့သေးဘူး'

ထွေးမေက ရင်တုန်ပန်းတုန်နှင့် မျက်နှာလေး နီရဲတက်လာပြီး ရှက်ရွံ့စွာပြောလိုက်သည်။

'ဘာကြောင့် မချစ်ဝံ့တာလဲ ထွေးမေ၊ ကိုယ်က ပေပေတေတေ နေလို့လား'



'ဒါကြောင့် မဟုတ်ပါဘူး၊ ကိုအောင်ကို ထွေးမေက ချစ်ပေမယ့် အခုလို ကိုအောင် ပေတေနေတော့ မိဘတွေက ဘယ်လိုလုပ်သဘောတူမှာလဲ၊ သဘောမတူလို့ ဖွတ်ယူကြရင်လည်း ကိုအောင်မှာက အလုပ်အကိုင်မရှိ၊ ထွေးမေတို့ ဘဝကို ဘယ်လိုရပ်တည်သွားကြမှာလဲ၊ အဲဒါကို စဉ်းစားမိရဲ့လား'

ထွေးမေ ပြောသည်ကို ရဲထွန်းအောင် သေချာစွာ နားစိုက်ထောင်နေမိသည်။ ထွေးမေပြောစကား မှန်ကန်လှသည်။ ရဲထွန်းအောင်သည် မိဘလုပ်စာကို ထိုင်စားခဲ့သူသာ ဖြစ်သည်။

ကိုယ်စွမ်းကိုယ်စနှင့် သမ္မာအာဇီဝအလုပ်ဆို၍ ဘာတစ်ခုမှ လုပ်ခဲ့ဖူးသူမဟုတ်ပေ။ ယခုလည်း အိမ်က မကြည်ဖြူသောကြောင့် ပျော်သလိုသာနေ ပေတေနေခဲ့သူဖြစ်သည်။

'ဟုတ်တယ်၊ ထွေးမေပြောတာ မှန်တယ်၊ ကိုယ့်မှာသာ အလုပ်အကိုင်ရှိပြီး ထွေးမေကို တင့်တောင်းတင့်တယ် ထားနိုင်မယ်ဆိုရင် ထွေးမေ ကိုယ့်ကို လက်ထပ်မယ်ပေါ့'

'ထွေးမေက အဲဒီလိုဖြစ်စေချင်တာ၊ အဲဒီအခြေအနေမျိုးသာရှိနေရင် မိဘတွေသဘောမတူလည်း ထွေးမေ လက်ထပ်မယ်လို့ ကတိပေးတယ်'

'ထွေးမေ တကယ်ကတိပေးပြီးပြောတာနော်၊ ဝမ်းသာလိုက်တာ ထွေးမေရယ်'

'တကယ်ပြောတာပါ ကိုအောင်၊ ခုလို ဖြစ်နေရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဘဝကို ထွေးမေ ရင်နာလွန်းလို့ပါ'

'ဒါဖြင့် ထွေးမေက ကိုယ့်ကိုချစ်တယ်ပေါ့'

'သြော်··· ခက်ပါလား ကိုအောင်ရယ်၊ လက်ထပ်ပါ့မယ်လို့တောင် ထွေးမေ ကတိပေးထားပြီးပြီလေ'

ရဲထွန်းအောင်သည် ထွေးမေ၏လက်ကလေးအား ရဲတင်းစွာဖမ်းဆွဲယူလိုက်ပြီး ထွေးမေကိုယ်လုံးလေးအား ရင်ခွင်ထဲသို့ အတင်းဆွဲပွေ့လိုက်သည်။ ထွေးမေ၏ နုထွေးသောပါးပြင်လေးအား ဖွဖွလေး နမ်းလိုက်သည်။

မထင်မှတ်ဘဲ ပြုမူလိုက်သော အပြုအမူကြောင့် ထွေးမေ အငိုက်မိသွားသလို ရင်တုန်ပန်းတုန်ဖြစ်သွားသည်။ ထွေးမေ တစ်ကိုယ်လုံး ဘဆတ်ဆတ်တုန်နေသလို မျက်နှာပြင်တစ်ခုလုံး ရှက်သွေးကြွ နီရဲသွားသည်။ ထွေးမေ ရင်ခုန်သံများကို အနီးကပ်ကြားနေရသည်ဟု ထင်သည်။

'အို··· ကိုအောင်၊ အဲဒီလို မလုပ်နဲ့လေ'

ရဲထွန်းအောင် ရင်ခွင်ထဲမှ အတင်းပင်ရုန်းကာ ထိုးထွက်လိုက်သည်။

'ဒါပဲနော် ကိုအောင်၊ ထွေးမေပြောတာကို မမေ့နဲ့၊ ထွေးမေ ဖြစ်စေချင်သလိုဖြစ်အောင် ကိုအောင် အမြန်ဆုံး ကြိုးစားပါ'

ပြောပြောဆိုဆို ထွေးမေသည် ကတုန်ကယင်နှင့် ချာခနဲလှည့်ထွက်ပြီး အိမ်ပေါ်သို့ အပြေးတက်သွားသည်။ ရဲထွန်း



အောင်သည် အတန်ကြာအောင် ငိုင်နေမိသည်။ ထွေးမေ ပြောသွားသည့်စကားသည် အမှန်တကယ် ဟုတ်မဟုတ်ပါ့မလား။ ခဉ်းစားရခက်နေသည်။

အမှတ်မထင် တွေ့လိုက်ရသောကြောင့် ရဲထွန်းအောင် ဗလက္ကာယပြုမည်ကိုကြောက်၍ အလိမ္မာသဘောနှင့် ပြောသွားတာများ ဖြစ်လေမလား။

သို့မဟုတ် အမှန်ပင် ချစ်မြတ်နိုးစိတ်နှင့် ပြောသွားခြင်းဖြစ်သည်။ စဉ်းစားရခက်လှသည်။ အတွေးများ ချာချာလည်ရင်း ဖိုးဇော်အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ပေါ်ရောက်ရောက်ချင်း ဖိုးဇော်အား ထွေးမေ ရေးပေးသည့်စာ၊ ထွေးမေနှင့် တွေ့ခဲ့ပုံများကို ပြောပြမိသည်။ ဖိုးဇော်က ခေါင်းတညိတ်ညိတ်လုပ်ရင်း အလေးအနက်စဉ်းစားဟန်ပြုသည်။ ဖိုးဇော်ထံမှ သက်ပြင်းချသံ ကြားလိုက်ရသည်။

'ဟင်း··· ခက်တော့ ခက်သားပဲ၊ ဒီကိစ္စက တော်တော်လေးစဉ်းစားရကျပ်တယ်၊ ဟိုတုန်းက ငါ့ညီ အဖြေတောင်းတုန်းက စဉ်းစားမယ်ဆိုပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားဘာ၊ အခုမှ ကောက်ကာငင်ကာ ငါ့ညီကို လက်ထပ်ပါ့မယ်လို့ ကတိပေးလိုပေးနဲ့၊ ငါ့အထင်တော့ ငါ့ညီ ကောင်းကောင်းမှန်မှန်ပြန်နေရင် ငါ့ညီအဖေက ပြန်ခေါ်မယ်၊ ငါ့ညီအဖေက ပစ္စည်းဥစ္စာနဲ့ ကြွယ်ဝတယ်၊ တစ်ဦးတည်းသောသား၊ ငါ့ညီက အဖေမရှိရင် ဒီပစ္စည်းတွေအကုန်ပြီး အမွေ

www.burmeseclassic.com

www.burmeseclassic.com



မှာ၊ ဒါကို မျှော်လင့်ထားပုံရတယ်၊ ခုဟာက ငါ့ညီအဖေက လည်း သားအဖြစ်က စွန့်လွှတ်ထားတယ်၊ ထွေးမေက ဘာ အဓိပ္ပာယ်နဲ့ ငါ့ညီကို လက်ထပ်မယ်လို့ ကတိပေးတာလဲ'

'ကျွန်တော့်ကို မသောက်မစားဘဲ နေစေချင်တယ်၊ အလုပ်အကိုင် မည်မည်ရရ လုပ်စေချင်တယ်၊ သူဖြစ်စေချင် သလို ဖြစ်လာရင် လက်ထပ်မယ်ပြောတာပဲ'

'ထွေးမေက ငါ့ညီအပေါ် တကယ်တမ်းသာ သံယော ဇဉ်ကြိုး ရှိရိုးမှန်ရင် ငါ့ညီ ဘယ်အခြေအနေရောက်ရောက် သူ စွန့်စားပြီးချစ်ရဲတဲ့သတ္တိ ရှိရမှာပေါ့၊ သူ့မိဘတွေက ပစ္စည်း မက်တယ်၊ ငါ့ညီအဖေရဲ့ ငွေတွေကို သူတို့ မက်မောကြ တယ်၊ ငွေမက်တဲ့ မိန်းမတွေပါကွာ၊ စဉ်းစားမနေပါနဲ့တော့'

ဖိုးဇော် ပြောသည့် စကားများကြောင့် ရဲထွန်းအောင် တွေဝေသွားပြန်သည်။

မသောက်မစားဘဲ လူကောင်းတစ်ယောက်အဖြစ် နေထိုင်ရန် ခံတ်ကူးများပျောက်သွားပြန်သည်။ အခုလိုနေတာပဲ ကောင်းသည်။ စိတ်လွတ်ကိုယ်လွတ်နှင့် ပျော်ချင်တိုင်း ပျော် ခွင့်ရနေသည် မဟုတ်လား။

ပျော်ချင်တိုင်း ပျော်ခွင့်ရသည့် အခြေအနေများက အမြဲတမ်းမဟုတ်။ ကစားဝိုင်းများတွင် အနိုင်ရမှသာဖြစ်သည်။ လောင်းကစားဝိုင်းများ၌ ထိုးသားများ ရှုံးကြပြီး ဒိုင်ကသာ ဝိုင်းလုံးကျွတ် အနိုင်ရသွားသည်။ ဖိုးဇော် ရဲထွန်းအောင်တို့



အနေအထားမှာလည်း ဆိုးဝါးသထက် ဆိုးဝါးလာသည်။ တစ် ရွာလုံး မီးနိုးတိတ်မျှ ဒိုင်က စားသွားသောကြောင့် ထိုးသား များ မထိုးနိုင်တော့သလို လောင်းကစားဝိုင်း ပြုလုပ်သော တရုတ်ဒိုင်များလည်း မြို့ပေါ်သို့ပြန်သွားကြသည်။

ဖိုးဇော်က စားသောက်ရေးအတွက် ကားဂိတ်များတွင် ကုန်ထမ်းသည်။

သူ့တစ်ယောက်စာပင် အနိုင်နိုင်။ ယခုတော့ ရဲထွန်း အောင်ပါ ရှိနေ၍ နေ့စဉ် ထမင်းစားဖို့ မပြောနှင့်။ ချက်အရက် ကိုပင် မှန်မှန်မသောက်နိုင်ကြတော့ပေ။

'ကိုဖိုးဇော် ကျွန်တော်လည်း ခင်ဗျားနဲ့အတူ ကုန် လိုက်ထမ်းမယ်ဗျာ'

ဖိုးဇော် လုပ်စာကိုသာ ကပ်စားနေရ၍ အားနာပြီး ရဲထွန်းအောင်က ပြောလိုက်သည်။

'ဟာ… ဘယ်ဖြစ်ပါ့မလဲ ငါ့ညီရာ၊ ငါ့ညီလို သူဌေး သားတစ်ယောက်က ကူလီလုပ်နေတယ်ဆိုတာ လူမြင်လို့ မသင့်တော်ပါဘူး၊ ငါရသလောက် ရှာကျွေးမယ်၊ ငါ့ညီ အေး အေးသာနေ'

'ဒီအခြေအနေရောက်မှတော့ မထူးတော့ပါဘူးဗျာ ဘယ်သူတွေက ဘယ်လိုပဲ ကဲ့ရဲ့ကဲ့ရဲ့ အထင်သေးရင် သေးပါ စေ၊ ခင်ဗျား တစ်ယောက်တည်းရှာနေတာ ကျွန်တော် အားနာ လှပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ ပြောမနေပါနဲ့ကွာ၊ ခုတလော မိနန်းလည်း ပျောက်နေတယ်'

'ဟုတ်တယ် ကိုဖိုးဇော်၊ မိနန်းတောင် ရောက်မလာတာ ကြာသွားပြီ'

'ဘယ်လာပါ့မလဲ ငါ့ညီ၊ ငါတို့က သူ့ကို ပိုက်ဆံမှ မပေးနိုင်တာပဲ၊ ငွေမရှိမှန်းသိလို့ မိနန်းကလည်း ရှောင်တာပေါ့၊ မိနန်းက ကြေးစားပဲမဟုတ်လား၊ ငွေပေးနိုင်တဲ့သူတွေနဲ့သာ ဆက်ဆံပျော်ပါးမယ်၊ ငါတို့လို ငွေမရှိတဲ့ကောင်တွေနဲ့တော့ ဝေးဝေးရှောင်၊ ဝေါင်ဝေါင်ရှေးပဲ၊ ထားလိုက်ပါကွာ၊ လောလောဆယ်ဆယ် အရက်သောက်ဖို့ အရေးကြီးတယ်၊ အပြင်သွားရအောင်'

ဖိုးဇော်က အပြင်ထွက်ရန် ပြောလိုက်သဖြင့် ရွာထဲဘက်သို့ ထွက်လာခဲ့ကြသည်။ ရဲထွန်းအောင်သည် သူ့ကိုယ်သူ ပြန်ငုံ့ကြည့်လိုက်ပြီး စိတ်ဓာတ်အကြီးအကျယ် ကျသွားသည်။ ကြည့်လေ... ရဲထွန်းအောင်ကား ယခင်တုန်းက မြေပိုင်ရှင် သူဌေးဦးဖိုးမောင်အား ရဲထွန်းအောင် မဟုတ်တော့။ အဝတ်အစားများကလည်း စုတ်ပြတ်ပေရေနေသည်။ ဆံပင်က စုတ်ဖွား၊ လူရုပ်ပင် မပေါက်တော့။ ကိုယ့်အဖြစ်ကို ကိုယ်ပြန်ကြည့်ရင်း ရင်နာမဆုံး ဖြစ်ရသည်။ ကြေကွဲမဆုံး ဖြစ်ရသည်။

'ဟော့... ဖိုးဇော်၊ ဘယ်လဲကွ'

ရဲထွန်းအောင်နှင့် ဖိုးဇော်တို့နှစ်ယောက် ရွာလမ်းမ



ကြီးအတိုင်း လျှောက်လာစဉ် ခေါ်သံကြားလိုက်ရ၍ လှည့်ကြည့်လိုက်သည်။ အပေါင်းအသင်း ရောင်းရင်းကြီး တစ်ကျွန်းပြန်ညီအေး ဖြစ်နေသည်။

'အရက်သောက်စရာ ပိုက်ဆံမရှိလို့ စိတ်ညစ်ပြီး လျှောက်နေတာ၊ မင်းက ငါတို့ကို အရက်တိုက်မလို့ လှမ်းခေါ်တာလား'

'တိုက်တာပေါ့ သူငယ်ချင်းရာ'

'ဒါဖြင့်လည်း ပေါက်ဖော်ကြီး ဖိုးတုတ်ဆိုင် သွားရအောင်'

'ဖိုးတုတ်ခေါက်ဆွဲဆိုင် သွားလို့မဖြစ်ဘူးကွ၊ ငါ့မှာမှ ပိုက်ဆံမှမရှိဘဲ'

'ဟာကွာ... ပိုက်ဆံမရှိဘဲ ဘာပြုလို့ မင်းက အရက်တိုက်မယ် ပြောရတာပဲ'

ဖိုးဇော်က စိတ်တိုစွာဖြင့် လှမ်းအော်လိုက်သည်။

'အိမ်မှာ ငါဝယ်ထားတဲ့ ချက်အရက်နှစ်လုံးရှိတယ်၊ အိမ်မှာပဲ သောက်ကြတာပေါ့'

'စောစောကပြောပါလား ညီအေးရာ၊ အရက်သာရှိလို့ကတော့ ငရဲပြည်အထိလိုက်ပြီး သောက်မှာပဲ၊ ငါ့ညီ ဒီညတော့ ငါတို့ မူးကြရဦးမှာပေါ့ကွာ၊ သွားရအောင်'

အရက်ဆိုသောအသံ ကြားလိုက်ရသဖြင့် ဖိုးဇော် ခြေလှမ်းများ သွက်သွားသည်။ သုံးယောက်သား တစ်ကျွန်းပြန်

www.burmeseclassic.com

www.burmeseclassic.com



ညှိုအေးအိမ်သို့ ထွက်လာကြသည်။ ညှိုအေးကလည်း စိမ်းစားငါးပိအမြည်းနှင့် ဧည့်ခံသည်။

'ကောင်းလိုက်တဲ့ အရက်ကွာ၊ မသောက်ရတာ ကြာတော့ ချိုပြီးမွှေးနေတာပဲ'

ဖိုးဇော်က အရက်တစ်ခွက်ကို အားပါးတရ မော့ချလိုက်ပြီး ပြောလိုက်သည်။ တစ်ယောက် နှစ်ခွက်လောက်ဆီ သောက်လိုက်ကြပြီးနောက် စောစောက ညစ်နေသောစိတ်များ ပျောက်ပျက်သွားသည်။ ရွှင်ရွှင်လန်းလန်း ဖြစ်လာကြသည်။ အာသွက်လျှာသွက် ဖြစ်လာကြသလို ရဲထွန်းအောင်က စိမ်းစားငါးပိဖုတ်ကို မြည်းလိုက်ရင်း တစ်ကျွန်းပြန်ညှိုအေးအား မေးလိုက်သည်။

'ကိုညှိုအေး မိနုန်းတစ်ယောက် မတွေ့မိလားဗျာ'

'ဘာလဲ… မင်းက နတ်မိမယ်လေးကို မတွေ့ရမနေနိုင်အောင် စွဲလမ်းနေပြီလား'

'ခွေးကောင်မ ခုတလော ပျောက်နေတယ်၊ ပျောက်မှာပေါ့ကွာ၊ ငါတို့တွေက ဘိုင်ကျမှန်းသိတော့ ဘယ်လာတော့မလဲ'

'ဟုတ်တယ်… လောကမှာ ငွေပဲကွ၊ ငွေရှိမှ လိုရာဖန်တီးလို့ရတာ၊ ပိုက်ဆံမရှိရင် ပြည့်တန်ဆာမဟောင် အနားကပ်ချင်တာ မဟုတ်ဘူး'

ဖိုးဇော်က ညည်းတွားရင်း ပြောလိုက်သည်။



'ငွေရှိအောင် ဘယ်လိုလုပ်မလဲ'

ရဲထွန်းအောင်က ဝင်မေးလိုက်သည်။

'အလွယ်တကူ ငွေရတာတော့ အနိုထောင်ထိုးမှပဲရမှာ၊ ထိုးတော့လည်း လောဘက မသတ်နိုင်ဘူး၊ နိုင်တာနဲ့ဖြတ်ရမှာ၊ ငါတို့က နိုင်လာရင် ဆက်နိုင်ချင်လာတယ်၊ လောဘကြီးတော့ နောက်ဆုံး ကုန်တာပဲအဖတ်တင်တယ်'

'အေးဗျာ… ဒီတရုတ်တွေကလည်း တစ်ရွာလုံးက ငွေတွေကို သိမ်းသွားတာ၊ ခုတလော ရွာဘက်ဆင်းတောင် မလာကြတော့ဘူး'

'ဘယ်လာပါ့မလဲဗျာ၊ ရွာမှာက ကစားနိုင်တဲ့သူမှ မရှိတော့တာ'

'အေးဗျာ… တရုတ်ဒိုင်တွေကို နိုင်ဖို့ နည်းလမ်းရှိရင် ကောင်းမယ်'

'ဘယ်လိုနည်းလမ်းရှိမှာလဲ'

'ကျွန်တော် စဉ်းစားကြည့်တယ်၊ အနိုထောင်အုပ်ကို ဖောက်မြင်နိုင်ရင် ကြွေဘာပေါ်မယ်ဆိုတာ ကြိုသိရမယ်၊ ဒါမှ ဘရုတ်တွေကို အပြုတ်ဆော်လို့ရမှာ'

'ငါ့ညီပြောမှ သွားသတိရတယ်၊ ခွက်ပေါက်ဂမုန်းသာရှိရင် ငါတို့ နေ့ချင်းညချင်း သူဌေးဖြစ်တာပေါ့'

'ဟာ… ဒါဆို တယ်ဟုတ်ပါလား၊ အဲဒီခွက်ပေါက်ဂမုန်းကို ရှာရအောင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ရဲထွန်းအောင်က ဝမ်းသာအားရနှင့် ပြောလိုက်သည်။

တစ်ကျွန်းပြန်ညီအေး ပြောပြသည့် ဂမုန်းခွက်ပေါက်ရှိမည့်နေရာကို သိလို၍ မေးလိုက်သည်။

'အင်း… ဂမုန်းခွက်ပေါက် ဇာတ်လမ်းက ရှည်တယ်၊ ရောက်အောင်သွားဖို့ဆိုတာကလည်း ခက်ခက်ခဲခဲ စွန့်စွန့်စားစားသွားရှာဖွေရမှာ'

'ပြောမှာသာ ပြောစမ်းပါကွာ၊ ရာဇဝင်တွေ စာတင်တာတွေ လုပ်မနေနဲ့၊ ဘယ်မှာရှိတာလဲ၊ ဘယ်လိုရှာရင် တွေ့နိုင်မလဲ၊ ဒါပဲ အမြန်သိချင်တယ်'

ဖိုးဇော်က စိတ်မရှည်နိုင်တော့ပေ။

'မင်းတို့ ငါ့အဖေအကြောင်း ဘာတွေသိထားလဲ'

'ဘာသိရမှာလဲ၊ မင်းအဖေက မုဆိုးကြီး ကိုသီးလေ'

'ဟုတ်တယ်၊ ခွက်ပေါက်ဂမုန်းရှာဖို့အတွက် အခုအဖေရဲ့ လေးမြားတွေ ပြန်ကိုင်ရတော့မယ်၊ တောလည်မထွက်တာလည်း ကြာပြီ၊ ငါလည်း ငယ်ငယ်တည်းက အဖေနဲ့အတူ တောထဲမှာပဲ အနေများခဲ့တယ်၊ အဖေဆုံးပြီးကတည်းက ဒီမုဆိုးအလုပ်ကို စိတ်နာနာနဲ့ စွန့်လွှတ်ထားတာ၊ မင်းတို့သိတဲ့အတိုင်း အဖေက အဆိပ်လူးမြားနဲ့ သားကောင်တွေပစ်ခတ်ပြီး မုဆိုးအလုပ်နဲ့ အသက်ဝမ်းကျောင်းပြုခဲ့တယ်'

တစ်နေ့ အဖေတစ်ယောက်တည်း ရဲနွယ်ချောင်းဖျားအထက်ပိုင်းကို ရောက်သွားခဲ့တယ်။ အဲဒီမှာ ခွက်ပေါက်ဂမုန်း



တော်တော်များများကို တွေ့ခဲ့ရတာပဲ။ အစက မသိဘူး။ သူများတွေ ပြောသံ ဆိုသံ ကြားရတဲ့အပိုင်း အပင်အရွက်အနေအထားကိုသာ ခန့်မှန်းပြီး ဒါ ခွက်ပေါက်ဂမုန်းပဲ ဖြစ်ရမယ်ဆိုပြီး တောထဲက အပင်ပေါက်လေးကို ယူလာခဲ့တယ်။ ရွာရောက်တော့ နားလည်တတ်ကျွမ်းတဲ့ ဆေးဆရာကြီးတွေပြကြည့်တော့ ခွက်ပေါက်ဂမုန်းအစစ် ဖြစ်နေတယ်၊ ဒါပေမဲ့ အဖေစိုက်ခဲ့တဲ့ ခွက်ပေါက်ဂမုန်းပင်က မရှင်ဘူး၊ သေသွားတယ်'

'သွားပါပြီကွာ… မင်းဉစ္စာက ဟုတ်တော့မလိုလိုနဲ့၊ ငါ့ဘကြီးခြံထဲမှာက နနွင်းဖြူပင်က ရှိနေပြီ၊ မင်းဆီက ရမယ့် ခွက်ပေါက်ဂမုန်းက လမ်းစပျောက်သွားပြီ'

'လမ်းစမပျောက်ပါဘူးကွာ၊ ငါ့ဘဝက အင်မတန်ငါးနပ်တဲ့ မုဆိုးပဲ၊ နေဦး… မင်းတို့ကို သေချာရှင်းပြမယ်'

တစ်ကျွန်းပြန်ညီအေးသည် အရက်ဝိုင်းမှ ထလိုက်ပြီး ခါးရုံတွင် ချိတ်ထားသော ပလိုင်းကို ဖြုတ်ယူလိုက်သည်။ ပလိုင်းထဲမှ ပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်သည်။ ပုလင်းထဲတွင် မှိုင်းခံစက္ကူတစ်ချပ်ကို လိပ်ပြီးထည့်ထားသည်။ စက္ကူချပ်အား ထုတ်ယူလိုက်ပြီး ဖိုးဇော်နှင့် ရဲထွန်းအောင်ရှေ့တွင် ဖြန့်ချပြသလိုက်သည်။

မှိုင်းခံစက္ကူပေါ်တွင် ရေနံဆီမှိုင်းနှင့် နှမ်းဆီကိုဖျော်၍ ခင်းသဖွယ် ရေးဆွဲထားသော မြေပုံကြမ်းတစ်ခုကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပုံပေါ်တွင် စာများ ရေးသားထားသည်ကို မတွေ့ရပေ။ သို့သော် လမ်းကြောင်းမြားဦးများ၊ တောင်တန်းပုံများ၊ မြစ်ချောင်းများကို သင်္ကေတများနှင့် ရေးတတ်သလိုရေး၍ ဖော်ညွှန်းထားသည်။ ခွက်ပေါက်ဂမုန်း၏ အပင်ပုံစံ၊ အရွက်ပုံစံကိုလည်း ရေးမှတ်ထားသည်။

'ဒါက ငါ့အဖေရေးထားခဲ့တဲ့ မြေပုံညွှန်းပဲ၊ စနစ်တကျရေးဆွဲထားတာတော့ မဟုတ်ဘူး၊ သူ ရေးတတ်သလို သင်္ကေတနဲ့ ရေးထားတာဆိုတော့ သူ့မြေပုံကို သေချာနားလည်အောင် လေ့လာပြီး သွားရှာကြရမှာပဲ'

'ကိုညိုအေး အဖေ မုဆိုးကြီးဦးသီးက စာမတတ်ဘူးလား'

'အေးပေါ့ကွာ··· အဖေက စာမတတ်လို့ ဒီမြေပုံကို အကြည့်ရခက်နေတာပေါ့ကွာ၊ စာနဲ့သာ သေချာရေးမှတ်ညွှန်းထားရင် အလွယ်တကူရှာတွေ့မှာပေါ့'

'ဒီလောက် သဲလွန်စရထားတာပဲကွာ၊ ရှာရတာ မခက်ပါဘူး၊ ညိုအေးကလည်း တောကျွမ်းပြီးသားပဲ၊ ရှေ့တစ်ပတ်လောက်ဆိုရင် မြို့က အနီးထောင်တရုတ်ဒိုင်တွေ ဆင်းလာတော့မှာ နန္ဒင်းဖြူကြာ သိဒ္ဓိကုန်းက ငါ့အဘိုးခြံမှာ အချိန်မရွေး သွားယူလို့ရတယ်၊ ခွက်ပေါက်ဂမုန်းကိုပဲ ရိုးမပေါ်တက်ပြီး အမြန်ရှာကြရမှာ'

'သွားရှာတာက လွယ်ပါတယ် ဖိုးဓော်ရာ၊ ခက်တာ



က ခရီးထွက်ဖို့အတွက် ပြင်ရဆင်ရမယ်၊ တောထဲမှာ စားဖို့သောက်ဖို့ ရိက္ခာလည်းလိုတယ်'

'မင်းရိက္ခာက ဘာတွေလိုလို့လဲ'

'မဖြစ်မနေ လိုအပ်တာက ဆားပဲကွ၊ ဆန်လည်းလိုတယ်၊ ဆန်နဲ့ ဆား ပါသွားဖို့ အရေးကြီးတယ်၊ ဆန်ကုန်သွားရင်တောင်မှ ဆားရှိနေရင် တောထဲက စားလို့ရတဲ့ သစ်ဥသစ်ဖုတွေကို ဆားနဲ့တို့စားလို့ရတယ်၊ ဂမုန်းခွက်ပေါက်ရှာရင်း တောထဲမှာ ရိက္ခာအတွက် သားကောင်ပစ်သွားတာပေါ့ကွာ'

'ဟုတ်ပြီ၊ ဒါဆိုရင်လည်း အမြန်သွားရင် ကောင်းမယ်'

ရဲထွန်းအောင်ကပါ တက်တက်ကြွကြွ ဝင်ပြောလိုက်သည်။

'ငါ့ညီက ငါတို့နဲ့ လိုက်မှာလား'

အရက်ခွက်ကို မော့ချရင်း ဖိုးဓော်က မေးလိုက်သည်။

'သူဌေးဖြစ်မယ့်ကိစ္စပဲဗျာ၊ ဘာပြုလို့ မလိုက်ရမှာလဲ၊ ကျွန်တော်က စွန့်စွန့်စားစားလုပ်ရတဲ့ အလုပ်တွေကို ဝါသနာပါတယ်၊ ခင်ဗျားတို့နဲ့ မလိုက်ရင် ကျွန်တော် လူမိုက်ဖြစ်သွားမှာပေါ့'

'ကောင်းပြီ၊ ဒါဆိုလည်း ညိုအေးက လိုအပ်တာ ဒီစဉ်ကွာ၊ သန်ဘက်ခါ မနက်စောစော ခရီးစထွက်ကြတာပေါ့'

www.burmeseclassic.com



'အရေးကြီးတာက ဒီအကြောင်းကို တို့သုံးယောက်ကလွဲပြီး ဘယ်သူမှမသိဖို့ အရေးကြီးတယ်'

'ဟုတ်တယ်၊ နှုတ်လုံဖို့လိုတယ်'

'လုံပါတယ်ဗျာ၊ စိတ်သာချပါ'

ရဲထွန်းအောင်က ဝင်ပြောလိုက်သည်။

'ကဲ… ဒါဖြင့်ရင် မင်းတို့နှစ်ယောက်စလုံး အရက်ခွက်တွေကိုင်လိုက်ကြ၊ ဒီအလုပ်က သေရေးရှင်ရေး အရေးကြီးတော့ သစ္စာဆိုရမယ်၊ ခွက်ပေါက်ဂမုန်းဆိုတာက ဂမုန်းပင်နွယ်အမျိုးအစားပဲ၊ တချို့ဂမုန်းတွေက အစောင့်အရှောက်တွေရှိသလို ထူးခြားဆန်းကြယ်တာတွေ ဖြစ်တတ်တယ်၊ ငါတိုင်ပေးတဲ့အတိုင်း လိုက်ဆို'

တစ်ကျွန်းပြန်ညှိအေးက စတင်၍ အရက်ခွက်ကို ကိုင်လိုက်သောကြောင့် ဖိုးဇော်နှင့် ရဲထွန်းအောင်တို့သည်လည်း ပြိုင်တူ အရက်ခွက်များကို ကိုင်လိုက်ကြပြီး လိုက်ဆိုကြသည်။

'ကျွန်ုပ်တို့သုံးဦးသည် ဂမုန်းခွက်ပေါက် ရှာဖွေရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ သိရှိအောင် ပြောကြားခြင်းမပြုပါ၊ လမ်းခရီးတွင်လည်း တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူ ဆောင်ရွက်ကြခြင်းပြု၍ အချင်းချင်း သစ္စာဖောက်မပြုကြပါ။ ထူးခြားထက်မြက် အစွမ်းသိဒ္ဓိရှိသော ဂမုန်းပင်ကို စောင့်ရှောက်သည့် တန်ခိုးရှင် အစောင့်အရှောက်များအား တိုင်တည်



ပါသည်။ ခွက်ပေါက်ဂမုန်းရှိရာအရပ်သို့ မှန်ကန်စွာလမ်းညွှန်ပြပါ၊

'သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား သစ္စာပြုတိုင်တည်အပ်ပါသည်၊ ဤသစ္စာ ပေါက်ကျိုးခဲ့ပါက ယခုသောက်သုံးသော အရက်များသည် အဆိပ်ဖြစ်၍ အသည်းလောင်ကျွမ်းပြီး သွေးစိမ်းရှင်ရှင်ထွက်ကာ သွေးအန်၍သေရပါစေသား'

ထိုသို့ သစ္စာဆိုကြပြီးနောက်…

'အောင်ပြီ… အောင်ပြီ… အောင်ပြီ' ဟု အော်ဟစ်လိုက်ကြပြီး အရက်ခွက်များကို အပေါ်သို့ပြိုင်တူမြှောက်လိုက်ကြသည်။ ထို့နောက် သုံးဦးစလုံးပင် ညီတူညာတူ တစ်ပြိုင်နက်တည်း ခွက်ထဲမှ အရက်များကို တစ်စက်မကျန်အောင် မော့သောက်လိုက်ကြပေတော့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန်တွင် ခရီးထွက်ကြမည် ဖြစ်သည်။ တစ်ကျွန်းပြန်ညိုအေးသည် သူ့ဖခင်ဖြစ်သူ မုဆိုးကြီးကိုသီးကိုင်ခဲ့သည့် ဒူးလေးကြီးကို ကြိုးသစ်များ လဲလှယ်တပ်ဆင်ခြင်း မြားတံများပြုလုပ်ခြင်း အလုပ်ရှုပ်နေသည်။ တောထဲတောင်ထဲတွင် ရက်မည်မျှကြာကြာနေရမည်ကို ခန့်မှန်း၍မရသောကြောင့် လိုအပ်သည့် ရိက္ခာဆေးဝါးကအစ ပြည့်စုံအောင် စုဆောင်းရသည်။

ရဲထွန်းအောင်သည်လည်း ရဲနွယ်ချောင်းဖျားမှ ပဲနူးရိုးမ တောကြီးထဲသို့ ဝင်ရမည်ဖြစ်၍ တောတောင်ခရီးနှင့် စွန့်စားသွားလာမည့် အရေးကိုတွေး၍ လှုငယ်ပီပီ စိတ်ဓာတ်တက်ကြွလျက်ရှိသည်။ ထူးဆန်းသော ခွက်ပေါက်ဂမုန်းအားရှာဖွေတွေ့ပြီး အရယူနိုင်ခဲ့ပါက အဓိထောင်ဒိုင်တရုတ်များပါလာသည့်ငွေများကို အလွယ်တကူ အနိုင်ရရှိသည်။ ငွေများများရပါက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သွားမည်ဟု စိတ်ကူးမိသည်။



ရဲထွန်းအောင်တို့ ကောလိယရွာတွင် သစ်လုပ်ငန်းများ၊ ဝါးလုပ်ငန်းများကို လုပ်ကိုင်ပြီး ကြီးပွားချမ်းသာကြသူများရှိသည်။ ရဲထွန်းအောင်သည်လည်း အရင်းအနှီးတွက် ငွေများရပါက ကောင်းရောင်းကောင်းဝယ်လုပ်ငန်းများကို လုပ်ကိုင်မည်။

အဖေက ခွင့်လွှတ်ပြီး သားအဖြစ် ပြန်လည်လက်ခံလျှင်လည်း အဖေ့လယ်လုပ်ငန်းများကို လုပ်ကိုင်လို့ရသည်။ ထွေးမေ ဖြစ်စေချင်သော၊ ဖြစ်လိုသောဘဝများ ဖန်တီးနိုင်မည်။ သူ ချစ်မြတ်နိုးသော ထွေးမေနှင့် အတူတကွ ပေါင်းသင်းနေထိုင်ရတော့မည်ဟု တွေးမိပြီး ကြည်နူးနေမိသည်။

ထိုအချိန်မှာပင် မုဆိုးကျော် တစ်ကျွန်းပြန်ညိုအေး တစ်ယောက် ရောက်လာသည်။

'ဖိုးဇော်ရေ… ငါတို့ ခရီးထွက်ဖို့အတွက် နတ်တို့ဖန်ရေကန်အသင့် ကြာအသင့်ဆိုသလို အဆင်ပြေသွားပြီ'

'ဘာတွေများ အဆင်ပြေတာလဲ ညိုအေးရ'

ဖိုးဇော်က တစ်ကျွန်းပြန်ညိုအေးကို နားမလည်သဖြင့် ပြန်မေးလိုက်သည်။

'မနက်ဖြန်တို့ ခရီးထွက်မယ်မဟုတ်လား၊ အဲဒါ ဥဿျှစ်ကုန်းသွားမယ့် လှည်းကြုံရှိတယ်၊ လှည်းနဲ့လိုက်သွားရင် တို့ ခရီးသုံးပုံတစ်ပုံလောက် လှည်းကြုံနဲ့ လိုက်လို့ရပြီ လှည်းသမားတွေလည်း မှာထားပြီးပြီ၊ မနက် (၄)နာရီ ဆ…

www.burmeseclassic.com



မယ်၊ ယူစရာရှိတာတွေ အဆင်သင့်ပြင်ဆင်ထားပေတော့'

'အဆင်သင့်ပြင်ပြီးသားပါဗျာ'

'ဒါဖြင့် မနက်စောစော နိုးမယ်၊ ငါသွားပြီဟေ့'

တစ်ကျွန်းပြန်ညိုအေးက အကျိုးအကြောင်း လာပြောပြီး နှုတ်ဆက်ထွက်ခွာသွားသည်။

'ခရီးစထွက်မယ်ကြံတည်းက လှည်းကြုံက အဆင်သင့်ဆိုတော့ နိမိတ်ကောင်းတယ် ငါ့ညီ'

'ဟုတ်တယ် ကိုဖိုးဇော်၊ ကျွန်တော့်စိတ်ထဲမှာလည်း ထူးထူးခြားခြား ဖြစ်နေတယ်လို့ ခံစားရတယ်၊ ကျွန်တော်တို့ကိစ္စ အောင်မြင်မှာ ကျိန်းသေပါတယ်'

✤ ✤ ✤

BURMESE CLASSIC .com

ဝေလီဝေလင်းအချိန်ဖြစ်သည်။ နှင်းများက တဖျောက်ဖျောက်ကျလျက်ရှိသည်။ ကောလိယရွာပြင်သို့ ထွက်လာသော လှည်းမှ ခလောက်သံများ ကြားနေရသည်။ နှင်းမြူများကလည်း ပိတ်ဖုံးလျက်ရှိသည်။ ဆောင်းနှံနက်ခင်းဖြစ်၍ တိုးဝှေ့တိုက်ခတ်လာသော လေထုသည် အေးစိမ့်လျက်ရှိသည်။ ရဲထွန်းအောင်သည် ခြုံစောင်ကို ကိုယ်ပေါ်၌ လွှမ်းခြုံလျက် တင်းတင်းရစ်ပတ်ရင်း လှည်းပေါ်တွင် ငြိမ်သက်စွာလိုက်ပါလာသည်။

ရဲထွန်းအောင်သည် လှည်းနောက်တွင် နှင်းများပိတ်ဖုံးနေသော ကောလိယရွာလေးကို လှမ်းကြည့်ရင်း ဝမ်းနည်းသလို ဖြစ်လာသည်။ ရွာနှင့် ခွဲခွာလာခဲ့ရပြီဖြစ်၍ အဖေနှင့်ကြီးတော်ကြီးကို သတိရနေမိသည်။ ထွေးမေမျက်နှာလေးသည်း ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လို တောထဲတောင်ထဲ ရိုးမပေါ်တက်မည်ဆိုပါက အဖေသာသိလျှင် ခွင့်ပြုမည်မဟုတ်ပေ။ ယခုတော့ အဖေကလည်း စွန့်ပစ်ထားသည်။

သူ့ဘဝ သူ့အကြောင်းကို ပြန်တွေးမိတိုင်း ရင်ထဲတွင် မျက်ရည်များ ရစ်ဝဲလာသည်။

'ဘာပဲဖြစ်ဖြစ် ကြီးပွားချမ်းသာဖို့ ထွက်လာတာပဲ'

ဟု ပြန်တွေးမိပြီး အားတင်းထားလိုက်သည်။ လှည်းရှေ့မှဆွဲနေသော နွားနှ ကောင်မှာ မှန်မှန်ပဲ ရုန်းကန်သွားလျက်ရှိသည်။

မကြာမီ အရုဏ်တက်လာပြီဖြစ်၍ ပုစွန်ဆီရောင် အလင်းရောင်များ ကောင်းကင်တွင် ဖြန့်ကြက်လွှမ်းမိုးလာသည်။

အလင်းရောင်များ တဖြည်းဖြည်းဝင်လာသလို နှင်းထုကြီးသည်လည်း ပျက်ပြယ်စပြုလာသည်။

လှည်းလမ်းဘေးတွင် စိမ်းညို့ညို့ တောတန်းများ အဝေးဆီမှ မှိုင်းညို့နေသော ပဲခူးရိုးမတောင်တန်းများကို လှမ်းမြင်တွေ့ရသည်။

ပထမဦးဆုံး ခရီးထွက်လာဖူးသော ရဲထွန်းအောင်အတွက် ဧရာမြေတောတောင်သဘာဝ အလှတရားကို ငေးကြည့်နေမိသည်။

'ရွှေနွားဆိုရင် ဥသျှစ်ကုန်းရောက်ပြီ'



လှည်းမောင်းသမားက တစ်ကျွန်းပြန်ညီအေးတို့အုပ်စုအား ပြောလိုက်သည်။

'ညီအေးတို့ ဘယ်လိုစီစဉ်ကြမလဲ'

'ဥသျှစ်ပင်ရွာမှာပဲ ခဏနားကြတာပေါ့ကွာ၊ မနက်စာစားပြီးမှ ခရီးဆက်ကြတာပေါ့၊ ဒီရွာမှာ ငါ့မိတ်ဆွေ လူပျိုကြီးဝင်းအောင် ရှိတယ်၊ သူ့ဆီ ဝင်ကြတာပေါ့'

တစ်ကျွန်းပြန်ညီအေးတို့အုပ်စုသည် လှည်းပေါ်မှဆင်းလိုက်ပြီး လူပျိုကြီးဝင်းအောင်အိမ်သို့ ဝင်လာသည်။

'အလို… တစ်ကျွန်းပြန်ကြီးပါလား၊ အကြောင်းမကြား ဘာမကြားနဲ့ ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ'

'ဒီလိုပါပဲကွာ၊ ရဲနွယ်ချောင်းဖျားတက်ပြီး မျှောက်ပစ်ဖို့ ထွက်လာကြတာ'

'အေးကွာ… မင်းကိုမြင်တော့ မင်းအဖေ ဦးသီးကို သတိရတယ်ကွာ၊ တောတက်ရင် ငါ့ဆီမှာ အမြဲဝင်နားနေကြ၊ မနက်စာ အိမ်မှာစားသွားကြပေါ့ကွာ၊ ဘာမှ အားနာစရာမလိုဘူး'

'အေးပါကွာ… ငါတို့ကလည်း စားဖို့သက်သက်ကို ဝင်လာတာပဲ၊ ဘယ်လိုလဲ… လူပျိုကြီး ဟိုတလောက ရွာထဲက ခပ်ငယ်ငယ်ကောင်မလေးတစ်ယောက်နဲ့ ယူတော့မယ်လို့ သတင်းကြားလိုက်တာ၊ ဘယ်လိုဖြစ်သွားတာလဲ'

လူပျိုကြီးဝင်းအောင်မှာ ရှက်သလိုလိုဖြစ်သွားပြီး သူ့

www.burmeseclassic.com



မျက်နှာမှာလည်း မချိုမချဉ်ဖြစ်သွားသည်။

'ဘာမှ မဟုတ်ပါဘူးကွာ'

ပြောရခက်သောကိစ္စဖြစ်၍ လူပျိုကြီးဝင်းအောင်က အလေးမထားသလို ပြောလိုက်သည်။

'ဘာမှသာ မဟုတ်တာ၊ အသည်းကွဲနေတယ် ကြားပါလား၊ ဒီအသက်အရွယ်ကြီးရောက်မှ အသည်းကွဲရတယ်ဆိုတော့ မနိုင်ပါဘူးဗျာ'

'ဟော့ကောင်… တစ်ကျွန်းပြန်၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့'

'ပေါက်ကရတွေ မပြောပါဘူးဗျာ၊ အဖေရှိတုန်းက တောပစ်ထွက်ရင် ခင်ဗျားမှာနေကျ ပန္နည်းကို သွားသတိရမိသေးတယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ မင်း ရိုးမပေါ်က ပြန်ဆင်းလာလို့ရရင် သေချာယူခဲ့ပါကွာ'

ဖိုးဇော်က လူပျိုကြီးဝင်းအောင် မှာသော ပန္နည်းကို နားမလည်၍ ဝင်မေးလိုက်သည်။

'ကိုဝင်းအောင်က ဘာတွေမှာနေတာလဲ'

'သူ့မှာနေတာ ဖျံသိုလေကွာ'

'ဖျံသိုက ဘာကောင်းတာလဲ ကိုညီအေးရ'

'ယောကျာ်းတွေအတွက် ကာမစွမ်းအား တိုးပွားစေတာပေါ့'



'မိန်းမလည်း မရှိ၊ တစ်ယောက်တည်းနေတဲ့ လူပျိုကြီးက ဒါမျိုးတွေလည်း မှီဝဲသုံးဆောင်ထားတာပေါ့'

'တော်ပါတော့… တစ်ကျွန်းပြန်ရာ၊ ထမင်းနဲ့ ဟင်းကောင်းကောင်း ချက်ကျွေးပါ့မယ်'

တစ်ကျွန်းပြန်ညီအေးတို့အဖွဲ့သည် လူပျိုကြီးဝင်းအောင်အား နောက်ပြောင်ကြရင်း ဥသျှစ်ကုန်းရွာ၌ မနက်စာ စားလိုက်ကြသည်။

✣ ✣ ✣

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဥသျှစ်ကုန်းရွာမှ ထွက်လာကြသည်။ ရဲနွယ်ချောင်းဖျားဘက်ဆီသို့ ဦးတည်လျက် နက်ရှိုင်းသော ပဲခူးရိုးမတောထဲသို့ ဝင်ရောက်လာကြသည်။ သစ်တောကြီးများ အောက်ခြေမှာ ရှင်းလျက်ရှိသည်။ လေပြည်လေညင်းများက တသုန်သုန်ဝေ့တိုက်လိုက်သဖြင့် ရင်ထဲမှာ အေးသွားသည်။ တောင်ခြေကို ကွေ့ပတ်တက်နေကြခြင်း ဖြစ်သည်။

ရဲထွန်းအောင်သည် တောထဲ တောင်ထဲသို့ ယခုမှရောက်ဖူးသူဖြစ်၍ မြင်မြင်သမျှ ထူးဆန်းနေသည်။ ထိုအချိန်တွင် သစ်ပင်တောအုပ်အပေါ်ပိုင်းမှ ရဲခဲ့ သစ်ကိုင်းများ ယိမ်းထိုးလှုပ်ရှားသွားသောကြောင့် လက်ထဲမှဓားရှည်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ သစ်ပင်ပေါ်တွင် တောကောင်များရှိနေ၍ ရန်ပြုလာလျှင် အဆင်သင့်တိုက်ခိုက်ရန် ပြင်ဆင်ထားသည်။ သို့သော် ရဲထွန်းအောင် ထင်သလို မဟုတ်ပေ။



တစ်ကျွန်းပြန့်ညိုအေးက လှမ်းပြောလိုက်ရင်း စောစောက သစ်ကိုင်းဖျားထိပ်တွင် လှုပ်ရှားသွားသောနေရာသို့ သူ့လက်စွဲတော် ဒူးလေးကြီးနှင့် ချိန်ရွယ်လိုက်သည်။

'ထောင်...'

ဟူသော အသံကြီးကို ကြားလိုက်ရပြီး မြားတံသည် ဒေါ်ခနဲထွက်သွားသည်။ သစ်ပင်များတွင် ဆူညံစွာ ခုန်ပေါက်လျက် ပြေးလွှားကြသော မျောက်အုပ်ကြီးကို မြင်တွေ့လိုက်ရသည်။ တစ်ကျွန်းပြန့်ညိုအေး ပစ်လိုက်သော မြားတံမှာလည်း မျောက်တစ်ကောင်၏ ရင်ညွန့်တွင် ထိမှန်စိုက်ဝင်လျက်ရှိသည်။ မြားမှန်ထားသောမျောက်မှာ သစ်ကိုင်းအား တွဲလဲခိုထားရာမှ ကြာခင်မှာပင် မြေပေါ်သို့ ဘုန်းခနဲကျလာသည်။

'ညနေစာအတွက်တော့ သေချာသွားပြီ'

တစ်ကျွန်းပြန့်ညိုအေးသည် ဝမ်းသာအားရပြောလိုက်ပြီး မျောက်သေရှိရာသို့ သွားသည်။ ရဲထွန်းအောင်နှင့် ဖိုးဇော်ကိုမှာလည်း ညိုအေးနောက်သို့ အပြေးလိုက်လာကြသည်။ မြေပြင်ပေါ်တွင် မြားမှန်ပြီးသေနေသော မျောက်၏ခြေထောက်နှစ်ချောင်းအား နွယ်ကြိုးများနှင့် ချည်နှောင်တုပ်လိုက်ပြီး ဒူးလေးကိုင်းဖျားတွင် လျှိုထမ်းလိုက်သည်။ တစ်ကျွန်းပြန့်ညိုအေးကား သူ့ဖခင်ဖြစ်သူ မုဆိုးကြီးဦးသီးနှင့် တောလိုက်ဖူးသူဖြစ်၍ အတွေ့အကြုံရင့်ကျက်သူတစ်ဦး ဖြစ်နေပေသည်။

'ခုနေများ အရက်ကလေးနဲ့ မျောက်သားကင်ကို

www.burmeseclassic.com

www.burmeseclassic.com



မြည်းလိုက်ရရင် ဆွေမျိုးမေ့သွားမှာပဲ'

ဖိုးဇော်က မျောက်သေလေးကို တစိမ့်စိမ့်ကြည့်ရင်း ပြောလိုက်ရာ ရဲထွန်းအောင်ပင်လျှင် သွားရည်ကျချင်သလို ဖြစ်သွားသည်။ တောင်ပေါ်ခရီးကား ပို၍မတ်စောက်လာသည်။ သစ်ပင်ကြီးများမှာလည်း ခပ်ကျဲကျဲသာ ပေါက်ရောက်လျက်ရှိပြီး ချုံနွယ်ပိတ်ပေါင်းများက ပို၍ထူထပ်လာသည်။

တစ်ကျွန်းပြန်ညိုအေးသည် ရှေ့မှနေ၍ လမ်းပိတ်နေသော ချုံနွယ်များကို ဓားဖြင့်ခုတ်ထွင်ရှင်းလင်းရင်း ခရီးဆက်သွားသည်။ ရဲထွန်းအောင်၏ တစ်ကိုယ်လုံးမှာလည်း ချွေးများဖြင့် စိုရွှဲနစ်လာသည်။ နဖူးပြင်ပေါ်မှ ချွေးပေါက်ကြီးများမှာလည်း လမ်းလျှောက်တိုင်း တပေါက်ပေါက်ကျလာသည်။ ကြမ်းတမ်းသော ခရီးလမ်းကို မသွားဖူးသူဖြစ်၍ ပင်ပန်းနွမ်းနယ်လျက်ရှိသည်။ ရဲထွန်းအောင် အနေအထားကို တစ်ကျွန်းပြန်ညိုအေးက လှမ်းပြောလိုက်သည်။

'ဘယ်လိုလဲ ရဲထွန်းအောင်၊ တော်တော်ပင်ပန်းနေပြီလား'

ကြင်နာစွာဖြင့် မေးလိုက်သော တစ်ကျွန်းပြန်ညိုအေးအား ရဲထွန်းအောင်သည် ဘာမှပြန်မပြောတော့ဘဲ မချိသွားဖြဲသာ ပြုံးပြလိုက်သည်။

'ခွက်ပေါက်ဂမုန်း ရှာတွေ့ရင် ငါတို့ သူဌေးဖြစ်မှာပဲ ငါ့ညီရာ၊ ကြိုးစားပြီး လျှောက်ရမှာပေါ့'



ဖိုးဇော်ကပါ အားပေးစကားဝင်ပြောသည်။

'ခင်ဗျားတို့ လျှောက်နိုင်သလောက်သာ လျှောက်ပါ၊ ကျွန်တော် လိုက်နိုင်ပါတယ်'

ရဲထွန်းအောင်က ပြန်ပြောလိုက်သည်။

'ဒါမှ ယောက်ျားကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်ပဲ၊ ယောက်ျားဆိုတာ မိန်းမလို ပျော့ပျော့ပျောင်းပျောင်းနေလို့မရဘူး၊ ထောင်ကျကျ ပြားကျကျ သတ္တိရှိရှိ အားတင်းပြီး ကြိုးစားရမယ်'

ဖိုးဇော်ကပါ အားပေးစကား ဝင်ရောက်ပြောလိုက်သည်။ ရှေ့ဆက်ပြီး တောင်တက်ခရီးကို ဆက်တက်ခဲ့ကြသည်။ တောင်ခါးပန်းတစ်နေရာအရောက်တွင် ပြန့်ပြူးသော မြင့်ပြင်လေးတစ်ခုကို တွေ့လိုက်ရသည်။ နေရောင်ကလည်း ညိုးမှိန်သွားပြီဖြစ်၍ သစ်တောကြီးမှာ အုံ့မှိုင်းရီဝေလျက်ရှိသည်။

'ဒီမှာပဲ စခန်းချရအောင်၊ ရှေ့ဆက်သွားလို့လည်း ရတော့ဘူး၊ နေက ဝင်တော့မယ်'

'မင်းက ခေါင်းဆောင်ပဲ၊ ကောင်းသလို စီစဉ်ပေါ့ကွာ'

တစ်ကျွန်းပြန်ညိုအေးသည် မြင့်မားသော ကမ်းပါးနံရံကြီးအား မော့ကြည့်ရင်း ပတ်ဝန်းကျင်အား လေ့လာအကဲခတ်လျက်ရှိသည်။ တောင်နံရံခြေရင်းတွင် တသွင်သွင်စီးဆင်း

www.burmeseclassic.com



နေသော စမ်းချောင်းလေးကိုလည်း တွေ့ရသည်။ စခန်းချမည့် နေရာနှင့် စမ်းချောင်းလေးမှာ သိပ်မကွာလှပေ။ တစ်ကျွန်းပြန် ညီအေးက စမ်းချောင်းလေးအား လက်ညှိုးညွှန်ပြရင်း…

‘မနက်ဖြန်ကျရင် ဒီစမ်းချောင်းက ရေကို ဝါးကျည် တောက်နဲ့ သယ်နိုင်သလောက် သယ်သွားမှ ဖြစ်မယ်၊ ရှေ့ကျ ရင် ရေတွေ့ဖို့ မလွယ်တော့ဘူး၊ ကဲ… အချိန်လေးရှိတုန်း ထင်းခြောက်တွေ ရှာကြရအောင်၊ ညရေးညတာအတွက် မီးဖို ရမယ်၊ ရဲထွန်းအောင်က မီးဖို၊ ဖိုးဇော်က ရေသွားခပ်ကွာ ငါက ဒီမျောက်ကို ဖျက်လိုက်ဦးမယ်’

တစ်ကျွန်းပြန်ညီအေးက တာဝန်များ ခွဲဝေပေးလိုက် သလို သူကိုယ်တိုင်ကလည်း မျောက်သေကောင်အား ဖျက် လျက်ရှိသည်။ ဖိုးဇော်သည် ဝါးကျည်တောက်များကို ဆွဲယူ ရင်း စမ်းချောင်းလေးရှိရာ အောက်ခြေသို့ ဆင်းသွားသည် ရဲထွန်းအောင်သည် ထင်းခြောက်ကိုင်းများကို စုပုံ၍ မီးမွေ လိုက်သည်။ မကြာခင်မှာပင် မီးတောက်အရှိန်တက်လာပြီ မီးပုံကြီးသည် တဟုန်းဟုန်းထ လောင်ကျွမ်းလာသည်။

ထိုစဉ်မှာပင် ရဲထွန်းအောင်တို့ စခန်းချရာနေရာသ အူယားဖားယား ပြေးတက်လာသော ဖိုးဇော်ကို အထိတ်တလ မြင်တွေ့လိုက်ရသည်။ တစ်ကျွန်းပြန်ညီအေးသည် မျောက်သေ ကို ဖျက်နေရာမှ ဓားကို တင်းကျပ်စွာဆုပ်ကိုင်ရင်း မတ်တတ် ထရပ်လိုက်သည်။



‘ဟေ့ကောင် ဖိုးဇော်၊ ဘာဖြစ်လာတာလဲ’

ဖိုးဇော်မှာ ရုတ်တရက် စကားပြန်မပြောနိုင်သေးပေ။ အနီးသို့ရောက်လာကာမှ မောကြီးပန်းကြီးနှင့် ပြောလိုက်သည်။

‘စမ်းချောင်းဘေးမှာ ကျားခြေရာတွေ တွေ့တယ်ကွ’

‘ဟာ… ဖိုးဇော်ရာ၊ မင်းကတော့ ပြဿနာပဲ၊ တော ထဲမှာ ကျားခြေရာတွေ့တာ ဆန်းသလားကွ’

တစ်ကျွန်းပြန်ညီအေးမှာ စိတ်တိုသွားပုံရသည်။ ဖိုးဇော်အား မကျေမနပ်နှင့် လှမ်းကြည့်လိုက်သည်။

‘မဟုတ်ဘူး ညီအေးရ၊ ငါ ရေခပ်ရအောင် ဆင်းသွား တော့ ရေစပ်မှာတွေ့တာ၊ ရေတွေတောင် နောက်နေတာတွေ့ ရတယ်၊ ကျားက ဝေးဝေးသွားမှာ မဟုတ်သေးဘူး၊ ဒီအနီး အနားမှာပဲ ရှိမယ်ထင်တယ်’

ဖိုးဇော်မှာ ကျားခြေရာကို လတ်လတ်ဆတ်ဆတ်တွေ့ လာ၍ ကြောက်ရွံ့နေပုံရသည်။ မျက်စိမျက်နှာ ပျက်လျက်ရှိ သည်။

‘ခက်တော့တာပဲကွာ၊ ကျားတွေ့တော့ရော ဘာဆန်း လဲ၊ တောထဲမှာ ကျားရှိတာပဲ၊ ကျားတွေ့တော့လည်း အမဲကြီး ရတာပေါ့ကွာ၊ မင်း ကြောက်ရင် ဒီမှာ ရဲထွန်းအောင်နဲ့နေခဲ့၊ ငါ ဖျက်လက်စ မျောက်သေကို ဖျက်ထားနှင့်၊ ရေကို ငါသွား ခပ်မယ်’

တစ်ကျွန်းပြန်ညီအေးသည် စိတ်မြန်သော ...

www.burmeseclassic.com



ဆောင်ရွက်တတ်သူဖြစ်သည်။ ဖိုးဇော်ထံမှ ဝါးကျည်တောက်များကို ဆောင့်ဆွဲပြီး ယူလိုက်သည်။ လက်ထဲတွင်လည်း ဓားရှည်ကြီးကို တဆဆလုပ်ရင်း ကမ်းပါးအောက်ခြေသို့ ဆင်းသွားသည်။ ရဲထွန်းအောင်သည် တစ်ကျွန်းပြန်ညိုအေးကို ကြည့်လျက် စိတ်ထဲတွင် ကြိတ်ပြီးချီးကျူးလိုက်သည်။ တစ်ကျွန်းပြန်ညိုအေးကား စိတ်မြန်လက်မြန်ရှိသလို သတ္တိကောင်းသူဖြစ်သည်။ ဘဝအတွေ့အကြုံ စုံသည်။ တောကောင်များကို ရင်ဆိုင်ဖို့ ဝန်မလေးပေ။ မုဆိုးပီသသော ပါးနပ်သည့် တောကျွမ်းမုဆိုးတစ်ယောက် ဖြစ်သည်။

'ကိုဖိုးဇော် ဒီမှာ ခင်ဗျားတစ်ယောက်တည်း နေခဲ့တယ် မဟုတ်လား'

မျောက်သေ၏ပေါင်များကို လှီးဖြတ်နေသော ဖိုးဇော်က မော့ကြည့်လိုက်သည်။

'ငါ့ညီ ဘာလုပ်မလို့လဲ'

'ကိုညိုအေး တစ်ယောက်တည်း ရေသွားခပ်တာ ကျွန်တော် စိတ်မချရဘူး၊ မတော်လို့ ကျားနဲ့တွေ့ရင် သူတစ်ယောက်တည်း၊ လိုရမယ်ရ ကျွန်တော် ဝိုင်းကူမှဖြစ်မှာ၊ ကျွန်တော် လိုက်သွားလိုက်ဦးမယ်'

'အေး… ကောင်းတယ်၊ လိုက်သွား၊ ဒီကောင်က တဇောက်ကန်းကွ၊ ကျားဆိုတာ ရန်သူပဲ၊ ရန်သူကို အထင်သေးလို့ မရဘူး'



ရဲထွန်းအောင်သည် ဝါးရုံတွင် ချိတ်ထားသော ဓားရှည်ကြီးကို ဆွဲနုတ်ယူလိုက်ပြီး တစ်ကျွန်းပြန်ညိုအေး ဆင်းသွားသည့်ဘက်သို့ လိုက်လာခဲ့သည်။ ချောင်းစပ်နားမရောက်ခင် သစ်ရွက်ခြောက်များပေါ် နင်းမိလိုက်သောအသံကြောင့် တစ်ကျွန်းပြန်ညိုအေးသည် ဝါးကျည်တောက်များကို ရေနှစ်ခပ်နေရာမှ ဓားရှည်ကြီးကို ဝင့်လိုက်ပြီး သားကောင်မှတ်၍ ခုတ်ပိုင်းရန် လှုပ်ရှားလိုက်သည်။

'ကိုညိုအေး ကျွန်တော်ပါ'

ချုံထဲမှ တိုးထွက်ရင်း ရဲထွန်းအောင်က အသံပြုလိုက်သည်။

'မင်းက ဘာပြုလို့ လိုက်လာရတာလဲ၊ ဟိုမှာက ဖိုးဇော်တစ်ယောက်တည်းရယ်၊ ဒီကောင် တော်တော်ကြောက်နေတာ'

'ခင်ဗျား ကျားနဲ့တွေ့ရင် ဝင်ကူရအောင် ကျွန်တော် လိုက်လာတာပါ'

'အောင်မယ်လေးကွာ… ငါ့အတွက် ဘာမှစိုးရိမ်စရာမလိုပါဘူး၊ ကျားနဲ့တွေ့ရင် ဘယ်လိုခုခံရမယ်၊ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ မုဆိုးလုပ်တဲ့ ငါ့အဖို့ ကျွမ်းပြီးသားပါ'

'ဒါတော့ ဒါပေါ့ဗျာ၊ ခွက်ပေါက်ဂမုန်းကို အတူတူလာရှာကြသူချင်း တစ်ယောက် ဒုက္ခရောက်ရင် ဝိုင်းကူညီဖို့ ကျွန်တော်တို့ သစ္စာပြုထားကြတာပဲ၊ တကယ်တမ်း ကျားနဲ့

www.burmeseclassic.com



သာ ရင်ဆိုင်တွေ့ရင် ကျွန်တော်တို့နှစ်ယောက်က လက်ပိုက်ပြီး ဘယ်ကြည့်နေနိုင်ပါ့မလဲ၊ တတ်နိုင်သလောက် ဝိုင်းကူရမှာပေါ့'

'အေးကွာ… မင်းဆီက ဒီလိုစကားမျိုးကြားရတာ ဝမ်းသာပါတယ်၊ ရွာက မထွက်ခင်တုန်းက မင်းအပေါ် အထင်သေးခဲ့မိသေးတယ်၊ တောထဲ တောင်ထဲ လိုက်ချင်လို့သာ ခေါ်လာရပေမယ့် မင်းမှာ ဒီလိုသတ္တိမျိုး ရဲဘော်ရဲဘက်စိတ်ထားမျိုး ရှိမယ်လို့တောင် မထင်ဘူး'

တစ်ကျွန်းပြန်ညိုအေးက ဝမ်းသာအားရနှင့် ပြောဆိုလျက်ရှိသည်။

'ခွာပေါက်ဂမုန်းသာ ရှာတွေ့ရင် ကျွန်တော်တို့ သုံးယောက်စလုံး တရုတ်ဒိုင်တွေဆီက ငွေတွေအကုန်ရ သူဌေးဖြစ်မယ့်ကိစ္စပဲဗျာ၊ တောထဲ တောင်ထဲကိုတောင် စွန့်စွန့်စားစားထွက်လာပြီပဲ၊ တွေ့သမျှ အခက်အခဲကို ရင်ဆိုင်ပြီး ရန်ပြုမယ့်သားကောင်မှန်သမျှ ရှင်းပစ်ရမှာပဲ၊ ဒီလိုအချိန်မျိုးမှာ ကြောက်တဲ့စိတ်မွေးလို့ ဘယ်ရမလဲ၊ သတ္တိရှိရမှာပေါ့'

'ရဲထွန်းအောင် မယုံဘူးကွာ၊ မင်းမှာ ဒီလိုစိတ်ဓာတ်တွေရှိမယ်ဆိုတာ မင်းကိုတော့ ငါ အရမ်းလေးစားသွားပြီ၊ အမှန်က တို့သုံးယောက်စလုံး ဒီလိုစိတ်မျိုးမွေးထားရမှာ၊ ဖိုးဇော်က လူကြောက်ကွ၊ သတ္တိမရှိဘူး'

တစ်ကျွန်းပြန်ညိုအေးသည် ဝါးကျည်တောက်များအား



ရေဖြည့်ပြီး အပေါ်သို့ ပြန်တက်ခဲ့သည်။ ရဲထွန်းအောင်ကပါ ဝိုင်းကူသယ်ပြီး စခန်းချရာဘက်သို့ ပြန်ထွက်လာကြသည်။ ထိုစဉ်မှာပင်…

'အား… လုပ်ကြပါဦး'

တစ်တောလုံး သိမ့်ခနဲတုန်သွားအောင် အော်ဟစ်လိုက်သော ဖိုးဇော်အသံကို အလန့်တကြား ကြားလိုက်ရသည်။ တစ်ကျွန်းပြန်ညိုအေးနှင့် ရဲထွန်းအောင်တို့ စိတ်ထဲတွင် ထင့်သွားကြသည်။ ဖိုးဇော်တစ်ယောက် အန္တရာယ်တစ်ခုခုနှင့် တွေ့ကြုံနေရပြီ ထင်သည်။

'ဖိုးဇော် ဘာဖြစ်တာလဲ'

မျောက်ပေါင်တစ်ဖက်အား ဓားနှင့်ခုတ်ဖြတ်ရင်း ကြောင်တောင်တောင်ဖြစ်နေသော ဖိုးဇော်အား တစ်ကျွန်းပြန်ညိုအေးက လှမ်းမေးလိုက်သည်။

'ဘာကောင်ကြီးလဲ မသိဘူး၊ မည်းမည်း မည်းမည်းနဲ့၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ သစ်ပင်ပေါ်ကနေ ဒီဘက်ကို ခုန်ကူးလာတာ မြင်လိုက်လို့၊ ငါ ဘာလုပ်ရမှန်းမသိဘူး၊ လုပ်ပါဦးကွာ ညိုအေး'

ဖိုးဇော်က တုန်တုန်ယင်ယင်နှင့် လန့်ဖျပ်လျက်ရှိသည်။

'မျောက်မြီးတိုနဲ့ တူပါတယ်ကွာ၊ ဖိုးဇော်ကလည်း တော်တော်အသည်းငယ်တဲ့ကောင်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မျောက် မဟုတ်ဘူးကွ၊ မျောက်ဆိုရင် ငါသိတာပဲ၊ ဒီမှာလည်း မျောက်သေကို ဖျက်နေတာ၊ မျောက်ထက် အများကြီးကြီးတဲ့ မည်းမည်းကောင်ကြီးကွ'

'မျောက်မဟုတ်ရင် မျက်ကွင်းဖြူ ဖြစ်မှာပေါ့ကွာ'

တစ်ကျွန်းပြန်ညိုအေးက ဂရုမစိုက်သလို အေးအေးဆေးဆေး ပြောနေစဉ်မှာပင် ကြေးလင်ပန်းတီးသံကဲ့သို့ ဆူညံသည့်အသံကြီးကို ကြားလိုက်ရသည်။ ဖိုးဇော် ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားပြီး တစ်ကျွန်းပြန်ညိုအေးအနားသို့ ပြေးကပ်လိုက်သည်။

'ညိုအေး လာနေပြီထင်တယ်၊ လုပ်ပါဦး'

'ဟော့··· ဟော့··· ဝက်ဝံကွ၊ မင်းတို့နှစ်ယောက် သစ်ပင်ဘေးမှာ အသာလေးကပ်နေကြ၊ ဒီကောင်ကြီးကို ငါဆုံးမလိုက်ဦးမယ်'

တစ်ကျွန်းပြန်ညိုအေးသည် ဓားကိုဆွဲပြီး အသံကြီးထွက်ပေါ်လာရာဆီသို့ ပြေးထွက်သွားသည်။ ရဲထွန်းအောင်နှင့် ဖိုးဇော်မှာ သစ်ပင်ကြီးအကွယ်တွင် ကပ်လိုက်ပြီး တစ်ကျွန်းပြန်ညိုအေး၏ လှုပ်ရှားမှုများကို အံ့သြစွာ ငေးကြည့်နေလိုက်ကြသည်။

မည်းနက်ပြောင်နေသော အမွေးအမှင်များ ဖုံးလွှမ်းထားသည့် သတ္တဝါကြီးသည် နွယ်ချုံတစ်ချုံပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး လက်ကြီးနှစ်ဖက်အား မြှောက်လျက် တစ်



ကျွန်းပြန်ညိုအေး ရှိရာသို့ ပြေးဝင်လာသည်။ သူ၏ပါးစပ်နီနီကြီးများမှ ကြေးလင်ပန်းတီးသံကဲ့သို့ ဆူညံသည့်အသံကြီးကိုလည်း ဟစ်ကြွေးလျက်ရှိသည်။ ရဲထွန်းအောင်သည်လည်း တစ်ကျွန်းပြန်ညိုအေးအား အကူအညီပေးလိုသော်လည်း ဘယ်လိုကူညီရမှန်းမသိ၍ ငေးကြောင်လျက်သာ ကြည့်နေသည်။

ပေါင်းရှင်းသော ကွက်လပ်ငယ်လေးတစ်ခုပေါ်တွင် တစ်ကျွန်းပြန်ညိုအေးသည် ဓားကို အသင့်ကိုင်ဆုပ်ထားပြီး ဝက်ဝံကြီးဝင်အလာကို အေးဆေးတည်ငြိမ်စွာ စောင့်ကြည့်နေသည်။ ဝက်ဝံကြီးသည် တစ်ကျွန်းပြန်ညိုအေးနှင့် ကိုက် ၂၀ ခန့်အကွာသို့ရောက်လာလျှင် သစ်ပင်ကွယ်နောက်သို့ လှစ်ခနဲ ပြေးဝင်ပြီး ပုန်းကွယ်လိုက်သည်။ ဝက်ဝံကြီးမှာလည်း တစ်ကျွန်းပြန်ညိုအေး ဝင်သွားသည့် သစ်ပင်ကြီးနောက်သို့ ဝင်လိုက်သွားသည်။

တစ်ကျွန်းပြန်ညိုအေးသည် မည်သို့တိုက်ခိုက်လိုက်သည် မသိ။ ဝက်ဝံကြီးသည် ချာလည်လည်သွားပြီး အော်ဟစ်လိုက်သော အသံဆိုးကြီးမှာ တစ်တောလုံး ဆူညံသွားပေသည်။ တောအုပ်ထဲသို့ ကမန်းကတန်း ပြေးဝင်သွားသော ဝက်ဝံကြီးကိုကြည့်၍ တစ်ကျွန်းပြန်ညိုအေးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဟား··· ဟား··· ဘယ့်နှယ်ရှိသေးလဲ၊ ဒေါ်ကြီးဘဲ့ကောင်၊ တစ်ချီတည်းနဲ့ကို တန်းပြေးတော့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံကြီး ထွက်ပြေးသွားသော လမ်းကြောင်းတွင် သွေးကွက်ကြီးများ ကျကျန်ခဲ့သည်။

'ဘယ်လိုလုပ်လိုက်တာလဲ ညီအေးရာ၊ ဝက်ဝံကြီးက တစ်ချီတည်းနဲ့ကို တန်းပြေးတော့တာပဲ'

ဖိုးဇော်က မယုံနိုင်လောက်အောင် အံ့ဩသောမျက်လုံးများနှင့် ကြည့်၍ မေးလိုက်သည်။

'ဒီကောင်တွေအကြောင်းကိုသိထားရင် ဘာမှကြောက်စရာ မလိုဘူး၊ သူတို့က လူကိုတိုက်ခိုက်ရအောင်လာရင် မျက်စိကို စုံမှိတ်ထားတယ်၊ သူတို့ အမွေးအမှင်တွေက ထူလွန်းအားကြီးတော့ ဘယ်လို ဓားနဲ့ခုတ်ခုတ် မပြတ်ဘူး၊ ဒါကြောင့် ချက်ကောင်းကိုစောင့်ပြီး ဒီကောင်ကြီးရဲ့ နှာနုကို မိမိရရ ခုတ်ထည့်လိုက်တာ၊ ခု ပြေးပြီမဟုတ်လား'

ရဲထွန်းအောင်သည် တစ်ကျွန်းပြန်ညီအေး တိုက်ခိုက်ပုံများကို သဘောကျလျက်ရှိသည်။ တစ်ကျွန်းပြန်ညီအေးသာ ရှိနေပါက ဘယ်လိုသားကောင်မျိုးနှင့်ပင် ရင်ဆိုင်ရပါစေ ကြောက်ရွံ့ထိတ်လန့်စရာမလိုဟု တွေးနေမိသည်။ ဝက်ဝံကြီးရန် ကင်းရှင်းသွားသောအခါ မီးပုံဘေးတွင် ထမင်းချက်၍ မျောက်သားကင်နှင့် စားကြသည်။ တစ်နေကုန် ပင်ပန်းလာသမျှ မွှေးကြိုင်လှသော မျောက်သားကင်နှင့် ထမင်းစားလိုက်ရသောကြောင့် မြိန်လှပေသည်။

အမှောင်ထုက တဖြည်းဖြည်း ရင့်မှောင်သထက် ရင့်



မှောင်လာသည်။ စားသောက်ပြီးနောက်တွင် မျက်ခွံများ လေးကျလာကာ ဖိုးဇော်က မေးလိုက်သည်။

'ဒီည ဘယ်မှာအိပ်ကြရမလဲကွာ'

'ဟောဟိုက ကိုင်းရှုပ်ရှုပ်နဲ့ သစ်ပင်ကို တွေ့လား'

တစ်ကျွန်းပြန်ညီအေး ညွှန်ပြသည့် သစ်ပင်အား ရဲထွန်းအောင်နှင့် ဖိုးဇော်တို့ လိုက်ကြည့်လိုက်ကြသည်။

'အဲဒီ သစ်ကိုင်းရှုပ်ရှုပ်တွေပေါ်မှာ ယာယီလင့်စင်ထိုးပြီး အိပ်ကြရမှာ၊ အဲ··· အချိန်ဖြုန်းမနေနဲ့၊ နေက ဝင်သွားပြီဆိုတော့ မှောင်သထက် မှောင်လာတော့မှာ၊ လုပ်စရာရှိတာ အမြန်လုပ်ကြရအောင်'

တစ်ကျွန်းပြန်ညီအေး ပြောသည့်အတိုင်း ဝါးနုကိုခုတ်၍ နီးဖျာကြသည်။ သစ်ကိုင်းကြီးကြီးများကိုခုတ်၍ အရွက်အလက်များ ဖယ်ရှားပြီး ယာယီလင့်စင်တစ်ခုကို အမြန်တည်ဆောက်လိုက်ကြသည်။ လင့်စင်ထိုးပြီးနောက် သစ်လုံးအခင်းများပေါ်သို့ လှဲချလိုက်ကြသည်။ တစ်တောလုံး အမှောင်ထုဖုံးလွှမ်းလာသလို သစ်ပင်ကြီးအောက်တွင် ဖိုထားသော မီးဖိုကြီးမှလည်း မီးတောက်မီးကျိန်များနှင့် တဟုန်းဟုန်းတောက်လောင်နေပေသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

ရဲထွန်းအောင်သည် ယာယီလင့်စင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွားရာမှ ဆူညံနေသော ဆင်အော်သံများကို ကြားလိုက်ရ၍ လန့်နိုးလာသည်။ သူ့ဘေးတွင်ရှိသော ဖိုးဇော်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသည်။ တစ်ကျွန်းပြန်ညိုအေးကတော့ မအိပ်ဘဲ ဒူးလေးကြီးကို ကိုင်ထားရင်း နားစွင့်နေပုံရသည်။

'ရဲထွန်းအောင် မင်း ကြားလား'

'ကြားတယ် ကိုညိုအေး၊ ဆင်တွေအော်နေတဲ့အသံ မဟုတ်လား'

'ဟုတ်တယ်ကွ၊ ငါတို့ ရေသွားခပ်တဲ့ စမ်းချောင်းမှာ ဒီကောင်တွေ အုပ်လိုက်ရောက်နေပြီ၊ လှန့်ရသွားပြီ ဖြစ်ရမယ်၊ ဒါကြောင့်မို့ ဒီကောင်တွေ ဒီလောက်သောင်းကျန်းနေတာ၊ ဖိုးဇော်ကို နှိုးလိုက်တော့'

'ကိုဖိုးဇော် ထဗျာ၊ ဆင်အော်သံတွေ ကြားနေရတယ်'



'ဘာကွ… ဆင်တွေ ဟုတ်လား၊ ဘယ်လိုလုပ်ကြမလဲ'

ဖိုးဇော်သည် ရဲထွန်းအောင် နှိုးလိုက်သောကြောင့် သူးလဲထထိုင်သည်။ ပြူးတူးပြဲတဲနှင့် စိုးရိမ်စွာမေးလိုက်သည်။ သူ မေး၍မဆုံးခင်မှာပင် ခွေးအော်လိုက်သကဲ့သို့ တကိန်ကိန်နှင့် အသံများ ကြားလိုက်ရသည်။

'ဟာ… ဘယ့်က ခွေးတွေများ ဆင်အုပ်နဲ့ ရောပါလာသလဲ မသိဘူး'

ဖိုးဇော်က တအံ့တသြ ပြောလိုက်သည်။

'အဲဒါ ခွေးအော်တာ မဟုတ်ဘူး၊ ဆင်အစ်တယ်လို့ ခေါ်တယ်'

တစ်ကျွန်းပြန်ညိုအေးက ရှင်းပြသည်။

'အဲဒီလို ဆင်အစ်တော့ ဘာဖြစ်လဲကွ ညိုအေး'

'ဆင်အစ်သံကြားပြီဆိုရင်တော့ သတိထားပေတော့၊ နေ့သူကိုတိုက်ခိုက်ဖို့ ပြင်တာပဲ၊ ငါတို့ကို တွေ့သွားပြီ'

လရောင်သည် စိမ်းမြမြတောအုပ်ပေါ်သို့ ငွေရည်များ ဆမ်းထားသလို ဖြာကျလျက်ရှိသည်။ လရောင်ကြောင့်လည်း ဆင်အုပ်ကြီးသည် တစ်ကျွန်းပြန်ညိုအေးတို့သုံးယောက်အား မြင်တွေ့သွားပုံရသည်။

ဆင်အုပ်ကြီးသည် စမ်းချောင်းမှ တက်လာကြပြီး လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ရှေ့ဆုံးမှ အစွယ်ကောကော့ မြေး

www.burmeseclassic.com



ဖွေးကြီးနှင့် ဆင်ကြီးတစ်ကောင်သည် လင့်စင်ရှိရာဘက်သို့ လှည့်လျက် နှာမောင်းကြီးများကို မြှောက်ကာ မြှောက်ကာ အနံ့ခံလျက်ရှိသည်။ လရောင်ကြောင့် မြင်တွေ့လိုက်ရသော ဆင်အုပ်ကြီးမှာ ကြက်သီးထ ကြောက်လန့်ဖွယ်ဖြစ်သည်။ ဖိုးခေါ်မှာ ဒူးများ တဆတ်ဆတ်တုန်လျက်ရှိသည်။

'ဟော့ကောင် ညီအေး၊ ငါတို့ လင့်စင်က ဆင်တစ်ရပ် လွတ်ပါ့မလားကွ'

ဖိုးခေါ်က တုန်ယင်ထိတ်လန့်စွာနှင့် မေးလိုက်သည်။

'ကိုဖိုးခေါ်ကလည်း ကြောက်တတ်လိုက်တာဗျာ၊ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ'

'ဟ… မကြောက်ရအောင် မင်းအဘတွေက အုပ် လိုက်ကြီးနင်းသတ်မှာ၊ ဆင်နင်းသတ်ရင် ဖိစိညက်ညက်ကြေ သွားမှာကွ'

'ကြောက်မနေပါနဲ့ ဖိုးခေါ်ရာ၊ မင်း မေးသလို တို့ လင့်စင်က ဆင်တစ်ရပ်နဲ့ လွတ်တာတော့ မှန်တယ်၊ ဒါပေမဲ့ ဆင်တွေက နှာမောင်းနဲ့ လာဆွဲရင်တော့ လွတ်မှာမဟုတ်ဘူး'

'အောင်မယ်လေး… ဒုက္ခပါပဲကွာ'

ဖိုးခေါ်မှာ စိတ်ပျက်ညည်းညူလိုက်သလို ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ။ တဆတ်ဆတ် တုန်နေပေသည်။ တစ်ကျွန်း ပြန်ညိုအေးသည် သူ့လက်စွဲတော် ဒူးလေးကြီးကို မြားတံတပ် ၍ အဆင်သင့်ပြင်ထားသည်။ ရဲထွန်းအောင် စိတ်ထဲတွင်လည်း



တစ်ကျွန်းပြန်ညိုအေး၏ အပြုအမူကို စဉ်းစားမရနိုင်ပေ။ ထူထဲ သော အရေပြားကြီးများရှိသည့် ဆင်များအား လက်သုံးခန့် ရှည်သာရှိသော မြားနှင့် ပစ်ခတ်ပါက ဖောက်ထွင်းစူးဝင်နိုင်ခြင်း ရှိမည်မဟုတ်ပေ။ ဒီတစ်ချီတော့ ဆင်နင်းခံရပြီး သေအံ့မူးမူး ဖြစ်ရပေတော့မည်။

ရဲထွန်းအောင်က ထိုသို့ စိုးရိမ်စွာတွေးနေစဉ်မှာပင် တစ်ကျွန်းပြန်ညိုအေး ဒူးလေးမှ 'ထောင်'ခနဲ မြားတံကို လေး ကြိုးရိုက်သံ ကြားလိုက်ရသည်။ ရှေ့ဆုံးမှ ပြေးတက်လာသော ဆင်ကြီးမှာလည်း ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး နောက် ဘက်သို့ ပြန်လှည့်ထွက်ပြေးသွားသည်။ ဆင်အုပ်ကြီးသည် အော်ဟစ်သွားသော ဆင်ကြီးနောက်သို့ အပြေးအလွှား လိုက် ကြသည်မှာ တစ်တောလုံး ဆူညံသွားတော့သည်။

'ဟာ… ညီအေး၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ ကွာ'

ဖိုးခေါ်က တစ်ကျွန်းပြန်ညိုအေး၏ ပခုံးစွန်းကို ဝမ်း သာအားရ ကိုင်လှုပ်ရင်း မေးလိုက်သည်။

'ဆင်ဆိုတာ နားတွင်းကိုထိရင် ဘယ်လိုမှမခံနိုင်ဘူး ဗျ၊ ဒါကြောင့် ငါ ရှေ့ဆုံးကတက်လာတဲ့ ဆင်ကြီးရဲ့နားတွင်း ကို ကျကျနနချိန်ပြီး ပစ်ထည့်လိုက်တာပဲ၊ ကွက်တိကို မှန် သွားတာပဲ'

တစ်ကျွန်းပြန်ညိုအေးက ဝင့်ကြွားစွာပြောလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်စွဲတော် ဒူးလေးကြီးအား ဘေးနားသို့ အသာချထားလိုက်သည်။ ဆင်အုပ်ကြီးရန်မှ ကင်းဝေးသွားသော်လည်း ညနက်လာသည့်အလျောက် အအေးဓာတ်များက မခံမရပ်နိုင်အောင် နှိပ်စက်လာကြပြန်သည်။ တောရိပ် တောင်ရိပ်များကြောင့် တစ်ကိုယ်လုံး စိမ့်ကျဉ်တက်လာသည်။

'ညနက်လာတော့ မတရားအေးလာပြီကွ၊ အောက်ဆင်းပြီး မီးဖိုနားမှာ တစ်ယောက်တစ်လှည့် အိပ်ကြတာပေါ့ကွာ'

တစ်ကျွန်းပြန်ညီအေး အကြံပေးသည့်အတိုင်း ယာယီလင့်စင်ပေါ်မှ ဆင်းလိုက်ကြပြီး မီးဖိုဘေးတွင် ကျေးလိုက်ကြသည်။ သုံးဦးစလုံးမှာ မေးချင်းရိုက်၍ ခိုက်ခိုက်တုန်အောင် ချမ်းနေကြပြီဖြစ်သည်။

✤ ✤ ✤

ကျလစ် ကျလစ်နှင့် သစ်ပင်ထိပ်ဖျားတွင် ဘာသာဘာဝ ငှက်ကလေးများ၏ ပျံသန်းအော်မြည်သံများကို ကြားလိုက်ရသည်။ ငှက်သံများ ဆူညံသောကြောင့် ရဲထွန်းအောင် အိပ်ရာမှ နိုးလာသည်။

'နိုးလာပြီလားကွ ရဲထွန်းအောင်၊ စားစရာရှိတာ စားလိုက်ဦး၊ ပြီးတော့ တို့ ခရီးဆက်ကြရအောင်'

ရဲထွန်းအောင်သည် ရေဖြည့်ထားသော ဝါးကျည်တောက်တစ်ဘူးကို ယူလိုက်ပြီး ပလုတ်ကျင်းကာ မျက်နှာသစ်လိုက်သည်။ ရေမှာ ရေခဲရေတမျှ အေးစက်လှသည်။ ဝါးကျည်တောက်ထဲမှရေကို လက်ခုပ်ထဲထည့်လိုက်စဉ်မှာပင် လက်ဖဝါးတစ်ပြင်လုံး ထုံကျဉ်သွားသည်။

'ဒီမှာ မျောက်သားကင်လေး စားလိုက်ဦး'

မျောက်ပေါင်သားများကို အားပါးတရ ဖွဲ့ဝါးနေသော ဖိုးဇော် ပလုတ်ပလောင်းနှင့် ပြောလိုက်သည်။ တစ်ကျွန်းပြန်ညီအေးသည် သူ့ဖခင် မုဆိုးကြီး ကိုသီး ရေးမှတ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



မှိုင်းကိုင်စက္ကူကို ထုတ်ယူ၍ မြေပြင်ပေါ်တွင် ဖြန့်ခင်းလိုက်သည်။ ရဲထွန်းအောင်နှင့် ဖိုးဇော်တို့ပါ သေချာစွာ ဝိုင်းကြည့်လိုက်ကြသည်။

'ဟောဒါက တို့ ဖြတ်လာပြီးတဲ့ ဥသျှစ်ကုန်းရွာလေးတွေ့လား၊ ဟောဒီ မို့မို့လေးနေရာက တို့ အခုရောက်နေတဲ့ တောင်ကုန်းလေး၊ သူ့ဘေးနားက အတွန့်အတွန့်တွေက စမ်းချောင်းလေးကိုပြောတာ ဖြစ်မယ်၊ ဒီတောင်ကုန်းကနေ ဆက်ပြီး ညွှန်ပြထားတာက မြားဦးကမော့ပြီး တောင်တက်သွားတယ်၊ ဟိုမှာမြင်ရတဲ့ တောင်ကြီးပဲ ဖြစ်ရမယ်'

'ဒါဆိုရင် ကျွန်တော်တို့ ဒီတောင်ကြီးကို ကျော်ကြရဦးမှာပေါ့'

'မြေပုံထဲက အစက်လေးတွေနဲ့ မြားဦးပြထားတော့ ဒီတောင်ကြီးကို ကျော်ရမှာပဲ၊ မြေပုံထဲမှာက အဲဒီတောင်ကြီးကို ကျော်တက်ပြီးရင် လမ်းကြောင်းတွေက အတော်ရှုပ်တယ်၊ နောက်ဆုံးမှာက ခွက်ပေါက်ဂမုန်းပုံစံ သစ်ပင်ပုံလေး ရေးထားတယ်မဟုတ်လား'

တစ်ကျွန်းပြန်ညှိုအေးက မှိုင်းကိုင်စက္ကူပေါ်မှ မြေပုံကို သေချာအောင် ထုတ်ကြည့်ပြီး ပြန်သိမ်းလိုက်သည်။

မနက်စာ အဆာပြေစားသောက်ကြပြီးနောက် ကမ်းပါးအောက်ဆင်း၍ စမ်းချောင်းမှရေများကို ဝါးကျည်တောက်များတွင် ဖြည့်ကြသည်။ အထုပ်အပိုးများ ပြင်ဆင်ပြီး မြင့်မား



သော တောင်ကြီးကို ဦးတည်၍ ခရီးစထွက်ခဲ့ကြသည်။ တစ်ကျွန်းပြန်ညှိုအေးသည် တောင်ကမ်းပါးယံကို ပတ်၍ တောင်တက်နိုင်မည့်လမ်းကြောင်းကို ရှာဖွေလျှက်ရှိသည်။ မတ်စောက်သော တောင်ကမ်းပါးယံကြီး ဖြစ်သည်။ တစ်ကျွန်းပြန်ညှိုအေးသည် ရှေ့ဆုံးမှနေ၍ ကျောက်တုံးကျောက်ခဲများကိုနင်းပြီး နွယ်ကြိုးများ၊ သစ်ပင်များကို ဆွဲရင်း ခက်ခက်ခဲခဲ တက်ရသည်။ တစ်ကျွန်းပြန်ညှိုအေးနောက်မှ ရဲထွန်းအောင်နှင့် ဖိုးဇော်တို့က နွယ်ကြိုးများကိုဆွဲပြီး တက်လာကြသည်။

ရဲထွန်းအောင်အနေနှင့် တစ်ကျွန်းပြန်ညှိုအေးအား စိတ်ထဲမှကြိတ်ပြီး ချီးကျူးမိသည်။ တစ်ကျွန်းပြန်ညှိုအေးကား သားကောင်များနှင့် တိုက်ခိုက်ရာတွင် ကျွမ်းကျင်မှုရှိသလို မြင့်မားမတ်စောက်သည့် တောင်ကမ်းပါးယံများကိုလည်း ခွဲကြီးစွာ ခက်ခက်ခဲခဲ တက်ရောက်နိုင်အောင် စွမ်းဆောင်နိုင်စွမ်းရှိသူ ဖြစ်သည်။

တစ်နေကုန် တက်ခဲ့ကြရာမှ ညနေစောင်းသောက်တွင် မတ်စောက်ခြင်းမရှိသော ခပ်ပြေပြေ တောင်ထိပ်သို့ ရောက်လာကြသည်။ ခေတ္တမျှ အပန်းဖြေအနားယူလိုက်ကြသည်။ ဖိုးဇော်က ဘေးဘီဝဲယာသို့ လှမ်းကြည့်ရင်း အလန့်တကြားအော်လိုက်သည်။

'ငါတို့ လမ်းမှားလာကြသလား မသိဘူး၊ ဒုက္ခတော့ ရောက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဇော် ညွှန်ပြသောနေရာသို့ လှမ်းကြည့်လိုက်သည်။ သူတို့သုံးဦး ရောက်ရှိနေသော နေရာ၏ ရှေ့တည့်တည့်တွင် နက်စောက်လှသော ရိုးကြီးတစ်ခုသည် ကန့်လန့်ကာဆီးထား လျက်ရှိသည်။ တစ်ကျွန်းပြန်ညိုအေးသည် အိတ်ထဲမှ မြေပုံကို ထုတ်ကြည့်လိုက်သည်။

'လမ်းမမှားပါဘူး ဖိုးဇော်ရာ၊ ဒီမြေပုံထဲမှာ တွေ့လား၊ မျဉ်းကြောင်းလေးနှစ်ကြောင်းက ပြတ်နေတယ်၊ ဟုတ်တယ်၊ ဒီနေရာမှာ အခုတွေ့ရတဲ့ ချောက်ကြီးရှိတယ်ဆိုတာကို ပြတာပဲ၊ အဲဒီချောက်ကြီးရဲ့ တစ်ဖက်ကို မရောက်ရောက်အောင် တစ်နည်းနည်းနဲ့ သွားရမယ်၊ ဒါမှ ခွက်ပေါက်ဂမုန်းကို ရှာတွေ့မှာ'

'ဒီလောက်နက်တဲ့ ချောက်ကြီးကို ဘယ်လိုလုပ်ကူးမှာလဲ ညိုအေးရဲ'

ဖိုးဇော်က ဒေါသတကြီး အော်ပြောလိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ရဲထွန်းအောင် ငုံ့ကြည့်မိလိုက်သည်။

ချောက်ကြီးမှာ ပေ ၂၀ ခန့်ကျယ်ဝန်းပြီး အောက်ဘက်တွင် မည်သည့်အရာများရှိသည်ကိုပင် မြင်နိုင်စွမ်းမရှိအောင် နက်ရှိုင်းသည့် ချောက်ကြီးဖြစ်သည်။ တစ်ကျွန်းပြန်ညိုအေး ရူးများနေပြီလား မသိ။

ခွက်ပေါက်ဂမုန်း လိုချင်ဇောနှင့် ထင်ရာ မြင်ရာ



လျှောက်လုပ်လျှင် ဒုက္ခရောက်ဖို့သာ ရှိတော့သည်။

'ငါ့အဖေတောင် မဖြစ်ဖြစ်အောင် ကူးခဲ့လို့ ခွက်ပေါက်ဂမုန်း ရှာတွေ့တာပဲကွာ၊ ငါတို့က ဘာပြုလို့ မကူးနိုင်ရမှာလဲ၊ နည်းလမ်းတစ်ခုတော့ ရှိရမှာပေါ့'

'အဲဒီလိုဆိုလည်း မင်းတစ်ယောက်တည်းသာ ကူးတော့၊ ငါတော့ မကူးဘူး၊ ချောက်ထဲများ ကျလိုက်လို့ကတော့ အရိုးအသားတောင် ရှာတွေ့မှာ မဟုတ်ဘူး'

ဖိုးဇော်က စိတ်ပျက်ညည်းညူစွာ ပြောလိုက်သည်။

'ဒီလောက်လည်း စိတ်ဓာတ်ကျမနေနဲ့၊ မင်းတို့နှစ်ယောက် ဒီမှာ ခဏနေကြဦး၊ ဟိုဘက်ကို ကူးနိုင်ဖို့ ငါ လိုက်ရှာကြည့်ဦးမယ်'

တစ်ကျွန်းပြန်ညိုအေးသည် ချောက်ကမ်းပါးနံဘေးတွင် သီ၍လျှောက်သွားရင်း ချုံတောများအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

'ခက်တယ်ကွာ··· ဒီကောင်နောက် ငါတို့ လိုက်လာတာ မှားပြီထင်တယ်၊ ညိုအေးက တစ်ရှူးထိုး တဇောက်ကန်းကွ၊ လုပ်ချင်တာရှိရင် ထင်ရာမြင်ရာ စွတ်လုပ်တတ်တဲ့ကောင်၊ ငါ့ညီ မင်း စဉ်းစားကြည့်စမ်း၊ အခုနေ ငါတို့ ကောလိယ ရောက်အောင် ပြန်ဖို့ဆိုတာတောင် မလွယ်တော့ဘူး၊ တို့ထွက်လာတဲ့ ခရီးက နည်းတဲ့ခရီး မဟုတ်ဘူး'

'အပြန်အတွက် ကိုညိုအေးက လမ်းမှာ အမှ

www.burmeseclassic.com



အသားတွေ လုပ်ထားခဲ့တာပဲ၊ ကျွန်တော်ကတော့ ခွက်ပေါက် ဂမုန်း ရှာရမှာပဲ၊ ပြန်မယ်၊ ကိုဖိုးဇော် တစ်ယောက်တည်း ပြန်ချင်လည်း ပြန်တော့'

'အောင်မယ်လေး… ရှေ့နေ စောင်မလို့ ထောင်လုံးလုံးကျရသလို ဖြစ်နေပြီ၊ ငါ့ညီနဲ့ တိုင်ပင်ကာမှ ငါ့ညီကလည်း ညှိုအေးလို ကောင်မျိုးပဲ၊ ခုမှတော့ ငါတစ်ယောက်တည်းပြန်လို့ ဖြစ်မလားကွ၊ ဒီတောထဲ တောထဲမှာ သားရဲတိရစ္ဆာန်တွေနဲ့ တွေ့ရင် ငါက ဘာမှလုပ်တတ်တာ မဟုတ်ဘူး'

'ဒါဖြင့်လည်း အေးအေးနေဗျာ၊ စိတ်ပျက်စရာတွေ ပြောမနေနဲ့၊ ဒီချောက်ကြီးကို ကူးနိုင်လို့ကတော့ ကျွန်တော်တို့ လိုချင်တဲ့ ခွက်ပေါက်ဂမုန်းရပြီ'

ရဲထွန်းအောင်က ဖိုးဇော်အား စိတ်ဓာတ်မကျရန် ပြောနေစဉ်မှာပင် တစ်ကျွန်းပြန်ညှိုအေး၏ ဝမ်းသာအားရ အော်ခေါ်လိုက်သည့်အသံကို ကြားလိုက်ရသည်။

'ဟော့ကောင်တွေ… ဒီမှာ လာကြည့်ကြစမ်း'

ရဲထွန်းအောင်နှင့် ဖိုးဇော်သည် ညှိုအေးရှိရာသို့ ဝမ်းသာအားရပြေးလာကြသည်။

'ဟောဒီမှာ တွေ့လား'

တစ်ကျွန်းပြန်ညှိုအေး ညွှန်ပြရာဆီသို့ ကြည့်လိုက်သောအခါ တစ်ပေခန့်သာအကျယ်ရှိသော မြောင်းကူးတံတား တစ်ခုကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ကြသည်။ တစ်ကျွန်းပြန်



ညှိုအေးမှာ ကျောက်တံတားလေးကို တွေ့လိုက်ရ၍ ဝမ်းသာအားရ ရွှင်မြူးလျက်ရှိသည်။

'အဲဒီ ကျောက်တံတားကနေ ကူးလိုက်ရင် ဟိုဘက်က တောင်နှုတ်ခမ်းကို ရောက်ပြီ'

'ငါတော့ မကူးဝံ့ဘူး'

ဖိုးဇော်က ခေါင်းကို သွက်သွက်ခါအောင်ယမ်းရင်း ငြင်းဆန်လိုက်သည်။ တစ်ကျွန်းပြန်ညှိုအေး၏ မျက်နှာပေါ်တွင် ရွှင်လန်းအားရနေရာမှ ချက်ချင်းဆိုသလိုပင် ပုပ်သိုးညှိုမည်းသွားသည်။ အရောင်ထွက်မတတ် မျက်လုံးကြီးများ ပြူးထွက်လာပြီး ဖိုးဇော်အား စိုက်ကြည့်လိုက်သည်။

'မင်း တကယ်မကူးဘူးလား ဖိုးဇော်'

တစ်ကျွန်းပြန်ညှိုအေးက ဒေါသကို ချုပ်တည်းပြီး မေးလိုက်သော်လည်း ဖိုးဇော်မှာ ခေါင်းကို ခါယမ်းမြဲ ခါယမ်းပြလိုက်သည်။

'ဒီမယ် ဖိုးဇော်၊ ရဲထွန်းအောင်လည်း သေချာနားထောင်၊ ဟောဒီ ကျောက်တံတားအကြောင်းကို ငါ့အဖေက ရော မှဆိုးတော်တော်များများ ပြောခဲ့ဖူးတာ ငါကြားဖူးတယ်၊ ဒီကျောက်တံတားပေါ်ကနေ ဟိုဘက်တောင်ပေါ်ရောက်အောင် ကူးနိုင်လို့ရှိရင် သင်နီသင်နက်တွေကို တွေ့ရမယ်တဲ့၊ သင်နီသင်နက်ရှာတဲ့သူတွေဟာ ဒီကျောက်တံတားကို မကူးဝံ့ကြလို့ ပြန်သွားကြတဲ့သူချည်းပဲ၊ အခု ငါ့အဖေ မြေပုံထဲကအတိုင်း

www.burmeseclassic.com



ကျောက်တံတားဆီ ရောက်လာပြီပဲ၊ ဒီလောက် ခက်ခက်ခဲခဲ စွန့်စွန့်စားစား ထွက်လာပြီးမှ ဘာလို့ မကူးဘဲနေရမှာလဲ၊ ကူးရမှာပေါ့'

တစ်ကျွန်းပြန်ညိုအေးက စိတ်အားတက်ကြွစွာ ပြောနေသော်လည်း ဖိုးဇော်မှာ စိတ်ပါဝင်စားခြင်း မရှိပေ။ သတ္တိရှိသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားသော ရဲထွန်းအောင်သည်ပင် ကျောက်တံတားပေါ် ဖြတ်လျှောက်ပြီး ကူးသွားရန်အတွက် အတော်ပင် ဝန်လေးလျက်ရှိသည်။

'မင်းပြောတဲ့ သင်နီသင်နက်တွေက ဘာလုပ်ရမှာလဲ'

ဖိုးဇော်က သူ မကြားဖူးသော သင်နီသင်နက် အကြောင်းကို မေးလိုက်သည်။ ရဲထွန်းအောင်သည်လည်း သင်နီသင်နက်ဆိုသည်မှာ ဘာမှန်းမသိပေ။ တစ်ကျွန်းပြန်ညိုအေး ယခုပြောမှပင် ကြားဖူးခြင်းဖြစ်သည်။

'အေး··· မင်းတို့ မသိရင် သေချာမှတ်ထား၊ သင်နီသင်နက်သာ ရှာတွေ့လို့ရရင်တော့ ခွက်ပေါက်ဂမုန်းတောင် ရှာစရာမလိုတော့ဘူး၊ အဲဒီ သင်နီသင်နက်ကို ပြာချပြီး ကြေးနဲ့လုံထဲမှာထည့်ထိုးရင် ရွှေဖြစ်တယ်၊ ရွှေဖြစ်မှတော့ တရုတ်ဒိုင်တွေဆီကငွေ ဘာလုပ်ရတော့မှာလဲကွာ၊ သူဌေးဖြစ်ပြီပေါ့၊ ပြီးတော့ အဲဒီပြာကိုလျက်ရင် အသက်ရှည်တယ်၊ အဆင်းလှတယ်၊ အနာရောဂါကင်းတယ်၊ ဓားပြီး တုတ်ပြီး သေနတ်ပါပြီးတယ်၊ သင်နီသင်နက်ဆိုတာ အဲဒီလို အစွမ်းသိဒ္ဓိတွေရှိတာ၊



ရလိုက်လို့ကတော့ ဒီတစ်သက် ဘာမှပူစရာမလိုတော့ဘူး'

တစ်ကျွန်းပြန်ညိုအေးက စိတ်အားတက်ကြွစွာနှင့် အားပါးတရ ပြောလိုက်သည်။ ဖိုးဇော် စိတ်ထဲတွင်တော့ ယုံကြည်မှု မရှိပေ။

မဲ့ပြုံးပြုံးပြီး မေးလိုက်သည်။

'မင်းဦးစွာကလည်း ဟုတ်ပါ့မလား ညိုအေးရာ'

တစ်ကျွန်းပြန်ညိုအေး မျက်နှာပေါ်တွင် သွေးရောင်များ လွှမ်းသွားသလို နီရတောက်ပြောင် ဝင်းလက်လာသည်။

'တကယ့်ကို အစွမ်းသိဒ္ဓိရှိတဲ့ သင်နီသင်နက်ကွ၊ အင်္ဂရတ်ဆရာတော်တော်များများ လိုက်ရှာကြပေမယ့် တွေ့ဖို့ အခွင့်မတာန်ခဲ့ယဉ်းတာ'

'ဒီလိုဆို မင်းအဖေ မုဆိုးကြီးကိုသီးက သင်နီသင်နက်တွေ ယူမလာဘဲ ဘာပြုလို့ ခွက်ပေါက်ဂမုန်းအပင်ပေါက်ကို ယူလာရတာလဲ၊ မင်းပြောသလိုဆို သင်နီသင်နက်တွေယူလာပြီး ရွှေဖြစ်အောင်လုပ်မှာပေါ့ကွာ'

'တော်ကွာ ဖိုးဇော်၊ မင်းက စကားကို ကတ်ဖွဲ့ လိုက်ပြီးပြောနေတာပဲ၊ အဖျက်သမား သက်သက်ပဲ၊ ငါတို့ ခရီးစမထွက်ခင်တည်းက ဒီလမ်း ဒီခရီးမှာ စိတ်တူကိုယ်တူရှိဖို့ သစ္စာမဖောက်ဖို့ သစ္စာပြုပြီး သစ္စာရေသောက်ခဲ့တာ မင်းအသိပဲ၊ အခု မင်းက သစ္စာဖောက်ချင်လာပြီ၊ မင်း မလိုက်ချင်လည်း ပြန်တော့၊ လမ်းတစ်လျှောက်လုံး ပြန်ဖို့လွယ်ကူအောင် အမှတ်

www.burmeseclassic.com



အသားတွေ လုပ်ထားတာ မင်းလည်းသိတယ်၊ သွားကွာ… ပြန်တော့၊ ရှေ့ဆက်ပြီး စိတ်ပျက်အောင် အနှောင့်အယှက်လုပ်လာတာကို ငါ သည်းမခံနိုင်တော့ဘူး'

တစ်ကျွန်းပြန်ညိုအေးက ဒေါသဖြစ်လာသောကြောင့် ရဲထွန်းအောင်ကပင် ကြားဝင်၍ ဖျောင်းဖျပြောဆိုလိုက်သည်။

'ကိုဖိုးဇော် တော်ပါတော့ဗျာ၊ ကျွန်တော်တို့သုံးယောက် အတူတူ စွန့်စားထွက်လာကြတာပဲ၊ ဒီခရီးမှာ ကိုညိုအေးမပါဘဲနဲ့ ဘယ်ႏိုမှ ခွက်ပေါက်ဂမုန်းကို ရှာနိုင်မှာမဟုတ်ဘူး၊ အချင်းချင်းတွေပဲ၊ သင့်သင့်မြတ်မြတ် နေကြဗျာ'

'အေး… ငါကတော့ ရှေ့ဆက်သွားမှာပဲ၊ သင်နိုသင်နက်ရရ ခွက်ပေါက်ဂမုန်းပဲရရ ရပြီးမှကို ပြန်မှာ၊ ကဲ… ရဲထွန်းအောင် မင်းသဘောကရော ဘယ်လိုလဲ'

'ကျွန်တော် ကိုညိုအေးနဲ့ လိုက်မှာပါ'

'ဒါပဲပေါ့ကွာ၊ ယောကျာ်းဆိုတာ စွန့်စားရဲရတယ်ကွ၊ ဟော့ကောင် ဖိုးဇော်၊ မင်း ယောကျာ်းမဟုတ်ဘူးလား'

'ယောကျာ်းပါပဲကွာ၊ မင်းတို့သွားရင် ငါလည်း လိုက်မှာပါပဲ'

ဖိုးဇော်က အလျှော့ပေးပြီး ပြောလိုက်သည်။

'ဒီ့ိုမှပေါ့ကွာ'

တစ်ကျွန်းပြန်ညိုအေးသည် ကျောက်တံတားကို ကူးရန်ပြင်ဆင်လိုက်သည်။ ရဲထွန်းအောင်သည် စိုးရွံ့ထိတ်လန့်နေ



သော ဖိုးဇော်အား ပြောလိုက်သည်။

'ဒီလိုလုပ်ရအောင်၊ ကိုညိုအေးက ရှေ့ကကူးသွားနှင့်၊ အလယ်က ခင်ဗျားလိုက်၊ နောက်ဆုံးကနေ ကျွန်တော် ရှိနေတယ်၊ ကိုဖိုးဇော် ဘာမှကြောက်စရာမလိုဘူး'

ရဲထွန်းအောင် ပြောသည်ကို ဖိုးဇော် လက်မခံပေ။ နောက်ဆုံးကပဲ ကူးမည်ဆိုသောကြောင့် ဖိုးဇော်အား နောက်ဆုံးတွင်ထား၍ တစ်ကျွန်းပြန်ညိုအေးသည် ရှေ့ဆုံးမှနေပြီး ကျောက်တံတားကို ဖြတ်ကူးတော့သည်။ ကျောက်တံတားမှာ ရေညှိများတက်လျက် ချောပြောင်လျက်ရှိသည်။ ခြေထောက်ကုပ်သော်လည်း မရ။ ခြေဖဝါးအား ကန့်လန့်ထားပြီး တရွေ့ရွေ့လျှောက်ရသလို ခန္ဓာကိုယ်ဟန်ချက်ကိုလည်း ယိမ်းယိုင်မသွားရန် ထိန်းထားရသည်။

အသည်းတယားယား ရင်တဖိုဖို ဖြတ်ကူးရသောကျောက်တံတားဖြစ်သည်။ အောက်ခြေကို ယောင်လို့မျှပင် ငုံ့မကြည့်ရဲပေ။ ဖြတ်ကူးနေရင်းမှာပင် ရေညှိများကြောင့် ခြေချော်သွားတတ်သည်။ မနည်းပင် ရင်တမမ သတိကြီးစွာထား၍ ဖြည်းညင်းစွာ ကူးခဲ့ကြရသည်။ ရှေ့ဆုံးမှ ဖြတ်ကူးသွားသော တစ်ကျွန်းပြန်ညိုအေးမှာ တစ်ဖက်တောင်စွန်းအနီးသို့ ရောက်ရှိသွားပြီး ရှင်လန်းတက်ကြွစွာဖြင့် ခုန်ကူးသွားသည်။

ရဲထွန်းအောင်သည်လည်း သတိထား၍ ကူးလာရာမှ တစ်ဖက်စွန်းသို့ ရောက်ရှိလာသည်။ တစ်ကျွန်းပြန်ညိုအေး

www.burmeseclassic.com

www.burmeseclassic.com



က လက်ကမ်းပေးလိုက်ပြီး တောင်စွန်းပေါ်သို့ အန္တရာယ်ကင်းစွာ ခြေချနိုင်ခဲ့သည်။ တစ်ကျွန်းပြန်ညီအေးနှင့် ရဲထွန်းအောင်တို့သည် နောက်ဆုံးမှ ကျောက်တံတားပေါ် ဖြတ်ကူးလာမည့် ဖိုးဇော်ကို စောင့်နေကြသည်။ ဖိုးဇော်မှာလည်း မဝံ့မရဲကူးလာရာ ကျောက်တံတားအလယ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ထိုစဉ်မှာပင် ဖိုးဇော်၏ အလန့်တကြား အော်ဟစ်သံကို ကြားလိုက်ရသည်။

'အောင်မယ်လေး ... လုပ်ကြပါဦး၊ ရှေ့ဆက်မလျှောက်ဝံ့တော့ဘူး'

ဖိုးဇော်မှာ ကျောက်တံတားအလယ်တွင် ဒူးများတဆတ်ဆတ်တုန်လျက် ယိမ်းယိုင်လျက်ရှိသည်ကို စိုးရိမ်စွာမြင်တွေ့လိုက်ကြရသည်။

'ဟေ့ကောင် ဖိုးဇော်၊ အော်မနေနဲ့၊ ငြိမ်ငြိမ်လေးအသာရပ်နေ၊ ငါ လာခေါ်မယ်'

တစ်ကျွန်းပြန်ညီအေးသည် သူ့ကိုယ်ပေါ်တွင် လွယ်ပိုးထားသော အိတ်များများနှင့် ဒူးလေးကြီးကို အောက်သို့ပစ်ချလိုက်ပြီး ဖိုးဇော်အား အကူအညီပေးရန် ကျောက်တံတားစွန်းသို့ လျှောက်သွားသည်။

ပါးစပ်မှလည်း...

'မလှုပ်နဲ့နော်၊ ငြိမ်ငြိမ်လေးနေ၊ အသာလေး ငြိမ်နေ'



ဟု အကြိမ်ကြိမ် အော်ဟစ်သတိပေးလိုက်သည်။ သို့သော် ဖိုးဇော်မှာ ကြောက်ရွံ့စိတ်များနှင့် တစ်ကိုယ်လုံးယိမ်းခါလျက်ရှိသည်။ ခြေဖဝါး တစ်ချက်ရွှေ့လိုက်စဉ်မှာပင် ရေညှိများနှင့်ချော၍ ကျောက်တံတားပေါ်မှ လွင့်စဉ်ကျသွားသည်။

'အား...'

ဖိုးဇော်၏ ငယ်သံပါအောင် အော်ဟစ်သံကြီးသည် ချောက်ကမ်းပါးကြီးထဲတွင် ပဲ့တင်ထပ်လျက်ရှိသည်။ ရဲထွန်းအောင်သည်လည်း နက်ရှိုင်းသော ချောက်ကမ်းပါးကြီးအောက်ခြေသို့ ငုံ့ကြည့်လိုက်သည်။ ဖိုးဇော် ခန္ဓာကိုယ်အား အရိပ်အယောင်မျှပင် မတွေ့ရတော့ပေ။

တစ်ကျွန်းပြန်ညီအေးနှင့် ရဲထွန်းအောင်တို့မှာလည်း ဖိုးဇော်အတွက် ကြေကွဲဝမ်းနည်းမဆုံး ဖြစ်ရသည်။ အတူတူသောက်ဖော်စားဖက် အနီးတောင်ဝိုင်းများတွင် လောင်းကစားကြရင်း စိတ်တူကိုယ်တူ သူငယ်ချင်းများဖြစ်ကြသည်။ ထိုကဲ့သို့သော အဖြစ်ဆိုးများနှင့် ကြုံတွေ့ရမည်ဟု ထင်မထားမိပေ။ စိတ်တူကိုယ်တူ ထွက်ခွာလာခဲ့ကြသော သုံးဦးအနက် တစ်ဦးမှာ အသက်ပါပေးပြီး စွန့်ခွာသွားပြီဖြစ်သည်။

လောဘကြောင့် ပဲခူးရိုးမတောထဲတွင် ခွက်ပေါက်မှန်းရှာဖွေရင်း အပေါင်းအသင်းတစ်ယောက်ကတော့ ခွဲခွာသွားပေပြီ။ သွားလေဦးတော့ ဖိုးဇော်ရေ။ ကောင်းရာဘုံဘဝ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပါစေဟု ရဲထွန်းအောင်က တိုးတိုးလေး ဆုတောင်းနေမိသည်။

'ကံကြမ္မာက ဖန်တီးလာကော့လည်း ဘယ်တတ်နိုင်မလဲကွာ။ ငါ မကူညီလိုက်ရတာပဲ စိတ်မကောင်းဖြစ်မိတယ်၊ ကဲ… သွားကြရအောင်'

တစ်ကျွန်းပြန်ညိုအေးက ကြေကွဲစွာပြောလိုက်ပြီး ဖိုးဇော် သင်္ချိုင်းဖြစ်သော နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးအား ရဲထွန်းအောင် နောက်ဆုံးကြည့်ခြင်းအဖြစ် ကြည့်လိုက်ပြီး ကျောခိုင်း၍ ရှေ့ခရီးဆက်ခဲ့ကြသည်။

✤ ✤ ✤

ကျောက်တံတားကိုကူး၍ ရောက်လာသော တောင်ပေါ်တွင် သစ်ပင်ကြီးများ၊ ဝါးရုံအုပ်များကို တွေ့ရသည်။ ဖိုးဇော်တစ်ယောက် ချောက်ကြီးထဲ ကျသွားသဖြင့် နှစ်ယောက်စလုံး စိတ်မကောင်းဖြစ်လျက် ဝမ်းနည်းသတိရနေကြသည်။ လမ်းခရီးတွင် ပျော်ခဲ့ပါးခဲ့ နောက်ခဲ့ပြောင်ခဲ့သော ဖိုးဇော် မျက်နှာက ထပ်တလဲလဲ ပေါ်လာသည်။

နေပူရှိန်က ပြင်းလှသည်။ ရဲထွန်းအောင် တစ်ကိုယ်လုံးတွင် ချွေးများဖြင့် ရွှဲနစ်နေသည်။ တစ်ကျွန်းပြန်ညိုအေးကတော့ ဒူးလေးကြီးကိုလွယ်ရင်း ရှေ့မှ စိုက်စိုက်နှင့် ဆက်သွားသည်။ မမျှော်လင့်ဘဲ ဖိုးဇော် သေဆုံးသွားသဖြင့် သူ့မျက်နှာမှာ မကောင်းလှပေ။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ခေတ္တနားနေလိုက်ကြပြီး ဝါးကျည်တောက်ထဲက ရေများကို အမောပြေ သောက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုညိုအေး ပြောတဲ့ သင်နီသင်နက်တွေရော မတွေ့ပါလား'

'အေးကွာ… ငါ့အဖေက သေချာပြောခဲ့ဖူးတာပဲ၊ ခက်တာက တောတောင်ဆိုတာ မာယာများတယ်၊ လှည့်စားမှုတွေ ရှိတတ်တယ်၊ ဟိုတုန်းက တွေ့ခဲ့ပေမယ့် အခု ရှိချင်မှ ရှိတတ်တာ၊ တို့ အခုရှာနေတဲ့ ခွက်ပေါက်ဂမုန်းကိုလည်း ကံကောင်းထောက်မစွာ တွေ့ပါစေလို့ပဲ ဆုတောင်းရမှာပေါ့ကွာ၊ မြေပုံကို သေချာပြန်ကြည့်ရအောင်'

ညိုအေးက သူ့အိတ်ထဲမှ မြေပုံကို ထုတ်ယူပြီး ဖြန့်ခင်းလိုက်သည်။

'ကိုညိုအေးအဖေ ဆွဲထားတဲ့ မြေပုံက ဒီနားလေးမှာ ရှုပ်နေတာပဲ'

'အေး… ဟုတ်တယ်ကွ၊ ပြတ်နေတဲ့နေရာရဲ့ အဆက်က တို့ အခုရောက်နေတဲ့တောင်ပဲ၊ ဒါပေမဲ့ လမ်းကြောင်းတွေ ရှုပ်နေတော့ ရှေ့ဆက် ဘယ်လိုညွှန်ပြထားမှန်း မသိဘူး'

'ခွက်ပေါက်ဂမုန်းပုံစံ ဆွဲထားတဲ့ နေရာက ဘယ်ကို သွားတာလဲ'

တစ်ကျွန်းပြန်ညိုအေးက မြေပုံပေါ်တွင် လက်ထောက်၍ ရွေ့လိုက်သည်။ ရဲထွန်းအောင်က တစ်ကျွန်းပြန်ညိုအေး လက်ချောင်းလေးများ ရွေ့လျားရာဆီသို့ လိုက်ကြည့်သည်။



'ဟုတ်ပြီ ကိုညိုအေး၊ ဒီမျဉ်းကြောင်းလေးရဲ့အနောက်ဘက်ကို မြားကစိုက်သွားပြီ၊ မြောက်ဘက်ကို ကွေ့သွားတာဆိုတော့ ဒီတောင်ကြီးပေါ်ကနေ အနောက်ဘက်ကို ဆင်း၊ မြောက်ဘက်ကိုသွားဆိုတဲ့ သဘောပဲ'

'ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ ငါတို့ ဒီလမ်းကြောင်းအတိုင်း ဆက်သွားမယ်၊ ဒီတောင်ရဲ့ အနောက်ဘက်ကို စဆင်းကြစို့'

တစ်ကျွန်းပြန်ညိုအေးက အထုပ်အပိုးများကို ကောက်၍လွယ်လိုက်ပြီး ခြေလှမ်းစလိုက်သည်။ ရဲထွန်းအောင်သည်လည်း တစ်ကျွန်းပြန်ညိုအေးနောက်မှ ကပ်၍ လိုက်ပါလာခဲ့သည်။

တောင်အောက်သို့ ဆင်းရာလမ်းကြောသည် ဝါးတောကြီးများအတွင်းသို့ တိုးဝင်လာခဲ့ရသည်။

ထိုစဉ်မှာပင် ဝါးရုံထိပ်ဖျားရှိ ဝါးရုံများ သဲခနဲလှုပ်သွားသောကြောင့် ညိုအေးကတော့ ဝါးကိုင်းများကြားတွင် ပြေးလွှားခုန်ကူးသွားသော ရှဉ့်နီပေါကြီးများကို မြင်တွေ့လိုက်ရသည်။

'ငါတို့အတွက် ရိက္ခာတော့ ရပြန်ပြီ ရဲထွန်းအောင်၊ မင်း ဒီနားကပဲစောင့်နေ'

တစ်ကျွန်းပြန်ညိုအေးသည် သူ၏ အထုပ်အပိုးများကို ချခဲ့ပြီး သူ့လက်စွဲတော် ဒူးလေးနှင့်အတူ ရှဉ့်နီပေါ ခုန်ကူး

www.burmeseclassic.com



သည့် ဝါးရုံပင်အောက်သို့ တိုးဝင်သွားသည်။ အတန်ကြာလျှင် မောမောပန်းပန်းနှင့် ပြန်ထွက်လာပြီး…

'အတော်ပါးတဲ့ ရှဉ့်ကွ၊ ဟောဟိုက သစ်ခေါင်းထဲ ဝင်ပြေးသွားတယ်၊ ဒီလိုလုပ် ရဲထွန်းအောင်၊ ဟောဟိုမှာ တွေ့ရတဲ့ ကြိမ်ပင်က ကြိမ်နွယ်မောင်းတစ်ခု သွားခုတ်ကွာ'

တစ်ကျွန်းပြန်ညိုအေး ပြောသည့်အတိုင်း ကြိမ်နွယ်မောင်းတစ်ခုအား သွားခုတ်မည်အပြုတွင် ကြိမ်တောထဲတွင် တသဲသဲလှုပ်သွားသောကြောင့် တစ်ကျွန်းပြန်ညိုအေး လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာပေါ်တွင်လည်း စိုးရိမ်သွားသည်။

'ရဲထွန်းအောင် သစ်ပင်ပေါ်ကို အမြန်ပြေးတက်ဟေ့၊ တောဝက်တွေ'

တစ်ကျွန်းပြန်ညိုအေးက လှမ်းအော်ပြီး သတိပေးလိုက်သဖြင့် ရဲထွန်းအောင်သည် သစ်ပင်ပေါ်သို့ အမြန်ပြေးတက်လိုက်သည်။ သစ်ပင်ပေါ်ရှိ ကြီးမားသော ခွဆုံပေါ်တွင် ထိုင်လျက် မြေပြင်တွင် ကျန်ရစ်ခဲ့သော တစ်ကျွန်းပြန်ညိုအေးအား စိုးရိမ်စွာသတိပေးလိုက်သည်။

'ကိုညိုအေး ခင်ဗျားပါ တက်ခဲ့လေဗျာ၊ ဘာလုပ်နေတာလဲ'

'ငါက ရှောင်တတ်တိမ်းတတ်ပါတယ်ကွာ'

တစ်ကျွန်းပြန်ညိုအေးက ဂရုမစိုက်သလို အေးအေးဆေးဆေး ပြန်ပြောရင်း ကြိမ်နွယ်မောင်းများရှိရာသို့ တိုးဝင်သွား



သည်။ ဒူးလေးကိုလည်း ယဘက်လက်သို့ ပြောင်းကိုင်လိုက်ပြီး ညာလက်တွင် ဓားရှည်ကြီးကို အသင့်ပြင်ကိုင်ဆုပ်ထားသည်။ သစ်ပင်ခွဆုံပေါ်မှနေ၍ တစ်ကျွန်းပြန်ညိုအေး၏ လှုပ်ရှားမှုများကို အတိုင်းသား မြင်တွေ့ရနေ၍ ရဲထွန်းအောင်သည် ရင်တထိတ်ထိတ်ကြည့်နေမိသည်။

တစ်ကျွန်းပြန်ညိုအေးသည် ခြေထောက်အား ဘုတ်ဘုတ်မြည်အောင် အသံပေးလိုက်ရာ ချုံတောသည် သိမ့်ခနဲ လှုပ်ရှားသွားပြီး ဝက်တစ်ကောင်သည် တိုက်ခိုက်ရန် ပြေးထွက်လာသည်။ တစ်ကျွန်းပြန်ညိုအေးသည် အရှိန်နှင့်တစ်ဟုန်ထိုးပြေးထွက်လာသော ဝက်အား လွတ်ရုံလေးရှောင် ရှောင်တိမ်းလိုက်ပြီး ချက်ချင်းပင် ကိုယ်ကို တစ်ပတ်ပြန်လှည့်လိုက်သည်။ အရှိန်လွန်သွားသော ဝက်သည် တုံ့ခနဲရပ်လိုက်ကာ တစ်ပတ်ပြန်လှည့်၍ နောက်တစ်ကြိမ်တိုက်ခိုက်ရန် အပြေးဝင်လာပြန်သည်။

ရဲထွန်းအောင်သည် စိုးရိမ်စိတ်နှင့် ကြည့်နေရသည်။ တစ်ကျွန်းပြန်ညိုအေးသည် ဒူးလေးကိုင်းကို အကာအကွယ်ယူ၍ တိမ်းရှောင်လိုက်သည်။ သို့သော် ဝက်မှာ ရှေ့လွန်ထွက်မသွားဘဲ တည့်တည့်မတ်မတ်ပင် ဝင်ရောက်တိုက်ခိုက်လိုက်သည်။ ထိုစဉ် 'ကျွီ' ခနဲအော်သံတစ်ချက်ကြားလိုက်ရပြီး ဝက်မှာ ထွက်ပြေးသွားတော့သည်။

လျင်မြန်စွာ ခုတ်ဖြတ်လိုက်သောကြောင့် ဓားနှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ သွေးစက်လက်နှင့် မြေပြင်ပေါ်တွင် ပြတ်ကျန်ခဲ့သည်။ တစ်ကျွန်းပြန်ညိုအေးက ဝက်နားရွက်ပြတ်ကို ကောက်ကိုင်လိုက်သည်။

'ရဲထွန်းအောင် ဆင်းခဲ့တော့ဟေ့၊ ပေါက်ဖော်ကြီးဖိုးတုတ်ဆိုင်က ဝက်နားရွက်သုပ်လောက် မကောင်းပေမယ့် ဝက်နားရွက်မီးကင်ပြီးတော့စားလည်း ကောင်းပါတယ်ကွာ'

တစ်ကျွန်းပြန်ညိုအေးက ဝမ်းသာအားရနှင့် လှမ်းအော်ပြောလိုက်သည်။

ရဲထွန်းအောင်သည် တောဝက်နှင့် မျက်နှာချင်းဆိုင် ယှဉ်ပြိုင်ခဲ့သော တစ်ကျွန်းပြန်ညိုအေး၏ သတ္တိလျှင်မြန်ပါးနပ်မှုကို မချီးကျူးဘဲ မနေနိုင်ပေ။ သစ်ပင်ပေါ်မှ ဆင်းလာခဲ့ပြီး တစ်ကျွန်းပြန်ညိုအေးနှင့်အတူ ကြိမ်နှာမောင်းသွားခုတ်ကြသည်။ ကြိမ်တောထဲတွင် သစ်ခက်များ၊ မြက်များနှင့် ပြုလုပ်ထားသော ဝက်သိုက်တစ်ခုကို တွေ့ရသည်။

တစ်ကျွန်းပြန်ညိုအေးသည် ကြိမ်နှာမောင်းတစ်ခုကို ခုတ်ယူလာပြီး ရှဉ့်ဝင်သွားသော သစ်ခေါင်းဆီသို့ ပြန်လာခဲ့သည်။

'စောစောက ဝင်သွားတဲ့ရှဉ့် ရှိမှရှိသေးလား မသိဘူး'

ဟု ပြောဆို၍ သစ်ခေါင်းနားဆီကပ်၍ နားထောင်လိုက်သည်။ ထို့နောက် အားရဝမ်းသာနှင့် ပြောလိုက်သည်။



'ရှိတယ် ရဲထွန်းအောင်၊ ဒီကောင် ဒီထဲမှာပဲရှိတာ ကျိန်းသေတယ်'

တစ်ကျွန်းပြန်ညိုအေးသည် ကြိမ်နှာမောင်းကို သစ်ခေါင်းထဲထိုးထည့်၍ တဖြည်းဖြည်းချင်း အပြင်သို့ဆွဲထုတ်သည်။ ရှဉ့်နီပေါ်၏ အမြီးမှာလည်း အပြင်သို့ထွက်ပေါ်လာသည်။

'ဟော… အမြီးထွက်လာပြီ၊ ရဲထွန်းအောင် ဆွဲ… ဆွဲ၊ ဒါပေမဲ့ အရမ်းမဆွဲနဲ့ဦး၊ ခါးပိုင်းပေါ်လာရင် ရပ်ထား၊ တစ်ကောင်လုံးထွက်လာရင် မင်းလက်ကို ကိုက်သွားလိမ့်မယ်'

ရဲထွန်းအောင်သည် တစ်ကျွန်းပြန်ညိုအေး ပြောသည့်အတိုင်း သတိထားဆွဲရာမှ ခါးပိုင်းပေါ်လာ၍ ရပ်ထားလိုက်သည်။ တစ်ကျွန်းပြန်ညိုအေးသည် ရှဉ့်ခါးအား ဓားနှောင့်ဖြင့် တအားရိုက်ထည့်လိုက်ရာ ရှဉ့်မှာ တထွန့်ထွန့်ဖြစ်သွားပြီး ခါးရိုးကျိုးကာ သေသွားတော့သည်။ ရှဉ့်နီပေါ်သေကို ယူဆောင်လျက် ခရီးဆက်ထွက်ခဲ့ကြသည်။

အတန်ကြာအောင် လျှောက်လာခဲ့ကြရာမှ သူတို့နှစ်ဦးရှေ့တွင် ပိတ်ဆီးနေသော လှိုဏ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ လှိုဏ်ကြီးကား ဘယ်လောက်အထိ ရှည်လျားစွာရှိမည်ကို မသိနိုင်သလို ဘယ်မှာဆုံးမည်ကိုလည်း မသိနိုင်ပေ။ တစ်ကျွန်းပြန်ညိုအေးသည် အိတ်ထဲမှ မြေပုံကို ပြန်ထုတ်ကြည့်ဖြစ်သည်

'ဒီလှိုဏ်ကြီးကို ဖြတ်မှဖြစ်မယ် ရဲထွန်းအောင်'

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံး ဓားများကို ထုတ်လိုက်ပြီး ပိတ်ဆီးနေသော ဂုံမင်းပင်၊ ကျူပြင်များကို စတင်ခုတ်ထွင်၍ လမ်းရှင်းသွားကြရသည်။ ထိုစဉ် ဂုံမင်းတောထဲမှ ရုတ်ရုတ်သဲသဲ အသံများ ထွက်ပေါ်လာသောကြောင့် အသံထွက်ပေါ်လာရာဆီသို့ စိုးရိမ်စွာကြည့်လိုက်ကြသည်။

ဂုံမင်းပင်များ၏ လှုပ်ရှားမှုများက ပိုမို၍ပြင်းထန်လာသလို ကြောက်မက်ဖွယ်ကောင်းသည့် နှာမှုတ်သံကြီးကိုလည်း ကြားလိုက်ရသည်။ ရဲထွန်းအောင် တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲထသွားသည်။ တစ်ကျွန်းပြန်ညိုအေးက ရဲထွန်းအောင် နောက်ဘက်သို့ ပြန်ဆုတ်ရန် လက်ကိုဆွဲလိုက်ပြီး ခြေသံမကြားအောင် နောက်ဘက်သို့ ပြန်ဆုတ်လိုက်ကြသည်။

'အနီးစပ်ဆုံး သစ်ပင်ပေါ်ကိုသာ အမြန်ပြေးတက်ပေတော့ ရဲထွန်းအောင်'

တစ်ကျွန်းပြန်ညိုအေးက အရေးတကြီး သတိပေးလိုက်သလို နီးစပ်ရာ သစ်ပင်ပေါ်သို့ အမြန်ဆုံးပြေးတက်လိုက်ကြသည်။ သစ်ပင်ပေါ်သို့ ရောက်ရှိသွားချိန်တွင် ဂုံမင်းပင်၊ ကျူပြင်များ တသဲသဲလှုပ်ရှားလာသလို မည်းမည်းသတ္တဝါကြီးများသည် နှာတဖူးဖူးမှုတ်လျက် ဂုံမင်းတောထဲမှ ထွက်ပေါ်လာသည်။

ခေါင်းကြီးများကိုလည်း အပေါ်ဘက်သို့ မော့လျက် အနံ့ခံနေပုံရသည်။ ဦးချိုကြီးများကို တဝင့်ဝင့် ဝင့်လျက်



ရဲထွန်းအောင်နှင့် တစ်ကျွန်းပြန်ညိုအေးအား တိုက်ခိုက်ရန် အပြေးထွက်လာသည်။

တစ်ကျွန်းပြန်ညိုအေးသည် သစ်ပင်ပေါ်မှနေ၍ သူ၏ ဒူးလေးကြီးကို အကျအန ချိန်၍ သတ္တဝါကြီး၏ နှာသီးဖျားဆီသို့ ချိန်ရွယ်ပြီး ပစ်လွှတ်လိုက်သည်။ မြားတံမှာ နှာသီးဖျားဆီသို့ တည့်တည့်မတ်မတ် ဝင်သွားသည်။ မည်းမည်းသတ္တဝါကြီးကား လျှင်မြန်လှသည်။

တစ်ကျွန်းပြန်ညိုအေး ပစ်လွှတ်လိုက်သော မြားတံအား ချက်ချင်းပင် တိမ်းရှောင်လိုက်သည်။ သို့သော် မြားတံမှာ ကြီးမားသော လည်ဘို့ကြီးတွင် တန်းခနဲ စိုက်ဝင်သွားသည်ကို မြင်တွေ့လိုက်ရသည်။

မည်းမည်းသတ္တဝါကြီးမှာ 'အိ'ခနဲ တစ်ချက်အော်လိုက်ပြီး ဂုံမင်းတောကြီးထဲသို့ ပြန်လည်ပြေးဝင်သွားသည်။ ကျန်သော မည်းမည်းသတ္တဝါများမှာလည်း ထိုအကောင်ကြီး ပြေးဝင်သွားရာနောက်သို့ အုပ်စုလိုက် ရောယောင်ပြေးဝင်သွားကြသည်။

'ဘာကောင်ကြီးတွေလဲဗျ ကိုညိုအေး'

ရဲထွန်းအောင်က မည်းမည်းသတ္တဝါကြီးများကို ဘာကောင်မှန်းမသိ၍ မေးလိုက်သည်။

'အဲဒါ ပြောင်တွေပဲ'

'တကယ်ကြောက်ဖို့ကောင်းတဲ့ အကောင်ကြီးတွေဗျာ

www.burmeseclassic.com

www.burmeseclassic.com



လျှိုကြီးတွေ တဝင့်ဝင့်နဲ့ နှာမှုတ်သံတွေကလည်း တဖူးဖူးနဲ့၊ ဇွေ့များ ဇွေ့လိုက်ရင် အူပေါက်ထွက်လောက်တယ်’

‘ဒီကောင်တွေ ပြေးပါပြီကွာ၊ ကဲ… ဆင်းကြရအောင်၊ နေမဝင်ခင် ဟိုဘက်ရောက်ဖို့လိုတယ်’

နှစ်ယောက်သား သစ်ပင်ကြီးပေါ်မှ ဆင်းလိုက်ကြသည်။ လျှိုထဲသို့ လှမ်းဝင်မည်ပြုသောအခါ အရှိန်ပြင်းစွာ ပြေးဝင်လာသော ခြေသံများကို ကြားလိုက်ရ၍ လှည့်ကြည့်လိုက်ရာ စောစောက ပြောင်အုပ်ကြီးဖြစ်နေသည်။ ရဲထွန်းအောင်မှာ ခြေဦးတည့်ရာ စွတ်၍ပြေးမိတော့သည်။ တစ်ကျွန်းပြန်ညိုအေးလည်း ပြောင်ကြီးရန်ကြောက်၍ ထွက်ပြေးသွားသည်။

ပြောင်ကြီးမှာ ရဲထွန်းအောင်နောက်သို့သာ စွတ်၍ တန်းတန်းမတ်မတ် ပြေးလိုက်လာသည်။ ပြင်းထန်သော ခွာသံကြီးများကို အဆက်မပြတ် ကြားနေရသည်။ အားရှိသလောက် ခြေကုန်သုတ်ပြေးနေရင်းမှ နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်မိသည်။ ပြောင်ကြီးမှာ ဦးခေါင်းကိုထောင်လျက် ချိုကြီးများကိုဝင့်ကာ ဝင့်ကာ နှာသံတဖူးဖူးမှုတ်လျက် ပြေးဝင်လာသည်။

ရဲထွန်းအောင်သည် ပြေးမိပြေးရာ စွတ်ပြေးရာမှ တစ်ကျွန်းပြန်ညိုအေးနှင့် လမ်းလွဲသွားသည်။ တစ်ကျွန်းပြန်ညိုအေးလည်း ဘယ်ဆီဘယ်နေရာရောက်နေပြီ မသိတော့။ နက်ရှိုင်းသော တောကြီးထဲတွင် ဖိုးဇော် လဲသေခဲ့ပြီ။ တစ်ကျွန်းပြန်ညိုအေးနှင့်လည်း အလှမ်းကွာဝေးသွားပြီဖြစ်သည်။ ရင်ထဲမှာ လှိုက်၍တက်လာသည်။ ပြောင်ကြီးမှာ ဘက်လိုက်နေဆဲပင်ဖြစ်သည်။ ဆို့နင့်၍ အသက်ကိုပင် မနည်းရှူနေရသည်။

ထိုစဉ် ရဲထွန်းအောင် တစ်ကိုယ်လုံး မြောက်တက်သွားပြီး ရင်ထဲတွင် အောင့်ခနဲဖြစ်သွားသည်။ တောင်ကမ်းပါးအွန်းအရောက်တွင် အရှိန်ကိုမထိန်းနိုင်ဘဲ အားလွန်၍ကျသွားသည်။ ပြောင်ကြီး အပြေးလိုက်လာသည့် အန္တရာယ်မှ လွတ်မြောက်သွားသော်လည်း မြေပြင်ပေါ်ပြုတ်ကျသွားသော ရဲထွန်းအောင်မှာ လောကကြီးနှင့် ခေတ္တအဆက်အသွယ်ပြတ်တောက်ကာ မေ့မြောသွားတော့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

ထူးကဲစွာ သင်းပျံ့သော ပန်းရနံ့များ ရလိုက်သည်။ ညလေထုထဲတွင် လွင့်မျောပါလာဟန်တူသော ပန်းရနံ့သည် သင်းသင်းပျံ့ပျံ့လေး မွှေးကြိုင်နေပေသည်။ ရဲထွန်းအောင် စိတ်ထဲတွင် အေးချမ်းရှင်လန်းလာသလို သတိမေ့နေရာမှ ပြန်လည် သတိရလာသည်။

ကမ်းပါးစွန်းမှ ပြုတ်ကျခဲ့သော်လည်း ပွန်းပဲ့သွားရုံ လောက်မှလွဲ၍ ဒဏ်ရာပြင်းပြင်းထန်ထန် မရခဲ့ပေ။ ရဲထွန်း အောင်သည် သူ့လက်များ၊ ခြေထောက်များကို လှုပ်ရှားကြည့် လိုက်သည်။ လှုပ်ရှား၍ရသောကြောင့် စိတ်သက်သာရာရသွား သည်။

ပန်းရနံ့က မွှေးလွန်းလှသည်။ ဘယ်အရပ် ဘယ် ဒေသဆီက လွင့်ပျံ့လာသည် မသိ။ ပန်းတော ပန်းပွင့်များကို လည်း မတွေ့ရပေ။ ရဲထွန်းအောင် ရောက်ရှိနေသော နေရာ ကား သိုက်ဝင်ဆေးပင်များ ပေါက်ရောက်ရာ တောပြတ်တစ်ခု ဖြစ်သည်ကိုလည်း သူ မသိပေ။ ထူးခြားသည်မှာ ထူးကဲသော



ပန်းရနံ့များ ရရှိနေသည့်တိုင် ပန်းပင်၊ ဆေးပင် တစ်ပင်မျှ တွေ့ရှိခြင်းမရှိပေ။

လပြည့်ညဖြစ်သောကြောင့် တောရိပ်တောင်ရိပ်များ လရောင်ဖြင့် လင်းထင်းလျက်ရှိသည်။ လရောင်ဆမ်းထား သဖြင့် အေးချမ်းကြည်နူးဖွယ် မြင်တွေ့ခံစားနေရသည်။ ရဲထွန်း အောင် ရှေ့တည့်တည့်တွင် လူတစ်ရပ်ခန့်ရှိသော သစ်ပင်သုံး ပင်ကို တွေ့ရသည်။

အဆိုပါ သစ်ပင်သုံးပင်၏ ခွဆုံတွင် စိမ်းလန်းသော သစ်ပင်လေးတစ်ပင်သည် ထူးထူးခြားခြား တွယ်ကပ်ပေါက် ရောက်လျက်ရှိသည်။ သစ်ပင်အလယ်၌ ဆတ်သွားဖူးကဲ့သို့ အဖူးတံကြီးကိုလည်း တွေ့ရသည်။

လရောင်သည် အဆိုပါ အဖူးတံကြီးပေါ်သို့ ဆလိုက် မီး ထိုးထားသကဲ့သို့ တန်းတန်းမတ်မတ် ကျရောက်လျက်ရှိ သည်။ ရဲထွန်းအောင်သည် ကြည့်နေရင်းမှပင် သစ်ပင်လေး သည် လှုပ်ရှားလူးလွန့်လာသည်။ မွှေးရနံ့များက သိသိသာသာ မွှေးကြိုင်သထက် မွှေးကြိုင်လာသည်။

တိတ်ဆိတ်သောည။ လရောင်များ ဝင်းဖြာထွန်းလင်း လျက် တောထဲ တောင်ထဲတွင် တစ်ယောက်တည်း မျက်စိ လည်နေသော ရဲထွန်းအောင်အတွက် ထိတ်လန့်ချောက်ချားဖွယ် ဖြစ်သည်။ သူ့စိတ်ထဲတွင် ထူးဆန်းသော သစ်ပင်လေးနှင့် အဖူးတံကြီးကိုကြည့်ရင်း သံသယဝင်လာသည်။

www.burmeseclassic.com

သစ်ရွက်ခြောက်ကြွေများပေါ်သို့ ဖြတ်၍နင်းလာသော ခြေသံများ ကြားလိုက်ရသည်။ သစ်ပင်ရိပ်ဆီမှ ဝင်းလက်တောက်ပသော အရောင်များ ထွက်လာသည်။ ရဲထွန်းအောင် သေချာစွာ စူးစိုက်ကြည့်လိုက်သည်။ ပဝါပါးပါးလေး ခြုံထားပြီး ဆံပင်ကို ဖားလျားချထားလျက် ရှေးခေတ်နန်းတွင်းသူများကဲ့သို့ ထိုင်မသိမ်းအင်္ကျီ၊ ပိုးချိတ်ဘီကို ဝတ်ဆင်ထားသော အလွန်တရာ ချောမောလှပသည့် မိန်းမပျိုလေးသည် သူ့ဆီသို့ လျှောက်လာလျက်ရှိသည်။

တောထဲ တောင်ထဲတွင် ညအချိန်မတော် တွေ့ရသော မိန်းကလေးသည် လူသားစစ်စစ်မှ ဟုတ်မှဟုတ်ပါ့မလား။ လူသားမဟုတ်ဘဲ ဥစ္စာစောင့်များလား၊ လူယောင်ဆောင်ထားသော နာနာဘာဝများလား၊ ကြည့်နေရင်းမှပင် ရဲထွန်းအောင် တဆတ်ဆတ်တုန်လှုပ်လာသည်။ ခေါင်းနားပန်း ကြီးသွားသည်။ ကြက်သီးမွေးညင်းများ ထလာသည်။ သူ ဘာလုပ်ရမည်လဲ။ လက်ထဲမှဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော်လည်း တဆတ်ဆတ်တုန်ယင်လျက်ရှိသည်။

နန်းတွင်းသူများကဲ့သို့ဝတ်ဆင်ထားသော မိန်းကလေးသည် ရဲထွန်းအောင် အနီးသို့ တစ်စတစ်စ တိုးကပ်လာသည်။ အမွှေးနံ့က ပို၍မွှေးလာသည်။ မျက်လုံးလေးများမှာ အရောင်များထွက်နေသကဲ့သို့ တောက်ပစူးရှလွန်းသည်။ ရဲထွန်းအောင်ကို မြင်တွေ့ရ၍ ပြုံးလိုက်သည်။ ပြုံးလိုက်သောအခါတွင်



လည်း ပါးပြင်ပေါ်မှ ကြယ်ရောင်လက်သွားသလို ပါးချိုင့်လေးများမှာ ချစ်ခင်စွဲမက်ဖွယ်ကောင်းလှသည်။

ရဲထွန်းအောင် ရင်များ တထိတ်ထိတ်ခုန်လာသည်။ နီးနီးကပ်ကပ် မြင်တွေ့လိုက်ရသော နန်းတွင်းသူလေးအလှကား ယစ်မူးဖွယ်ကောင်းလှသည်။ တွေ့ဆုံရသည့်အချိန် အခိုက်အတန့်လေးအတွင်းမှာပင် အရာရာကို မေ့လျော့တွေဝေသွားစေသည်။ နန်းတွင်းသူလေးက သူ့ပခုံးမို့မို့လေးပေါ်တွင် ခြုံထားသော ပဝါစလေးကို လက်ကလေးနှင့် ဆွဲဖယ်ယူရင်း ဝှေ့ယမ်းလိုက်သည်။ လိပ်ပြာလေးတစ်ကောင် ပျံဝဲသွားသလို ဖြစ်သည်။

ပါးလွှာသော အနက်ရောင်ပိုးသားအင်္ကျီကျပ်ကို ဝတ်ထားသဖြင့် ဖြူဝင်းနုမွတ်သော အတွင်းသားလေးများသည် လရောင်နှင့် ဖွံ့ဖွံ့ထွားထွား ရှန်းကြွ လှချင်တိုင်းလှနေပေတော့သည်။

"မကြောက်ပါနဲ့ မောင်တော်ရယ်၊ ညကေရီ ရောက်လာပြီပဲ၊ တောထဲ တောင်ထဲမှာ တစ်ယောက်တည်း မျက်စိလည် လမ်းမှားစရာ မလိုတော့ပါဘူး"

ချိုသာသော စကားသံလေးမှာ စမ်းရေစီးသံနှယ် ငြိမ့်ညောင်းသာယာဖွယ်ဖြစ်သည်။ နန်းတွင်းသူမလေးဟု ထင်ထားသော ရဲထွန်းအောင်သည် အံ့သြသွားသည်။ တောတွင်းနေ မိန်းကလေးက လူတစ်ယောက်ကဲ့သို့ စကားပြောပါလား၊

www.burmeseclassic.com



'ညဇကေရီနဲ့တွေ့ရင် ဘာမှ ဘာမှစိုးရိမ်ကြောင့်ကြ ထိတ်လန့်တော်မူစရာ မလိုတော့ပါဘူး မောင်တော်ရယ်'

ရှေးခေတ်မင်းသမီးလေး၏ တပ်မက်ဖွယ် စကားသံလေးများက ချိုသာလွန်းသည်။ စောစောက စတွေ့စလို ရဲထွန်းအောင် မကြောက်တော့။ သူမသည် ထူးခြားဆန်းကြယ် ရင်ခုန်ဖွယ်ဖြစ်သည်။ နုနယ်ချောမောလှပသော မိန်းမပျိုလေးတစ်ယောက်သာ ဖြစ်သည်။

ရဲထွန်းအောင်ကို အန္တရာယ်ပေးမည့်သူ မဟုတ်။ ရဲထွန်းအောင် တွေ့ကြုံဆက်ဆံဖူးသော မိန်းမလို မဟုတ်။ ရဲထွန်းအောင် ချစ်မြတ်နိုးသော ထွေးမေလို မဟုတ်။ ရှေးခေတ်မင်းသမီးဟု ထင်ထားသော မိန်းကလေးက သူ့ကိုယ်သူ ညဇကေရီဟု ပြောဆိုသည်။ ညမှာတွေ့ရသော ညဇကေရီ၏ ပြောဆိုဆက်ဆံပုံမှာ ပွင့်လင်းရဲတင်း မြူဆွယ်နေဟန်ဖြစ်သည်။

လရောင်ဝင်းဝင်း ညှင်းညှင်းမြမြ ညလေနုအေးတစ်ချက် တိုက်ခတ်သွားသည်။ နက်မှောင်ရှည်လျားသော ဆံနွယ်များက လွင့်ဝဲဝေ့ပုံသွားသည်။ အမွှေးရနံ့များက ထုံရီယစ်မူးဖွယ် မွှေးသထက်မွှေးလာသည်။ ရဲထွန်းအောင် ခေါင်းထဲကားရီဝေဝေ မူးနောက်နောက်ဖြစ်လာသည်။ နန်းတွင်းသူ ညဇကေရီမလေး၏ ပိုးချိတ်ထဘီ အောက်နားစလေးများ တဖျတ်ဖျတ် လွင့်လျက်ရှိသည်။ နုညက်ဝင်းမွတ်သော ခြေခုံမို့မို့လေးများ ရွေ့လျားလာသည်။



'ဟောဒီလို လပြည့်ဝန်းကြီး ရွှန်းရွှန်းမြမြသာတဲ့ညမျိုးမှာ ညဇကေရီရဲ့ ချစ်သူကို အမြဲစောင့်မျှော်နေရတာ ကြာပြီပေါ့ မောင်တော်ရယ်၊ မောင်တော်ဟာ ညဇကေရီနဲ့ ဘဝအဆက်ဆက်က ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ ဘဝတွေ အမျိုးမျိုးအဖုံဖုံ သံသရာလည်ခဲ့တော့လည်း ယခု မောင်တော်က ဘယ်မှတ်မိတော့ပါ့မလဲ'

ရဲထွန်းအောင်သည် လရောင်အောက်၌ တွေ့ရသော မင်းသမီးတစ်ယောက်လို လှပချောမောသည့် မိန်းမပျိုလေး ပြောစကားများကို တစ်လုံးတစ်ပါဒမှ နားလည်ခြင်းမရှိပေ။ သူမ ဘာကိုဆိုလိုတာပါလိမ့်။ သူမ ပြောစကားအရ ရဲထွန်းအောင်သည် ဘဝအဆက်ဆက်က သူမနှင့် ချစ်ကျွမ်းတဝင် ရင်းနှီးခဲ့သော ချစ်သူဖြစ်သည်ဟု ပြောနေသည်။

ဟုတ်မှ ဟုတ်ပါ့မလား။ စဉ်းစားရခက်လှသည်။ အရင် ဘဝဟောင်းတွေကို သူ မသိ။ ယခုလောလောဆယ် တောကြီးမျက်မည်းအလယ်တွင် လမ်းပျောက်နေရသည့် ဒုက္ခကိုသာ သိသည်။ နတ်မိမယ်လေးက သူ့အခက်အခဲများကို ရိပ်စားမိပုံရသည်။

'အခု ဇကေရီနဲ့ တွေ့ရပြီပဲ၊ ဘာမှစိုးရိမ်စရာ မလိုတော့ဘူး၊ တစ်ခုတော့ရှိတယ်၊ မောင်တော်က ဇကေရီကို မောင်တော်နဲ့အတူ ခေါ်သွားရမယ်'

'ဇကေရီထိပ်ထားကို ဘယ်လိုခေါ်သွားရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မနက်ကျရင် ဟောဟိုသစ်ပင် သုံးပင် ခွဆုံပေါ်က ဂမုန်းပင်လေးကို တွေ့တယ်မဟုတ်လား၊ အဲဒီမှာ ကေရီရဲ့ ဝိညာဉ်ရှိတယ်၊ အဲဒီ ဂမုန်းပင်လေးကို မောင်တော် အရယူခဲ့ပါ၊ လမ်းခရီးမှာလည်း သားရဲတိရစ္ဆာန်အန္တရာယ်တွေလည်း မတွေ့စေရဘူး၊ မောင်တော်နေတဲ့ ကောလိယရွာရောက်အောင် ကေရီ လမ်းပြပြီး လိုက်ပါခဲ့မယ်၊ မောင်တော် ကေရီကို ခေါ်သွားမှာလားဟင်'

ရဲထွန်းအောင်သည် အိပ်မက်မက်နေသည်ဟု ထင်မိသည်။ ယခုည တွေ့ရသော ချောမောလှပသည့် ညကေရီသည် သူ ရွာပြန်ရောက်သည်အထိ လမ်းပြကူညီမည်ဟု ပြောဆိုနေသည်။

'မနက်ကျရင် အဲဒီ ဂမုန်းပင်လေးကို ဆက်ဆက်ယူသွားဖို့ မမေ့နဲ့နော်'

ညကေရီက အထပ်ထပ်မှာကြား သတိပေးလျက်ရှိသည်။

ရဲထွန်းအောင် စိတ်ထဲတွင် သူနှင့်အတူ ပျော်ပါးခဲ့ဖူးသော နတ်မိမယ်လေး မိနန်းကို သွားသတိရမိလိုက်သည်။ မိနန်းသည် သူ့ဘဝတွင် ပထမဦးဆုံး ဆက်ဆံခဲ့ဖူးသော နတ်မိမယ်လေး ဖြစ်သည်။ ယခုလည်း လူသူမရှိသော တောကြီးတောင်ကြီးထဲတွင် ရှေးခေတ်ဟောင်း ညကေရီတစ်ဦးနှင့် ပက်ပင်းလာတိုးနေရသည်။



တွေ့တွေ့ချင်းမှာပင် အချစ်နှင့်ပတ်သက်၍ ပွင့်လင်းလှသည်။

ပြည့်ရွှန်းဝင်းပသော လရောင်သည် ညကေရီ၏အလှကို ထင်လင်းစွာ ဖော်ပြပေးနေသကဲ့သို့ ဖြစ်သည်။ ရဲထွန်းအောင် စိတ်များ ဘယ်လိုမှထိန်းမရတော့။ အိပ်မက်လိုလို ဝေဝေဝါးဝါး တွေ့ကြုံရသော အတွေ့အကြုံသစ်သည် နတ်မိမယ် မိနန်းနဲ့ အတူအိပ်ခဲ့ရသော ရင်ခုန်ညများသဖွယ် တငြိမ့်ငြိမ့် တသိမ့်သိမ့်။

သူ့စိတ်ထဲတွင်လည်း ကေရီဟု ပြောဆိုသော တောထဲမှ အလှနတ်သမီးသည် တစ်ခါတစ်ရံ နတ်မိမယ် မိနန်းဖြစ်သွားလိုက်၊ သူမြတ်နိုးသော ထွေးမေဖြစ်သွားလိုက်နှင့် ညကေရီ၏ ရင်ခွင်နွေးနွေးတွင် မေ့စက်ရင်း မောပန်းစွာ အိပ်ပျော်သွားပေသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

မည်မျှကြာအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည် မသိ။ သတိရ၍ ရဲထွန်းအောင် လန့်နိုးလာသောအခါ သူ့တစ်ကိုယ်လုံး နှင်းများဖြင့် စိုရွှဲလျက်ရှိသည်။ နေရောင်သည်လည်း သစ်ရွက်ကြို သစ်ရွက်ကြားမှ အလင်းတန်းများ စူးရှစွာ ဖြာကျလာသည်။ ရဲထွန်းအောင်သည် သူ့ဘေးသို့ လှည့်ပတ်ရှာကြည့်သည်။ ညက သူနှင့်အတူရှိခဲ့သော ညကေရီ အလှနတ်သမီးလေးမှာ ပျောက်ကွယ်သွားသည်။

မွှေးရနံ့များ သင်းသင်းပျံ့ပျံ့ ကျန်ရစ်နေဆဲပင်။ ရဲထွန်းအောင် စိတ်ထဲတွင် ချောက်ချားတုန်လှုပ်သွားသည်။ ညက ထူးဆန်းသောအိပ်မက်များ မက်ပြီး အိပ်ပျော်ခဲ့သည်လားဟု သူ စဉ်းစား၍မရ။ တစ်ကျွန်းပြန်ညိုအေး ပြောသည့် စကားများကို ပြန်လည်အမှတ်ရမိသည်။ တောတောင်ဆိုသည်မှာ မာယာ များသည်၊ လှည့်စားမှုတွေ ရှိသည်။

ယခုပင် ကြည့်။ ညက သူနှင့်အတူ အချစ်ရေယဉ်ကြော၌ မျောချင်တိုင်းမျောခဲ့သော ညကေရီအလှမင်းသမီးလေးသည် နံနက်မိုးလင်းသည်နှင့် အိပ်မက်တစ်ခုကဲ့သို့ ပျောက်



ကွယ်သွားသည်။ နေရောင်ထွက်လာလျှင် ပျောက်ကွယ်တတ်သော နှင်းဝတ်နှင်းမှုန်လေးများကဲ့သို့ ညကေရီလေး ပျောက်ကွယ်သွားသည်။

ထူးဆန်းတာတော့ အတော်ကိုပင် ထူးဆန်းနေသည်။ ပတ်ဝန်းကျင်သို့ မျက်စိကစားရင်း စေ့စေ့စပ်စပ် သေချာကြည့်လိုက်သည်။ ဟုတ်ပြီ။ ညကတွေ့ခဲ့ရတဲ့အတိုင်း လူတစ်ရပ်ခန့်ရှိသော သစ်ပင်လေးသို့ပင်။ သစ်ပင်သုံးပင်၏ ခွဆုံတွင် စိမ်းလန်းစွာ ထူးထူးခြားခြား တွယ်ကပ်ပေါက်နေသော အဖူးတံကြီးနှင့် ဂမုန်းပင်သည် မည်သို့သော ဂမုန်းပင်ဖြစ်မည် မသိ။

တစ်ကျွန်းပြန်ညိုအေး၏ ဖခင်ဖြစ်သော မုဆိုးကြီးဦးသီး၏ မြေပုံအရ ပဲခူးရိုးမ တောကြီးထဲတွင် ခွက်ပေါက်ဂမုန်းကို စွန့်စွန့်စားစား လာရှာကြခြင်းဖြစ်သည်။ သူငယ်ချင်းဖြစ်သူ ဖိုးဇော်မှာ ကျောက်တံတားကိုကူးရင်း ချောက်ထဲကျသေဆုံးခဲ့ရသလို တစ်ကျွန်းပြန်ညိုအေးမှာလည်း ပြောင်အုပ်ကြီး လိုက်လံတိုက်ခိုက်သောကြောင့် တကွဲတပြား ဖြစ်သွားရသည်။ ခွက်ပေါက်ဂမုန်းရှာရင်း ထူးဆန်းသော ဂမုန်းနွယ်ဝင်သစ်ပင်တစ်မျိုး ဖြစ်မည်လား သူ မစဉ်းစားတတ်တော့ပေ။

ခွက်ပေါက်ဂမုန်းကို ရှာဖို့ဆိုသည်မှာလည်း မြေပုံညွှန်းက တစ်ကျွန်းပြန်ညိုအေးနောက်တွင် ပါသွားသည်။ ဘယ်လိုမှ ဆက်လက်ရှာဖွေရန် မဖြစ်နိုင်တော့။ ယခုတွေ့နေရသော သစ်ပင်သုံးပင်၏ ခွဆုံတွင် ပေါက်နေသော ထူးခြားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းပင်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ညက တွေ့ကြုံခဲ့သော အတွေ့အကြုံမှာလည်း ပြောလျှင် ယုံနိုင်စရာမရှိ။ ယခုအထိ ညကေရီ နတ်မိမယ်လေး၏ ကိုယ်သင်းနံ့ ကြာညိုနံ့ သင်းသင်းလေးမှာ ရင်ခုန်စွေးထွေးဆဲ ဖြစ်သည်။

ရဲထွန်းအောင်သည် သစ်ပင်သုံးပင်ရှိရာသို့ လျှောက်လာခဲ့သည်။ ခွဆုံပေါ်တွင် အဖူးတံကြီးနှင့် စွင့်စွင့်ငွားငွား ရှင်သန်လျက် စိမ်းစိုနေသော ဂမုန်းပင်အား အမြစ်များပါမကျန် အောင် နုတ်ယူလိုက်သည်။

အမြစ်များကိုလည်း မြေစများနှင့်လုံးထွေးပြီး တခြားသစ်ရွက်များနှင့် ရစ်ပတ်ချည်နှောင်ကာ ယူဆောင်လာခဲ့သည်။ အဆိုပါ ဂမုန်းပင်လေးနှင့် ညက တွေ့ခဲ့ရသော ညကေရီမှာ ပတ်သက်ကောင်း ပတ်သက်နေလိမ့်မည်ဟု သူ့စိတ်ထဲတွင် ထင်မိသည်။ ညက ပြောသွားသည့် စကားများကိုလည်း ကြားယောင်မိသည်။

"မနက်ကျရင် ဒီဂမုန်းပင်လေးကို ဆက်ဆက်ယူသွားဖို့ မမေ့နဲ့နော်"

ကောလိယရွာလေးသို့ ချောချောမောမောပင် ပြန်ရောက်လာသည်။

ရဲထွန်းအောင်၏ ကျောပိုးအိတ်လေးထဲတွင် ပဲခူးရိုးမတောကြီးထဲမှ ထူးဆန်းသော ဂမုန်းပင်လေးတစ်ပင် ပါလာခဲ့သည်။ အပြန်ခရီးတွင်လည်း ရဲထွန်းအောင်အတွက် အံ့သြဖွယ်



ရာများပင် ဖြစ်သည်။ တောကြီးထဲတွင် မျက်စိလည် လမ်းမှားနေရာမှ ဘယ်လိုနည်းနှင့်မျှ ရွာကို ပြန်ရောက်နိုင်မည်မဟုတ်ဟု ထင်ထားခဲ့သည်။

သို့သော် ယခင် သူတို့လာခဲ့သော လမ်းကြောင်းကို ပြန်လည်တွေ့ရှိခဲ့သည်။ တစ်ကျွန်းပြန်ညိုအေး မှတ်သားထားသော မြားပုံသဏ္ဍာန် ထွင်းထားသည့် သစ်ပင် ပင်စည်များပေါ်မှ အမှတ်အသားများ လွယ်လင့်တကူ အံ့သြစွာတွေ့ရှိခဲ့သည်။

သူ့ကျောပိုးအိတ်ထဲတွင် ပါလာသော ထူးဆန်းသည့် ဂမုန်းပင်လေးကြောင့် အပြန်ခရီးအတွက် အမှတ်အသားများကို ပြန်လည်တွေ့ဆုံရခြင်းဖြစ်သည်ဟု ယုံကြည်သွားသည်။

စွန့်စွန့်စားစား ရှူးရှူးမိုက်မိုက် ခွက်ပေါက်ဂမုန်း ရှာခဲ့ကြသော သူတို့ (၃)ဦးကို ရွာမှလူများ စိတ်ဝင်စားကြသည်။ မသေကောင်း မပျောက်ကောင်း။ တစ်ယောက်တည်းသာ ရွာသို့ပြန်ရောက်လာသော ရဲထွန်းအောင်အား တောတွင်းအတွေ့အကြုံများကို ဝိုင်းမေးကြသည်။

သားရဲတိရစ္ဆာန်များနှင့် တွေ့ခဲ့ပုံ၊ ဖိုးဇော် ချောက်ထဲကျ သေဆုံးပုံ၊ ပြောင်အုပ်ကြီးလိုက်၍ အသက်စွန့်ပြေးခဲ့ကြပုံ၊ တစ်ကျွန်းပြန်ညိုအေးနှင့် လမ်းကွဲသွားပုံတို့ကိုသာ ပြောပြပြီး ထူးဆန်းသည့် ညကေရီဝိညာဉ် ပူးအောင်းနေသော ဂမုန်းပင်လေးအကြောင်းကိုတော့ မည်သူ့မျှ ပြန်မပြောခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်ဖြစ်သူ ဒေါ်ဖွားမေက ရဲထွန်းအောင်အား အိမ်သို့ပြန်ခေါ်ထားသည်။ ဖခင်ဖြစ်သူ ဦးဖိုးမောင်ကလည်း လယ်ထဲမှ အိမ်သို့ပြန်ရောက်နေထိုင်လျက်ရှိသည်။ အသက်အရွယ်ထောက်လာပြီဖြစ်၍ ကျန်းမာရေး ချို့တဲ့လာသည်။ ဆေးဆရာများနှင့် ခေါ်ယူလျက် ကုသနေရပြီဖြစ်သည်။

လယ်ထဲတွင် အချိန်ပြည့် ပင်ပင်ပန်းပန်း လုပ်ခဲ့သည့် ဒဏ်များကြောင့် ဦးဖိုးမောင်မှာ အိပ်ရာထဲလဲနေခဲ့ပြီ ဖြစ်သည်။ အဖေ့အိပ်ခန်းထဲမှ ချောင်းတဟွတ်ဟွတ်ဆိုးသံ ကြားရသည်။

'အဖေ ချောင်းတွေတအားဆိုးနေလား၊ ဆရာပေးထားတဲ့ဆေးတွေ သောက်ပြီးပြီလား'

ဦးဖိုးမောင်သည် ခေါင်းညိတ်ပြလိုက်ပြီး တစ်ဦးတည်းသော သားလေး ရဲထွန်းအောင်အား တစိမ့်စိမ့်ကြည့်လိုက်သည်။ အမေ မရှိ ပေပေတေတေ ဆိုးမိုက်လွန်းသော သားအား မစွန့်ပစ်ရက်နိုင်။

'ငါ့သား မင်းလုပ်ချင်တာတွေ လျှောက်လုပ်ခဲ့တာ၊ အရူးယပြီး ပဲခူးရိုးမထဲထိ ခွက်ပေါက်ဂမုန်းရှာရတာနဲ့ မသေမပျောက်ဘဲ ပြန်ရောက်လာတာပဲ အဖေ ဝမ်းသာလှပါပြီကွာ၊ အဲ... မင်းနဲ့အတူသွားတဲ့ ဖိုးဇော်တို့ တစ်ကျွန်းပြန်ညီအေးတို့အတွက်တော့ စိတ်မကောင်းစရာပဲ၊ အဟွတ်... အဟွတ်...'

'အဖေ ချောင်းတွေတအားဆိုးနေတယ်၊ စကားတွေအများကြီးမပြောနဲ့လေ၊ မောနေမယ်'



'ငါ့အကြောင်း ငါသိပါတယ်ကွာ၊ မင်းကို ဟိုတုန်းက နောင်ကြဉ်သွားအောင် သားအဖြစ်က စွန့်လွှတ်လိုက်တယ်ဆိုပြီး ငါတပည့် ကိုထွေးကို တမင်ညာပြောလိုက်တာ၊ မင်းပြန်လိမ္မာဖို့အတွက်ပဲ ငါ့သား၊ အခု အဖေ့ကျန်းမာရေးက တအားဆိုးလာတယ်၊ ဒီနှစ်ဆို လယ်တွေကို ကောင်းကောင်းမလုပ်နိုင်တော့လို့ လယ်ထောက်ခ ချထားရတယ်၊ အရင်တုန်းက သောဘတကြီးလုပ်ခဲ့တာတွေကလည်း မင်းအတွက်ပဲ၊ အခု မင်း ပြန်ရောက်လာပြီ၊ အဖေ လယ်ထဲက အလုပ်တွေကို မင်း မလုပ်လို့ ဘယ်သူလုပ်မှာလဲ၊ အဖေပိုင်တဲ့ ပစ္စည်းဥစ္စာမှန်သမျှ ငါ့သားအတွက်ပဲ၊ ဒီတော့ လိမ်လိမ်မာမာနဲ့ အလုပ်ကို ကြိုးစားလုပ်ကွာ၊ မင်းကြိုက်နေတဲ့ ထွေးမေတို့မိဘတွေကိုလည်း အဖေ နားဖောက်ပေးမယ်'

'ဟုတ်ကဲ့'

ရဲထွန်းအောင် မျက်လုံးများအပေါ်တွင် မျက်ရည်များဝေ့သီလာသည်။ အဖေသည် သူ့အား အလွန်ချစ်သည်။ မိဘမေတ္တာကား ကြီးမားလှပေသည်။

'စိတ်ချပါ အဖေ၊ လယ်အလုပ်တွေကို သား ဖိဖိစီးစီး ပြန်လုပ်ပါ့မယ်၊ အဖေ ဆေးတစ်ဖုံသောက်ရဦးမယ် မဟုတ်လား၊ ဆေးသောက်ပြီး အိပ်လိုက်တော့ အဖေ'

ရဲထွန်းအောင်သည် ဖခင်ဖြစ်သူ ဦးထွေးမောင်အား ကြင်နာယုယစွာ ပြုစုရင်း ဆေးတိုက်လိုက်သည်။ ခေါင်းအုံ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပြီး အိမ်ရှေ့ဝရန်တာသို့ ထွက်လာခဲ့သည်။ ဝရန်တာထောင့်စွန်းတွင် ပန်းအိုးထဲထည့်၍ စိုက်ထားသော ဂမုန်းပင်ကြီးကို တစိမ့်စိမ့်ကြည့်လိုက်သည်။

ပဲခူးရိုးမထဲမှ ယူလာခဲ့သော ထူးခြားသည့် ဂမုန်းပင်မှာ ယခုထိ ထူးခြားမှု ဖြစ်ပေါ်မလာသေးပေ။ စိမ်းလန်းသော အရွက်ဖားဖားကြီးများနှင့် ရှင်သန်လျက်ရှိသည်။ အဖူးတံထွက်မလာသေးပေ။ တောထဲတွင် အိပ်မက်ဆန်ဆန် တွေ့ခဲ့ရသော နတ်မိမယ် ညဇကေရီကို သတိရလွမ်းနေမိသည်။ ဘယ်အချိန် ဘယ်ကာလမှ ပေါ်ပေါက်လာမည် မသိ။

သူ့စိတ်ထဲ စွဲနေ၍သာ ဖြစ်သည်။ ဂမုန်းပင်သည် သစ်ပင်တစ်ပင်သာဖြစ်၍ မိန်းကလေးတစ်ယောက် ဖြစ်လာနိုင်မည် မဟုတ်ပေ။ သို့သော် တစ်ချိန်ချိန်တွင် ညဇကေရီလေး ရောက်လာလိမ့်မည်ဟု ရဲထွန်းအောင် စွဲစွဲမြဲမြဲ ယုံကြည်နေမိသည်။

ညဇကေရီကိုယ်တိုင် ဂမုန်းပင်လေးကို ဆက်ဆက်ယူသွားဖို့ သူ့အား မှာကြားခဲ့သည်။ သူမဝိညာဉ်သည် ဂမုန်းပင်တွင် ရှိနေသည်။ ယခင်ဘဝဟောင်းများက သူ့ချစ်သူ ဖြစ်ခဲ့သည် မဟုတ်ပါလား။ တောထဲမှာ စတင်တွေ့ဆုံခဲ့သည့်အချိန်ကအတိုင်း ဂမုန်းပန်းဖူးကြီး ထွက်လာမည့်အချိန်ကို စောင့်နေမိသည်။

✣ ✣ ✣

ရွာသို့ ပြန်မရောက်သည်မှာ တစ်လကျော်မျှ ကြာခဲ့သည်။ ဖခင်ဖြစ်သူ ဦးဖိုးမောင် ကွယ်လွန်သွားပြီးနောက် လယ်ကွင်းထဲရှိ တဲကြီးများတွင် အလုပ်သမားများနှင့် အလုပ်များကို ဖိဖိစီးစီး ဦးစီးဦးဆောင် လုပ်ကိုင်နေရသည်။ ဦးဖိုးမောင် မဆုံးခင်က သားဖြစ်သူအတွက် အိမ်ထောင်ရေးကအစ စိတ်ချမ်းသာမှုရှိစေရန် စီမံပေးထားခဲ့သည်။

လူကြီးချင်း ပြောဆိုတိုင်ပင် သဘောတူထားကြပြီးဖြစ်သည်။ ဒီနှစ် လယ်သိမ်းအပြီး သီတင်းဝါလကျွတ်လျှင် ထွေးမေနှင့် မင်္ဂလာဆောင်ရတော့မည်ဖြစ်၍ ရဲထွန်းအောင် ပျော်ရွှင်နေမိသည်။

ထွေးမေတို့ မိဘများကလည်း သဘောထားပြောင်းသွားကြသည်။ ထွေးမေ မမဖြစ်သူ မမြမေကိုယ်တိုင် ယခင်က ဘူမတန်ဘူလို ပြောဆိုဆက်ဆံခဲ့မှုများမှ အသွင်ပြောင်းလဲသွားသည်။ ရဲထွန်းအောင် အိမ်သို့ရောက်လာလျှင် အရေးတယူနှင့် ဖော်ဖော်ရွေရွေ ဖြစ်လာသည်။ အချိုးများ ပြောင်းကုန်ကြသည်။ မပြောင်း၍လည်း မဖြစ်။ ရဲထွန်းအောင်သည် ယခင်က

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအပေါင်းအသင်းများနှင့် သောက်စားလျက် လောင်းကစားသမားတစ်ဦး မဟုတ်ပေ။

ကောလိယရွာတွင် ချမ်းသာသော မြေပိုင်ရှင် ဦးဖိုးမောင်၏ တစ်ဦးတည်းသောသား။ ဖခင်ကွယ်လွန်သွားပြီးနောက် အမွေများအားလုံး ရရှိထားသည့် သူဌေးလေး ရဲထွန်းအောင် ဖြစ်နေပေသည်။ လယ်ကိစ္စများကိုလည်း ဦးစီးဦးဆောင်ပြုပြီး လုပ်ကိုင်နေပြီဖြစ်သည်။

ကိုးနှစ်ညက ရွာသို့ပြန်လာရာတွင် ရဲထွန်းအောင်တစ်ဦးတည်းဖြစ်သည်။ မပြီးပြတ်သေးသော အလုပ်ကိစ္စများအတွက် အလုပ်သမားများကို မှာကြားပြောဆိုနေရသောကြောင့် အချိန်လင့်သွားသည်။

ည ၉ နာရီကျော်ပြီဖြစ်၍ တောရွာထုံးစံအတိုင်း မီးငြိမ်း အိပ်ရာဝင်ကုန်ကြပြီ။ ကောလိယရွာလေးပေါ်သို့ လရောင်များ ဖိတ်ကျလျက်ရှိသည်။ ရွာအဝင်တွင် ခွေးဟောင်သံသဲ့သဲ့ကြားလိုက်ရသည်။ ရဲထွန်းအောင် အိမ်နားသို့ ရောက်ခါနီးတွင် အမှောင်ထဲမှ အပြေးအလွှားထွက်လာသော ခြေသံကြောင့် ရဲထွန်းအောင် သတိထားကြည့်လိုက်သည်။

ဆံပင်ဖားလျားချလျက် ကပိုကရို ပြေးထွက်လာသော မိန်းကလေးတစ်ဦး ဖြစ်နေသည်။ ရဲထွန်းအောင် အနီးသို့ ရောက်သောအခါ ဝမ်းသာအားရနှင့် လှမ်းခေါ်လိုက်သည်။

'အစ်ကို မိနန်းလေ မမှတ်မိတော့ဘူးလား'



ရဲထွန်းအောင် အံ့ဩတုန်လှုပ်သွားသည်။ မိနန်း ညနတ်မိမယ်လေး မိနန်း။ သူ့ဘဝတွင် ပထမဦးဆုံး ရင်ခုန်မက်မောစွာ ချစ်ခဲ့ရသော မိနန်း။ ရွာပြန်ရောက်ပြီးကတည်းက မိနန်းနှင့်တွေ့ဆုံခြင်း မရှိတော့။

မိနန်းကို သူ မေ့လျော့ထားခဲ့မိသည်။ မတွေ့သည်မှာ ကြာပြီဖြစ်သော်လည်း မိနန်း၏ အချိုးအစားပြေပြစ်သော ခန္ဓာကိုယ်နှင့် တပ်မက်မိန်းမူးဖွယ် အလှများက ယခင်အတိုင်းပင် ဖြစ်သည်။ ထိုညက မိနန်းနှင့် မမျှော်လင့်ဘဲ တွေ့ဆုံလိုက်ရခြင်းသည် ဆိုးဝါးသော ကံကြမ္မာများ ဖန်တီးလာမည်ကို ထိုစဉ်က မသိရှိခဲ့ပေ။

'မိနန်း ဘာဖြစ်လာတာလဲ'

'ကျွန်မ အရမ်းကြောက်တယ် အစ်ကို၊ ကျွန်မနောက်ကို လိုက်လာကြပြီ'

'ဘယ်သူတွေက ဘာဖြစ်လို့ လိုက်လာတာလဲ'

မိနန်းပုံစံမှာ ကြောက်ရွံ့နေပုံရသည်။ တုန်တုန်ယင်ယင် မောကြီးပန်းကြီး ဖြစ်နေသည်။ နောက်ဘက်သို့ မလုံမလဲ သည့်ကြည့် လှည့်ကြည့်နှင့် စိုးရိမ်နေပုံရသည်။ အန္တရာယ်အကိုပ်အရောင်များက သူပြေးရာနောက် ခြောက်လှန့်ပြီး လိုက်လာသည့်ပုံစံမျိုး။

'နောက်မှပြောမယ် အစ်ကို၊ ကျွန်မကို ဝှက်ထားပေးပါ၊ ကြောက်စရာကောင်းလို့ပါ'

www.burmeseclassic.com



မိနန်းသည် တစ္ဆေသရဲနှင့်တွေ့ခဲ့သည့်အလား မျက်နှာ ပျက်လျက်ရှိသည်။

'ကဲ… ဒါဖြင့်လည်း အစ်ကို့အိမ်ပေါ်လိုက်ခဲ့ပြီး ခဏ ပုန်းနေပေါ့'

လောလောဆယ် အခက်အခဲ အန္တရာယ်နှင့် ကြုံတွေ့နေရသော မိနန်းအား သံယောဇဉ် တွယ်တာခဲ့သည့် အလျောက် သူ့အိမ်တွင် ပုန်းကွယ်ရန် အကူအညီပေးခဲ့သည်။

ရဲထွန်းအောင်သည် မိနန်းအား သူ့အိမ်သို့ ခေါ်လာခဲ့သည်။ ကြီးတော် ဒေါ်မေဖွား မသိအောင် နောက်ဖေးလှေကား ပေါက်မှ အပေါ်ထပ်သို့ တိတ်တိတ်လေး ခေါ်လာခဲ့သည်။ ရဲထွန်းအောင်နှင့် မိနန်းတို့နှစ်ဦး အိမ်ပေါ်သို့ရောက်ရှိသွားချိန်တွင် ရဲထွန်းအောင် အိမ်ရှေ့ မှောင်ရိပ်ထဲမှ မကျေမနပ်နှင့် ဒေါသထွက်နေသော စကားပြောသံတစ်ခု ထွက်ပေါ်လာသည်။

'တောက်… ခွေးကောင်မ၊ ဒီနားတင် ပျောက်သွားပါလား၊ ဒီနှစ်ထပ်ကျွန်းအိမ်ကြီးဟာ ဟိုကောင်လေး ရဲထွန်းအောင် အိမ်ပဲ၊ ကေန္တ ခွေးကောင်မကို ရဲထွန်းအောင် ခေါ်သွားတာပဲဖြစ်ရမယ်၊ တွေ့ကြသေးတာပေါ့ကွာ၊ ဒီညတော့ ရာဇဝင်ကြွေး ပြန်ဆပ်မှကို ဖြစ်မယ်'

✤ ✤ ✤

အေးမြသော လရောင်သည် ရဲထွန်းအောင် အိမ်ရှေ့ ဝရန်တာပေါ်သို့ ဖြာကျလျက်ရှိသည်။ လပြည့်ညဖြစ်သောကြောင့် လရောင်သည် ထင်ထင်လင်းလင်း ဝင်းပလျက်ရှိသည်။ ရဲထွန်းအောင် စိုက်ပျိုးထားသော အိမ်ရှေ့ဝရန်တာ၏ ထောင့်စွန်းတွင် ရှိသည်။ ဂမုန်းပန်းအိုးမှ အဖူးတံကြီး ထွက်ပေါ်လျက်ရှိသည်။ သင်းပျံ့သော အမွှေးနံ့များက ပျံ့လွင့်လျက်ရှိသည်။

တာတေင်သည် အမှောင်ရိပ်မှနေ၍ ရဲထွန်းအောင် အိမ်အား စူးစိုက်ကြည့်လျက်ရှိသည်၊ ထိုစဉ်မှာပင် ဝရန်တာပေါ်၌ မိန်းကလေးတစ်ယောက် လူပ်ရှားနေသည့်သဏ္ဌာန်ကို ဝေဝေဝါးဝါး တွေ့လိုက်ရသည်။

'ခွေးကောင်မ မိနန်း၊ လက်စသတ်တော့ အိမ်ပေါ် ရောက်နေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



ဓားတောင်သည် ဝရန်တာပေါ်တွင် မြင်လိုက်မိသော မိန်းကလေးအား မိနန်းဟု ထင်မိလိုက်သည်။ ခေါင်းထဲတွင် စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်ဟု ထင်မိလိုက်သည်။ တစ်ချိန်တုန်းက သူခေါ်လာသော မိနန်းအား အနိုင်ကျင့်ဗိုလ်ကျပြီး သူ့လက်ထဲမှ ဆွဲခေါ်သွားခဲ့ဖူးသည်။

တစ်ကျွန်းပြန်ညိုအေးက သူ့ခေါင်းကို ရိုက်ခွဲခဲ့သည်။ သူခံခဲ့ရသော ပွဲဖြစ်၍ တစ်သက်လုံး မကျေမနပ်ဖြစ်ခဲ့ရသည်။ လက်စားချေဖို့ လိုက်ရှာသော်လည်း ပဲခူးရိုးမပေါ် တက်သွားသည်ဆိုပြီး သည်ကောင်တွေ အစပျောက်သွားသည်။

ဓားတောင်သည် ခြံဝင်းထဲသို့ ဝင်လိုက်သည်။ ရွာလယ်ဘက်ဆီမှ သံရှည်ဆွဲအူလိုက်သော ခွေးအူသံကို ကြားလိုက်ရသည်။ အမှောင်ရိပ်ခို၍ ခြံဝင်းထဲရောက်လာသည်။ အိမ်နောက်ဘက်သို့ လျှောက်လာရင်း နောက်ဖေးဆောင်ဘက်မှ အပေါ်ထပ်တက်သည့် လှေကားကို တွေ့လိုက်ရ၍ ဝမ်းသာသွားသည်။

ခြေသံကို လုံအောင်ဖော့နင်းပြီး လှေကားပေါ်သို့ တက်လိုက်သည်။ နောက်ဖေးဆောင် တံခါးမှာ စေ့ထားသဖြင့် အတွင်းခန်းသို့ လှမ်းဝင်လိုက်သည်။

ဓားတောင် မျှော်လင့်ထားသည့်အတိုင်း ရဲထွန်းအောင်နှင့် မိနန်းကို မြင်တွေ့လိုက်သည်။ ဝရန်တာသွားမည့် အခန်းပေါက်နားတွင် ဖြစ်သည်။



'ဟား… ဟား… ခုမှပဲ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ပြန်တွေ့ရတော့တယ်၊ ဘယ်လိုလဲ ရဲထွန်းအောင် မှတ်မိသေးလား၊ မင်းတို့ကောင်တွေ ငါ့ခေါင်းကို ခွဲခဲ့တာလေ၊ ဒီညတော့ ကောင်းကောင်းပြန်ပြီး ကလဲ့စားချေရမယ်'

ဓားတောင်ကို တွေ့လိုက်ရသောကြောင့် မိနန်း မျက်နှာပျက်သွားသလို အထိတ်တလန့်နှင့် ရဲထွန်းအောင်အား အကူအညီတောင်းလိုက်သည်။

'လုပ်ပါဦး အစ်ကို၊ ဟိုမှာ လိုက်လာပြီ'

ဓားတောင်ရှိရာသို့ လက်ညှိုးထိုးရင်း တုန်လှုပ်နေရှာသည်။

မိနန်း အော်သံဆုံးသည်နှင့် ရဲထွန်းအောင်ထံသို့ ဓားတောင်က ဒေါသနှင့်အတူ လက်သီးကိုဆုပ်၍ ထိုးရန် အရှိန်နှင့် ပြေးဝင်လာသည်။ ရဲထွန်းအောင်ကလည်း နောက်တစ်လှမ်းဆုတ်၍ ကိုယ်ကိုငဲ့လိုက်သည်။

ဓားတောင်သည်လည်း သူ့အရှိန်နှင့်သူ ဝရန်တာရှိရာဘက်သို့ ကျွံထွက်သွားသည်။ အရှိန်တန့်၍ မတ်တတ်ရပ်လိုက်သည်။

ထိုအချိန်မှာပင် ဓားတောင် မေးရိုးပေါ်သို့ ရဲထွန်းအောင် လက်သီးချက်များက ပြင်းထန်စွာ ထိုးနှက်ခြင်းခံလိုက်ရသည်။

ခေါင်းမှာ လည်ထွက်သွားပြီး မူးမိုက်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



သတိပြန်ရရချင်း ခါးကြားမှ ဓားမြှောင်ကို လှစ်ခနဲ ဆွဲထုတ်လိုက်ပြီး ရဲထွန်းအောင် ရင်ဝသို့ ဦးတည်ပြီး ထိုးစိုက်လိုက်သည်။ အဖြစ်အပျက်များကို တွေဝေစွာ ငေးကြောင်ကြည့်နေသော မိနန်းသည် ရုတ်တရက်လှမ်းအော်ရင်း ရဲထွန်းအောင်ရှေ့သို့ ပြေးဝင်လာသည်။

'အစ်ကို သတိထား'

မိနန်းက ရဲထွန်းအောင် ရှေ့သို့ အကာအကွယ်ဖြ ပြေးဝင်လိုက်သလို ဓားတောင်၏ ဓားမြှောင်က မိနန်း ကျောပြင် အား စိုက်ဝင်သွားသည်။ ရှေ့သို့ ငိုက်ကျသွားသော မိနန်း ဦးခေါင်းမှာ ဂမုန်းပန်းအိုးကြီးရှိရာသို့ စိုက်သွားသည်။ ပန်းအိုး စောင်းနှင့် ရိုက်မိလိုက်သော နဖူးပြင်မှာလည်း ကွဲထွက်သွား သလို ပန်းအိုးထဲတွင် သွေးများ ဖြာဆင်းသွားသည်။

မိနန်းအော်သံ အပေါ်ထပ် ဝရန်တာပေါ်မှ ဆူဆူညံညံ အသံများကြောင့် ရဲထွန်းအောင်တပည့် ကိုထွေးနှင့်အတူ အလုပ်သမားများ အပေါ်သို့ပြေးတက်လာကြပြီး ဓားတောင်အား ဝိုင်းဝန်းဖမ်းဆီး ချုပ်နှောင်ထားလိုက်ကြသည်။ ကြီးတော် ဒေါ်ဖွားမေကိုယ်တိုင် အပြေးအလွှား ရောက်လာသလို အမော တကောနှင့် မေးလိုက်သည်။

'ဘာတွေဖြစ်ကုန်ကြတာလဲ၊ ဂမုန်းပန်းအိုးကြီးထဲမှာ မိန်းကလေးတစ်ယောက်ပွါလား'

ရဲထွန်းအောင်က ဒူးထောက်နေသော မိနန်းအား



ကာယ်ဆယ်ရင်း အဖြစ်အပျက်များကို ရှင်းပြလိုက်သည်။ ဓား တောင်အား သူကြီးလက်သို့ အပ်လိုက်သည်။ နောက်ပိုင်းတွင် လူသတ်မှုနှင့် ဓားတောင် ထောင်ကျသွားသလို ရဲထွန်းအောင် အိမ်ရှိ ဂမုန်းပင်ကြီးမှာလည်း လူအများ ကြောက်လန့်ဖွယ် သုံးဆန်းသည့် ဂမုန်းပင်အဖြစ် သတင်းကြီးလာသည်။

ရဲထွန်းအောင် အိမ်ကြီးတွင် မကျွတ်မလွတ်သော မိနန်းသည် သရဲတစ္ဆေအဖြစ် ခြောက်လှန့်တတ်သည်ဟု သတင်းထွက်ပေါ်လာတော့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

ရဲထွန်းအောင် နေထိုင်ရာ အိမ်ကြီးမှာ ဖခင်ဦးဖိုးမောင် နေထိုင်ခဲ့သော ပျဉ်ထောင်သွပ်မိုးလေးပင် နှစ်ထပ်အိမ်ကြီးဖြစ် သည်။ အပေါ်ထပ်တွင် အိမ်ရှေ့ဝရန်တာ ရှိသည်။ ဝရန်တာ ထောင့်တွင် လူတစ်ရပ်ခန့်ရှိသော ဂမုန်းပင်ကြီးမှာ စိမ်းလန်း စိုပြည်စွာ ရှင်သန်ဖြစ်ထွန်းလျက်ရှိသည်။ ပဲခူးရိုးမတောကြီး ထဲမှ ယူဆောင်လာသော ထူးဆန်းသည့် ဂမုန်းပင်ကြီးဖြစ် သည်။ ယခုဆိုလျှင် တောထဲမှာ တွေ့ရသည့်အတိုင်း ဖူးတံ ကြီးပင် ထွက်လျက်ရှိသည်။

ရဲထွန်းအောင် အိမ်ရှေ့သို့ ဖြတ်သွားဖြတ်လာသွားကြ သည့် ရပ်သူရွာသားများမှလည်း ဂမုန်းပင်ကြီးအား ရဲရဲဝံ့ဝံ့ မကြည့်ဝံ့ကြပေ။ မသိမသာ ခိုးကြောင်းခြောင်းကြည့်ရှုသွားတတ် ကြသည်။ အဆိုပါ ဂမုန်းပင်ကြီးတွင် မိနန်းတစ္ဆေရှိပြီး ခြောက် လှန့်တတ်သည်ဟု နာမည်ကြီးနေသောကြောင့် ဖြစ်သည်။



ညဘက်ရောက်လျှင် ဝရန်တာပေါ်၌ ဆံပင်ဖားလျား နှင့် ပြေးလွှားနေသော မိန်းမတစ်ယောက်ကို မြင်တွေ့ရသည် ဟု ပြောဆိုနေကြသည်။

ရေနံချေးများ ရွှဲနေအောင်သုတ်ထားသည့် နှစ်ထပ် အိမ်ကြီးမှာ မည်းမည်းမှောင်မှောင်ကြီး ဖြစ်နေသည်။

အိမ်ကြီး တွင် ကြီးတော်ဒေါ်ဖွားမေ၊ ရဲထွန်းအောင်၊ ထမင်းချက် ကိုထွေး မအေးတို့လင်မယားတို့ နေထိုင်ကြ သည်။

ညနေစာ ထမင်းစားသောက်ပြီးနောက် နောက်ဖေး ဆောင်တွင် မအေးက ပန်းကန်ခွက်ယောက်များကို ဆေးကြော သိမ်းဆည်းလျက်ရှိသည်။

လယ်လုပ်ငန်းများ သိမ်းပြီး၍ ရဲထွန်းအောင် ရွာသို့ ပြန်ရောက်နေချိန်ဖြစ်သည်။

ကိုထွေးက ရဲထွန်းအောင်အနီးတွင် ထိုင်လျက် စကား ပြောနေကြသည်။

အဖူးတံကြီး ထွက်ပေါ်လာသော ဂမုန်းပင်ကြီးဆီမှ ထူးကဲစွာ သင်းပျံ့သော မွှေးရနံ့များက တသင်းသင်း မွှေးပျံ့ လျက်ရှိသည်။

'အပေါ်ထပ် ဝရန်တာပေါ်မှာရှိတဲ့ ဂမုန်းပင်ကြီးက အဖူးတံကြီး ထွက်လာသလို အရမ်းမွှေးဘာပဲ ကိုအောင်၊ အဲဒီ ဂမုန်းပင်ကြီးက ဘာဂမုန်းလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုထွေးက ဂမုန်းပင်ကြီးနှင့် ပတ်သက်ပြီး စိတ်ဝင်တစား မေးလာသည်။

'ထူးဆန်းတာတော့ အရမ်းကိုထူးဆန်းတဲ့ ဂမုန်းပင်ပဲ၊ ငါကိုယ်တိုင် ကိုယ်တွေ့ကြုံလာခဲ့ရတာ၊ အဲဒီ အဖူးတံကြီး ထွက်မယ့်အချိန်ကို စောင့်နေရတာလည်း ကြာပြီ၊ အခုမှပဲ ထွက်လာတော့တယ်'

'ဘယ်လိုထူးဆန်းတာလဲ ကိုအောင်ရ၊ ပြောပြစမ်းပါဦး'

'အဖူးတံထွက်လာရင် ညဘက်မှာ သိသိသာသာ မွှေးလာတယ်၊ အဲဒီအဖူးတံကြီးကနေ ကေရီလို့ခေါ်တဲ့ ရှေးဟောင်းမင်းသမီးလေးတစ်ပါး ပေါ်လာတတ်တယ်'

'ဟုတ်ပါ့မလား ကိုအောင်ရာ၊ ဂမုန်းပင်ထဲကနေ မင်းသမီးလေးတစ်ပါး ထွက်လာရတယ်ဆိုလို့ ဖြစ်နိုင်ပါ့မလား၊ ကျွန်တော့်စိတ်ထင်တော့ ကိုအောင့် ဂမုန်းပင်ကြီးဟာ မသန့်တော့ဘူး၊ ဟိုတလောက ဓားတောင်သတ်လို့ သေသွားတဲ့ မိနန်းဆိုတဲ့ ကောင်မလေး ခေါင်းနဲ့ရိုက်ပြီး သွေးစွန်းခဲ့တယ်၊ ရွာထဲမှာလည်း ပြောနေကြတယ်၊ ကိုအောင်ပြောတဲ့ မင်းသမီးတော့ ဟုတ်မှာမဟုတ်ဘူး၊ မိနန်းတစ္ဆေပဲ ဖြစ်မှာ'

'ကိုထွေးက ယုံမှမယုံဘဲကိုး၊ စောင့်ကြည့်ပေါ့ ကိုထွေးရာ၊ တစ်နေ့ကျ တကယ်ဖြစ်လာပါလိမ့်မယ်၊ အခု ငါ့အိမ်က သရဲခြောက်တယ်ဆိုပြီး ရွာထဲကလူတွေ ပြောနေကြ



တာ၊ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုးနဲ့ ကြားနေရတယ်၊ သရဲတစ္ဆေခြောက်ရအောင် အခု မင်း ဘာတွေထူးထူးခြားခြား မြင်တွေ့သလဲ၊ ပြောစမ်းကွာ'

'ဒီလိုပဲ လျှောက်ပြောနေကြတာပါ ကိုအောင်ရာ'

'လူတွေများ တော်တော်ခက်တာပဲ၊ စကား ကားပြီး လျှောက်ပြောနေကြတာ၊ တော်ကြာ တစ္ဆေခြောက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ထွေးမေတို့ အသိုင်းအဝိုင်းက လက်ထပ်ဖို့ကိစ္စ တစ်မျိုးတစ်မည် ပြောင်းလဲသွားမှာစိုးရတယ်'

ထိုအချိန်တွင် နောက်ဖေးဆောင်ဘက်မှ မအေးသည် မျက်စိမျက်နှာပျက်လျက် ကြောက်လန့်တကြား ပြေးဝင်လာသည်။

'အစ်ကိုလေး… ကျွန်မ ကြောက်တယ်၊ ကြောက်တယ်'

'ဟဲ့… ဟဲ့… ဘာဖြစ်တာလဲ မိအေး'

'မထိတ်သာ မလန့်သာ မိန်းမရယ်၊ ဘယ်လိုဖြစ်လာရတာလဲ'

ကိုထွေးကပါ ကြောက်လန့်တကြား ဖြစ်လာသော သူ့မိန်းမအား စိုးရိမ်တကြီး မေးလိုက်သည်။ မအေးမှာ ကြက်သီးများ ဖျန်းဖျန်းထလာပြီး…

'လူမော ညည်းသံကြီးလိုလို၊ ကလေးငိုသံလိုလို စပ်း ကျီအောက်ဘက်ကနေ ကြားနေရတယ်၊ ကျွန်မ ခေါင်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း အမွှေးနံ့တွေက ရှူးရှူးရှရှကြီး။ ခေါင်းကိုက်သောက်အောင်ကို တအားမွှေးလာတာ'

ကိုထွေးမျက်နှာမှာ သွေးမရှိတော့ပေ။ သူ့မိန်းမ မအေး ပြောစကားများကို နားစိုက်ထောင်နေရင်း မွှေးရနံ့များက သိသိသာသာ မွှေးပျံ့လာသည်။ တစ္ဆေတွေ၊ နာနာဘာဝတွေ မရောက်ခင် အနံ့ပေးတာ ဖြစ်နေမလား။ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထလာသည်။

'ကျွန်မလည်း ကြက်သီးတွေ တဖြန်းဖြန်းထလာပြီး ကိုအောင်တို့ဆီ ပြေးဝင်လာတာ'

'ငါ့အိမ်မှာ တစ္ဆေမရှိပါဘူး မအေးရယ်၊ မိန်းမ မမျှော်လင့်ဘဲဆုံးသွားတာကစပြီး လူတွေက တောပြော ကောင်ပြောနဲ့ ပြဿနာဖြစ်နေရတယ်၊ ကဲ… နင်ပါလိုက်ခဲ့၊ လူမမာညည်းသံ ကြားရတယ်ဆိုတာ ဘယ်နေရာကလဲ၊ ငါ့လိုက်ပြစမ်း'

ရဲထွန်းအောင်က ဦးဆောင်ပြီး မအေးပြရာနေရာသို့ လိုက်ရှာကြည့်ကြသည်။ နောက်ဖေး စပါးကျည်အောက်တွင် ခွေးမတစ်ကောင်မှာ ခွေးပေါက်စလေးများပေါက်ပြီး ခွေးလေးများ အော်ညည်းနေကြသည်ကို မြင်တွေ့ရသည်။

'ကဲ… တွေ့ပြီလား၊ မအေး ကြားရတဲ့ လူမမာညည်းသံဆိုတာ ဒီခွေးလေးတွေ သားပေါက်လို့ အော်နေကြတဲ့အသံပဲ၊ ဟုတ်ပြီ မဟုတ်လား'

ရဲထွန်းအောင်က ရှင်းပြလိုက်သဖြင့် ကိုထွေးတို့လင်မယား သဘောပေါက်နားလည်သွားကြသည်။ အိမ်ထဲသို့ ပြန်ဝင်လာကြသည်။ နောက်ဆုံးမှ ဝင်လာသော ကိုထွေးမှာ အပေါက်ဝနားတွင် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်ပြီး မျက်လုံးမျက်ဆန်ပြူးလျက် အထိတ်တလန့် အော်လိုက်ပြန်သည်။

'ကိုအောင် လုပ်ပါဦး၊ နောက်ကနေပြီး ကျွန်တော့်ကို သရဲဆွဲထားပြီ ထင်တယ်'

ရဲထွန်းအောင်က သူ့အနားသို့ ပြန်လျှောက်လာပြီး သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

'ဟာ… ကိုထွေးကလည်း မင်းလုံချည်စနဲ့ တံခါးနဲ့ ငြိနေတာကွ၊ ဘယ်ကသော သရဲဆွဲထားရမှာတုံး'

ကိုထွေးမှာ ငုံ့ကြည့်လိုက်ပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ အခန်းထဲသို့ ပြန်ဝင်လာပြီး လက်ဖက်ရည်စားပွဲဝိုင်းတွင် ထိုင်လိုက်ကြသည်။ ရဲထွန်းအောင်က လက်ဖက်ရည်ကြမ်းတစ်ခွက် ငုံ့ပြီးသောက်မည်အပြုတွင် အိမ်ရှေ့ဝရန်တာပေါ်မှ ဝုန်းခနဲအသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

မအေးမှာ 'အောင်မယ်လေး…' ဟု အော်လိုက်ပြီး ကိုထွေးအား အတင်းဖက်ထားလိုက်သည်။

'ဝရန်တာပေါ်က ကြားရတာပဲ၊ ဘာဖြစ်တယ် မသိဘူး၊ သွားကြည့်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ရဲထွန်းအောင် ရှေ့မှထွက်သွားသဖြင့် ကိုထွေးနှင့် မအေးတို့လင်မယားမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်မှ မဝံ့မရဲ လိုက်ပါလာကြသည်။ ဂမုန်းပန်းအိုးကြီး အနီးရှိ တခြား ကြေးပန်းအိုးလေးမှာ အောက်သို့ပြုတ်ကျနေသည်ကို တွေ့မြင်ရသည်။ အခန်းပေါက်ဝတွင် လှစ်ခနဲ ခုန်သွားသော ကြောင်ကို မြင်တွေ့လိုက်ရသည်။

'သြော် … ကြောင်တိုက်ချသွားလို့ ပန်းအိုးလေး ကျသွားတာပါကွာ၊ ဘာမှမဟုတ်ပါဘူး၊ ကိုထွေးတို့ကလည်း အလိုလိုတွေးပြီး ကြောက်စရာမရှိ ကြံဖန်ကြောက်နေကြတာပဲ၊ ကဲ‥ အချိန်မရှိတော့ဘူး၊ သွားအိပ်ကြပေတော့'

ရဲထွန်းအောင်သည် ကိုထွေးတို့လင်မယားအား ပြောဆိုပြီး သူ့အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ သူ့အိပ်ခန်းမှာ အပေါ်ထပ် ဝရန်တာနောက်တွင် အခန်းဖွဲ့ထားခြင်း ဖြစ်သည်။ ပြတင်းပေါက်ကို ဖွင့်ထားသဖြင့် ဝရန်တာထောင့်စွန်းမှ လူတစ်ရပ်ခန့်မြင့်စွာ ရှင်သန်ပေါက်နေသော ဂမုန်းပင်ကြီးကို မြင်တွေ့နေရသည်။

ရဲထွန်းအောင်သည် အိပ်ရာထဲဝင်ခဲ့သည့်တိုင် အိပ်၍ ကား မပျော်။ မျက်လုံးများကြောင်ကာ ပဲခူးရိုးမတောကြီးထဲသို့ ဂမုန်းခွက်ပေါက်ရှာခဲ့စဉ်က အတွေ့အကြုံများကို ပြန်တွေးနေမိသည်။

အထူးသဖြင့် တစ်ညတာ ရင်ခုန်နွေးထွေးခဲ့ရသော



ညဧကရီ ရွှေးဟောင်းမင်းသမီးလေးကို သတိတရ ပြန်လည် တမ်းတနေမိသည်။

သူနှင့် သူ့သူငယ်ချင်းများဖြစ်သော ဖိုးဇော်မှာ ချောက်ထဲကျပြီး ကွယ်လွန်ခဲ့ပြီဖြစ်သည်။ တစ်ကျွန်းပြန်ညိုအေးမှာ ပြောင်အုပ်ကြီး လိုက်လာသဖြင့် ခြေဦးတည့်ရာ စွတ်ပြေးရာမှ သေသည် ရှင်သည် မသိ။ သူ့ဘဝတွင် ပထမဆုံး ပတ်သက်ဖူးသည့် မိနန်းလည်း တိုက်တိုက်ဆိုင်ဆိုင် သူ့အိမ်ပေါ်တွင် ဓားထိုးခံရပြီး အသေဆိုးနှင့် သေခဲ့ရသည်။

ရဲထွန်းအောင်သည် အိမ်ရှေ့ဝရန်တာထောင့်တွင်ရှိသော ဆပ်သွားဖူးကဲ့သို့ အဖူးတံကြီး ထွက်ပေါ်လာသော ဂမုန်းပင်ကြီးအား တစိမ့်စိမ့်ကြည့်နေပေသည်။ ဘယ်တော့များမှ ထွက်ပေါ်လာပါ့မလဲ ညဧကရီလေးရယ်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

ကိုထွေးတို့ ဇနီးမောင်နှံမှာ အောက်ထပ်အခန်းတစ်ခုတွင် အိပ်စက်ကြသည်။ ထိုညက ကိုထွေးသည် တလူးလူး တလိမ့်လိမ့်နှင့် အိပ်မပျော်ပေ။ စောင်ကို ခေါင်းမြီးခြုံအိပ်မည် အပြုတွင် စူးရှသော မွှေးရနံ့အား သိသိသာသာ ရှူရှိုက်မိသောကြောင့် ခေါင်းကြီးသွားသည်။

ရှပ်… ရှပ်… ရှပ်ဟု ဖြတ်သွားသော ခြေသံများကို ဝရန်တာအပေါ်ထပ်မှ ကြားနေရသည်ဟု ထင်သည်။ သူ့ဘေးတွင် ဇနီးဖြစ်သူ မအေးမှာကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသည်။

ယောင်းခနဲ စူးရှသော အမွှေးနံ့များက ထပ်မံသင်းပျံ့လာပြန်သည်။ ရှပ်… ရှပ်… ရှပ်… ဟူသော ခြေသံများက အပေါ်ထပ် ဝရန်တာမှ ဆင်းလာပုံမျိုးဖြစ်သည်။ မိန်းမတစ္ဆေ ခြောက်ပြီထင်သည်။ တရှပ်ရှပ်နှင့် ခြေသံများက သူ့အနီးသို့ ရောက်လာသလို ထင်မိလိုက်ဖြင့် အိပ်ရာမှ ငေါက်ခနဲထပြီး ထိုင်လိုက်သည်။ တံခါးဝဆီသို့ လှမ်းကြည့်လိုက်သည်။ ဘာမှ



မမြင်ရပေ။ လရောင်ခြည်ကား ဖိတ်ဖိတ်လက်လက် ဝင်းပလျက်ရှိသည်။

ခြေသံတရှပ်ရှပ်ကို ကြားနေရသည်။ လူအရိပ်အယောင်ကို မမြင်တွေ့ရပေ။ ကြက်သီးတဖြန်းဖြန်းထလာပြီး ကိုထွေးသည် ကြောက်လာသည်။ အသံထွက်အောင်လည်း မအော်ဝံ့ဟော့ပေ။ ကိုယ့်လိပ်ပြာက ကိုယ့်ကိုပြန်ခြောက်နေသည်သာ။ ထိုစဉ်မှာပင် ကြွက်တစ်ကောင်သည် သူ့အနီးမှ လှစ်ခနဲဖြတ်ပြေးသွားရာ 'အောင်မယ်လေး…'ဟု လန့်အော်လိုက်မိသည်။

ကိုထွေး အော်သံကြောင့် အိပ်ပျော်နေသော မအေးသည် ဇဝေဇဝါနှင့် လန့်နိုးလာသည်။

'ကိုထွေး ဘာဖြစ်တာလဲ'

'ကြွက်တွေ ဖြတ်ပြေးသွားတာ ငါ့စိတ်ထဲ အပေါ်ထပ်က မိန်းမတစ္ဆေ ဆင်းလာပြီး ခြောက်တယ်ထင်လို့'

'ရှင်တော်တော် သူရဲဘောနိုင်တာပဲ၊ အခုထိ မအိပ်သေးဘူးလား'

'ဘယ်လိုလုပ် အိပ်ရမှာလဲ၊ ဟော… မွှေးလာပြန်ပြီ'

'ဘာမွှေးလာတာလဲ'

'အမွှေးရနံ့ကွ၊ သေချာရှူကြည့်ပါလား၊ သင်းပြီး မွှေးကြိုင်နေတာပဲ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကျွန်မလည်း သတိထားမိတယ်၊ ဇကန္တကိုအောင်ယူလာတဲ့ တောယဲက ဂမုန်းပင်ကြီးက မကောင်းဆိုးဝါးတွေ သတိလာပေးတဲ့ အမွှေးနံ့ပဲဖြစ်မှာ'

'ကိုအောင်ကလည်း တော်တော်ပြောရဆိုရခက်တယ်၊ ဒီ နိမိတ်မကောင်းတဲ့ ဂမုန်းပင်ကြီးကိုပဲ အရိပ်တကြည့်ကြည့်နဲ့၊ ရွှေထွက်လာမှာကျနေတာပဲ၊ မိန်းမ သေခဲ့တဲ့ ဂမုန်းပင်ကြီးဆိုတော့ အိမ်မှာ မထားကောင်းတာကို ဘာပြုလို့ ဆက်ထားနေတယ် မသိဘူး'

ကောလိယတစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ကောင်းကင်ပေါ်တွင် ထွန်းလင်းနေသော ပြည့်ပြည့်ဝဝလမင်းကြီးသည် တိမ်ကြားထဲတွင် မြုပ်ချည်ပေါ်ချည်နှင့် အလင်းရောင်များ မှိန်သွားလိုက်၊ လင်းလာလိုက်နှင့် ချောက်ချားစရာကောင်းသည် ဖြစ်သည်။ ရွာထိပ်မှ သံရှည်ဆွဲအူလိုက်သော ခွေးအူသံများသည်လည်း ချောက်ချားဖွယ်ကောင်းသောညအား ပိုမိုချောက်ချားဖွယ်ဖြစ်အောင် ဖန်တီးပေးသကဲ့သို့ဖြစ်သည်။

'ကဲ··· တောင်တောင်အီအီတွေ လျှောက်တွေးမနေနဲ့၊ အိပ်တော့၊ မနက်ကျ အလုပ်တွေရှိသေးတယ်'

မအေးက သတိပေးပြောကြားလိုက်သဖြင့် ကိုထွေးသည် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။

✤ ✤ ✤

ရဲထွန်းအောင်သည် ခုတင်ပေါ်တွင် လဲလျောင်းရင်း အဖူးတံထွက်လာသော ဂမုန်းပင်ကြီးကို ဘစိမ့်စိမ့်ကြည့်လျက်ရှိသည်။ တစ်အိမ်လုံးမှာလည်း တိတ်ဆိတ်ခြောက်သွေ့နေသဖြင့် ရဲထွန်းအောင်အတွက် အတွေးရေယဉ်ကြောတွင် မျောချင်တိုင်း မျောလျက်ရှိသည်။

မှန်အိမ်ကို ခပ်မှိန်မှိန်ထွန်းထားသလို ပြတင်းတံခါးများကိုလည်း ဖွင့်ထားသည်။ အေးမြသောလရောင်သည် ရဲထွန်းအောင် နေထိုင်ရာ အပေါ်ထပ်ဝရန်တာနှင့် အိပ်ခန်းထဲထိ သရောင်များ ဖြန့်ကြဲကျရောက်လျက်ရှိသည်။

ယခုညလို ပြည့်ပြည့်ဝဝသာသော လပြည့်ညမျိုးတွင် ဂမုန်းပန်းဖူးကြီးထဲမှ ညဇကရီ ရှေးဟောင်းမင်းသမီးလေးတစ်ပါး ထွက်ပေါ်လာတတ်သည်။ တောထဲတောင်ထဲတွင် မြင်တွေ့ခဲ့ရသည့်အတိုင်း ပြန်လည်မြင်တွေ့ရမည်ဟု ရဲထွန်းအောင် ယုံကြည်မျှော်လင့်စောင့်စားရင်း စိတ်ကူးနေမိသည်။ ယခုအချိန်အထိတော့ ဘာတစ်ခုမှ ထူးထူးခြားခြား ဖြစ်ပေါ်မလာသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးဝန်းကျင်ရှိ သစ်ပင်များပေါ်မှ ပုစဉ်းရင်ကွဲများ တစီစီအော်မြည်သံများကို အဆက်မပြတ် ကြားနေရသည်။ ရဲထွန်းအောင်သည် ခုတင်ပေါ်မှထ ကိုက်ပြီး ဝရန်တာဘက်ဆီသို့ ထွက်လာခဲ့သည်။

စူးရှသော မွှေးရနံ့များက သူ့အား ညို့ယူခေါ်ငင်နေသကဲ့သို့ဖြစ်သည်။ ထူးဆန်းသော ဂမုန်းပင်ကြီးအနီးသို့ ရောက်လာသည်။ အစိမ်းရင့်ရောင် အရွက်ဖားဖားကြီးများအား လရောင်ဖျန်းပက်ထားသဖြင့် ကျောက်စိမ်းတုံးများကဲ့သို့ ဖိတ်လက်တောက်ပလျက်ရှိသည်။

အရွက်ထိပ်ဖျားများမှာ နှင်းစက်ဥလေးများကဲ့သို့ ရေအစက်အပေါက်ကလေးများ စိမ့်ထွက်စီးကျလျက်ရှိသည်။ ဂမုန်းပင်ကြီး အလယ်တည့်တည့်မှ ဖွေးဥနေသော ဖူးတံကြီးမှ သင်းပျံ့သောအမွှေးနံ့များ ထွက်ရှိနေပေသည်။ ထူးဆန်းသော ဂမုန်းပင်ကြီးကို တစိမ့်စိမ့်ကြည့်ရင်း နတ်မိမယ် မိနန်းကို မြင်ယောင်လာသည်။ မိနန်းသည် သည်ဂမုန်းပင် ပန်းအိုးကြီးပေါ်တွင် ခေါင်းငိုက်စိုက်ကျရင်း ဓားထိုးခံရပြီး သေဆုံးခဲ့ရသည်။ စိတ်မကောင်းဖြစ်မိသလို ကြေကွဲလွမ်းဆွတ် သတိရမိလိုက်သည်။

အချိန်ကား တဖြည်းဖြည်း ညဉ့်နက်လာသည်။ ည ၁၂ နာရီကျော်ပြီး ဖြစ်သည်။ သန်းခေါင်ယံကြယ်များ၏ တောင်ပံရိုက်သံ ဘာဘုန်းဘုန်းနှင့် ကြက်တွန်သံများ ကြားလိုက်



ရသည်။ ခုတင်ဆီသို့ ရဲထွန်းအောင် ပြန်လာခဲ့သည်။ အိပ်၍ကား မရ။

သည်လို ပြည့်ပြည့်ဝဝသာသော လပြည့်ညမျိုးတွင် သူ့စိတ်ထဲ၌ တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်ပေါ်လာလိမ့်မည်ဟု ထင်နေမိသည်။ သူ စိတ်ကူးယဉ်မျှော်လင့်ထားသည့်အတိုင်း ပဲခူးရိုးမတောကြီးထဲတွင် တွေ့ဆုံခဲ့ရသလိုမျိုး ညကေရီလေး ပြန်ပေါ်လာမှာလား။

နဖူးပေါ်တွင် လက်တင်လျက် သူ့ဘဝအဖြစ်အပျက်များကို စဉ်းစားရင်း သမ်းဝေလာသည်။ မျက်ခွံများလေးကျလာသဖြင့် မျက်လုံးကို မှိတ်ထားလိုက်သည်။ ရုတ်တရက် သတိလစ်သလိုဖြစ်သွားပြီး ရုပ်ခနဲ ခြေသံကြားလိုက်သဖြင့် ခေါင်းထောင်ပြီး မျက်စိကို ဖွင့်ကြည့်လိုက်သည်။

ဘာမှ မတွေ့ရပေ။ ထိုစဉ် စူးရှသောအမွှေးနံ့များ ပျံ့လွင့်လာသဖြင့် ရဲထွန်းအောင် ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်သွားသည်။ ဝရန်တာဘက်ဆီမှ မိန်းကလေးတစ်ယောက် ရယ်သံ ကြားလိုက်ရသည်ဟု ထင်မိလိုက်သည်။

ဂမုန်းပင်ကြီးအား အတန်ကြာအောင် စူးစိုက်ကြည့်နေမိသည်။ အဖူးတံကြီးသည် လေမကိုက်ဘဲနှင့် သူ့အလိုလို ယိမ်းနွဲ့လှုပ်ယမ်းလာသည်ဟု ထင်ရသည်။ ကြည့်ကြည့်နေစဉ်းမှာပင် မိန်းကလေးတစ်ဦး၏ ပုံသဏ္ဌာန်မျိုး ဝေဝေဝါးဝါး မြင်တွေ့လိုက်ရသည်။ မီးခိုးငွေ့များကို မှုန်မှုန်ဝါးဝါး မြင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



မိရာမှ တစ်စတစ်စ ပီပြင်စွာ ရုပ်လုံးပေါ်လာသည်။ ယိမ်းနွဲ့နေသော ဂမုန်းဖူးကြီးသည် မိန်းကလေးတစ်ဦးကဲ့သို့ သက်ဝင်လှုပ်ရှားလာသည်။

နန်းဝတ်နန်းစားများ ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦး ဖြစ်နေသည်။ ရဲထွန်းအောင် မျက်လုံးများ ပြူးကျယ်သွားသည်။ သူ မျှော်လင့်စောင့်စားထားသည့်အတိုင်း ယခင်ပဲခူးရိုးမတောထဲ၌ တွေ့ဆုံခဲ့ဖူးသော ညဧကရီ အမှန်ပင်ရောက်ရှိလာပေပြီ။

ပန်းနုရောင်ပဝါပါးပါးလေးကို ဆင်စွယ်နှစ်ကဲ့သို့ ဖြူဝင်းမို့မောက်သော ပခုံးစွန်းလေးပေါ်တွင် လွှမ်းခြုံထားသည်။ နက်မှောင်သော ဆံနွယ်များက ဖားလျားရှည်လျားစွာ ခြေဖနောင့်ကျော်သည်အထိ ပုံကျလျက်ရှိသည်။ ဆံနွယ်များကလည်း နွယ်ရှင်ကဲ့သို့ ယိမ်းနွဲ့လွင့်ပါးလျက်ရှိသည်။

ပြောင်လက်တောက်ပသော ပိုးချိတ်ထဘီလေးက နဂါးကြေးခွံများ ရစ်ခွေထားသလို လရောင်အောက်တွင် ပြောင်ပြောင်လက်လက် တောက်ပနေသည်။

အနက်ရောင် ကိုင်မသိမ်း ပိုးသားအင်္ကျီပါးပါးအောက်မှ နို့နှစ်ရောင် ခန္ဓာကိုယ်အလှလေးသည် အထင်းသားပေါ်လွင်လျက်ရှိသည်။ ကျစ်လျစ်သေးသွယ်သော ခါးမှာ ငါးရံ့သဏ္ဌာန်လွန့်လူးလျက်ရှိသည်။ စွင့်ကားသော တင်သားများက ချိတ်ထဘီလေးထဲမှ ရုန်းထွက်တော့မည်ဟန် မှန်တိုင်းဆင်သော



ပင်လယ်ရေလှိုင်းများအလား လှုပ်ရှားမှုပြင်းထန်လှသည်။

ဖြူဝင်းမွတ်သော မျက်နှာပြင်ပေါ်ရှိ နှာတံလေးမှာ သွယ်၍ဖြောင့်စင်းလျက်ရှိသည်။ ကော့ညွှတ်ကွေးသော မျက်တောင်များက နက်မှောင်စိုရွှန်းသော ညို့မျက်ဝန်းများကို မထိတထိ ဖုံးအုပ်ထားသည်။ ပါးပြင်မို့မို့လေးနှင့် ရယ်လိုက်လျှင် စံပယ်ပွင့်ကဲ့သို့ ပါးချိုင့်လေးများ ပွင့်ဖူးလာသည်။ သွားကလေးများကလည်း ပုလဲနှစ်လို ဖြူဖွေးညီညာ လှပသည်။ နှုတ်ခမ်းအစုံက ပန်းဝတ်ရည်များ စုဆောင်းထားသော နှင်းဆီဖူးကဲ့သို့ စိုရွှန်းတောက်ပလျက်ရှိသည်။

ညဧကရီ၏ အလှတွင် ယစ်မူးမိသည်မှာလည်း အထူးအဆန်းမဟုတ်။ ရက်ရက်စက်စက် ပြစ်မျိုးမဲ့မထင် လှရက်နိုင်လွန်းသော ညဧကရီ။ ရဲထွန်းအောင်သည် ညဧကရီ၏ အလှကွန်ရက်အောက်တွင် နစ်မွန်းမေ့မြောလျက်ရှိနေသည်။ အမွှေးရနံ့များကလည်း ထုံရှစွာပျံ့လွင့်လာသည့်အတွက် မူးနောက်နောက် ရှူးချင်သလိုလို ဖြစ်လာမိသည်။

ရဲထွန်းအောင်သည် ဂမုန်းပင်ကြီးအနားရှိ ညဧကရီအနီးသို့ လျှောက်သွားသည်။ ညဧကရီလေးသည် နောက်ဘက်သို့ ဆုတ်သွားသဖြင့် စိတ်ထဲတွင် မရိုးမရွဖြစ်လာသည်။

အလှနတ်သမီး ညဧကရီလေးသည် လရောင်အောက်တွင် လှပစွာ လှည့်ပတ်ကခုန်လျက်ရှိသည်။ ရဲထွန်းအောင်သည် ကျောက်ရုပ်ကြီးကဲ့သို့ ငေးမောကြည့်နေမိသည်။ ည

www.burmeseclassic.com



ကေကရီသည် လှည့်ပတ်ကခုန်နေရာမှ ရဲထွန်းအောင်အား လက်ယပ်ခေါ်ဟန်ပြုသည်။

ပါးချိုင့်လေးများပေါ်အောင်ပြုံးပြီး မပွင့်တပွင့်လေး ရယ်ပြသည်။

ရဲထွန်းအောင် စိတ်ထဲတွင် ရင်တဖိုဖို အသည်းတလှပ်လှပ်နှင့် မြူးကြွလာသည်ဟု ထင်မိသည်။

စိတ်ထဲတွင် ဘယ်လိုမှ ထိန်းမရတော့။ ရဲထွန်းအောင်သည် ညိုကေကရီအား ပြေး၍ဖက်လိုက်သည်။ ညကေကရီက ပွတ်ကာသီကာ တိမ်းရှောင်ရင်း တခစ်ခစ်ရယ်မောလျက်ရှိသည်။ လှည့်ပတ်ကခုန်နေရာမှ ရပ်လိုက်သည်။

'ညကေကရီ ဟုတ်ပါတယ်နော်၊ ပဲခူးရိုးမထဲမှာ တွေ့ရတဲ့ ညကေကရီ မဟုတ်ဘူး'

ရဲထွန်းအောင်က တအံ့တဩ မေးလိုက်သည်။ ညကေကရီသည် မဆို့တရိုးလေးရယ်လျက် ရဲထွန်းအောင်အား ပြုံးပြီး ကြည့်နေသလို မဆို့တရို ကနွဲ့ကလျရပ်နေပုံလေးကလည်း ရင်တဖိုဖို အသည်းယားဖွယ်ဖြစ်သည်။

'ဟုတ်ပါတယ် မောင်တော်ရယ်၊ မောင်တော်နဲ့ ပဲခူးရိုးမကြီးထဲမှာ တွေ့ခဲ့တဲ့ ညကေကရီလေ၊ မောင်တော်ရဲ့ ချစ်သူဘဝအဆက်ဆက်ချစ်ခဲ့ရတဲ့ ညကေကရီပါ၊ ညကေကရီ အမှာတော်ရှိတဲ့အတိုင်း ညကေကရီကို မောင်တော် အိမ်ခေါ်လာခဲ့တာ ကျေးဇူးအထူးတင်ရှိပါတယ် မောင်တော်ရယ်'



'မောင်တော်ယောင်ယောင်ကလေးမှာ လာပြည့်သည့်တိုင်း ညကေကရီကို စောင့်နေရသူပါ'

ရဲထွန်းအောင် ရူးသွားပြီလား မသိပေ။ ညကေကရီနှင့် တွေ့ဆုံရသောကြောင့် သူ့စိတ်ထဲရှိရာ ပြောမိလိုက်သည်။ သူ အမှန်တကယ် စွဲလမ်းခဲ့သော မိန်းကလေးကား ယခုရောက်ရှိလာပြီဖြစ်သည်။

ညကေကရီမင်းသမီးလေးသည် အချစ်ကို ပြင်းပြင်းပြပြ မက်မက်စက်စက် တပ်မက်သော မိန်းမသားတစ်ဦးဖြစ်သည်။ ယခုလည်းကြည့်။ မင်းသမီးလေးတစ်ဦးလို လှပသွဲ့ပျောင်းစွာ ကနေရာမှ ရပ်လိုက်သော်လည်း သူမ အဝတ်အစားများကား တဖျတ်ဖျတ်လွင့်ပါးလျက်ရှိသည်။

လရောင်ကား ထင်လင်းစွာ ဝင်းထိန်လျက်ရှိသည်။ လရောင်အောက်မှ မြင်တွေ့ရသော ညကေကရီအလှကား မြင်သူရူးနှမ်းချင်လောက်အောင် လှရက်နိုင်လွန်းသည်။ မွေးရနံ့များက တသင်းသင်း ထုံရီယစ်မူးဖွယ် ပျံ့လွင့်လျက်ရှိသည်။

ရဲထွန်းအောင် နှလုံးခုန်သံများ အဆက်မပြတ် တုန်လှုပ်လာသလို ရင်ဘတ်ကြီးတစ်ခုလုံး ပေါက်ကွဲပွင့်ထွက်လုမတတ် ဆူညံနေပေသည်။ သူ့မျက်လုံးအိမ်ထဲသို့ ညကေကရီအလှများ စီးဝင်ပျော်ကျလျက်ရှိသည်။

'မောင်တော်က ညကေကရီ ဘယ်လောက်လှတယ်ဆိုတာ မြင်ချင်တွေ့ချင်တယ် မဟုတ်လား၊ ဟိုတုန်းကအိုင်

www.burmeseclassic.com

www.burmeseclassic.com



အလှမပြယ်သေးပါဘူး မောင်တော်ရယ်၊ ဟိုတုန်းကလိုပဲ ချစ်တင်းနှီးနှောဖို့ ညစကေရီ ရောက်လာရတာပါ'

ညစကေရီ စကားပြောသံများကား မြူခွယ်နေသကဲ့သို့ အချစ်ရည်သွေး တကြွကြွ မရိုးမရွ ရင်တုန်ပန်းတုန်ဖြစ်စေသည်။

ရဲထွန်းအောင်အနီးသို့ တရွေ့ရွေ့တိုးကပ်လာသည်။ မွှေးရနံ့များကလည်း တသင်းသင်းမွှေးပျံ့လျက်ရှိသည်။ သွယ်ပျောင်းသောလက်ချောင်းလေးများက ရဲထွန်းအောင် ခါးကို ရစ်သိုင်းဖက်ယိုက်သည်။

ရဲထွန်းအောင်ကိုယ်တိုင် မည်သို့ဖြစ်သွားသည် မသိ။ ညစကေရီ ခန္ဓာကိုယ်နှင့် ရဲထွန်းအောင် ခန္ဓာကိုယ်မှာ ပူးကပ်သွားကြသည်။

နူးညံ့သော အထိအတွေ့များက ရဲထွန်းအောင် အသားစိုင်များထဲသို့ နစ်မြုပ်တိုးဝင်သွားသည်။ ရဲထွန်းအောင်ကလည်း အလိုက်သင့်လေးပင် ညစကေရီကိုယ်လုံးလေးကို ထွေးပွေ့ထားသည်။

ပြုံးရောင်သန်းနေသော နှုတ်ခမ်းလေးများနှင့် မှေးစင်းနေသော ညစကေရီ မျက်လုံးများက ရီဝေညို့ငင် ဖမ်းစားလျက်ရှိသည်။

ရဲထွန်းအောင် ခန္ဓာကိုယ်တစ်ခုလုံး ပူနွေးဖိန့်ရှိန်းသွားသည်။ နက်ရှိုင်းသော ချောက်ကမ်းပါးကြီးထဲ ပြုတ်ကျသွား



သလို အသည်းတအေးအေး ရင်တဖိုဖိုနှင့် ဂုန်ယင်လိုက်မော လျက်ရှိသည်။

'သိပ်ချစ်တာပဲ မောင်တော်ရယ်'

ညစကေရီက မောနွမ်းသံနှင့် မပွင့်တပွင့်ပြောလိုက်သည်။ ရဲထွန်းအောင်သည် ညစကေရီ အချစ်ဆိပ်တက်နေသော မျက်နှာလေးကို ကြည့်လိုက်သည်။ ရဲထွန်းအောင် လန့်ဖျပ်သွားသည်။ ညစကေရီ မဟုတ်။ ညစကေရီ၏ ဝင်းပနုထွေးသော မျက်နှာမဟုတ်။

ချက်ချင်းပင် ထူးဆန်းစွာ ပြောင်းလဲသွားပေသည်။ ပြည့်ဖြိုးဝိုင်းစက်သော မိနန်းမျက်နှာ ဖြစ်သွားသည်။ ကြည့်နေရင်းမှာပင် မိနန်း မျက်လုံးအိမ်ထဲမှ သွေးများစီးကျလာသည်။ နာကျင်စွာ ဝေဒနာခံစားနေရသောကြောင့် မိနန်း၏ ချစ်စဖွယ်မျက်နှာလေးမှာ အကျည်းတန်စွာ ရှုံ့မဲ့သွားသည်။

'အစ်ကို မိနန်းလေ၊ မိနန်းကို အစ်ကို မကယ်နိုင်တော့ဘူးလားဟင်'

သနားစဖွယ် မိနန်း၏ တောင်းပန်တိုးလျှိုးနေသံ ကြားလိုက်ရသည်။ ရဲထွန်းအောင် ကြောက်လာသည်။ သူ စောစောက ဖက်တွယ်ထားသော နွေးထွေးအိစက် နူးညံ့သည့် ညစကေရီ ကိုယ်လုံးလေး မဟုတ်တော့။ ညစကေရီမှ မိနန်းဖြစ်သွားသလို မိနန်းခန္ဓာကိုယ်ပေါ်၌ သွေးစီးကြောင်းများ စီးကျနေလျက်ရှိပြီး အေးစက်စက်ကြီး ဖြစ်နေသည်။ သွေးစေးများက သူ့လက်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းများကြားတွင် ပေကျံစီးကျလာသည်။

ရဲထွန်းအောင်သည် ထိတ်လန့်ချောက်ချားစွာဖြင့် ကုန်းအော်လိုက်လေတော့သည်။ သို့သော် အော်လို့မရ။ လည်ချောင်းဝတွင် တစ်ဆို့လျက်ရှိသည်။ အသံကား ထွက်မလာတော့။ သူ့တစ်ကိုယ်လုံးတွင်လည်း ရေချိုးထားသကဲ့သို့ ချွေးစေးများနှင့် ရွှဲနစ်နေသည်။

သူ အော်ဟစ်ဖို့ ကြိုးစားသည်။ သူ့ကိုယ်ပေါ်တွင် စေးကပ်ပေကျံနေသော မိနန်း သွေးစများက ခြောက်ကပ်ပြီး အဖတ်လိုက်ကွာကျသွားသည်ဟု ထင်လိုက်ရသည်။ ရင်ထဲတွင် အေးခနဲဖြစ်သွားပြီး သူ့အော်သံများက အိမ်ကြီးတစ်ခုလုံး ဟိန်းထွက်သွားအောင် ပေါ်ထွက်လာပေသည်။

'ကြီးတော် ဖွားမေ၊ ကိုထွေး၊ ကိုထွေး၊ ကြီးတော် ဖွားမေ'

✤ ✤ ✤

ထမင်းလုံးတစ္ဆေခြောက်ခံလိုက်ရသလို၊ ဘီလူးစီးသလို ထိတ်လန့်ချောက်ချား သွေးပျက်ဖွယ် အိပ်မက်ဆိုးတစ်ခုမှ လန့်နိုးလိုက်ရသကဲ့သို့ အကြောက်အလန့်စိတ်က ပျက်ပြယ်မသွားသေးပေ။ ခြေဖျား လက်ဖျားများ အေးစက်ပြီး ရင်ထဲတွင် မီးမြှိုက်ထားသလို ပူလောင်မောဟိုက်လျက်ရှိသည်။

ညဉ့်နက်သန်းခေါင်ကျော်တွင် အလန့်တကြား ယောင်ယမ်းထအော်လိုက်သည့် အသံကြောင့် အိမ်ရှိလူများ နိုးလာကြပြီး ရဲထွန်းအောင် ဘေးတွင် စိုးရိမ်တကြီး ဝိုင်းကြည့်နေကြသည်။ ကိုထွေး ခပ်လာပေးသော ရေတစ်ခွက်ကို မော့သောက်မှ အမောပြေသွားပုံရသည်။

'ရဲထွန်းအောင် သတိရပြီလား၊ အိပ်မက်ဆိုးတွေ မက်တာနဲ့တူတယ်၊ ဒါကြောင့်မို့ နင့်ကို ငါ အမြဲပြောတာ၊ ညဘက်အိပ်ရာဝင်ခါနီးတွင် ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်ပါလို့ ပြောနေတာ ဂရုမစိုက်ဘူး၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို အမြဲတမ်း ဆည်းကပ်ကိုးကွယ်နေရင် အိပ်မက်ဆိုးတွေ မမက်တော့ဘူး'

www.burmeseclassic.com



ထုံးစံအတိုင်း ကြီးတော် ဒေါ်ဖွားမေက ဗျစ်တောက် ဗျစ်တောက်ပြောရင်း ဆူတော့သည်။

'ကိုအောင်က ဘယ်လိုအိပ်မက်ဆိုးတွေ မက်လို့လဲ'

ကိုထွေးက ရဲထွန်းအောင် အဖြစ်အပျက်ကို ကြည့်ရင်း လန့်လာမိသောကြောင့် စိုးရိမ်စွာ မေးကြည့်သည်။ ဒီအိမ်ကြီးကလည်း ဟိုတုန်းကလို အေးအေးချမ်းချမ်း ရှိမနေတော့။ မိနန်း သေပြီးကတည်းက ထူးဆန်းမှုများ ကြုံလာရသည်။

'ငါ ထင်တဲ့အတိုင်းပဲ၊ ဒီနေ့လို လပြည့်ညမျိုးမှာ ဂမုန်းပင်ကြီးကလည်း အဖူးတံကြီး ထွက်လာ မွှေးရနံ့တွေ တသင်းသင်းရှုရှု၊ လရောင်က ဂမုန်းဖူးကြီးပေါ် ထိုးကျလာတာနဲ့ အဲဒီ ဂမုန်းဖူးကြီးကနေ ညဧကရီဆိုတဲ့ ရှေးဟောင်း မင်းသမီးလေး ထွက်လာတာပဲ၊ ဟုတ်တယ်၊ ငါ ပဲခူးရိုးမတော ထဲမှာ တွေ့ခဲ့ရတဲ့ ညဧကရီပဲ'

'ဘာတွေ လျှောက်ပြောနေတာလဲ ရဲထွန်းအောင်၊ တောတွေတောင်တွေထဲ လျှောက်သွား၊ မဟုတ်မဟတ်တွေ လုပ်၊ တောပိုင် တောင်ပိုင်တွေကများ နှောင့်ယှက်ဖမ်းစားထားလား မသိ၊ ဆရာကောင်း သမားကောင်းတွေ ပင့်ပြီးပြကြည့်မှ ဖြစ်တော့မယ်၊ ကဲ··· အိပ်တော့၊ အချိန်မရှိတော့ဘူး၊ မောင်ထွေး လာ··· မင်းဆရာနားမှာ အဖော်လုပ်ရအောင်၊ လာအိပ်လှည့်'

'ဟုတ်ကဲ့ပါ ကြီးတော်'



စိတ်ပုတီး လက်မှာပတ်ထားသော ဒေါ်ဖွားမေက သူ့အခန်းသို့ ပြန်သွားသည်။ ကိုထွေးသည် ရဲထွန်းအောင် အခန်းတွင် နေခဲ့ပြီး အိမ်ရှေ့ဝရန်တာထောင့်ရှိ ဂမုန်းပင်ကြီး အား လှမ်းကြည့်လိုက်သည်။

ကိုထွေးကား နဂိုတည်းကမှ သွေးကြောင်သူ သူရဲဘောကြောင်တတ်သူ ဖြစ်သည်။ ကိုအောင် ပြောသည့် ညဧကရီမင်းသမီး မဟုတ်။ ဂမုန်းပင်ကြီးထဲက ထွက်လာသူမှာ အဆိုပါ ဂမုန်းပင်နားတွင် အသေဆိုးနှင့် သေဆုံးသွားရှာသော အရပ်ပျက်မလေး မိနန်းတစ္ဆေပင် ဖြစ်သည်။

မကျွတ်မလွတ်သော မိနန်းသည် တစ္ဆေမတစ်ကောင် ဖြစ်လျက် ခြောက်လှန့်ခြင်းသာ ဖြစ်ရမည်။ ကိုထွေးသည် သရောင်အောက်တွင် ထင်ထင်ရှားရှား မြင်တွေ့နေရသော ဂမုန်းပင်ကြီးအား ဆက်လက်မကြည့်ဝံ့တော့ပေ။ ထိုညအဖို့ စောင်ကို ခေါင်းမြီးခြုံကာ အိပ်လိုက်ပေတော့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

ကိုထွေး အိပ်ပျော်သွားသော်လည်း ရဲထွန်းအောင်မှာ ထိုညတွင် တစ်ညလုံးမအိပ်ပေ။ လွင့်ချင်ရာ လွင့်ပေတော့ဟု ဆိုကာ လွင့်ပါးလျက်ရှိနေသည်။ လယ်ကိစ္စများ၊ စီးပွားရေး ကိစ္စများကို မစဉ်းစားတော့ပေ။ ညကေရီကိုသာ အချိန်ပြည့် လွမ်းတ မျှော်လင့်နေပေသည်။ သူ ချစ်မြတ်နိုးသော ထွေးမေ နှင့်အ ဘူနေ လက်ထပ်ရမည့်အရေးကိုလည်း မစဉ်းစားတော့ပေ။ ညကေရီကိုသာ အစွဲကြီးစွဲလမ်းနေမိတော့သည်။

မိုးထိန်ထိန်သာ လင်းသွားသည်။ ရဲတန်းအောင် တစ်ညလုံးပင် ဂမုန်းပင်ကြီးအား စိုက်ကြည့်ရင်း ညကေရီ မင်းသမီးလေး ထပ်မံပေါ်ထွက်လာဦးမလားဟု မျှော်လင့်ချက်နှင့် စောင့်ကြည့်နေမိခဲ့သည်။ ညကေရီကား အရိပ်အယောင်လည်း မပြ။ အမွှေးရနံ့များလည်း မပေး။ ထူးဆန်းစွာ ပျောက်ကွယ်သွားသည်။

အိပ်ရာမှ နိုးလာသော ကိုထွေးသည် ရဲထွန်းအောင် အပြုအမူများ ထူးဆန်းနေသောကြောင့် စိုးရိမ်သွားသည်။



ရဲထွန်းအောင် မျက်နှာပေါ်တွင် မျက်တွင်းများကျလျက် ညက တစ်ညလုံး အိပ်မည့်ပုံမပေါ်။

'ကိုအောင် ညက တစ်ရေးမှမအိပ်ဘူးလား'

'ဟုတ်တယ် ကိုထွေး၊ အိပ်လို့လည်းမရဘူး၊ ညကေရီ လေး နောက်တစ်ခါ ပြန်ပေါ်လာမလားလို့ တစ်ညလုံးထိုင် စောင့်နေတာ၊ လုံးဝကို ပေါ်မလာဘူးကွာ၊ ထူးလည်း ထူး တယ်၊ ရူးလည်း ရူးတော့မယ် ကိုထွေးရဲ့ ဟား... ဟား... ဟား...'

အကောင်းသား ပြောနေရင်းမှ ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်သောကြောင့် ကိုထွေး လန့်သွားသည်။ ရဲထွန်းအောင်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ယခင် ရဲထွန်းအောင် ပုံစံမျိုး မဟုတ်တော့။ စိတ်ဖောက်လာပုံရသည်။ ထူးတော့ ထူးနေသည်။

'ကိုအောင် သတိထားလေ၊ ဘာပြုလို့ ရူးရမလဲ၊ ကျွန်တော် ကိုထွေးလေ၊ သိတယ် မဟုတ်လား'

'သိပါတယ် ကိုထွေးရာ၊ ညက အိပ်ရေးပျက်တော့ တွေးမိတွေးရာတွေ တွေးမိပြီး ပြောမိပြောရာတွေ ပြောမိတာ ပါပဲ၊ ကိုထွေး ကြောက်မနေနဲ့နော်'

'မကြောက်ပါဘူး ကိုအောင်၊ ကျွန်တော်တို့ ဘေးဖို့ သောက်ဖို့ သွားစီစဉ်လိုက်ဦးမယ်'

ကိုထွေးက အပြင်သို့ထွက်လိုက်ပြီး ကြီးတော်

www.burmeseclassic.com



ဒေါ်ဖွားမေထံသို့ အကျိုးအကြောင်းပြောရန် ထွက်လာခဲ့သည်။ ရဲထွန်းအောင် အပြုအမူများမှာ ယခင်ကလို မဟုတ်တော့။ အိပ်မက်ဆိုးများမက်ပြီးသည့်နောက် အသွင်အပြင် အမူအရာများ ပြောင်းလဲသွားသည်မှာ အမှန်ပင်ဖြစ်သည်။

‘ကြီးတော် ကိုအောင်ကို ဒီအတိုင်းထားလို့ ရမှာ မဟုတ်တော့ဘူးထင်တယ်’

‘ဘာပြုလို့လဲ ကိုထွေး’

‘အိပ်မက်ဆိုးတွေမက်ပြီး ကယောင်ချောက်ချားဖြစ်လာတော့ အမှန်ပဲ ကြီးမေ၊ သူ့ပုံစံကြည့်ရတာ မှိုင်းသင့်နေသလိုပဲ’

‘ဘာ… မှိုင်းသင့်နေတယ် ဟုတ်လား၊ မှိုင်းသင့်တယ်ဆိုတာ ဘာပြောတာလဲ ကိုထွေး’

‘ဒီလိုပါ ကြီးမေ၊ ညက တစ်ညလုံးလည်း မအိပ်ဘူး၊ ခုတင်ပေါ်မှာ တမှိုင်မှိုင်တွေတွေနဲ့ မျက်လုံးတွေကလည်း ကြောင်တိကြောင်ကောင်နဲ့ တစ်ခါတလေ စိတ်ထဲထင်ရာတွေ လျှောက်ပြောနေတယ်၊ ရယ်စရာမဟုတ်ဘဲနဲ့လည်း အကျယ်ကြီး ထရယ်ချင် ရယ်ပစ်လိုက်တယ် ကြီးမေ’

‘အိပ်ရေးပျက်လို့ ဖြစ်ပါလိမ့်မယ်’

‘မဟုတ်ဘူး ကြီးမေ၊ ကိုအောင်ကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး၊ ဆေးဆရာကောင်းကောင်းပင့်ပြီး ပြမှဖြစ်မယ် ထင်တယ်’



ကြီးတော် ဒေါ်ဖွားမေသည် တစ်ဦးတည်းသော တူလေးအတွက် စိုးရိမ်သွားသည်။ ငယ်စဉ်တည်းက မိခင်ဆုံးသွားသဖြင့် မိမိကိုယ်တိုင် မိခင်တစ်ယောက်သဖွယ် ကျွေးမွေးစောင့်ရှောက်လာခဲ့ရသည်။ ယခုအချိန်တွင် ဦးဖိုးမောင်လည်း ကွယ်လွန်သွားပြီဖြစ်၍ တူအရီးနှစ်ယောက်သာ ကျန်ခဲ့တော့သည်။ ရဲထွန်းအောင် တစ်ခုခုဖြစ်သွားလို့ကတော့ မဖြစ်ပေ။ ဆေးဆရာကောင်းကောင်းရှာဖွေပြီး အမြန်ဆုံးကုသမှ ဖြစ်ပေတော့မည်ဟု တွေးမိသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

တဒင်္ဂသာ ပွေ့ဖက်ကြည်နူး ရင်ခုန်ခဲ့ရသော ညဇကရီ အလှတွင် ယစ်မူးခဲ့ရသည်။ ရဲထွန်းအောင်သည် ထွက်ပေါ်လာမည်လားဟု စောင့်စားနေရသည်။ သို့သော် ညဇကရီကား ထူးဆန်းစွာ ထွက်ပေါ်မလာတော့ပေ။ ရဲထွန်းအောင် တစ်ဦးတည်းသာ အားမလိုအားမရ စိတ်သောကများလျက် ထိုင်ရခက် ထရခက် အိပ်ရခက်နှင့် စိတ်မောလှုပန်း ဖြစ်နေရှာသည်။

ထိုအချိန်တွင် ဂမုန်းပင်ကြီးရှိရာ ဝရန်တာဘက်မှ ရှပ်··· ရှပ်··· ရှပ်ဟု ခြေသံကြားလိုက်ရသဖြင့် ရဲထွန်းအောင် ခေါင်းနားပန်းကြီးသွားသည်။ ထွန်းညှိထားသော မှန်အိမ်မီးစာကိုလည်း ပို၍လင်းလာစေရန် မီးစာကို ထပ်မြှင့်ပေးလိုက်သည်။ အလင်းရောင်က ပို၍ထိန်လင်းစွာ တောက်ပလာသည်။ ရဲထွန်းအောင်သည် ဝရန်တာပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ညဇကရီအား ယိုက်လံရှာဖွေကြည့်မိသည်။



ညဇကရီ ဘယ်ပျောက်နေပါလိမ့်။ ညဇကရီ မောင်တော်ချစ်တဲ့ ညဇကရီရေ။

ရဲထွန်းအောင်သည် တိုးတိုးလေး ခေါ်ကြည့်မိသည်။ ဂမုန်းပင်ကြီးနားဆီမှ ညဇကရီ ထူးသံကြားရမည်လားဟု နားစွင့်နေမိသည်။ ဘာသံမှ ပြန်ကြားရခြင်း မရှိပေ။

စိတ်ပင်ပန်း လူပင်ပန်းဖြစ်လာသောကြောင့် နဖူးမှ ချွေးများ စို့လာသည်။ ခုတင်ပေါ်ပြန်တက်ပြီး လဲလျောင်းကာ အနားယူလိုက်သည်။ ညဇကရီ၏ မြတ်နိုးစွဲလမ်းဖွယ်ကောင်းသော မျက်နှာလေးက ရဲထွန်းအောင် မျက်လုံးထဲတွင် တရေးရေး ပေါ်လာသည်။ မြူးနေသော ညဇကရီ မျက်နှာလေးသည် ရဲထွန်းအောင် အသည်းနှလုံးကို ဆွဲခွာချလိုက်သကဲ့သို့ ဖြစ်နေသည်။

ထိုစဉ်မှာပင် အမွှေးရနံ့က စူးရှစွာ ပျံ့လွင့်လာသည်။ ဟော··· ညဇကရီ လာပြီထင်သည်။ ရဲထွန်းအောင်ကိုယ်တိုင် သတိများ လစ်ဟင်းသွားသကဲ့သို့ ဖြစ်သွားသည်။ ခစ်ခနဲ ရယ်သံ ကြားလိုက်ရသည်။ ညဇကရီသည် ရဲထွန်းအောင် ခုတင်ဘေးတွင် မနို့တရို့ရပ်လျက် ပြုံးစစကြည့်နေသည်ကို မြင်တွေ့လိုက်ရသည်။ ရဲထွန်းအောင် ရင်ခုန်စွာ တုန်လှုပ်သွားမိသည်။

'ညဇကရီ မင်းသမီးလေး ပြန်ရောက်လာပြီ ဟုတ်ပါတယ်၊ တကယ်ပြန်ရောက်လာတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလျက် ခုတင်ပေါ်တွင် အိပ်နေရာမှ လျင်မြန်စွာ ထထိုင်လိုက်သည်။ ညဇကေရီကတော့ ရဲထွန်းအောင်အား တစ်ခုံတစ်ရာ ဘာမျှပြန်မပြောပေ။ ရက်စနိုးအမူအရာနှင့် တစ်ဖက်သို့ လှည့်လိုက်သည်။

'ဘာပြုလို့ စကားပြန်မပြောတာလဲ ညဇကေရီ၊ မောင်တော်နဲ့ ဘဝဆက်တိုင်း ချစ်ခဲ့ရတဲ့ချစ်သူ မဟုတ်လား၊ ညဇကေရီပဲ ပြောခဲ့တာလေ'

ရဲထွန်းအောင်သည် ညဇကေရီ၏ လက်တစ်ဖက်ကို ဆွဲလျက် ရင်ခွင်ထဲ ဆွဲပွေ့မည်အပြုတွင် ညဇကေရီသည် ကျောပေးရပ်နေရာမှ လှစ်ခနဲ ဝရန်တာဘက်သို့ ထွက်ပြေးသွားသည်။ ရဲထွန်းအောင်သည် ခုတင်ပေါ်မှ ကမန်းကတန်းထ၍ အပြေးလိုက်ခဲ့သည်။

ညဇကေရီသည် ဂမုန်းပင်ကြီးနားတွင် ရပ်လျက်ရှိသည်။ လရောင်ဟပ်နေသော ညဇကေရီအလှသည် ဝင်းပတင့်ရှန်းလျက်ရှိသည်။ ရဲထွန်းအောင်သည် ညဇကေရီအလှကို စွဲလမ်းစွာ ငေးကြည့်နေမိသည်။ ညဇကေရီသည် ဝရန်တာအစွန်းရှိ ဂမုန်းပင်ကြီးနားတွ ် ရပ်လျက်ရှိသည်။ နက်မှောင်ရှည်လျားသော သူမဆံနွယ်များကို ဖားလျားချထားပြီး လွင့်ပါးလျက်ရှိသည်။

ကပိုကရိုနှင့် မပြုမပြင် ယှဉ်နေသော အနက်ရောင်ပိုးသားအင်္ကျီအောက်မှ လရောင်နှင့် ဝင်းပနေသော ညဇကေရီ



ခန္ဓာကိုယ်အလှများကို မြင်တွေ့ရသော ရဲထွန်းအောင် ရင်ထဲတွင် ကတုန်ကယင် ဖြစ်လာသည်။

ညဇကေရီအလှကား ကုစား၍မရလောက်အောင် ယောက်ျားများကို ဖမ်းစားထားလေရော့သလား။ ကြည့်ရင်းကြည့်ရင်းမှာပင် စိတ်ထဲ၌ ရူးချင်နှမ်းချင်လာအောင် ဆွဲဆောင်သောအလှဖြစ်သည်။ ရဲထွန်းအောင် ငေးကြည့်နေရင်းမှာပင် အံ့သြဖွယ်ကောင်းလှပေသည်။ ညဇကေရီသည် မယုံကြည်နိုင်စွာ မှုန်ဝါးသေးငယ်သွားပြီး ဂမုန်းပင်ကြီး၏ အဖူးကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ရဲထွန်းအောင်သည်လည်း ဂမုန်းပန်းအိုးကြီးအား ပွေ့ဖက်လျက် ဝမ်းနည်းလာသည်။ သည်တွင်လည်း ညဇကေရီသည် အရိပ်အယောင်ပြလျက် လှည့်စားပျောက်ကွယ်သွားပြန်သည်။

ညဇကေရီအား စွဲလမ်းတမ်းတ ရူးသွပ်နေသော ရဲထွန်းအောင်ဘဝသည် တစ်နေ့တခြား ဆိုးသထက် ဆိုးလာသည်။ မအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တတွေတွေနှင့် သူ့အိပ်ခန်းထဲက မထွက်တော့ပေ။ အစားအသောက် ပုံမှန်မစားတော့၍ ပိန်ချုံးပြီး အားအင်များ ချည့်နဲ့လာသည်။ ညဘက်လည်း မအိပ်ဘဲ ဂမုန်းပင်ကြီးကိုသာ ကြည့်လျက်ရှိသောကြောင့် ယဉ်ယဉ်လေးနှင့် ရူးသွပ်သည့် အနေအထားမျိုး ဖြစ်လာသည်။

ကြီးတော် ဒေါ်ဖွားမေမှာလည်း ရဲထွန်းအောင်အတွက်

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သောကရောက်လျက်ရှိသည်။ ရဲထွန်းအောင် ခံစားနေရသော ဝေဒနာများကို ကုသရန် ဆေးဆရာများ ပယောဂကုဆရာများ ပြသကြည့်သော်လည်း ထူးခြားသက်သာမှု မရှိပေ။ ဆရာများသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားသည်။

ကိုထွေးကလည်း ရဲထွန်းအောင်အနီးတွင် အနီးကပ်စောင့်ကြည့်နေရသည်။ စားပွဲပေါ်တွင် အသင့်ပြင်ထားသော ထမင်းဟင်းများကလည်း အရာမယွင်းဘဲ ရှိနေသည်။ ကိုထွေးက ရဲထွန်းအောင်အား မသက်မသာ ကြည့်လိုက်သည်။ ကိုထွေးသည် ရဲထွန်းအောင်ဖခင် ကိုဖိုးမောင် ရှိစဉ်တည်းက လူယုံတော်တပည့်ကြီး ဖြစ်သည်။

ဦးဖိုးမောင်၏ ကျေးဇူးတရားရှိသလို ရဲထွန်းအောင်တို့မိသားစုနှင့်အတူ ဆွေမျိုးရင်းချာသဖွယ် ငယ်စဉ်တည်းက နေထိုင်လာခဲ့သူ ဖြစ်သည်။

'ကိုအောင် ထမင်းဟင်းတွေက ဒီအတိုင်းပဲ၊ နည်းနည်းဖြစ်ဖြစ် စားလိုက်ပါလား'

ကိုထွေးက ထမင်းစားဖို့ အမျိုးမျိုးပြောသည်။ ရဲထွန်းအောင်ကား ထမင်းဟင်းများကို လှည့်၍ပင်မကြည့်။

'ကိုအောင် နေမကောင်းဘူးလား၊' အစားအသောက်ဝင်မှ နေကောင်းလာမှာ၊ ဒါလေးတွေ စားလိုက်ပါလား၊ မအေးကလေး[illegible] ကိုအောင် ကြိုက်တတ်တဲ့ ငါးဟင်းချိုရှင်းလေးတွေ အိုးကပ်ချက်ထားတာရယ်၊ ဆူးပုပ်ရွက်လေး ခပ်ထားတဲ့



ပဲဟင်းရည်ရယ်၊ ဘယ်လောက်ကောင်းလဲ၊ စားမယ်မဟုတ်လား'

ထမင်းဝိုင်းကို ပြင်ရင်း ရဲထွန်းအောင် ရှေ့သို့ ချပေးလိုက်သည်။ ရဲထွန်းအောင်က ခေါင်းခါလိုက်သည်။ ရဲထွန်းအောင်သည် အသံကိုနှိမ့်ပြီး မျက်နှာငယ်လေးနှင့် ပြောလိုက်သည်။

'ကိုထွေး ငါ တစ်ခုပြောချင်တယ်'

'ပြောပါ ကိုအောင်၊ ကျွန်တော် နားထောင်နေပါတယ်'

'အေး··· ကိုထွေးတို့ အပြစ်ပြောလည်း ခံရမှာပဲ၊ အခု ငါ ရူးနေပြီလားမသိဘူး'

'ဟာ··· ကိုအောင်ကလည်း ဘာပြုလို့ ရူးရမှာလဲ၊ အလကား အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောနေတယ်'

'မဟုတ်ဘူး ကိုထွေး၊ ငါ ရူးတာက ရိုးရိုးရူးတာ မဟုတ်ဘူး၊ အချစ်ရူး ရူးတာ၊ ငါ မြတ်နိုးတဲ့ ငါနဲ့ ဘဝသံသရာ အဆက်ဆက်က ချစ်သူဖြစ်ခဲ့တဲ့ ညကေရီလေး ပျောက်သွား လို့ ရူးနေရတာ'

'ဘယ်က' ညကေရီလဲ ကိုအောင်ရယ်၊ ကိုအောင် ချစ်နေတာ ထွေးမေ မဟုတ်လား၊ ဦးကြီး ဦးဖိုးမောင် မဆုံး ခင်တုန်းကပဲ ကိုအောင်နဲ့ ထွေးမေကို နေရာချထားပေးဖို့ ပြောခဲ့တယ်လေ၊ ဒီနှစ် သီတင်းကျွတ်ရင် ထွေးမေနဲ့ မင်္ဂလာ

www.burmeseclassic.com



ဆောင်ရတော့မှာ၊ ထွေးမေက ကိုအောင့်ချစ်သူလေ'

'မဟုတ်ဘူး ကိုထွေး၊ ထွေးမေဟာ ငါ့ချစ်သူမဟုတ်ဘူး၊ ညကေရီကသာ ဘဝအဆက်ဆက်က ငါနဲ့ ချစ်ခဲ့ရတဲ့ချစ်သူ၊ သူကိုယ်တိုင်ကလည်း ပြောတယ်၊ ကိုထွေးက ညကေရီကို တွေ့မှမတွေ့ဖူးတာပဲ၊ ညကေရီဟာ ဘယ်မိန်းမနဲ့မတူအောင် ရက်ရက်စက်စက်ချောတာ'

'ထွေးမေလည်း ချောတာပါပဲ ကိုအောင်ရယ်'

'ညကေရီ ချောတယ်လှတယ်ဆိုတာက လူမက နတ်တမျှလိုလှတာ၊ ညမှာ ရောက်လာတတ်တဲ့ ညနတ်သမီးလေးတစ်ပါးလိုပဲ ငါနဲ့ ချစ်ခဲ့ကြတာလည်း ကြာပြီ၊ ကိုထွေး မယုံရင် သူလာတဲ့အခါကျ ပြမယ်'

ကိုထွေးကား တုန်လှုပ်နေပြီဖြစ်သည်။ ရဲထွန်းအောင်သည် သူ့စိတ်ထဲတွင် ထင်ရာမြင်ရာများကို ပြောနေမှန်း ကိုထွေး ရိပ်စားမိသည်။

'သတိထားပါ ကိုအောင်ရယ်၊ လူမက နတ်တမျှလှတဲ့ ညနတ်သမီးက ညဘက်ကျမှ ကိုအောင်ဆီကို ဘယ်လိုလုပ် ရောက်လာမှာလဲ၊ သေချာစဉ်းစားပါဦး ကိုအောင်ရယ်၊ ဒုက္ခတော့ ရောက်ပြီထင်ပါရဲ့'

'ဒီမယ် ကိုထွေး၊ ညကေရီ ဘယ်လောက်ချောတယ်လှတယ်ဆိုတာ ကိုထွေး ကိုယ်တွေ့ကြုံမှ ယုံလိမ့်မယ်၊ လပြည့်ညကျရင် သူ အဆက်ဆက်ရောက်လာမှာ၊ အဲဒီတော့မှ သေချာ



ကြည့်၊ ညကေရီကို ကိုထွေး မြင်သွားရင် ငါ့လိုပဲ ရူးသွားလိမ့်မယ်'

'ကျွန်တော်က ဘာလို့ရူးရမှာလဲ'

'မဟုတ်ဘူး ကိုထွေး၊ ရူးကို ရူးရမယ်'

ကိုထွေးသည် ရဲထွန်းအောင် ပြောစကားကို နားထောင်ရင်း အူကြောင်ကြောင်ဖြစ်လာသည်။ သူပါ ရူးချင်လာသည်။

'ငါ့ချစ်သူ ညကေရီက မင်းသမီးလေးလို ဝတ်စားထားတယ်၊ ပိုးသားအင်္ကျီပါးပါးလေးကို ဝတ်ထားတော့ သူ့တစ်ကိုယ်လုံးကို ဖောက်ထွင်းမြင်နေရတဲ့အတိုင်း ပကတိအလှကို မြင်ရတာ၊ မိုးပေါ်ကကျလာတဲ့ နတ်သမီးလေး သိလားကိုထွေး၊ သူ့ဆံပင်တွေကလည်း အရှည်ကြီးပဲ၊ လေထဲမှာ တလွင့်လွင့်နဲ့၊ ပိတုန်းရောင်လို ဖိတ်ဖိတ်တောက်ပြီး အရမ်းလှတယ်၊ ရက်ရက်စက်စက်လှတဲ့ ညကေရီ ပြုံးလိုက်ရင် ပါးချိုင့်လေးတွေကလည်း အရမ်းချစ်ဖို့ကောင်းတယ်'

'အဲဒီမိန်းမက ဘယ်ကနေ ရောက်လာတာလဲ'

'မိုးပေါ်ကကျလာတဲ့ နတ်သမီးလေးကွ'

'ဟာ… ဘယ်ကလာ မိုးပေါ်က နတ်သမီးက ဘယ်လိုလုပ်ကျလာမလဲ၊ လူ့ပြည်က ကိုအောင်နဲ့ဖြစ်ခဲ့တဲ့ နတ်မိမယ်မိန်းမ ဖြစ်မှာပေါ့၊ အခု မိန်းမက သေပြီလေ၊ မိန်းမက ဘာနဲ့ဖြစ်ပြီး ကိုအောင်ကို လာခြောက်တာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ… ကိုထွေးကလည်း မနိုင်းကောင်း နိုင်းကောင်းတွေ လာပြောနေတယ်၊ ရဲကြီးတော့မှာပဲ၊ ညနေကရီက မြင့်မြတ်တဲ့ နတ်သမီးလေး၊ နတ်ဒေဝီလေးတစ်ပါးကွ၊ မိန်းလို တစ္ဆေမနဲ့ ဘာမှမဆိုင်ဘူး'

ရဲထွန်းအောင်က ဒေါသထွက်ပြီး အော်လိုက်သောကြောင့် ကိုထွေး လန့်သွားသည်။

'ဟော… ပြောရင်းဆိုရင်း ရောက်လာပြီကွ'

ရဲထွန်းအောင်သည် ဝရန်တာသို့ ပြေးထွက်သွားပြီး ဂမုန်းပန်းအိုးကြီးကို ဖက်ထားလိုက်သည်။

ကိုထွေးလည်း နောက်မှနေ၍ အပြေးလိုက်သွားရသည်။

'ကိုအောင် ဘာတွေလျှောက်လုပ်နေတာလဲ'

'တွေ့ပြီ၊ တွေ့ပြီ၊ ဟောဒီမှာ ငါ့ချစ်သူ ညနေကရီ'

'ဘယ်မှာလဲ ကိုအောင့်ချစ်သူ၊ ဘယ်သူမှလည်း မရှိပါလား'

'ဒီမှာလေကွာ… ဂမုန်းပင်ထဲက ညနေကရီကို မတွေ့ဘူးလား'

ကိုထွေးက ရဲထွန်းအောင် ပြောသည့် ဂမုန်းပင်ကြီးကို ကြည့်လိုက်သည်။ ဂမုန်းပင် အလယ်တည့်တည့်မှ ထွက်ပေါ်လာသော ဆတ်သွားဖူးသဏ္ဍာန် ဂမုန်းဖူးကြီးသည် မင်းသမီးလေးတစ်ယောက် ကနေဟန်ပုံစံမျိုး ဖြစ်သည်။



'ဒါက ဂမုန်းပင်အဖူးကြီးပဲ ကိုအောင်ရဲ့၊ ဘယ်ကလာ မိန်းမဖြစ်ရမှာလဲ'

'အေး… အဲဒီ ဂမုန်းအဖူးကြီးဟာ ငါ့ချစ်သူ ညနေကရီပဲ'

'ပန်းအဖူးထွက်နေတာကို ကိုယ့်စိတ်ထဲ ထင်ရာမြင်ရာ လျှောက်ပြောနေတာပါ၊ ဂမုန်းပန်းဖူးတွေ့ပြီ၊ ငါ့ချစ်သူလေးနဲ့ ပြန်တွေ့ရပြီ၊ ဟား… ဟား…'

'ကိုအောင် သတိထားပါ၊ ဂမုန်းဆိုတာက ဖူးလာရင် ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြတာပဲ၊ ကျွန်တော် လိပ်ပြာဂမုန်းကို တွေ့ဖူးတယ်၊ လိပ်ပြာဂမုန်းက ပန်းဖူးဟာ တကယ့်လိပ်ပြာလေးအတိုင်းပဲ၊ အခု ဂမုန်းပန်းဖူးကြီးကလည်း မင်းသမီးလေးတစ်ယောက် ကနေတဲ့ပုံစံမျိုး ဖြစ်နေလို့ပါ၊ ကိုအောင့်ချစ်သူ မဟုတ်ပါဘူး၊ ကိုအောင့်ချစ်သူက ထွေးမေလေ'

'တော်တော့… ကိုထွေး၊ ဒါ ထွေးမေ မဟုတ်ဘူး၊ ညနေကရီ'

'ဟုတ်ပါပြီ ကိုအောင်ရယ်၊ ဒါဟာ ကိုအောင့်ချစ်သူ ညနေကရီပဲထားပါတော့၊ ညကျရင် ရောက်လာမှာပါ၊ ကိုအောင် ထမင်းပြန်စားရအောင်'

'အေး… ဟုတ်တယ်၊ ကိုထွေးပြောတာ ဟုတ်တယ်၊ ညကျရင် ရောက်လာမှာ၊ သွားမယ်၊ ထမင်းစားမယ်၊ ကဲ… ညနေကရီလေးရေ ညကျရင် မောင်တော် ရင်ခွင်ထဲရောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဆက်ဆက်လာခဲ့နော်၊ သွားပြီ တာ့တာ'

ကိုထွေးသည် ရဲထွန်းအောင်အား ချော့မော့ခေါ်ခဲ့ပြီး ထမင်းကျွေးလိုက်သည်။ ထို့နောက်တွင် ကြီးတော် ဒေါ်ဖွားမေအား ရဲထွန်းအောင် စိတ်ဝေဒနာနဲ့ပတ်သက်ပြီး ရှင်းပြလိုက်သည်။

ကြီးတော် ဒေါ်ဖွားမေမှာလည်း ရဲထွန်းအောင်၏ အချစ်ရူး ရူးနေသော စိတ်ရောဂါအား ပျောက်ကင်းအောင် ကုသနိုင်သည့် ဆရာတစ်ဦး အမြန်ရောက်ရှိလာပါစေဟုသာ ဆုတောင်းမိတော့သည်။

✤ ✤ ✤

နေ့ရက်များကား အချိန်ကုန်မြန်လှသည်။ ရဲထွန်းအောင် ခံစားနေရသော အချစ်ရူးရူးသည့် စိတ်ကို ဝေဒနာသည်လည်း နေမြင့်လေ အရူးရင့်လေ ဆိုသည့်အတိုင်း ပို၍သာဆိုးလာသည်။ လပြည့်ညတစ်ညသို့ ရောက်ရှိလာပြန်သည်။ ရဲထွန်းအောင်သည် သူတွေ့ချင်သော ညဇကရီအား ညတိုင်းမျှော်ရသည်။

ညဇကရီကား ပေါ်မလာသေးပေ။ ရဲထွန်းအောင်အဖို့ နေမထိ ထိုင်မသာ ဂနာမငြိမ် ဖြစ်နေပေတော့သည်။

ညဘက်ရောက်လျှင် ခုတင်ပေါ်၌ အိပ်မရ။ ထိုင်လိုက် ထလိုက် ဝရန်တာဘက်ရှိ ဂမုန်းပင်ကြီးဆီ ပြေးသွားလိုက်နှင့် အချိန်ကုန်နေပေတော့သည်။ ယခင် လပြည့်ညများက ညဇကရီ၏အလှ်ဝယ် နှစ်မြောမိန်းမော တွေဝေခဲ့ရသလို ညဇကရီ ရင်ခွင်ထဲတွင် ရင်ခုန်ကြည်နူးခဲ့ရဖူးသည်။ ညဇကရီ၏ အထိအတွေ့ အငွေ့အဖက် ကြင်နာယုယ ပြုစုမှုများကို မေ့မရ ညတိုင်းစွဲလမ်းနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် ထိန်ထိန်သာအောင် ထွန်းလင်းတောက်ပလျက်ရှိသည်။

ရဲထွန်းအောင်သည် ခုတင်ပေါ်တွင် မှေးခနဲအိပ်ပျော်သွားမိသည်။ ထိုစဉ်မှာပင် အမွှေးရနံ့သည် ထူးကဲစွာ ပျံ့လွင့်လာသလို ညဇကေရီသည် သူ့ရင်ခွင်ထဲသို့ ရောက်ရှိနေသည်ဟု ထင်မိလိုက်သည်။ ညဇကေရီ၏ ကိုယ်သင်းနံ့လေးသည် ကြာညိုနံ့ သင်းပျံ့နေသည်။

ညဇကေရီ၏ စကားသံလေးများမှာလည်း ဆည်းလည်းသံကဲ့သို့ သာယာလျက်ရှိသည်။ ပြုံးရယ်လိုက်လျှင် ပါးပြင်ပေါ်၌ စံပယ်ပွင့်လေးလို လှပသော ပါးချိုင့်လေးက စွဲမက်ဖွယ်ကောင်းလှသည်။ ထိတွေ့ခံစားရသော ကာမအာရုံတို့မှာလည်း မေ့ရက်စရာမရှိအောင် ဆွဲငင်ပြင်းပြလွန်းလှသည်။

ရဲထွန်းအောင်သည် သူ့ရင်ခွင်ထဲ ရောက်နေသော ညဇကေရီအား တယုတယနှင့် ပိုက်ထွေးထားသည်။ ညဇကေရီက ခေါင်းလေးကိုမော့လိုက်ပြီး ပြောလိုက်သည်။

'မောင်တော်က ညဇကေရီကို တကယ်ချစ်ရောဟုတ်ရဲ့လား၊ မောင်တော်မှာ တခြားချစ်သူ ရှိတယ်မဟုတ်လား၊ အဲဒီ ချစ်သူလေးနဲ့ လက်ထပ်တော့မယ်ဆို၊ ဟုတ်လား၊ ပြောပါဦး မောင်တော်ရယ်'

'ချစ်တာပေါ့ ညဇကေရီရယ်၊ မောင်တော်က ညဇကေရီတစ်ယောက်တည်းကိုပဲ အသည်းနှစ်အောင်ချစ်တာ'



ရဲထွန်းအောင်သည် ပြောပြောဆိုဆို ညဇကေရီအား တင်းကျပ်စွာ ဖက်တွယ်ထားသည်။ ညဇကေရီကလည်း ရုန်းကန်ခြင်းမပြု။

ချစ်စဖွယ် မျက်နှာလေးမှာ ပြုံးရွှင်လျက် ရဲထွန်းအောင် ပြုသမျှ နုနေဟန်ဖြစ်သည်။ ရဲထွန်းအောင်ကလည်း ညဇကေရီ၏ ပါးပြင်လေးအား တယုတယ မွှေးလိုက်သည်။

'သိပ်ချစ်ဖို့ကောင်းတာပဲ ညဇကေရီရယ်'

'ညဇကေရီလည်း မောင်တော့်ကိုချစ်လို့ ရောက်လာတာပဲလေ၊ ဒီတစ်ညလုံး မောင်တော်နဲ့အတူနေမယ်'

ညဇကေရီ အချစ်နတ်သမီးလေးသည် ရွှေတောင်ပံလေးများကို ဖြန့်ကြဲလျက် ရဲထွန်းအောင်အား ဆွဲခေါ်သွားသည်။ ရဲထွန်းအောင်သည် တိမ်စိုင်တိမ်လိပ်များကြားတွင် အသည်းတအေးအေး ရင်တဖိုဖိုနှင့် လွင့်မျောသွားသည်။

ရဲထွန်းအောင်၏ အသည်းနှလုံး ဗဟိုချက်တွင် ညဇကေရီ၏ အချစ်မြားများ စူးဝင်နစ်မြုပ်သွားတော့သည်။ ညဇကေရီ၏ အသားများ တဆတ်ဆတ်တုန်လာသလို သွေးခုန်နှုန်းများ မြန်ဆန်လာသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး မေ့မြောသွားသည်။

အချစ်ရေယဉ်ကြောတွင် မည်မျှကြာအောင် နစ်မြောနေသည်မသိ။ ညဇကေရီသည် ဖရိုဖရဲ လွင့်ပါးနေသော သူမ၏ ဆံနွယ်များကို စုစည်းထုံးနှောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်တော် ညဧကရီရဲ့ မျက်နှာကို သေချာကြည့်စမ်းပါဦး'

မောပန်းနွမ်းနယ်ဟန်နှင့် ညဧကရီက ညင်သာစွာ ပြောလာသည်။

'ဘာပြုလို့လဲ ညဧကရီ'

'ကဲ… ထတော့ မောင်တော်၊ အချိန်က သိပ်မရှိတော့ဘူး၊ တော်ကြာဆို ရောင်နီမိုးသောက် အလင်းရောက်တော့မယ်၊ ဒီစကားတွေကို ညဧကရီ မပြောချင်ပါဘူး မောင်တော်ရယ်၊ ဒါပေမဲ့ မပြောရင်လည်း မဖြစ်လို့ပါ၊ မောင်တော်နဲ့ ညဧကရီတို့ ခွဲခွာရမယ့်အချိန် ရောက်လာပြီ မောင်တော်'

ညဧကရီ စကားသံများက ဝမ်းနည်းနေသလို ငိုရှိုက်သံများ လွှင့်ပါးလာသည်။ ရဲထွန်းအောင် စိုးရိမ်သွားသည်။ ညဧကရီက ရဲထွန်းအောင်အား ဝရန်တာဘက်သို့ ခေါ်ဆောင်သွားသည်။ ဝရန်တာထောင့်တွင်ရှိသော ဂမုန်းပင်ကြီးနားသို့ ရောက်လာသည်။

'ဟောဒီ ဂမုန်းပင်ကို ပဲခူးရိုးမ တောထဲကနေ မောင်တော်အိမ်ရောက်အောင် သယ်ယူခဲ့ဖို့ ညဧကရီ ပြောခဲ့တာပဲလေ၊ မောင်တော်ကိုဘယ်လောက်ချစ်တယ်ဆိုတာ မောင်တော်သိပါတယ်၊ ချစ်လွန်းအားကြီးလို့ပဲ မောင်တော်နောက် ကောက်ကောက်ပါအောင် လိုက်ခဲ့တာပေါ့၊ မောင်တော်နဲ့ ညဧကရီတို့ အချစ်လမ်းခရီးဟာ ဘယ်တော့မှ မဖြောင့်ဖြူးဘူး၊ ဘဝ



အဆက်ဆက် ဒီလိုပဲဖြစ်ခဲ့တယ်၊ ညဘက်မှာသာ အသည်းနှင့်အောင်ချစ်ခွင့်ရခဲ့ကြပြီး မနက်မိုးလင်းရင် ခွဲရတော့မယ် မောင်တော်ရယ်၊ ဒီညက မောင်တော်နဲ့ တွေ့ဆုံခွင့်ရတာ နောက်ဆုံးညပါပဲ၊ ဒါကြောင့်မို့လို့လည်း မောင်တော် စိတ်တိုင်းကျသဘောရှိချစ်လို့ရအောင် ညဧကရီ ခွင့်ပြုခဲ့တာပေါ့'

ရှည်ရှည်ဝေးဝေး ပြောပြနေသည်များကို ရဲထွန်းအောင် နားမလည်ပေ။

'ညဧကရီရဲ့ ဝိညာဉ်ဖြစ်တဲ့ ဂမုန်းပန်းဖူးလေးဟာ မနက်ကျရင် သူ့သက်တမ်းစေ့လို့ ညှိုးကျသွားလိမ့်မယ်၊ ညဧကရီတို့အဖြစ်ဟာလည်း ပန်းဖူးလေး ညှိုးသွားသလို ချစ်လျက်နဲ့ အခြေဆိုးပြီး ရင်ကျိုးရတော့မှာပဲ မောင်တော်ရယ်'

ညဧကရီ၏ ရှိုက်သံသဲ့သဲ့ကို ကြားနေရသည်။ ညလေပြည်လေညင်းက တသုန်သုန် ဝေ့ယမ်းလျက်ရှိသည်။ ညဧကရီ၏ ဆံနွယ်များသည် လွှင့်ပါးလျက်ရှိသည်။ သူမပါးပြင်ပေါ်တွင် မျက်ရည်များ စီးကျလာသည်။ ညဧကရီသည် သေမင်းနှင့် ရင်ဆိုင်တွေ့ရမည့်အလား ကြေကွဲတုန်လှုပ်လျက်ရှိသည်။

ရဲထွန်းအောင်သည်လည်း ညဧကရီ၏ ထူးခြားစွာ ပြောင်းလဲမှုများကို မကြည့်ရက်နိုင်တော့ပါ။

'ညဧကရီဘဝမှာ စွဲစွဲလမ်းလမ်း မမေ့ရက်နိုင်အောင် ချစ်ခဲ့ရတဲ့ မောင်တော်ကို နှုတ်ဆက်ခဲ့ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ညကေရီသည် ပြောပြောဆိုဆို မှုန်ဝါးသေးငယ်သွားပြီး ဂမုန်းပုံးကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ညကေရီ ပျောက်သွားသည်နှင့် ရဲထွန်းအောင်သည် ဂမုန်းအရိပ်ကြီးကိုဖက်၍ သည်းထန်စွာ ငိုကြွေးလိုက်တော့သည်။

ဂမုန်းပန်းပုံးကြီးသည် လူမင်းသမီးသဏ္ဌာန် ရဲထွန်းအောင် စိတ်ထဲတွင် နတ်သမီးလေးတစ်ပါး ရောက်လာသကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်နေခြင်းသာ ဖြစ်သည်။ ရဲထွန်းအောင်သည် ငိုကြွေးနေရာမှ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

'ညကေရီ ဘယ်ပျောက်သွားတာလဲ၊ ညကေရီ မင်းမရှိရင်တော့ မောင်တော် ရူးရလိမ့်မယ်၊ မောင်တော့်အသည်းနှလုံးကို ရက်ရက်စက်စက် ချေမှုန်းသွားတာလား ညကေရီ၊ ပြန်လာခဲ့ပါ ညကေရီ'

မရက်မကြောက် အော်ဟစ်လိုက်သော ရဲထွန်းအောင်အသံသည် ဝရန်တာပေါ်မှ ဆူညံစွာ ထွက်ပေါ်လာသောကြောင့် ကိုထွေးလည်း လန့်နိုးသွားသည်။ နိုးနိုးချင်း ခုတင်ပေါ်သို့ ကြည့်လိုက်မိသည်။ ရဲထွန်းအောင်ကို မတွေ့ရ။ ဝရန်တာဘက်ဆီမှ အော်ဟစ်သံများ ကြားလိုက်ရသောကြောင့် ဝရန်တာဘက်ဆီသို့ ကိုထွေး ထွက်လာသည်။

ရဲထွန်းအောင်သည် ဂမုန်းပန်းအိုးကြီးအား ဖက်ပြီး



သည်းထန်စွာ ငိုကြွေးလျက်ရှိသည်။

'အင်း… ဒီဂမုန်းပင်ကြီးကိုကြည့်ပြီး ကိုအောင်တော့ တစ်နေ့တခြား ပိုပိုဆိုးလာတယ်၊ အသက်မရှိတဲ့ ပန်းငုံပန်းပုံးတွေဟာ လူတွေကို ရူးစေတယ်ဆိုတာ မှန်နေပြီ၊ ဒုက္ခပါပဲ'

ကိုထွေးသည် တစ်ယောက်တည်းပြောရင်း ရဲထွန်းအောင်အား အိမ်ထဲပြန်ဝင်ရန် ပြောဆို[illegible]သည်။

'ကိုအောင် သတိထားပါ၊ ညကြီးအချိန်မတော် အော်အော်ပြီးငိုနေတာ မကောင်းပါဘူး'

'ဒီမယ် ကိုထွေး၊ ငါ့ညကေရီလေး ခုနက ရောက်လာတယ်၊ ငါ့ရင်ခွင်ထဲမှာ အိပ်သွားတယ်၊ ဟော… အခု ဂမုန်းပန်းပုံးကြီးထဲ ပြန်ဝင်သွားပြီး ပျောက်သွားတယ်၊ ကိုထွေး မြင်လိုက်လား'

'ကျွန်တော် အိပ်ပျော်နေလို့ ဘာမှမသိလိုက်ဘူး'

'ကိုထွေး တွေ့ရင်လည်း ငါ့လို ရူးမှာပဲ၊ ညကေရီရဲ့ ကိုယ်သင်းနံ့က ကြာညိုနံ့လေးလို တသင်းသင်းနဲ့၊ သူ့အသားအရေကလည်း ကတ္တီပါစလို နူးညံ့အိစက်နေတာပဲ၊ သူ့မျက်နှာလေးက လရောင်လို ဝင်းနေတယ်၊ ပြုံးလိုက်ရင် ပါးချိုင့်လေးတွေနဲ့ အရမ်းချစ်ဖို့ကောင်းတာ၊ ငါ့ကိုလည်း နတ်ပြည်ခေါ်သွားဘယ်၊ ကောင်းကင်ပေါ်မှာ တိမ်တွေစီးရတာ ဘယ်လောက် ပျော်ဖို့ကောင်းလဲ'

'တော်ပါတော့ ကိုအောင်ရယ်၊ မိုးလည်း လင်းလုပ

www.burmeseclassic.com



ပြီ၊ အိပ်ပါတော့၊ မနက်ကျမှ ဆက်ပြောကြတာပေါ့'

ရဲထွန်းအောင်သည် ငိုကာရယ်ကာနှင့် သတိကင်းလွတ်သွားသည်။

ကိုထွေးက တွဲခေါ်ရင်း အိပ်ရာထက်ဆီသို့ ချော့မော့ခေါ်ဆောင် ပို့ပေးလိုက်သည်။

ပင်ပန်းတကြီး ရှိုက်ကြီးတငင် ဝမ်းနည်းပက်လက် ငိုခဲ့ရသောကြောင့်လား မသိ။ ရဲထွန်းအောင်သည် ခုကင်ပေါ်တွင် အိပ်မောကျသွားလေတော့သည်။

✤ ✤ ✤

လောကကြီးအတွင်းရှိ လူသားတို့၏ ဘဝများကား တစ်ခါတစ်ရံ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များနှင့် ကြုံတွေ့ရတတ်ပေသည်။ ထိုနေ့မနက်က ကောလိယရွာအတွင်းသို့ သစ်ခေါက်ဆိုးထားသော အညိုရောင်သင်္ကန်းသားရေ ဒေါက်ချာဆောင်းထားသော ရသေ့တစ်ပါးသည် တည်ငြိမ်စွာ လှမ်းကြွရင်း ရောက်ရှိလာသည်။

ရသေ့သည် ကောလိယရွာနှင့် စိမ်းသူမဟုတ်။ ရဲထွန်းအောင် နေထိုင်ရာ လေးပင်နှစ်ထပ်အိမ်ကြီးဆီသို့ ဦးတည်ကြွလာသည်။

အိမ်ရှေ့ခြံဝင်းတံခါးမှနေ၍ အိမ်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် တန်းဝင်လာသော ရသေ့တစ်ပါးကို မြင်လိုက်ရသော ဒေါ်ဖွားမေသည် လက်အုပ်ချီလျက် ခရီးဦးကြိုပြုလိုက်သည်။ အနီးသို့ ရောက်လာသော ရသေ့၏မျက်နှာကို မြင်လိုက်ရ၍ လွန်စွာမှ အံ့ဩသွားမိသည်။

ရသေ့ကား တခြားသူမဟုတ်။ ရဲထွန်းအောင်နှင့်အတူ

www.burmeseclassic.com



ရဲနွယ်ချောင်းဖျားမှတစ်ဆင့် ပဲခူးရိုးမတောကြီးထဲသို့ ခွက်ပေါက်ဂမုန်းရှာထွက်ခဲ့သော တစ်ကျွန်းပြန်ညီအေး ဖြစ်နေပေသည်။

'အိမ်ပေါ်ကြွပါ ဘုရား၊ တပည့်တော်မ အံ့အားသင့်မိပါတယ် ဘုရား'

ရသေ့ကား တည်ငြိမ်အေးဆေးစွာဖြင့် အိမ်ပေါ်သို့ တက်လိုက်သည်။ ကိုထွေးနှင့် မအေး လင်မယားတို့ပါ တအံ့တသြ ဖြစ်ကုန်ကြသည်။ ရသေ့အား ဝတ်ဖြည့်ကန်တော့လိုက်ကြသည်။

ကြည်လင်တောက်ပသော မျက်လုံးအစုံနှင့် ရသေ့က အိမ်သားများကို ကြည့်လိုက်ပြီး...

'အိမ်း... အံ့သြစရာတော့ မဟုတ်ပေဘူး၊ ဖြစ်ချိန်တန် ဖြစ်ရမယ်၊ ပျက်ချိန်တန် ပျက်ရမယ်၊ သင်္ခါရလောကကြီးထဲမှာ ဘယ်အရာမှ အစိုးရတာ မဟုတ်ပေဘူး၊ ကိုင်း... ကိုင်း... ကျုပ်အကြောင်းကို သိချင်ကြပေမပေါ့၊ မသေလို့ ပြန်တွေ့ကြတာပဲ'

'အရှင်ဘုရား... ဘယ်လိုလုပ်ပြီး ဒီကိုကြွလာတာလဲ ဘုရား'

'ကျုပ်သူငယ်ချင်း ရဲထွန်းအောင်ကို ဆေးကုသဖို့ ရောက်လာတာပဲ၊ ဒါလည်း အံ့သြစရာ မဟုတ်ပေဘူး၊ ဒကာတို့ လိပ်ပတ်လည်အောင် နားလည်သဘောပေါက်အောင် ပြော



ရရင် တိုတိုပဲ ပြောကြပါမို့ တောထဲမှာ ပြောင်အုပ်ကြီးတွေ့လိုက်တော့ ကျုပ်နဲ့ ရဲထွန်းအောင်တို့ တစ်ယောက်တလွဲစီ ဖြစ်သွားကြတယ်၊ အဲဒီမှာ ကျုပ် ရောက်သွားတာက ထူးဆန်းတဲ့ဂူကြီးတစ်ဂူထဲမှာ တရားကျင့်နေတဲ့ ရသေ့ကြီး အောင်ဗောဓိကို တွေ့ရတာပဲ၊ ကျွတ်ချိန်တန်တော့လည်း ကျွတ်ခဲ့ရတာပေါ့ကွယ်၊ ကျုပ်လည်း ရသေ့ဝတ်ပြီး အကုသိုလ်အလုပ်တွေ စွန့်လွှတ်လိုက်တော့တယ်'

'တောထဲတောင်ထဲတွေမှာ ရသေ့တွေက ဘာလုပ်ကြတာလဲ ဘုရား'

မောင်ထွေးက သိလို၍ မေးလိုက်သည်။

'ရသေ့တွေက ဆရာသမားတွေရဲ့ ကျင့်စဉ်အလိုက် ကသိဏ်းများ ကျင့်ကြတယ်၊ သမထကျင့်ကြတယ်၊ နိဗ္ဗာန်မရောက်ခင် ထွက်ရပ်လမ်းကို လိုက်စားတဲ့ အကျင့်သီလထိန်းရတဲ့ ပုဂ္ဂိုလ်တွေပေါ့ကွယ်'

'အခု ရွာကို ပြန်လာတာ ဘယ်လိုအကြောင်းကြောင့်ပါလဲ ရှင်ရသေ့'

'တောထဲမှာ တရားထိုင်ရင်း ရဲထွန်းအောင်အကြောင်းတွေ ပေါ်လာတယ်၊ ကျုပ်ဆရာ အောင်ဗောဓိ ရသေ့ကြီးကို လျှောက်ထားကြည့်တော့မှ အကျိုးအကြောင်း အပြည့်အစုံ သိရတော့တယ်၊ ပဲခူးရိုးမတောကြီးထဲမှာ သိုက်ဝင်ဆေးပင်များ ပေါက်ရောက်တဲ့ ဂမုန်းမြတ်တောင် ရှိတယ်၊ အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတဲ့ ကညာဂမုန်းကို ရဲထွန်းအောင် တွေ့သွားပြီး အိမ်အထိယူလာခဲ့တယ်၊ အခု အဲဒီ ကညာဂမုန်းက ရဲထွန်းအောင်ကို ဒုက္ခပေးပြီပေါ့'

'ဟုတ်ပါတယ် ရှင်ရသေ့ရယ်၊ သူ အခုလိုဖြစ်နေတဲ့ ရောဂါတွေက ကုလို့ပျောက်ပါ့မလား၊ ဆရာတော်တော်များများကို ပင့်ပြီးကုသခဲ့ပေမယ့် ဘယ်လိုမှ လူကောင်းပြန်ဖြစ်မလာဘူး၊ ရှင်ရသေ့ ကုနိုင်မယ်ဆိုရင် ပျောက်ကင်းအောင် ကုသပေးစေလိုပါတယ်'

ဒေါ်ဖွားမေက အားကိုးတကြီးနှင့် ကုသပေးရန် ရသေ့အား ရိုရိုသေသေ လျှောက်ထားလိုက်သည်။

'ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ ကျုပ်ကလည်း ရဲထွန်းအောင် ဝေဒနာတွေကို ပျောက်ကင်းအောင်ကုစားဖို့ ကျုပ်ဆရာ အောင်ဇောဓိရသေ့ကြီးကိုယ်တိုင် လွှတ်လိုက်လို့ ရွာကို တစ်ခေါက်ပြန်လာရတာပါ၊ ကဲ… ကိုထွေး ရဲထွန်းအောင် စွဲလမ်းနေတယ်ဆိုတဲ့ ကညာဂမုန်းကို ဒီကိုယူလာခဲ့ပေတော့'

ကိုထွေးနှင့် အခြားအလုပ်သမားနှစ်ဦးတို့သည် အိမ်ပေါ်ထပ် ဝရန်တာရှိ ဂမုန်းပန်းအိုးကြီးအား သုံးယောက်သားမ,ချီ၍ ရသေ့ရှေ့သို့ ပို့ဆောင်ပေးကြသည်။ ရသေ့သည် လူတစ်ရပ်ခန့်ရှိသော ဂမုန်းပင်ကြီးအား မန်းမှုတ်လိုက်သည်။ အားလုံးကလည်း ရှင်ရသေ့၏ အပြုအမူများကို စိတ်ဝင်တစားကြည့်နေကြသည်။



ဂမုန်းပင်ကြီးအလယ်ရှိ ဂမုန်းဖူးကြီးသည် ရသေ့ မန်းမှုတ်လိုက်သည်နှင့် တဖြည်းဖြည်း အရောင်ညှိုးပြီး ကြွေကျလာသည်။

ယခင်က စိုပြည်လန်းဆန်းသော ဂမုန်းရွက်ဖားဖားကြီးများမှာလည်း အဝါရောင်သန်းပြီး ခါးကိုင်းသော အဘိုးအိုကဲ့သို့ ယိမ်းယိုင်ပြီး ညှိုးခြောက်သွားသည်။ ထိုလိုက်ရုံနှင့် ကြွေကျသွားမည့်ပုံသဏ္ဌာန်မျိုး ဖြစ်သွားသည်။

ရသေ့သည် ကညာဂမုန်းပင်အား ဆက်လက်ရှင်သန်ခြင်းမပြုနိုင်စေရန်အတွက် ဂါထာများ မန်းမှုတ်ပြီး အသေရိုက်လိုက်ခြင်းဖြစ်သည်။

ရသေ့က ကညာဂမုန်းအကြောင်းကို အားလုံးသိရှိသွားရန် ရှင်းပြသည်။

'ဒီဂမုန်းဟာ အလွန်ရှားပါးတဲ့ ဂမုန်းတစ်မျိုးဖြစ်တယ်၊ သိက်ဝင်ဆေးပင်တွေပေါက်တဲ့ ဂမုန်းမြတ်တောင်ပေါ်မှာ ထူးခြားခြား တွေ့ရတတ်တယ်၊ ဒါ ကညာဂမုန်းလို့ ခေါ်တယ်၊ သူက အရှမ်းအစွမ်းထက်တယ်'

စိတ်ဝင်စားစွာ နားထောင်နေကြရင်း ကိုထွေးက မေးလိုက်သည်။

'ဟင်… ဂမုန်းပန်းဖူးကြီးက လူအဖြစ်ကူးပြီး မြူးတယ်၊ ဟုတ်လား ဆရာရသေ့'

'ဟုတ်တယ် ကိုထွေး၊ ဒီ ကညာဂမုန်းရဲ့ ဂမုန်းဖူးတံ

www.burmeseclassic.com



ကြီးက မင်းသမီးလေးတစ်ယောက် ကနေပုံစံမျိုး ဖူးလာတယ်၊ နက္ခတ်နဲ့ကြုံလာရင် လပြည့်ညမျိုးမှာ အလိုလို ဘဝကူးပြီး မြူးလာတယ်၊ အဲဒီလို ဘဝကူးပြီး မင်းသမီးလေးတစ်ပါးလို မြူးရွှင်ကခုန်နေတုန်းမှာ မြင်လိုက်ရတဲ့သူဟာ ရူးတော့တာပဲ၊ ရဲထွန်းအောင်လည်း နက္ခတ်နဲ့ကြုံတဲ့အခိုက် ကညာဂမုန်း မြူးတာကို မြင်လိုက်ရလို့ ခုလိုဖြစ်သွားတာပါ၊ အခုတော့လည်း ကျုပ် မန်းမှုတ်ပြီး အသက်နုတ်လိုက်တာကြောင့် ကညာဂမုန်းမယ်လည်း ဘဝပြယ်ပြီး ပျောက်သွားပါပြီ'

ရသေ့ ရှင်းပြသောကြောင့် အားလုံးသဘောပေါက်နားလည်သွားကြပြီး ကညာဂမုန်းမယ်ဖြစ်သော ညနေကရီအား အချစ်ရှုးရှူးပြီး ခွဲလမ်းခဲ့သည်။ ရဲထွန်းအောင်အား သနားမိကြသည်။

'ဂမုန်းပင်တွေဟာ အလွန်ကြောက်ဖို့ကောင်းတဲ့ အစွမ်းသိဒ္ဓိတွေ ရှိတယ်၊ ပေးစရာရှိရင်လည်း သူဌေးဖြစ်အောင် စီးပွားဥစ္စာရတနာတွေ ပေးတတ်တယ်၊ နစ်မွန်းစရာရှိပြီဆိုရင်လည်း အဖတ်ဆယ်လို့မရတဲ့အပြင် အသက်အန္တရာယ်တောင် စိုးရိမ်ရတယ်'

'ဂမုန်းတွေက အဲဒီလောက်တောင်ပဲ အစွမ်းသိဒ္ဓိတွေ ရှိလား ဆရာရသေ့'

'ရှိပြီလား ကိုတွေးရယ်၊ ကျုပ်ပြောပြမယ်၊ တောထဲမှာ ကျုပ်ဆရာ အောင်ဗောဓိရသေ့ကြီးနဲ့အတူ ဆေးဘက်ဝင်



ဂမုန်းပင်တွေကို ရှာဖွေရတယ်၊ ဂမုန်းဆိုတာက ဆေးဘက်လည်းဝင်တယ်၊ တန်ခိုးထက်မြက်လို့ အဂ္ဂိရတ်ဖွက်ရပ်လမ်းအတွက်လည်း အရေးပါတယ်၊ တချို့ ဂမုန်းတွေကျတော့ ဘေးအန္တရာယ်ကို တားဆီးပေးသလို တချို့ ဂမုန်းတွေကျတော့ ဘေးအန္တရာယ် ဖြစ်စေတယ်၊ ဂမုန်းနက်ဆိုတာက အင်မတန်ရှားတယ်၊ တွေ့ရဖို့ကလည်း အလွန်ခက်ခဲတယ်၊ ဂမနသဒ္ဒါက လာတာ၊ ဆိုလိုတာက ဂမုန်းနက်ဟာ အတည်တကျမရှိဘူး၊ ပျောက်ချင် ပျောက်သွားမယ်၊ ပေါ်ချင်လည်း ပေါ်လာတတ်တယ်'

'ရသေ့ပြောပြတာ အတော်ကို ထူးဆန်းတာပဲ၊ ဒါကြောင့်မို့လို့လည်း ဂမုန်းပင်တွေဟာ အစွမ်းသိဒ္ဓိရှိသလို ကြောက်ဖို့လည်းကောင်းတာပဲ၊ ကျုပ်တူလေး အခုဖြစ်နေတဲ့ ဝေဒနာတွေကိုရော မကယ်နိုင်တော့ဘူး ရှင်ရသေ့ရယ်'

ဒေါ်မွှားမေက ရသေ့အား အားကိုးတကြီးနှင့် ဆေးကုပေးရန် လျှောက်လိုက်သည်။

'ရဲထွန်းအောင် ဝေဒနာတွေကို ပျောက်ကင်းအောင် ကုသပေးဖို့ ကျုပ်ရဲ့ဆရာ အောင်ဗောဓိရသေ့ကြီးက လွှတ်လိုက်တာပါ၊ ဟောဒီမှာ သည်းခြေပျက်နေတာကို ဖြေပေးနိုင်တဲ့ဆေးပဲ၊ ဒါကို တစ်ပတ်လောက် နေ့စဉ်တိုက်ပေးပါ၊ နဂိုအတိုင်း ပြန်ကောင်းသွားပါလိမ့်မယ်၊ ပြန်ကောင်းလာရင်တော့ သူ့စိတ်တွေ ပြောင်းလဲသွားအောင် စေ့စပ်ထားတဲ့ ထွေးမေ

www.burmeseclassic.com



နဲ့ပသော အမြန်ဆုံးလက်ထပ်ပေးလိုက်ပေတော့၊ ကဲ··· ကျုပ်လည်း ပြန်ပေဦးမယ်'

'ရွာမှာ တစ်ရက်တလေလောက်တောင် မနေတော့ဘူးလား ဘုရား'

ဒေါ်ဖွားမေက ရသေ့အား ဆွမ်းကပ်လှူဒါန်း ပြုစုချင်သေးသည်။ ရသေ့အား တောင်းပန်လျှောက်ထားသော်လည်း မရပေ။

'ကျုပ်ဆရာ အောင်ဖော်ဦး ရသေ့ကြီး တာဝန်ပေးချက်အရ ကျုပ် ဆောင်ရွက်ပြီးပြီ၊ ကျုပ်တို့ ရသေ့တွေဟာ လူတွေနဲ့ဝေးနေတာ ကောင်းပါတယ်၊ ဟိုတုန်းက ဂမုန်းခွက်ပေါက်ရွာရင်း ကညာဂမုန်းကို တွေ့သွားခဲ့တဲ့ ရဲထွန်းအောင် အခုလိုရှုးသွပ်တဲ့ဝေဒနာတွေ ခံစားနေရတာ ကျုပ်အပြစ်လည်း မကင်းဘူး၊ ဒါကြောင့်မို့ ဒီအပြစ်တွေကျေအောင် လာရောက်ပေးဆပ်ခြင်း ဖြစ်ပါတယ်'

ရှင်ရသေ့ကား တည်ငြိမ်အေးဆေးစွာ ပြောဆိုပြီးနောက် ရဲထွန်းအောင်အိမ်မှ ပြန်လည်ထွက်ခွာသွားသည်။

မတရားစော်ကားသော လူတစ်ယောက်အား ရဲတင်းနှင့် ခုတ်သတ်ခဲ့သောကြောင့် အပြစ်ဒဏ်ခံရင်း တစ်ကျွန်းကျခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ရွာသို့ပြန်ရောက်လာသောတစ်ကျွန်းပြန်ညီအေး၊ ရပ်ရေးရွာရေးများတွင် တခြားရွာမှလူဆိုးလူမိုက်များ မစော်ကားဝံ့အောင် ဖိန့်ဖိန့်တုန် ကြောက်



ရသော တစ်ကျွန်းပြန်ညီအေး၊ အနီးတောင်ဝိုင်းများနှင့် ပေါက်ဖော်ကြီး ဖိုးတုတ် ခေါက်ဆွဲဆိုင်တွင် သောက်စားမူးနေတဲ့သူညီအေး၊ မုဆိုးကြီး ကိုသီး သားဖြစ်သူ တောကျွမ်းသောတစ်ကျွန်းပြန်ညီအေးကား ရသေ့သူတော်စင်တစ်ဦးဖြစ်သည်မှာ ထူးဆန်းသည်တော့ မဟုတ်ပေ။

သစ်ခေါက်ဆိုးထားသော အဝါရောင်သင်္ကန်းဝတ်ရသေ့တစ်ဦးသည် ကောလိယရွာအတွင်းမှ ထွက်ခွာသွားရင်း တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားသည်။

✤ ✤ ✤

www.burmeseclassic.com

ထိုနေ့က ကောလိယတစ်ရွာလုံးရှိ ရွာသူရွာသားများသည် ဝတ်ကောင်းစားလှများနှင့် ပျော်ရွှင်ကြည်နူးနေကြသည်။ ထူးခြားဆန်းကြယ် ပျဉ်ထောင်သွပ်မိုး လေးပင်နှစ်ထပ်ကျွန်းအိမ်ကြီးရှေ့တွင် ထည်ဝါခံ့ညားသော မင်္ဂလာမဏ္ဍပ်ကြီးကို မြင်တွေ့ရမည်ဖြစ်သည်။

မဏ္ဍပ်ထိပ်နဖူးစည်းများတွင် ရွှေရောင်ယိုးဒယားပန်းခက်၊ ကနုတ်ပန်းများ ဖောက်ကွင်းလျက် နဖူးစည်းအဖြစ် လုပ်စွာဆင်ယင်ထားသည်။

မဏ္ဍပ်အတွင်း၌လည်း ရောင်စုံစက္ကူလိပ်အတွန့်များ မိုးပျံပူစီဖောင်းများကို ချိတ်တွဲအလှဆင်ထားသည်။ ရွှေရောင်ငွေရောင်ကပ်ထားသော တိုင်ဖုံးများမှလည်း အရောင်များ ဖိတ်လက်ဝင်းပလျက်ရှိသည်။

မင်္ဂလာပွဲသို့ လာရောက်ချီးမြှင့်ကြသူများလည်း ဝင်လာမစဲ တဖွဲဖွဲ ရောက်လာကြသည်။ မင်္ဂလာမဏ္ဍပ်အတွင်းတွင် ရယ်မောသံများ၊ စကားပြောသံများ၊ ညှိခံကျွေးမွေး



သော စားသောက်ဖွယ်ရာများကို စားသောက်ကြရင်း ပြုံးရွှင်ကြည်နူးနေကြသည်။

မင်္ဂလာမဏ္ဍပ်အတွင်း၌ ကတ္တီပါကော်ဇောခင်းထားသော စင်မြင့်တစ်ခုရှိသည်။ အဆိုပါ စင်မြင့်ပေါ်တွင် သတို့သားနှင့် သတို့သမီးတို့သည် မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထားကြပြီး မင်္ဂလာကျက်သရေအပေါင်း ခဍော်င်းလျက်ရှိသည်။ သတို့သားနှင့် သတို့သမီး စုံတွဲရှေ့တွင် သပြေ၊ ခရေ၊ နှင်းဆီရောင်စုံများ ထိုးစိုက်ထားသော ငွေဖလားကြီးတစ်လုံး ရှိပြီး ခမ်းနားတင့်တယ်သော မင်္ဂလာလက်ထပ်ပွဲကြီး ဖြစ်ပေသည်။

အောင်မြင်ခံ့ညားသော ဘိသိက်ဆရာကြီး၏ သြဘာသံကြီးက ဟိန်းထွက်လာသည်။

'သြော်င်း... ဧယျတု သဗ္ဗမင်္ဂလံ'
'သြော်င်း... ဧယျတု သဗ္ဗမင်္ဂလံ'
'သြော်င်း... ဧယျတု သဗ္ဗမင်္ဂလံ'

အလုံးစုံသော ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေသတည်းဟု အဓိပ္ပာယ်ရသော မင်္ဂလာကောင်းချီးပြုသံအား မင်္ဂလာပွဲလာ ပရိသတ်ကြီးက ငြိမ်ပြီးအာရုံစိုက်နေကြသည်။

ဘိသိက်ဆရာကြီးသည် ငွေဖလားကြီးအတွင်းမှ အောင်သပြေပန်းများကို ယူလိုက်ပြီး သတို့သားနှင့် သတို့သမီး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်း၏ပေါ်သို့ ဝဲကာဝဲကာ ရေပက်ဖျန်းရင်း နှုတ်မှလည်း တဖွဖွရွတ်ဆိုလျက်ရှိသည်။ ထို့နောက်တွင် သပြေပန်းခက်များကို ငွေဖလားကြီးထဲသို့ ပြန်စိုက်ပြီး ဘိသိက်မြှောက်ခြင်းအမှုကို ဆက်လက်ပြုလုပ်လိုက်သည်။

'၃၈ ဖြာ မင်္ဂလာတရားဆိုတာက လောကုတ္တရာမင်္ဂလာ၊ လောကီမင်္ဂလာကတော့ မင်္ဂလာ ၁၂ ပါး၊ အဲဒီမင်္ဂလာ ၁၂ ပါးထဲမှာ အာဝါဟ ဝိဝါဟဆိုတဲ့ ထိမ်းမြားခြင်းမင်္ဂလာ၊ ဒါကြောင့် မိဘဝတ္တရားငါးပါးမှာ ထိမ်းမြားခြင်းလျှင်ဝတ်ငါးအင် ဖခင်မယ်တို့တာတဲ့'

ဘိသိက်ဆရာကြီး၏ အသံများကို ကြားနေရသည်။ သတို့သားသည် သတို့သမီးအား တစိမ့်စိမ့်ကြည့်လျက်ရှိသည်။ ကောလိယရွာတွင် ပြောမှတ်တွင်ကျန်ရစ်ခဲ့သော အခမ်းနားဆုံးမင်္ဂလာပွဲကြီး ဖြစ်ခဲ့ပေသည်။ အဆိုပါ မင်္ဂလာပွဲမှာ သတို့သားဖြစ်သူ ရဲထွန်းအောင်နှင့် သတို့သမီး ထွေးမေတို့ မင်္ဂလာပွဲပင်ဖြစ်သည်ကိုကား အထူးပြောစရာမလိုတော့ပေ။

နန်းကြေးသျှင်

၄·၄·၂၀၀၈

BURMESE CLASSIC .com

www.burmeseclassic.com